www.foreverspace.com.mm

# LIVING COLOR

စီးပွားရေး ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် သတင်းမဂ္ဂဇင်း

No. 130, May, 2006





# လူသား ဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံတော်သစ်ဆီသို့

## From Human Development to Nation Building

cover : maung maung zaw

5 263024 465303 75

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

**This magazine is founded and managed**

**by board of directors of Myanmar Partners Think Tank Group in June, 1995**

**underlicensed of Living Color.**

**RECYCLE**

**KEEP THE WORLD GREEN.**

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲထားသည်ဖြစ်စေ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော်ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ 'ဈေးကွက်စီးပွားရေးသတင်း' ကဏ္ဍတွင် ဖော်ပြထားသော သတင်းများ(အထူးသဖြင့် ဘောင်ခတ်ဖော်ပြသော သတင်းများ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက်သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ(လုံးဝ) တားမြစ်ပါသည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

www.foreverspace.com.mm

## EDITORIAL

# အမျိုးသားစရိုက်လက္ခဏာ

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးအသီးသီးတို့တွင် သီးခြားသဘောလက္ခဏာဆောင်သော စရိုက်လက္ခဏာများ ကိုယ်စီရှိကြရာ ဤသည်ကို အမျိုးသားစရိုက်လက္ခဏာ (National Character) ဟု ခေါ်ဝေါ်သုံးစွဲကြသည်ကို တွေ့ရသည်။

ဥပမာအားဖြင့် တရုတ်လူမျိုးတို့၏ National Character ခေါ် အမျိုးသားစရိုက်လက္ခဏာမှာ စီးပွားရေးတွင် ထက်သန်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ဂျပန်လူမျိုးတို့၏ အမျိုးသားစရိုက်လက္ခဏာမှာ အလုပ်ကို ကိုးကွယ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ကိုရီးယားလူမျိုးတို့၏ စရိုက်လက္ခဏာမှာ အလုပ်ကို တစ်ဇွတ်ထိုးကြိုးစားခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ဗီယက်နမ်နှင့် အစ္စရေးတို့ကို စစ်မာန်ကြီးသည်ဟုလည်းကောင်း အများက သတ်မှတ်ထားကြသည်ကို တွေ့ရသည်။

မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာမှာ မည်သို့ရှိသည်ဆိုသောအချက်ကို ပညာရှင်များက စနစ်တကျသုတေသနပြုရန်လိုအပ်မည်ဟု ထင်ပါသည်။ စနစ်တကျမဟုတ်သော သုံးသပ်ချက်များအရ မြန်မာတို့သည် ဖော်ရွေသည်ဟု မြန်မာတို့နှင့် အထိအတွေ့ရှိခဲ့သော နိုင်ငံခြားသားများက ပုံဖော်လေ့ရှိသော်လည်း ဤသည်မှာ မြန်မာတို့၏ အမျိုးသားစရိုက်လက္ခဏာ အမှန်ဖြစ်မဖြစ် အသေအချာ မပြောနိုင်ပေ။

ဖော်ရွေသည်ဟုဆိုရာတွင် လူမျိုးမရွေး၊ ဘာသာမရွေးတို့အပေါ်တွင် ဖော်ရွေခြင်းမဟုတ်ခဲ့လျှင် ဤသည်မှာ အမျိုးသားစရိုက်လက္ခဏာ မဟုတ်နိုင်ပေ။ မြန်မာတို့သည် အေးချမ်း၍ သည်းခံခြင်းတရားနှင့်ပြည့်စုံသည်ဟုဆိုလျှင်လည်း အခြေအနေအမျိုးမျိုးတို့တွင် တစ်သမတ်တည်းရှိ မရှိ အကဲဖြတ်ရန်လိုအပ်ပေလိမ့်မည်။

များစွာသိသာသောအချက်များမှာ မြန်မာတို့သည် တရုတ်လူမျိုးများကဲ့သို့ မွေးရာပါ စီးပွားရေးထက်သန်မှုမရှိသကဲ့သို့ ကိုရီးယား၊ ဂျပန် စသော လူမျိုးများကဲ့သို့ အလုပ်ကို များစွာကြိုးစားအားထုတ်ခြင်းမရှိကြဟူသော အချက်များ ဖြစ်ပေသည်။

အမျိုးသားစရိုက်လက္ခဏာဟုဆိုသော်လည်း အချို့သော စရိုက်လက္ခဏာများသည် ခိုင်ခံ့သောလူ့အဖွဲ့အစည်း (Civil Society)၏ အင်အားဖြင့် ပြုပြင်နိုင်သည်များ ရှိပါသည်။ မိမိတို့တွင် အတိုင်းအတာတစ်ခုအထိ ဖူလုံစွာရှိနေသော သယံဇာတနှင့် ရိက္ခာတို့ကြောင့် တက်ကြွသော လုံ့လဝီရိယစိုက်ထုတ်မှုနည်းခြင်း ဟုတ် မဟုတ်ကိုလည်း မိမိတို့ကိုယ်မိမိ ဆန်းစစ်ကြည့်ရန် လိုအပ်မည်ဟု ထင်ပါသည်။

များစွာသေချာသောအချက်မှာ ယနေ့ကမ္ဘာကြီးကို အမီလိုက်ရန် မြန်မာတို့အနေဖြင့် များစွာကြိုးစားကြရဦးမည်ဆိုသော အချက်ပင် ဖြစ်ပါသည်။

**အယ်ဒီတာ**

၄-၄-၂၀၀၆

www.foreverspace.com.mm

# မာတိကာ


၁ အယ်ဒီတာ့အာဘော်

၅ ယခုလ အကြိုက်ဆုံးဝန်ဆောင်မှု

၆ ယခုလ အကြိုက်ဆုံးကြော်ငြာ

၈ ယခုလ သတင်းအညွှန်း

၁၀ မြန်မာ့စီးပွားရေးသတင်း

၄၀ မျက်နှာဖုံးဆောင်းပါး

**လူသားဖွံ့ဖြိုးတိုးတက်ရေးမှ**
**နိုင်ငံတော်သစ်ဆီသို့** အယ်ဒီတာတစ်ဦး

၅၁ တွေ့ဆုံဆွေးနွေးမှုများ

၅၂ ရက်စွဲမှတ်တမ်း

၅၄ ယနေ့စီးပွားရေးမြင်ကွင်း

**ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်**
**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** ကျော်ဆန်းမင်း

၆၀ **ရန်ကုန် ကုန်စည်ဈေးကွက်** သန်းထိုက်သူ၊ သစ်ထွဋ်

၆၃ **မိခင်ဘာသာစကားအတွင်း အင်္ဂလိပ်ဘာသာစကား**
**ညှပ်သုံးစွဲခြင်းနှင့် အမြင်သဘောထားနှစ်ရပ်** ထားထားမြင့်


၆၈ **ရိုးရာအစွဲအလမ်းအလယ်အလတ်လမ်းမှ**
**သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ခြင်း** တင်အောင်ကျော်

၇၀ **မြန်မာနိုင်ငံ၏ မီးဘေးအန္တရာယ်နှင့်**
**အရပ်ဘက်လူ့အဖွဲ့အစည်း** နိုင်မင်းဝေ၊ ဇာလီကျော်

၇၆ **မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်ဈေးကွက်**
**ဖော်ဆောင်မှုပုံစံများ** သာလွန်ဇောင်းထက်၊ ကျော်ကျော်မင်း

၉၂ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၉၅ တစ်ဦးတည်းကိုယ်စားလှယ်







www.foreverspace.com.mm

# မာတိကာ










၉၆ မြန်မာ့စီးပွားရေးအမြင်

**စက်မှုဇုန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်**
**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆက်နွှယ်ချက်**
မောင်ကြည်ညို(ဝါဏိဇ္ဇ)

၁၀၀ **ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး** ထိုက်အောင်

၁၀၄ **နိုင်ငံတကာအဆင့်မီ ဆီအုန်းစိုက်ခင်းများ**
**ပေါ်ထွက်လာစေရေး** ထွဋ်မှိုင်

၁၀၈ ဈေးဝယ်လမ်းညွှန်

၁၁၀ ကာတွန်း

**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ

၁၂၆ ပညာရှင်စာတမ်း

**အာရှစီးပွားရေးအကျပ်အတည်းမှ**
**သင်ခန်းစာများ** ပါမောက္ခဒေါက်တာဦးမြင့်

၁၃၀ ကုမ္ပဏီနှင့် စက်မှုလက်မှုလုပ်ငန်းများမိတ်ဆက်

**CREATIVE WEB STUDIO**

၁၃၂ မြန်မာပြည်တွင်လုပ်သည်

၁၃၄ ကုန်ဈေးနှုန်း

၁၄၀ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၄ အတွေးအမြင်

**ဂလိုဘယ်လိုက်ဇေးရှင်းနှင့်**
**အာရှအမီလိုက်ဖြစ်စဉ်** ကျော်ဝင်း

၁၄၈ **ကျွန်တော်ပန်းချီကုန်သည်(၄၂)** ဦးလှဝင်း(လေသူရဲတစ်ဦး)

၁၅၅ **စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး**
**စစ်ဗျူဟာကျမ်း (၃၃)** လှထုစိန်ဝင်း

# လုပ်ငန်းမှတ်တမ်း


## Board of Editors

Chief Editor – ကျော်မင်းဆွေ

Editor In Charge (Production) – မင်းဇင်

Editor In Charge – ကျော်နိုင်

Editor In Charge (News) – မျိုးညွန့်မောင်

Senior Executive Editors – ကျော်နိုင်၊ ဘုန်းမြင့်ဦး၊ အောင်ကျော်စိုး၊ ရဲမင်းဦး

Executive Editors – နွေးအိငြိမ်း၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ ခင်စပယ်

Research & Development Editor – သီရိဇော်

Chief Reporter – သောင်းထိုက်

Staff Reporters – တင်လင်း၊ ထားထားမြင့်၊ စိုးယုဝေ၊ ကေခိုင်ကျော်၊ သန်းထိုက်သူ၊ သစ်ထွန်း၊ သာမိုးကြည်အောင်၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်

## Art Director

စိုးသော်တာ

## DTP Department

Supervisor – မခိုင်

Staff Operators – မင်းမင်းသူ၊ ငုဝါခိုင်၊ ဆွေဇင်အိ၊ စောအီလိုင်းဂျာ၊ ကျော်လင်းဇော်

## Accountant

အေးအေးဆင့်

Assistant – မျိုးဇာနည်

## Advertising Department

General Manager – ဖေအောင်ဇင်

Manager (Marketing) – ကျော်သူမြင့်အောင်

Assistant Manager (Design & Planning) – ဇာနည်ဝင်း

Assistant Manager (Admin & Marketing) – စန်းသီတာ

Senior Marketing Assistants – စောဂေးနေထူး၊ စောဆာကီးလား

Marketing Assistants – ဖြူဖြူသီ၊ စောမောင်မောင်လေး၊ သီဟဇော်

## Printing

Manager – စောမိုးဇက်

## Production

Manager – တင်ဝင်းထွန်း

Assistant – ဟန်မြင့်

## Admin

Office Superintendent – အောင်ကျော်ဆန်း

Assistant – မိုးကျော်လွင်၊ ပြည့်ဖြိုးအောင်

Receptionist – စုအိမွန်ဦး

## Distribution Department

**Logistic Media Services**

**Cover Design** – မောင်မောင်ဇော်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – soe thaw dar ၊ Pe Thit Ti

## Publisher

ဦးရဲနိုင်ဝင်း (မြ- ၃၇၅၅)
အမှတ် ၇၀(တ)၊ ငွေဝတ်မှုန်ရိပ်သာ၊
ရွှေတောင်ကြား၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

## Printer

Living Color ပုံနှိပ်တိုက် (မြ-၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

အမှတ် ၂၇၀၊ 1-C၊ (ပ-ထပ်)၊ Lucky Nice Tower၊
ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၂၆၃၀၂၊ ၅၀၄၄၉၆၊ ၄၄၁၂၁၆၃၊ ဖက်စ်-၅၂၆၃၀၂

## E-mail

Chief Editor - c-editor@myanmarpartners.com.mm

News Room - myanfo@myanmarpartners.com.mm

Marketing - paz@myanmarpartners.com.mm

## Web Site - www.foreverspace.com.mm

Photographer – K.M.S (Super King), P.A.Z

B/W Film – PERFECT

Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၃၆၂၀၆၀၄

Circulation – ၁၀၀၀

Price – ၁၀၅၀ ကျပ်

Copyright – Living Color

( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )



## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ဃန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, Bagan Cybertech, စာပေလောက(၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူ များ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက် ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။





www.foreverspace.com.mm

www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလ အကြိုက်ဆုံးဝန်ဆောင်မှု

ယခုလ အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရန်ကုန်မြို့တော်၊ ပြည်လမ်း ၉ မိုင်ရှိ တော်ဝင်ပလာဇာတွင် မတ်လ ၁၃ ရက်နေ့က ဖွင့်လှစ်ခဲ့သော North Point Shopping Center ကို ရွေးချယ်လိုက်ပါသည်။ အဆိုပါ Center သည် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားပြီးသမျှ ဈေးဝယ်စင်တာများအနက် ခေတ်အမီဆုံး၊ အဆင့်အမြင့်ဆုံးရုပ်ပိုင်းဆိုင်ရာဝန်ဆောင်မှုတစ်ရပ်ကို မြန်မာပြည်သူများနှင့် မိတ်ဆက်ပေးထားခြင်း၊ ရိုးရိုးစက်လှေကား (Escalator) များအပြင် မြေညီထပ်မှ ပထမထပ်သို့ ဈေးဝယ်တွန်းလှည်းများ တောက်လျှောက် တွန်းတက်သွားနိုင်သည့် Moving Walk ခေါ် Travellator တပ်ဆင်ထားခြင်း၊ Food Mall ရှိ စားသောက်ဆိုင်များတွင် Smart Card အသုံးပြုနိုင်ရန် စီစဉ်ထားခြင်း စသည့် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုများကို အသိအမှတ်ပြုလို၍ ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm


# ADVERTISEMENT OF THE MONTH

# ယခုလ အကြိုက်ဆုံးကြော်ငြာ

ယခုလ အကြိုက်ဆုံးကြော်ငြာအဖြစ် မြဝတီရုပ်မြင်သံကြားတွင် တင်ဆက်လျက်ရှိသော Star Electronic ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ အဆိုပါကြော်ငြာတွင် ကာတွန်းဇာတ်ကောင်များကို ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် အာကာသသိပ္ပံဇာတ်ကားဆန်ဆန် ဖန်တီးထားပြီး ကြော်ငြာလိုသောကုန်ပစ္စည်း၏ တံဆိပ်နှင့်လိုက်ဖက်သော အကြောင်းအရာကို တင်ဆက်နိုင်သောကြောင့် ယခုကဲ့သို့ရွေးချယ်လိုက်ရခြင်း ဖြစ်ပါသည်။

ဒါရိုက်တာ – စင်ရော်မောင်မောင်
ကြာမြင့်ချိန် – ၃၀ စက္ကန့်
တည်းဖြတ် – Sin Yaw Film, Video & TV Advertising.

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလ သတင်းအညွှန်း'ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်း မှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

## အစိုးရဝန်ထမ်းများ လစာနှင့် လုပ်ခကို တိုးမြှင့်သတ်မှတ်

လက်ရှိလစာနှုန်း ကျပ် ၇,၅၀၀–၂၀၀–၈,၅၀၀ ရရှိသည့် ပြန်တမ်းဝင် အရာရှိများဖြစ်ကြသော ဦးစီးအရာရှိ၊ လက်ထောက်မန်နေဂျာ စသည့် ရာထူး အဆင့်သည် လစာနှုန်းထား ၈၀,၀၀၀–၂,၀၀၀–၉၀,၀၀၀ နှုန်းထားဖြင့်လည်း ကောင်း၊ လက်ရှိ ၁၅,၀၀၀–၂၀၀–၁၆,၀၀၀ နှုန်းထားရရှိသည့် ဦးဆောင် ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် အစရှိသည့် ပုဂ္ဂိုလ်များသည် ၁၉၀,၀၀၀– ၂,၀၀၀–၂၀၀,၀၀၀ နှုန်းထားဖြင့်လည်းကောင်း ခံစားခွင့်ရကြမည် ဖြစ်သည်။ လစာနှုန်းထား ၃,၀၀၀–၁၀၀–၃,၅၀၀ ရရှိသည့် ဝန်ထမ်းများသည် ၁၅,၀၀၀– ၁,၀၀၀–၂၀,၀၀၀ နှုန်းထားဖြင့်လည်းကောင်း တိုးမြှင့်ခံစားခွင့်ရရှိကြ မည် ဖြစ်သည်။

နှစ်တိုးများကို လက်ရှိနှစ်နှစ်လျှင် ၁၀၀ ကျပ်တိုး၍ ရရှိသည့်အဆင့်သည် တိုးမြှင့်သည့်နှုန်းထားအရ ကျပ် ၁,၀၀၀ သို့လည်းကောင်း၊ နှစ်နှစ်လျှင် ကျပ် ၂၀၀ တိုးသည့်အရာထမ်းများသည် ကျပ် ၂,၀၀၀ သို့လည်းကောင်း တိုးမြှင့် ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ပါရှိသည်။

အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏ လုပ်ခ ကိုလည်း တစ်ရက်လုပ်ခ ၁၀၀ ကျပ်မှ ၅၀၀ ကျပ်သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။

၂၀၀၆ ခုနှစ် မတ်လ ၃၁ ရက်နေ့ထုတ် မြန်မာတိုင်းမ် သတင်းနှင့် စီးပွားရေးဂျာနယ် အတွဲ (၁၃) ၊ အမှတ် (၂၅၅) စာမျက်နှာ (၃) ရှိ **'အစိုးရဝန်ထမ်းများ လစာနှင့် လုပ်ခကိုတိုးမြှင့်သတ်မှတ်'** သတင်းမှ တိုးမြှင့်သတ်မှတ်လိုက်သည့် အစိုးရဝန်ထမ်းများ၏ လစာနှုန်းထားသတ်မှတ်ချက်များကို ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

‘ယခုလ သတင်းအညွှန်း’ကဏ္ဍကို လတစ်လအတွင်း ဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့် သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သော သတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့် မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

## နေပြည်တော်မြို့တော်ဝန် ခန့်အပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်ကို မြန်မာနိုင်ငံ၏ မြို့တော်သစ် နေပြည်တော်၏ မြို့တော်ဝန်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရှိရသည်။ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် အနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ဝန်ကြီးတာဝန်နှင့် နေပြည်တော်မြို့တော်ဝန်၏ တာဝန်များကို ပူးတွဲထမ်းဆောင်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဗိုလ်မှူးကြီးသိန်းညွှန့်သည် အဆိုပါဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် ၁၉၉၇ ခုနှစ်တွင် စတင်တာဝန်ယူထမ်းဆောင်ခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သည့် နိုဝင်ဘာလကစ၍ အစိုးရဝန်ကြီးဌာနများ ပျဉ်းမနားမြို့အနီးရှိ နေပြည်တော်သို့ စတင်ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

၂၀၀၆ ခုနှစ် မတ်လ ၁၇–၂၃ ရက်နေ့ထုတ် မြန်မာတိုင်းမ် သတင်းနှင့် စီးပွားရေးဂျာနယ် အတွဲ (၁၃) ၊ အမှတ် (၂၅၃) ရှိ စာမျက်နှာ (၄) တွင် ဖော်ပြထားသော **‘နေပြည်တော်မြို့တော်ဝန်ခန့်အပ်’** သတင်းကို ရွေးချယ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm



# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၃၀ ၂၀၀၆ ခုနှစ်၊ မေလ

## မာတိကာ

- **Trade net Member များ မေးခွန်း ၅၀ အထိ မေးခွင့်ရှိ၊ လိုအပ်ပါက ဝန်ကြီးမှ ဖြေကြားပေးမည်**
- **GSM ဖုန်းများ ဆက်တိုက်ထုတ်ပေးလျက်ရှိ၊ ၂၀၀၆ ခုနှစ်အတွင်း အလုံးရေငါးသောင်း ထုတ်ပေးမည်**
- **ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ယာဉ်မျိုးစုံ ၄၉၃ စီး အိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်**
- **ပျဉ်းမနားဒေသတွင် Card စနစ်ဖြင့် အသုံးပြုရသော PCO ဖုန်းရုံးများ စတင်တပ်ဆင်**
- **ပျဉ်းမနားဒေသတွင် အော်တိုတယ်လီဖုန်းလိုင်းသစ်များ တပ်ဆင်**
- **ရန်ကုန်–မန္တလေး ဒွေးရထားလမ်း ပျဉ်းမနားအထိ ပြီးစီး**

## ကမ္ဘာ့ကုမ္ပဏီကြီးအချို့ ရခိုင်ကမ်းလွန် A1 လုပ်ကွက်တွင် ရင်းနှီးထည့်ဝင်ရန် စတင်ကြိုးပမ်း

**ရန်ကုန်၊ မတ် ၁၂**

ကမ္ဘာပေါ်ရှိ အင်အားကြီးကုမ္ပဏီ စာရင်း ၂၀ တွင် ပါဝင်ပြီး ဂျပန်နိုင်ငံ၏ အင်အားကြီးကုမ္ပဏီတစ်ခုဖြစ်သော အီတိုချူး (I TOCHU) ကော်ပိုရေးရှင်းကြီးသည် မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရှိ A1 လုပ်ကွက်နှင့် သက်ဆိုင်သောစီမံကိန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်တစား ကြိုးစားမှုများ ပြုလုပ်နေကြောင်း အဆိုပါကုမ္ပဏီကြီးနှင့် လုပ်ငန်းဆက်စပ်နေသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ရခိုင်ကမ်းလွန် A1 လုပ်ကွက်နှင့် ပတ်သက်၍ အဆိုပါကုမ္ပဏီသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းရှိ ဘဏ္ဍာရေးကဏ္ဍတွင် ငွေကြေးတစ်ရပ်ထည့်ဝင်ရန်ဆန္ဒရှိနေပြီး ယင်းကုမ္ပဏီသည် မကြာမီက တနင်္သာရီကမ်းလွန်ရှိ ရဲတံခွန်လုပ်ကွက်တွင် အစုရှယ်ယာအဖြစ် ဒေါ်လာသန်း ၅၀ ထည့်ဝင်ခဲ့ပြီးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရဲတံခွန်လုပ်ကွက်တွင် ထည့်ဝင်ခဲ့သော ငွေကြေးကဏ္ဍအတွက် အဆိုပါကုမ္ပဏီအနေဖြင့် London Ineter Bank Offer Rate (LIBOR) နှုန်းအတိုင်း အပိုဆောင်းအတိုးနှုန်း ၂.၈ ရာခိုင်နှုန်းဖြင့် အကျိုးအမြတ် ရရှိလျက်ရှိကြောင်း အဆိုပါကုမ္ပဏီမှတစ်ဆင့် သိရှိရသည်။


မြန်မာနိုင်ငံ ရခိုင်ကမ်းလွန်ရှိ A1 လုပ်ကွက်တွင် ရွှေအစမ်းတွင်းကို လေ့လာ မှုများ ပြုလုပ်လျက်ရှိပြီး ယင်းနှင့်ဆက်စပ်လျက် မြအစမ်းတွင်း၌လည်း ကုဗပေ ၂.၈ ထရီလီယံမှ ၃.၈ ထရီလီယံကြားပမာဏရှိ သဘာဝဓာတ်ငွေ့များထုတ်ယူနိုင်ဖွယ်ရှိကြောင်းလည်း မကြာသေးခင်လပိုင်းများအတွင်း ဒေဝူးကုမ္ပဏီမှ တရားဝင်ထုတ်ဖော်ကြေညာခဲ့သည်။

ရခိုင်ကမ်းလွန် A1 လုပ်ကွက်တွင် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန၊ ကိုရီးယားနိုင်ငံ DAEWOO ကုမ္ပဏီ၊ အိန္ဒိယနိုင်ငံမှ GAIL ကုမ္ပဏီ၊ ONGC နှင့် ကိုရီးယား (KOGS) တို့သည် အကျိုးတူပူးပေါင်း၍ ဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

Associated News

# Trade net Member များ မေးခွန်း ၅၀ အထိ မေးခွင့်ရှိ၊ လိုအပ်ပါက ဝန်ကြီးမှ ဖြေကြားပေးမည်

ရန်ကုန်၊ မတ် ၂၂




Trade net Member ဝင်ရောက်ထားသူများသည် ပို့ကုန်သွင်းကုန်လုပ်ငန်းနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များကို မေးခွန်း ၅၀ အထိ မေးခွင့်ရမည်ဖြစ်ပြီး လိုအပ်ပါက ဝန်ကြီးက ရှင်းလင်းဖြေကြားပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက ပြောကြားသည်။

အဆိုပါအကြောင်းအရာကို မတ်လ ၂၂ ရက်နေ့ နေ့လယ် ၂ နာရီ အချိန်တွင် ဖော်ပြပါဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သော သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် e-ASEAN Frame-work Agreement သဘောတူညီချက်များကို အကောင်အထည်ဖော်ရာတွင် ကဏ္ဍတစ်ရပ်အဖြစ် ဝန်ကြီးဌာန၏ e-Government လုပ်ငန်းများကို Master Plan တစ်ရပ် ရေးဆွဲလျက်ရှိပြီး Online လိုင်စင်စနစ်ကို ပီပြင်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည်။

# ဧည့်လမ်းညွှန်များ ဘာသာစကားအပြင် အခြားအရည်အချင်းများပြည့်စုံရန်လို

**သတင်းဆောင်းပါး – ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ ၂၈–၃–၂၀၀၆**

**နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာနေသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ ကမ္ဘာလှည့်ခရီးသွားများကိုဆွဲဆောင်နိုင်ရန်အတွက် ဧည့်လမ်းညွှန်များအနေဖြင့် ဘာသာစကားအပြင် ဒေသန္တရဗဟုသုတများ၊ ဈေးကွက်ဖော်ဆောင်မှုပညာများ၊ စီမံခန့်ခွဲမှုပညာများ စသည်တို့ကိုပါ တတ်မြောက်ထားရန် လိုအပ်လာပြီဖြစ်ကြောင်း Bagan Princess Travel & Tour မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးကျော်မျိုးလွင်က ဆိုသည်။**

မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိပြီး ထိုသို့ တိုးတက်လာနေသော ခရီးသွားလုပ်ငန်းများအတွက် နိုင်ငံတကာအဆင့်မီ ဧည့်လမ်းညွှန်များ ပိုမိုလိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် ပုဂ္ဂလိကဧည့်လမ်းညွှန်သင်တန်းများစွာရှိသော်လည်း မြန်မာနိုင်ငံတွင် ယင်းကဲ့သို့သော သင်တန်းများမရှိသေးကြောင်း၊ အဆင့်မြင့်ဧည့်လမ်းညွှန်သင်တန်းကျောင်းများ များစွာလိုအပ်လျက်ရှိကြောင်း ဧည့်လမ်းညွှန်နှင့် အင်္ဂလိပ်စာနည်းပြတစ်ဦးဖြစ်သူ ဦးအောင်နိုင်က ဆိုသည်။

ယခုအခါ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းများမှာ ပြည်ပနိုင်ငံများရှိ ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်၍ ကာလတို၊ ကာလရှည်စာချုပ်များချုပ်ဆိုပြီး ဆောင်



www.foreverspace.com.mm

www.foreverspace.com.mm



ရွှက်လျက်ရှိရာ မြန်မာနိုင်ငံသို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ရောက်ရှိလျက်ရှိသည်။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လမ်းညွှန်စာအုပ်များ၊ နယ်ပယ်ဒေသဆိုင်ရာ အသေးစိတ်မြေပုံများထွက်ရှိလာသည့်အတွက် ကမ္ဘာလှည့်ခရီးသွားများမှာ ဧည့်လမ်းညွှန်မပါဘဲ ၎င်းတို့လိုရာသို့ မြေပုံများ၊ လမ်းညွှန်စာအုပ်များအကူအညီဖြင့် သွားနိုင်ကြပြီဖြစ်သည်။ ယင်းကြောင့် ဧည့်လမ်းညွှန်များအနေဖြင့် ဘာသာစကားကျွမ်းကျင်ရုံတစ်ခုတည်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်ရန်မလွယ်ကြောင်း ဧည့်လမ်းညွှန်ဟောင်းတစ်ဦးက ပြောကြားသည်။

ယနေ့ခေတ်သည် Knowledge Age(အသိပညာခေတ်) ဖြစ်သဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် နိုင်ငံတကာအဆင့်မီဒီပလိုမာများ၊ လက်မှတ်များရရှိထားရုံနှင့် မလုံလောက်တော့ကြောင်း၊ ဧည့်လမ်းညွှန်များအတွက်ဆိုပါက ဘာသာစကားကျွမ်းကျင်မှုအပြင် နိုင်ငံအသီးသီးရှိ လူမျိုးတို့၏ဓလေ့ထုံးစံများကိုပါ တီးမိခေါက်မိရှိရန်လိုအပ်ကြောင်း၊ စီးပွားရေးပညာဆိုင်ရာ အခြေခံဗဟုသုတများ၊ စီမံခန့်ခွဲမှုပညာ၊ ဖောက်သည်ဆွဲဆောင်နိုင်မှုပညာ စသည့်အရည်အသွေးများပါ ဖြည့်ဆည်းထားရန်လိုအပ်ကြောင်း MHR Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအေးကျော်က ရှင်းပြသည်။

ဧည့်လမ်းညွှန်များအနေဖြင့် ဘာသာစကားကျွမ်းကျင်ရုံသာမဟုတ်ဘဲ သက်ဆိုင်ရာနယ်ပယ်ကျင့်ဝတ်၊ တာဝန်ယူရသည့်ခရီးသွားများ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကိုလည်း နားလည်ထားရန်လိုကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများမှာ ဒေသန္တရဗဟုသုတရှာမှီးရုံသာမက အပန်းဖြေအနားယူလို၍ လာရောက်ခြင်းဖြစ်ရာ ဧည့်လမ်းညွှန်များအနေဖြင့် စိတ်လက်ပေါ့ပါးစေမည့်နေရာမျိုးကိုလည်း ရွေးချယ်တတ်ရန်လိုကြောင်း ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။


ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းများလည်း တိုးတက်လာရာ ဟိုတယ်လုပ်သားများအနေဖြင့်လည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ကျေနပ်မှုရှိစေမည့် ဝန်ဆောင်မှုများကို နိုင်ငံတကာအဆင့်မီဆောင်ရွက်ရန်လိုပြီး မိမိနိုင်ငံဂုဏ်သိက္ခာထိခိုက်စေမည့် အပြုအမူ၊ အပြောအဆို၊ လုပ်နည်းလုပ်ဟန်များ ဖျောက်ဖျက်ဖို့လိုကြောင်း၊ လာရောက်တည်းခိုနေထိုင်သူများ၏ လုံခြုံရေးအပြင် တည်းခိုသူများ၏ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိရန်အတွက် လုံခြုံမှုကောင်းကောင်းပေးရန်လိုကြောင်း ဟိုတယ်မန်နေဂျာတစ်ဦးက ပြောကြားသည်။

ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်မှာ ဟိုတယ်ဝန်ထမ်းတစ်ဦးစီတွင် အရည်အချင်းကိုယ်စီရှိရန်လိုကြောင်း၊ ဝန်ဆောင်မှုပေးသောဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်ပိုင်းနှင့် လုပ်ငန်းပိုင်း နှစ်ခုစလုံး အဆင့်မြင့်မှသာ အဆင့်မြင့်ဟိုတယ်များ၊ တည်းခိုခန်းများမှာလည်း အမှန်တကယ်အဆင့်မြင့်လာမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံရှိ ပညာရေးဈေးကွက်တွင် နိုင်ငံတကာကျောင်းများ ဈေးကွက်ချဲ့ထွင်လာကြသော်လည်း ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းများမှာ မရှိသလောက်နည်းပါးနေခြင်းကြောင့် နိုင်ငံတကာအဆင့်မီဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများရှားပါးနေခြင်းဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဖွင့်လှစ်သောသင်တန်းများကိုသာ အဓိကအားကိုးနေရသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တတိယကမ္ဘာ့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှာ နိုင်ငံခြားငွေရှာဖွေပေးနေသည့်လုပ်ငန်းများအနက်မှ အဓိကကျသည့်လုပ်ငန်းတစ်ခုဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်လည်ပတ်ရန်အားထုတ်ကြိုးစားသင့်ကြောင်း၊ ယင်းသို့ကြိုးစားရာတွင် နိုင်ငံအစိုးရကိုချည်းအားကိုးမနေဘဲ ခရီးသွားလုပ်ငန်းများ၊

**တန်ခိုးကြီးဘုရားများ၏ တရားဝင်အသိအမှတ်ပြုထားသည့်**
**သမိုင်းကြောင်းကို ဧည့်လမ်းညွှန်များသိရှိနေရန်လိုအပ်သည်**



ဟိုတယ်လုပ်ငန်းများနှင့်ထိတွေ့ဆက်ဆံနေသူများအားလုံး တက်ညီလက်ညီ ကြိုးစားကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာမှုနှင့်အညီ ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်သတင်း သင်းပျံ့စေဖို့ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များတွင် တာဝန်ရှိသည့်အတွက် ရိုးရိုးသားသားဖြင့် ကြိုးစားရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။

# GSM ဖုန်းများ ဆက်တိုက်ထုတ်ပေးလျက်ရှိ၊ ၂၀၀၆ ခုနှစ်အတွင်း အလုံးရေငါးသောင်း ထုတ်ပေးမည်

**ရန်ကုန်၊ မတ် ၁၉**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၂၀၀၆ ခုနှစ်အတွင်း GSMဖုန်း အလုံးရေ ငါးသောင်းကျော် ငှားရမ်းအသုံးပြုခွင့်ပေးမည်ဖြစ်ရာ ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်၍ အများပြည်သူသို့ GSMဖုန်းများ နေ့စဉ်ထုတ်ပေးနေရာ မတ်လလယ်တွင် GSM အလုံး ၅၀၀၀ ကျော်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း GSMဖုန်း စက်ပစ္စည်း အရောင်းဆိုင်များနှင့် ဖုန်းငှားရမ်းသုံးစွဲခွင့်ရရှိသူအချို့ထံမှ သတင်းရရှိသည်။

GSMဖုန်းများ ငှားရမ်းအသုံးပြုခွင့်ပေးခြင်းကို ဖေဖော်ဝါရီလ ၁၀ ရက်ခန့်မှစတင်၍ ရွှေဂုံတိုင်လမ်းရှိ မိုဘိုင်းလ်တယ်လီဖုန်းရုံးမှ နေ့စဉ်ထုတ်ပေးနေခြင်းဖြစ်ကာ ယနေ့အထိ နောက်ဆုံးGSMဖုန်းနံပါတ်မှာ ၀၉–၅၁ ၅၅× × × ကျော်ရှိနေပြီဖြစ်ကြောင်း မိုဘိုင်းလ်ကင်း မိုဘိုင်းလ်ဖုန်းဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ အရောင်းတာဝန်ခံ ဒေါ်မိုးသူဇာက ပြောကြားသည်။

၂၀၀၅ ခုနှစ်ကုန်အထိ GSMဖုန်း နောက်ဆုံးနံပါတ်မှာ ၀၉–၅၁–၄၉× × × ဖြစ်၍ ယခု ၀၉–၅၁–၅၅ × × × နံပါတ် အထိ ရှိသွားပြီဖြစ်၍ ၂၀၀၆ ခုနှစ်အတွင်း (ယနေ့အထိ) GSMဖုန်း ထုတ်ပေးသည့် အရေအတွက်မှာ အလုံးရေ ၅၀၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း Great Mobile GSM ဖုန်း ဆက်စပ်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ထိုသို့ GSM ဖုန်းများ ငှားရမ်းအသုံးပြုခွင့်ပေးရာတွင် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များတွင် မိုဘိုင်းလ်ဖုန်းငှားရမ်းသုံးစွဲခွင့်နှင့် လျှောက်ထားသူများကို အများဆုံးထုတ်ပေးနေသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက GSMဖုန်းများ ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ခြင်းနှင့်ဆက်စပ်၍ မိုဘိုင်းလ်ဖုန်း ဆက်စပ်ပစ္စည်းအရောင်းဆိုင်များတွင် GSMဖုန်း အိမ် (Hand Set)နှင့် အခြားဆက်စပ်ပစ္စည်းများ ပုံမှန်ထက်နှစ်ဆမှ လေးဆအထိ တိုးတက်ရောင်းချခဲ့ရကြောင်း Great Mobileမိုဘိုင်းလ် ဆက်စပ်ပစ္စည်းအရောင်းဆိုင်တာဝန်ခံ ဦးအာကာက ပြောပြသည်။

မိုဘိုင်းလ်ဖုန်းအိမ်နှင့် ဆက်စပ်ပစ္စည်းများ ပုံမှန်ထက်အရောင်းသွက်ခဲ့သော်လည်း ဖုန်းအိမ်များ၏ ရောင်းဈေးမှာ ယခင်ပေါက်ဈေးအောက် ကျပ် ၁၀၀၀၀ မှ ကျပ် ၄၀၀၀၀ အထိ ကျဆင်းသွားခဲ့ကြောင်း၊ ထိုသို့ဈေးနှုန်းများကျဆင်းခဲ့ခြင်းမှာ ဈေးကွက်အတွင်းသို့ ဖုန်းအိမ်အသစ်များနှင့် မော်ဒယ်အသစ်များ ဝင်ရောက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဒေါ်မိုးသူဇာနှင့် ဦးအာကာတို့က ရှင်းပြသည်။

ရန်ကုန်မြို့တော်နည်းတူ နယ်မြို့ကြီးများဖြစ်သော ပဲခူးတွင် GSM ဖုန်း ငှားရမ်းခွင့်ရရှိသူများထံမှ ငွေပေးသွင်းမှုစတင်လက်ခံခြင်း၊ မကွေး၊ ပြည်၊ မော်လမြိုင် စသည့်မြို့များတွင် ဖုန်းလျှောက်လွှာများ လက်ခံနေခြင်းတို့ကြောင့် ယခုအခါ ယင်းမြို့များရှိ အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်များ၊ အဆင့်မြင့်ဈေးဆိုင်များတွင် ဖုန်းအိမ်များ စတင် ရောင်းချပေးနေပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ GSMဖုန်း အလုံး ၄၀၀၀၀ နှင့် နယ်မြို့ကြီးများတွင် အလုံး ၁၀၀၀၀ ကျော် စုစုပေါင်း GSMဖုန်းအလုံး ၅၀၀၀၀ ကျော် ငှားရမ်းအသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း အဆိုပါဌာန၏ Website တွင် တရားဝင်သတင်းထုတ်ပြန်ထားသည်။

Associated News



www.foreverspace.com.mm

www.foreverspace.com.mm



# ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ယာဉ်မျိုးစုံ ၄၉၃ စီး အိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချ

**ရန်ကုန်၊ မတ် ၁၁**

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ယာဉ်မျိုးစုံ ၄၉၃ စီးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန လေလံတင်ရောင်းချရေးအဖွဲ့မှ အိတ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဟု ပြီးခဲ့သည့် မတ်လဆန်းပိုင်းက တရားဝင်ထုတ်ပြန်သည်။

အဆိုပါယာဉ်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိပြီး လေလံတင်ယာဉ်များတွင် Wagon၊ Saloon Van ၊ Pick Up ၊ Truck ၊ Light Truck Bus ၊ Micro Bus ၊ Mini Bus ၊ Jeep ၊ Traw Lergi နှင့် Tractor စသည့် အမျိုးအစားများ ပါဝင်သည်။

တင်ဒါပေးသွင်းသူများသည် စပေါ်ငွေသုံးသိန်းကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄) ရှိ ငွေစာရင်းအမှတ် (CM-072908) စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးအဖွဲ့သို့ မတ်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ သက်ဆိုင်ရာဒေသများအလိုက် ပေးသွင်းရမည်ဖြစ်သည်။ အိတ်ပိတ်တင်ဒါ တင်သွင်းရာတွင်လည်း တန်ဖိုးမြင့်ယာဉ်များအတွက် တစ်ဦးလျှင် နှစ်စီးထက် ပိုမိုတင်သွင်းခွင့်မပြုကြောင်း အဆိုပါကြေညာချက်တွင် ပါရှိသည်။

အိတ်ပိတ်တင်သွင်းမှုများကိုမူ မတ်လ ၃ ရက်မှ စတင်၍ ၃၀ ရက်နေ့အထိ အမှတ်–၆၂၂၊ ဒုတိယထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ အဆိုပါဦးစီးဌာနသို့ ပေးသွင်းရမည် ဖြစ်သည်။

တင်ဒါဝယ်ယူခွင့်ရရှိသူများသည် ငွေပေးသွင်းရာတွင် စပေါ်ငွေကို ခုနှိမ်၍ ပေးသွင်းခွင့်မပြုဘဲ တန်ဖိုးငွေအပြည့်အဝ ပေးချေ၍ သက်ဆိုင်ရာ မော်တော်ယာဉ်ကို သယ်ယူပြီးမှသာ စပေါ်ငွေ ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်သည်။ ဝယ်ယူခွင့်ရရှိသူများသည် တန်ဖိုးငွေအပြည့်အဝကို ဝယ်ယူခွင့်ရရှိကြောင်း ကြေညာပြီး ငွေအပြည့်အဝမပေးသွင်းလျှင် စပေါ်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း (Black-List) ကြေညာမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။

# ကြက်ငှက်တုပ်ကွေးရောဂါ လူသားအချင်းချင်းမကူးစက်နိုင်ရန် နိုင်ငံအနှံ့ သတင်းအချက်အလက်များရောက်ရှိရေးသည် အရေးပါဆုံးဖြစ်

**သတင်းဆောင်းပါး – သစ်ထွန်း၊ ဓာတ်ပုံ–အောင်အောင်၊ ၂၈–၃–၂၀၀၆**

**H5N1** **ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားလျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါ လူသားများသို့ကူးစက်မှုကို အထိရောက်ဆုံးကာကွယ်ပေးနိုင်မည့်အချက်မှာ အဆိုပါရောဂါဖြစ်ပွားနိုင်ခြေများပြားသည့် မွေးမြူရေးလုပ်ငန်းများတည်ရှိရာ နေရာများ အပါအဝင် နိုင်ငံအနှံ့အပြား ကျေးလက်ဒေသများအထိ ကြက်ငှက်တုပ်ကွေးကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သတင်းအချက်အလက်များ ပေးပို့နိုင်ရေးမှာ အရေးပါဆုံးသောအချက်ဖြစ်ကြောင်းနှင့် ဘဲကဲ့သို့ သတ္တဝါများတွင် ရောဂါပိုး ကူးစက်ခံရသော်လည်း ကြက်ကဲ့သို့ ကြက်ငှက်တုပ်ကွေးလက္ခဏာမပြဘဲနေနိုင်သဖြင့် ရောဂါပိုးပြန့်ပွားနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က ထုတ်ဖော်ပြောကြားသည်။**

"အခုဆိုရင် တချို့က ကြက်ငှက်တုပ်ကွေးရောဂါပိုးဟာ မွေးမြူရေးကြက် (CP ကြက်) တွေမှာပဲ ကူးစက်နိုင်တယ်။ မြန်မာကြက်တွေမှာ မကူးစက်နိုင်ဘူးလို့ ထင်မြင်ပြောဆိုနေတာတွေ့ရတယ်။ အမှန်က H5N1 ဆိုတဲ့ ကြက်ငှက်တုပ်ကွေး

ရောဂါပိုးဟာ ဘယ်ကြက်အမျိုးအစားမဆို ကူးစက်နိုင်ပါတယ်။ ဒါ့အပြင် ဘဲ၊ ဝက်၊ ကြောင် အစရှိတဲ့တိရစ္ဆာန်တွေကလည်း ကူးစက်နိုင်ပါတယ်။ ဒီအချက်ကိုကြည့်ရင် လူအများစုအတွက် ကြက်ငှက်တုပ်ကွေး ကာကွယ်ရေးသတင်းအချက်အလက်တွေ လိုအပ်တယ်ဆိုတာ တွေ့ရမှာဖြစ်တယ်” ဟု ဒေါက်တာခင်မောင်လွင်က ဆိုသည်။

ကြက်ငှက်တုပ်ကွေးရောဂါမှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသော ရောဂါဖြစ်ပြီး ကူးစက်နိုင်သောရောဂါတစ်မျိုးဖြစ်ကာ ရောဂါပိုးရှိသော ငှက်ရိုင်း အစရှိသည့် တိရစ္ဆာန်မှတစ်ဆင့် ခံနိုင်ရည်၊ ကိုယ်ခံအားနည်းသော အခြားတိရစ္ဆာန်တစ်မျိုးမျိုးသို့ ကူးစက်နိုင်သည်။ ယခုအခါ၌မူ တိရစ္ဆာန်အချင်းချင်းကူးစက်လျက်ရှိပြီး အကယ်၍ လူသားသို့ဆက်လက်ကူးစက်ခြင်းမှတစ်ဆင့် လူသားအချင်းချင်း ထပ်မံကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုးအဆင့်ထိရောက်ရှိပါက လူများစွာသေဆုံးနိုင်သည့်ရောဂါဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါ လူသားအချင်းချင်းကူးစက်သည့်အခါတွင် လူသားများတွင်ဖြစ်ပွားလေ့ရှိသည့် အဖျား တုပ်ကွေးဗိုင်းရပ်စ်ပိုးနှင့် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်အချင်းချင်းပေါင်းစပ်သွားပြီး ဗိုင်းရပ်စ်ပိုးအသစ်တစ်ခု ဖြစ်ပေါ်ကြောင်း၊ လူသားအချင်းချင်း ကူးစက်ပြန့်ပွားနိုင်သည့် ဗိုင်းရပ်စ်ပိုးအဆင့်မရောက်ရှိရန် တားဆီးကာကွယ်ရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားနိုင်သည့် ကြက်ခြံ၊ မွေးမြူရေးလုပ်ငန်းများနှင့် ထိတွေ့မှုရှိသူများအနေဖြင့် ဖျားနာခြင်းဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အလျင်အမြန်သွားရောက်ကာ သတင်းပို့သင့်ကြောင်း၊ နိုင်ငံတကာတွင်လည်း လူသားအချင်းချင်းကူးစက်နိုင်သည့် ဗိုင်းရပ်စ်ပိုးမပေါ်ပေါက်ဖွားစေရန် အဓိကထားဆောင်ရွက်လျက်ရှိကြောင်း ဒေါက်တာခင်မောင်လွင်က အသိပေးပြောကြားသည်။




**ဤသို့သော သတိပေးချက်များကို ပြည်သူလူထုလက်လှမ်းမီသောနေရာတိုင်းတွင် ရှိနေသင့်သည်**

“ဒီ H5N1 ဆိုတဲ့ ဗိုင်းရပ်စ်ပိုးက ကြက်၊ ငုံး အစရှိတဲ့ သတ္တဝါတွေကို ကူးစက်ရင် ဒီကြက်၊ ငုံး အစရှိတဲ့ကောင်တွေမှာ သိသာတဲ့လက္ခဏာပြမှုတွေကို အလွယ်တကူတွေ့ရနိုင်တယ်။ ဒါပေမဲ့ ဘဲလို တိရစ္ဆာန်တွေကျတော့ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ခံရပေမယ့် ရောဂါလက္ခဏာပြလေ့မရှိဘဲ သူကနေတစ်ဆင့် ဗိုင်းရပ်စ်ပိုးတွေ လိုက်လံဖြန့်ဖြူးနိုင်တယ်။ အဲဒီအတွက် ကြက်တွေ၊ ဘဲတွေကို ရောနှောမွေးမြူတာတို့၊ တခြား ဝက်၊ ကြောင် အစရှိတဲ့ အိမ်မွေးတိရစ္ဆာန်တွေနဲ့ ထိတွေ့ရောစပ်ထားတာတွေတို့ဟာ ရောဂါပျံ့နှံ့ဖို့ တွန်းအားပေးတဲ့အချက်တွေဖြစ်တယ်။ အကောင်းဆုံးကတော့ ကြက်ခြံဆိုရင် ကြက်သီးသန့်၊ ဝက်ဆိုရင်လည်း ခြံခတ်ပြီး သီးသန့်မွေးထားသင့်တယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

နိုင်ငံတကာတွေ့ရှိချက်များအရ စနစ်တကျ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ Backyard Farm ဆိုသော မိသားစုတစ်ပိုင်တစ်နိုင်

www.foreverspace.com.mm



မွေးမြူရေးလုပ်ငန်းများတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှတစ်ဆင့် လူသို့ကူးစက်မှုဖြစ်နိုင်ခြေ အများဆုံးရှိကြောင်း ဒေါက်တာခင်မောင်လွင်က ဆိုသည်။

"ကျွန်တော်တို့ဆီက ကျေးလက်တွေမှာ ကြက်၊ ဝက် အစရှိတဲ့ တိရစ္ဆာန်တွေကို အိမ်တိုင်းလိုလို တစ်ပိုင်တစ်နိုင်မွေးထားလေ့ရှိတယ်။ အများကြီးမွေးတာ မဟုတ်တဲ့အတွက် ဒီအကောင်တွေအတွက် အထူးအထွေနေရာမလုပ်တော့ဘဲ အိမ်အနီးအနားမှာ ဒီအတိုင်းပဲလွှတ်ထားတတ်တယ်။ ဒ့ါအပြင် အိမ်မှာရှိတဲ့ ကလေးငယ်တွေနဲ့လည်း ဒီကောင်တွေနဲ့ ထိတွေ့မှုအမြဲရှိနေတယ်။ အဲဒီအချက်တွေက လူသားကို ရောဂါပိုးကူးစက်လာနိုင်ဖို့ အနေအထားတွေဖြစ်တယ်။ ဒီတော့ အိမ်မှာမွေးမြူရေးလုပ်မယ်ဆိုရင် ကြက်ကိုခြံခတ်ထားပါ။ တိရစ္ဆာန်တွေကို ရောနှောမွေးတာမလုပ်ပါနဲ့။ အထူးသဖြင့် ကလေးငယ်တွေက ရောဂါပိုးကူးစက်နိုင်တဲ့အလားအလာပိုရှိလို့ ကြက်၊ ဝက်စတဲ့ တိရစ္ဆာန်တွေနဲ့ ထိတွေ့မှုမရှိအောင် နေထိုင်ကြဖို့ လိုပါတယ်။ ရောဂါကာကွယ်ရေးမှာ အခုပြောင်းနေတဲ့အချက်တွေကို မြန်မာနိုင်ငံအနှံ့အပြား နေရာလပ်မကျန်သိရှိနိုင်အောင် ဆောင်ရွက်ဖို့လိုပါတယ်" ဟု ဒေါက်တာခင်မောင်လွင်က အသိပေးပြောကြားသည်။



**စားသုံးခြင်းကြောင့် အန္တရာယ်ရှိနိုင်/မရှိနိုင်ဆိုသည်ကို**
**နိုင်ငံအဝန်းသို့ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းအသိပေးရန်လိုအပ်သည်**

ယခုလက်ရှိအရှေ့တောင်အာရှဒေသတွင် ပြန့်ပွားလျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါသည် ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားဒေသမှ အရှေ့လမ်းကြောင်းအတိုင်း ပျံသန်းလာသော ဆောင်းခိုငှက်ရိုင်းများမှတစ်ဆင့် ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါငှက်ရိုင်းများ ခရီးတစ်ထောက်နားခိုရာဒေသများ၌ ဒေသခံ အိမ်မွေးတိရစ္ဆာန်များသို့ ကူးစက်ခြင်းဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ မွေးမြူထားသော ကြက်၊ ဝက်များကို တောရိုင်းကြက်ငှက် များနှင့် ထိတွေ့မှုမရှိအောင် ထားရှိသင့်ကြောင်း၊ အထူးသဖြင့် ဘဲများကိုမွေးမြူရာတွင် နီးစပ်ရာချောင်း၊ ကန်များတွင် လွှတ်ကျောင်းခြင်းများကို သတိပြုရမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါကို အလွယ်တကူနှင့် ထိရောက်စွာကာကွယ်နိုင်သောနည်းလမ်းမှာ ကြက်ငှက်များကို ထိတွေ့ကိုင်တွယ်နေသူများအနေဖြင့် ကိုင်တွယ်ပြီးပါက လက်ကို ဆပ်ပြာဖြင့်စင်ကြယ်စွာဆေးခြင်းပင်ဖြစ်ကြောင်း၊ လေ့လာချက်များအရ အဆိုပါရောဂါပိုးများမှာ

# ရန်ကုန် - မုတ္တမ ရထားခရီးစဉ်များ ပြေးဆွဲချိန်ပြောင်း

**ရန်ကုန်၊ မတ် ၁၇**

ရန်ကုန်မြို့တော်မှ မော်လမြိုင်မြို့တစ်ဖက်ကမ်းမုတ္တမမြို့သို့ ပုံမှန် ပြေးဆွဲလျက်ရှိသော ရထားခရီးစဉ်များကို မတ်လဒုတိယပတ်မှစတင်၍ အချိန်ပြောင်းလဲပြေးဆွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ရန်ကုန်မှ မုတ္တမသို့ နံနက် ၇ နာရီတွင် ပုံမှန်ပြေးဆွဲသော အစုန်ရထားအမှတ်(၈၁)ကို နံနက် ၆ နာရီခွဲသို့လည်းကောင်း၊ နံနက် ၁၀ နာရီတွင် ပုံမှန်ထွက်ခွာသော အစုန်ရထားအမှတ်(၈၉)ကို နံနက် ၈ နာရီ ၄၅ မိနစ်သို့လည်းကောင်း ပြောင်းလဲပြေးဆွဲခဲ့ကြောင်း ၎င်းကဆိုသည်။

လက်ရှိတည်ဆောက်နေသော သံလွင်တံတားရှိ ရထားသံလမ်းဆက်ကြောင်း ပြီးစီးသွားပါက ရန်ကုန်–မုတ္တမရထားသည် ရန်ကုန်–မော်လမြိုင် တိုက်ရိုက်ရထားအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။ ■

www.foreverspace.com.mm




လက်မှတစ်ဆင့် လူ၏ပါးစပ်၊ မျက်စိ၊ နှာခေါင်းအတွင်းသို့ ဝင်ရောက်ကူးစက်လေ့ရှိကြောင်း၊ မကြာသေးမီက ပြည်ပနိုင်ငံတစ်ခုတွင် ရောဂါပိုးရှိသောကြက်ငှက်များကို လက်ဖြင့်ကိုင်တွယ်ရာမှ မျက်လုံးကို ယင်းလက်ဖြင့် ပွတ်သပ်မိသည့်ကလေးငယ်တစ်ဦး မျက်လုံးမှတစ်ဆင့် ရောဂါပိုးဝင်ရောက်ကူးစက်ခံရကြောင်း၊ သို့ဖြစ်၍ ရောဂါဖြစ်ဖွယ်ရှိသောတိရစ္ဆာန်များကို ကိုင်တွယ်ပြီးပါက လက်ကိုစင်ကြယ်စွာဆေးခြင်းဖြင့် ရောဂါပိုးကူးစက်နှုန်းကို ၈၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်ကြောင်း ဒေါက်တာခင်မောင်လွင်က ရှင်းလင်းပြောကြားသည်။

"အဓိကအချက်ကတော့ ကြက်ငှက်တုပ်ကွေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ၊ ကာကွယ်ဆောင်ရွက်ဖို့လိုအပ်တဲ့အချက်တွေကို မြန်မာနိုင်ငံအနှံ့ကို လျင်မြန်စွာရောက်ရှိနိုင်ဖို့ လိုပါတယ်။ တကယ်တမ်းက ဒီကြက်ငှက်တုပ်ကွေးက မဖြစ်ပွားအောင်လုပ်လို့ မရပါဘူး။ ဆောင်းခိုငှက်တွေသွားရာလမ်းတစ်လျှောက်မှာ ရောဂါပိုးပျံ့နှံ့နိုင်ခြေအများကြီးရှိတော့ ဒီရောဂါနဲ့ပတ်သက်တဲ့သတင်းအချက်အလက်တွေကိုသာ နေရာအနှံ့ကိုရောက်ရှိဖို့ အလိုအပ်ဆုံးပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံပိုင်သတင်းစာများတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ဗိုင်းရပ်စ်ပိုးကို မြန်မာနိုင်ငံအထက်ပိုင်းတွင်တွေ့ရှိကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ကာကွယ်ရန်နှင့်လိုက်နာရန်အချက်အလက်များကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ယခုဆိုခဲ့ပါအချက်များကဲ့သို့ လူအများသိရှိရန်လိုအပ်လျက်ရှိနေဦးမည်ဖြစ်ရာ မလိုလားအပ်သောသတင်းအချက်အလက်များကို ဖြေရှင်းရာတွင် သတင်းအချက်အလက်များ မှန်ကန်တိကျစွာသိရှိနိုင်ရေးမှာ အရေးပါသောအချက်ဖြစ်သည်။

■



## ပျဉ်းမနားဒေသတွင် Card စနစ်ဖြင့် အသုံးပြုရသော PCO ဖုန်းရုံများ စတင်တပ်ဆင်

**ရန်ကုန်၊ မတ် ၉**

အစိုးရဝန်ကြီးဌာနများ ပြောင်းရွှေ့ရုံးစိုက်ရာ ပျဉ်းမနားဒေသ အရှေ့မြောက်ဘက် သိုက်ချောင်းအရပ်ရှိ ခုတင် ၁၀၀၀ ဆံ့ဆေးရုံနှင့် အစိုးရအဆောက်အအုံများရှိရာ လမ်းတစ်လျှောက်တွင် Card စနစ်အသုံးပြုပြီး ခေါ်ဆိုရသော PCO ရုံများ စတင်တပ်ဆင်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဝန်ထမ်းများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ PCO ရုံများကို ပင်လောင်းသို့ ခွဲထွက်သောလမ်းကြောင်းမှ စတင်ချထားခြင်းဖြစ်ပြီး ယခုအခါ ကံ့ကော် ရိပ်သာ၊ ငုဝါရိပ်သာ၊ စိန်ပန်းရိပ်သာအနီးတစ်ဝိုက်အထိ ဘတ်စ်ကားမှတ်တိုင်တစ်ခုလျှင် ဖုန်းရုံတစ်ခုနှုန်းဖြင့် တပ်ဆင်တည်ထောင်ထားခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသည့် ကံ့ကော်ရိပ်သာမှ အလုပ်သမားတစ်ဦးက ပြောကြားသည်။

အဆိုပါဖုန်းရုံများကို ကြက်ပြေးနှင့် ပျဉ်းမနားမြို့များတွင်ပါ ဆက်လက်တပ်ဆင်သွားမည်ဖြစ်ပြီး Calling Card များကို ဈေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်မည်ဟု ပျဉ်းမနားမြို့ ဆက်သွယ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

Phone Card များ မည်သည့်အချိန်တွင် စတင်ရောင်းချမည်ကိုမူ မသိရှိရသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm



# နေရောင်ခြည်စွမ်းအင်သုံးစွဲမှု ကျေးလက်ဒေသဖွံ့ဖြိုးရေးမှ မြို့ပြသို့ဦးတည်

**သတင်းဆောင်းပါး – ကျော်ကျော်မင်း၊ ၂၈–၃–၂၀၀၆**

**အီကွေတာနှင့်နီးသော မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝနေရောင်ခြည်စွမ်းအင်ကို အပြည့်အဝရရှိနိုင်သဖြင့် ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ ကျေးလက်ဒေသများ၌ နေရောင်ခြည်စွမ်းအင်သုံး ရေစုပ်စက် (Solar Water Pump) များ တပ်ဆင်အသုံးပြုလျက်ရှိသည့်အပြင် မြို့ပြဒေသများရှိ စီးပွားရေးလုပ်ငန်းရှင်များကလည်း ၎င်းတို့၏ လုပ်ငန်းများ၌ နေရောင်ခြည်စွမ်းအင်ကို အသုံးပြုရန် စိတ်ဝင်စား၍ ကမ်းလှမ်းလာကြကြောင်း Myanmar Sustainable Energy System (MSES) မှ ဦးစိုးသိန်းထွန်းက ဆိုသည်။**

သို့သော် ကျေးလက်ဒေသများတွင် ကနဦးတပ်ဆင်ခမြင့်မားသောကြောင့် NGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုဖြင့်သာ တပ်ဆင်အသုံးပြုနိုင်ကြကြောင်း၊ ယခုလအတွင်း၌ပင် UNDP က ပဲခူးတိုင်း သုံးခွကျေးရွာ၌ ၇၇၀ ဝပ်အားရှိ နေရောင်ခြည်စွမ်းအင်သုံး ရေစုပ်စက်တစ်လုံးတပ်ဆင်ပေး၍ ကျေးရွာလုံးကျွတ်ရေဖြန့်ဝေပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း Malikha Engineering Group မှ Sales Engineer ဦးအောင်မျိုးကျော်က ပြောကြားသည်။

ကျေးလက်ဒေသအများစုတွင် မဖြစ်မနေရရှိရန်လိုအပ်သည့် ရေရရှိဖြန့်ဝေရေးအတွက်သာ Solar Water Pump များ အသုံးပြုကြပြီး လျှပ်စစ်မီးလင်းရေးအတွက် Solar Electric System တပ်ဆင်နိုင်ရန်မှာ ကုန်ကျစရိတ်ကြောင့် အလှမ်းဝေးလျက်ရှိကြောင်း ဈေးကွက်ပိုမိုဖော်ဆောင်နိုင်ရန် နယ်ကျေးလက်ဒေသများထိ ကိုယ်တိုင်သွားရောက်စည်းရုံးခဲ့သော Solar ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

နေရောင်ခြည်သုံး Solar စွမ်းအင်စနစ်သည် ကနဦးတပ်ဆင်ခမြင့်မားသော်လည်း Solar ပြားများသည် နှစ်ရှည်ခံများဖြစ်ပြီး လောင်စာဆီကဲ့သို့ ထပ်မံဝယ်ယူဖြည့်ဆည်းရမည့် စွမ်းအင်လိုအပ်ချက်မရှိဘဲ သဘာဝအလင်းရောင် တစ်နေ့လျှင် ခြောက်နာရီခန့်ရရှိရုံဖြင့် လုံလောက်သောစွမ်းအင်ရရှိနိုင်၍ ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းခြင်း၊ ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးသည့်အပြင် မီးစက်များကဲ့သို့ ပတ်ဝန်းကျင်ဆူညံမှုမရှိခြင်း၊ လေထုညစ်ညမ်းစေသည့် အခိုးအငွေ့များ လွှတ်ထုတ်ခြင်းမရှိ၍ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးထိန်းသိမ်းနိုင်ခြင်း စသည့် အားသာချက်တို့ကြောင့် ဟိုတယ်လုပ်ငန်းရှင်များသည် နေရောင်ခြည်စွမ်းအင်ကို အသုံးပြုရန် စိတ်ဝင်စားလာကြောင်း ဦးအောင်မျိုးကျော်က ပြောကြားသည်။

ယခုလပိုင်းအတွင်း၌ပင် နိုင်ငံခြားသားများ စိတ်ဝင်စားမှုအရှိဆုံးဖြစ်သည့် ရှေးဟောင်းပုဂံမြို့တော် ဟိုတယ်လုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားသားခရီးသွားအများစုလာရောက်အပန်းဖြေရာ ငွေဆောင်ကမ်းခြေမှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးတို့မှ လာရောက်ကမ်းလှမ်းထား၍ ထိုင်းနိုင်ငံအခြေစိုက် Ekarat Solar Energy Systems မှ တိုက်ရိုက်လာရောက် လေ့လာပြီး ကုန်ကျ

## ပျဉ်းမနားဒေသတွင် အော်တိုတယ်လီဖုန်းလိုင်းသစ်များ တပ်ဆင်

**ရန်ကုန်၊ မတ် ၁၁**

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားများဖြစ်သည့် အစိုးရဝန်ကြီးရုံးများ ပြောင်းရွှေ့ရုံးစိုက်ရာအနီးရှိ ပျဉ်းမနားမြို့တွင် ဖေဖော်ဝါရီလမှ စတင်၍ အော်တိုတယ်လီဖုန်းလိုင်းသစ်များ ထပ်မံတပ်ဆင်ပေးခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ယခင် ပျဉ်းမနားမြို့ ဖုန်းလိုင်းများမှာ မြို့ကုတ်နံပါတ် (၀၆၇) ပြီးလျှင် ၂၁၊ ၂၂ ဖြင့် စသော နံပါတ်များသာ ရှိရာမှ ဖေဖော်ဝါရီလမှစတင်၍ ၂၃ ဖြင့် စသော တယ်လီဖုန်းများကို စတင်တပ်ဆင်ပေးခဲ့ကြောင်း၊ ၂၃ ဖြင့် စသော အော်တိုဖုန်းများမှာ ကြက်ပြေးဘက်တွင် အများဆုံးရှိနေပြီး ထိုလိုင်းများမှာလည်း ပြောဆိုဆက်သွယ်၍ကောင်းမွန်ကြောင်း ပျဉ်းမနားမြို့မှ ဒေါ်မျိုးသီတာက ဆိုသည်။

မကြာသေးမီကလည်း ကြက်ပြေးတွင် အစိုးရရုံးများအတွက် ဖိုက်ဘာဖုန်းလိုင်းသစ်ဖွင့်လှစ်ပေးခဲ့ပြီး ၄၀၊ ၄၁၊ ၄၂ ဖြင့်စသော ဂဏန်းခြောက်လုံးပါ ဖုန်းများ တပ်ဆင်ပေးခဲ့ (သတင်းဖော်ပြပြီး The Voice Weekly အတွဲ ၂၊ အမှတ် ၂၂) သည်။

Associated News

www.foreverspace.com.mm




စရိတ်ကို တွက်ချက်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

MSES မှ ဦးစိုးသိန်းထွန်း၏ ပြောကြားချက်အရ ကချင်ပြည်နယ် ပူတာအိုမြို့မှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးနှင့် လုပ်ငန်းညှိနှိုင်းထားပြီးဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းများအပြင် မြို့ကြီးများရှိ အဆောက်အအုံများ၌ပါ Solar စွမ်းအင်ကို အသုံးပြုနိုင်ရန် အဆောက်အအုံဒီဇိုင်းတွင်ပါ ထည့်သွင်းတွက်ချက်လာမှုများရှိလာကာ ILBC ကဲ့သို့ ကျောင်းကြီးကပင် တပ်ဆင်ရန် စိတ်ဝင်စားလာကြောင်း၊ ရေရှည်တွင် Solar စွမ်းအင် အသုံးပြုမှုသည် အခြားစွမ်းအင်များထက် ပိုမိုတွင်ကျယ်လာဖွယ်ရှိကြောင်း သိရသည်။

ပဲခူးဆယ်မိုင်ကုန်းရှိ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်းတောစခန်းရိပ်သာရှိ တရားဟောမဏ္ဍပ်နှစ်ရုံတွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစတင်အသုံးပြုနိုင်ခဲ့ကြောင်း၊ တရားနာပရိသတ်ကို ၂၄ နာရီ ပုံမှန်တရားခွေများဖြင့် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ တပ်ဆင်ခဲ့ကြောင်း အဆိုပါရိပ်သာမှ ဆရာလေး ဒေါ်သုစာဂရန္တီက ပြောကြားသည်။

အဆိုပါတပ်ဆင်ခအတွက် ကုန်ကျစရိတ် ကျပ်သိန်း ၂၀ ကို အပြည့်အဝ တစ်လုံးတည်းပေးချေရန် တရားစခန်းရိပ်သာတစ်ခုအနေဖြင့် အခက်အခဲရှိ၍ တပ်ဆင်ပေးသောကုမ္ပဏီနှင့်ညှိနှိုင်းကာ အရစ်ကျစနစ်ဖြင့် ပေးချေခဲ့ရာ ယခုအခါ ကျပ် ၁၀ သိန်းပေးချေပြီးဖြစ်ကြောင်း၊ ၎င်းတို့၏ သာသနာ့ရိပ်သာသည် ဧက ၁၀၀ ခန့် ကျယ်ဝန်း၍ ကျောင်းပေါင်း ၁၂၆ ကျောင်းရှိသော်လည်း ကုန်ကျစရိတ်ကြီးမြင့်၍ လက်ရှိအခြေအနေတွင် တရားဟောမဏ္ဍပ်နှစ်ရုံအတွက်သာ တပ်ဆင်နိုင်သေးကြောင်း ဆရာလေး ဒေါ်သုစာဂရန္တီက ဆိုသည်။

ရန်ကုန်မြို့တော်ရှိ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကမူ ၎င်းတို့၏ ဟိုတယ်လုပ်ငန်းများအနေဖြင့် လျှပ်စစ်မီးသည် ၂၄ နာရီ မရှိမဖြစ်လိုအပ်လျက်ရှိနေ၍ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့်ကုန်ကျစရိတ် အသက်သာဆုံးနည်းလမ်းကို ရွေးချယ်နေရကြောင်း၊ 10 KW ခန့် လျှပ်စစ်ဓာတ်အားထွက်ရှိမည့် Solar Power System တစ်ခုအတွက် အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ ခန့် ကျသင့်မည်ဖြစ်ရာ လုပ်ငန်းလည်ပတ်နေသည့်ဝင်ငွေအချိုးအစား၊ လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် ရေရှည်အကျိုးအမြတ်များကို ချိန်ကိုက်တွက်ချက်နေရကြောင်း၊ မီးစက်သုံးမည်ဆိုပါကလည်း မြင့်တက်လာမည့် လောင်စာဆီဈေးနှုန်းနှင့် ရေရှည်တွင် တွက်ခြေကိုက်နိုင်ဖွယ်မရှိကြောင်း ပြောကြားသည်။




ကျေးလက်အချို့တွင် ဤသို့ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်များတပ်ဆင်ထားသည်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ လေ့လာချက်များအရ ခြောက်သွေ့ရာသီအတွင်း မြန်မာနိုင်ငံတွင် တစ်နေ့လျှင် တစ်စတုရန်းမီတာအတွက် Radiation Intensity 5 KW ရှိကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံမှ New Energy Development Organization (NEDO) ၏ ၁၉၉၇ ခုနှစ်အတွင်းက မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၌ပြုလုပ်ခဲ့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ လေ့လာချက်

www.foreverspace.com.mm





**သာမန်အိမ်တစ်လုံးအတွက် စွမ်းအင်လိုအပ်ချက်ကို ကောင်းစွာဖြည့်ဆည်းနိုင်သည်**

များအရ မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင် တစ်နှစ်လျှင် ၅၁၉၇၃.၈ TW Hour ရရှိကြောင်း သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စွမ်းအင်ကဏ္ဍသည် အရေးပါသော အခြေခံကဏ္ဍဖြစ်ပြီး ယခုအခါ နိုင်ငံ၏စွမ်းအင်လိုအပ်ချက် ၁၀ ရာခိုင်နှုန်းကို ၂၀၁၅ ခုနှစ်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)များဖြင့် ဖြည့်တင်းနိုင်ရန်ကြိုးစားလျက်ရှိရာ နေရောင်ခြည်စွမ်းအင် (Solar Power) သည် တစ်ခုအပါအဝင်ဖြစ်ကြောင်း United Engineering Group ၏ ဥက္ကဋ္ဌဦးဝင်းခိုင်က ပြောကြားသည်။

ယင်းသို့သဘာဝအလျောက်ပြည့်ဝစွာရရှိသည့် နေရောင်ခြည်စွမ်းအင်ကို အပြည့်အဝအသုံးချနိုင်ရန် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများသာမက ပြည်တွင်းပြည်ပ NGOများ၏ ကူညီထောက်ပံ့မှုများပါ များစွာလိုအပ်လျက်ရှိပြီး ကျေးလက်ဒေသများတွင် လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက်ပါ စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့နေလူတန်းစားအကြား နည်းပညာကွာဟမှုကျဉ်းမြောင်းရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကအခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

# ရန်ကုန် - မန္တလေး ဒွေးရထားလမ်း ပျဉ်းမနားအထိ ပြီးစီး

**မန္တလေး၊ မတ် ၁၀**

မြန်မာနိုင်ငံတွင် ခရီးသည်သွားလာမှုအများဆုံး ရန်ကုန်–မန္တလေး ရထားခရီးစဉ်များအတွက် အထောက်အကူဖြစ်စေမည့် ရန်ကုန်–မန္တလေး ဒွေးရထားလမ်း ဖောက်လုပ်လျက်ရှိရာ ရန်ကုန်မှ ပျဉ်းမနားဒေသအထိ ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်–မန္တလေး ဒွေးရထားလမ်းစီမံကိန်းအရ ရထားလမ်းနှစ်လမ်း ဖောက်လုပ်ခဲ့ရာ ယခုလက်ရှိ ရန်ကုန်မှ ပျဉ်းမနားဒေသအထိ ဒွေးလမ်းဖောက်လုပ်ပြီးဖြစ်ကြောင်း၊ ကျန်လမ်းပိုင်းအတွက် မြေဖို့ခြင်းလုပ်ငန်းများကို ၂၀၀၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းတစ်လျှောက် တံတားအများစုကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ လာမည့်မိုးအကုန် မြေသားကျစ်လျစ်မှုအနေအထားအရ ရထားလမ်းခင်းခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပါ မြန်မာ့မီးရထားဝန်ထမ်း၏ အဆိုအရ သိရသည်။ မန္တလေးမြို့မှ ကျောက်ဆည်မြို့အထိ ဒွေးလမ်းဖောက်လုပ်ထားပြီးဖြစ်ရာ ကျန်ရှိလမ်းပိုင်းများသာ ဖောက်လုပ်သွားရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အဆိုပါ ရန်ကုန်–မန္တလေး ဒွေးရထားလမ်း ပြီးစီးသွားပါက ရထားခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲနိုင်မည့်အပြင် ခရီးကြာချိန်ကိုလည်း ချုံ့ပစ်နိုင်မည်ဖြစ်ရာ ခရီးသွားများအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း အဆိုပါဝန်ထမ်းက သုံးသပ်ပြောကြားသွားသည်။ ယခုလက်ရှိ နေ့စဉ် ရန်ကုန်–မန္တလေး ရထားခရီးစဉ်လေးခု အစုန်အဆန် ပြေးဆွဲလျက်ရှိသည်။

www.foreverspace.com.mm



# မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်း၏ ဒုတိယငါးနှစ်ကာလ မြို့နယ် ၂၀ တွင် အထူးပြုဆောင်ရွက်မည်

**ရန်ကုန်၊ မေ ၁**

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ဒုတိယငါးနှစ်တာစီမံကိန်းကာလဖြစ်သည့် ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၈–၂၀၀၉ ခုနှစ်အတွင်း မြို့နယ် ၂၀ တွင် အထူးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ထားသည်။

ဒုတိယငါးနှစ်တာစီမံကိန်းအတွက် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဟိုပန်၊ မန်ပိုင်၊ နားပန်၊ မန်ပန်း၊ မိုင်းတောၤ၊ မန်ယန်း(ပန်ဆိုင်း)၊ ဝိန်းလောင်း(ပန်ဆိုင်)၊ အရှေ့ပိုင်းတွင် မိုင်းယန်း၊ ကျိုင်းတုံ (မိုင်းလားမပါဝင်)၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းခတ်၊ တောင်ပိုင်းတွင် ဟိုပုံး၊ မိုးနဲ၊ ပင်လောင်းမြို့နယ်များနှင့် ကချင်ပြည်နယ်တွင် ကာမိုင်း၊ ဝိုင်းမော်၊ မိုးမောက်၊ မိုးညှင်း စုစုပေါင်း မြို့နယ် ၂၀ တွင် မူးယစ်ဆေးဝါးလုံးဝပပျောက်ရေးကို အထူးပြုဆောင်ရွက်မည်ဟု ထုတ်ပြန်ချက်၌ ပါရှိသည်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သုံးစွဲမှု လုံးဝပပျောက်ရေးအတွက်ရည်ရွယ်ပြီး အဆိုပါမြို့နယ်များတွင် စိုက်ပျိုးမှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရာတွင်လည်း ပြည်သူအများ ပူးပေါင်းပါဝင်လာရန်နှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တတိယ ငါးနှစ်တာစီမံကိန်းကာလအတွက် မြို့နယ်ကိုးမြို့နယ်တွင် အထူးပြုဆောင်ရွက်ရန် ရည်မှန်းထားပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကျေးသီး၊ မိုင်းရှူး၊ နမ့်စန်၊ ညောင်ရွှေနှင့် လဲချား၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီမောဆိုး၊ ချင်းပြည်နယ်တွင် တွန်းဇံနှင့် ဖလမ်းမြို့နယ်များ ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ပထမငါးနှစ်တာအတွင်း မြို့နယ်ပေါင်း ၂၂ မြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး တရားဝင်စာရင်းများအရ အဆိုပါ ၁၅ နှစ်တာစီမံကိန်းအတွက် ကျပ် ၃,၃၅၈,၈၁၄ သန်းနှင့် အမေရိကန်ဒေါ်လာသန်း ၁၅၀ ခန့် အကုန်အကျခံသုံးစွဲသွားမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧက ၃၂,၇၇၀ ဟက်တာနှင့် ဘိန်းထွက်ရှိမှု ၃၁၉ တန်ရှိခဲ့ပြီး ၁၉၈၈ ခုနှစ်မှ မူးယစ်ဆေးဝါးဖမ်းဆီးဖျက်ဆီးမှုများမှာ ကန်ဒေါ်လာသန်းပေါင်း ၁၄,၆၆၀ သန်းရှိကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရှိရသည်။

# မြန်မာကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ FIATA ၏ BL အာမခံလျော်ကြေးခံစားနိုင်

**သတင်းဆောင်းပါး–တင်လင်း၊ ဓာတ်ပုံ–ကျော်နိုင်၊ ၁–၄–၂၀၀၆**

**မြန်မာနိုင်ငံသား ပြည်ပကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကို အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ အစည်း (FIATA)အမှတ်ပြု BL (Bill of lading)ပုံစံတွင် ပါရှိသည့်ပြဋ္ဌာန်းချက်အတိုင်း ပစ္စည်းပျောက်ရှပျက်စီးမှုအတွက်ထိုက်တန်သည့်လျော်ကြေးရနိုင်သည်အခွင့်အရေးကို မြန်မာနိုင်ငံရှိကုန်သည်များ ရယူရန်သင့်လျော်သည်ဟု မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်မင်းက မတ်လ ၂၂ ရက်နေ့တွင် Living Color သို့ ပြောကြားသည်။**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း ပြည်ပသို့ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုခဲ့သည် နိုင်ငံတကာအသိအမှတ်ပြုသင်္ဘောလိုင်းများတွင် Carrier Bill ကို အသုံးပြုခဲ့သည်။ ယင်း Carrier Bill သည် သင်္ဘောထွက်ခွာသည့်ဆိပ်ကမ်းမှစ၍ သင်္ဘောထွက်ခွာရာလမ်းကြောင်းတွင် သင်္ဘောပေါ်မှဖြစ်ပေါ်လာသည့်ပစ္စည်းပျောက်ရှမှုနှင့် ပတ်သက်သည့်ကိစ္စအားလုံးကို သင်္ဘောဆိုက်ကပ်ရာဆိပ်ကမ်းအထိ Carrier Bill ပုံစံစာရွက်ပါပြဋ္ဌာန်းချက်အချက်အလက်များအတိုင်း သုံးနိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။

ယခုအချိန်တွင် အာဆီယံ ၁၀ နိုင်ငံရှိသည့်အနက် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့မှအပ ကျန်အဖွဲ့ဝင်ခုနစ်နိုင်ငံတွင် FIATA BL ကို သုံးနေပြီဖြစ်သည်။ FIATA BL ပါပြဋ္ဌာန်းချက်အတိုင်း အကျိုး

www.foreverspace.com.mm





**သင်္ဘောပေါ်တွင်ပါရှိသော ကုန်စည်များပျောက်ဆုံးပါက လျော်ကြေးရနိုင်သည်**

ခံစားခွင့်ရရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် FIATA BL ကို ယခုမှစတင်သုံးစွဲရန်လုပ်ဆောင်နေသော်လည်း နောက်ကျခြင်းမရှိသေးဟု ၎င်းထံမှသိရသည်။

FIATA BL မသုံးမီ ယခင်အသုံးပြုနေသော Carrier Bill သည် သင်္ဘောကုန်စည်ပို့ဆောင်ရာတွင် သင်္ဘောထွက်ခွာသည့်ဆိပ်ကမ်းမှ လမ်းကြောင်းအတိုင်း သတ်မှတ်ထားသည့် ဆိပ်ကမ်းရောက်သည်အထိ သင်္ဘောပေါ်တွင်ပါသည့် ကုန်ပစ္စည်းနှင့် ပတ်သက်သည့်ကိစ္စကို တာဝန်ယူခဲ့ပြီး FIATA BL ကိုသုံးစွဲသကဲ့သို့ အပြည့်အဝတာဝန်ယူခဲ့ခြင်းမရှိခဲ့ပေ။ ၂၀၀၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်အဖွဲ့အစည်းဖြစ်သည့် FIATA ကို ဝင်ရောက်ခဲ့သဖြင့် မြန်မာကုန်သည်တို့သည် ပြည်ပသို့ကုန်စည်ပို့ဆောင်လျှင် အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်အဖွဲ့အစည်းမှ ပြဋ္ဌာန်းချက်အတိုင်း ကုန်ပစ္စည်းကို သင်္ဘောစတင်ထွက်ခွာရာဆိပ်ကမ်းမှ ကုန်ပစ္စည်းအပ်နှံပြီး မိမိပို့လိုသည့်ဆိပ်ကမ်းရောက်အောင် အဆင့်ဆင့်ဖြတ်ကျော်နေချိန်တွင် ကုန်ပစ္စည်းပျောက်ရှမှု၊ ပျက်စီးမှုအတွက် လျော်ကြေးခံစားခွင့်နှုန်းပါရှိသည့် အာမခံစနစ်တစ်ခု ပါဝင်သည်။

အဆိုပါ BL အာမခံကြေးနှင့် ပတ်သက်၍ မကျေနပ်လျှင် မိမိနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်ဖြေရှင်းနိုင်ပြီး ယင်း BL ကို အသုံးပြု၍ ဘဏ်လုပ်ငန်းနှင့်ပတ်သက်သည့်ကိစ္စကိုလည်း တင်ပြနိုင်မည်။ နိုင်ငံတကာသို့ ကုန်ပစ္စည်းတင်ပို့ရာတွင် နိုင်ငံတကာ ကုန်သည်ကြီးအသင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့မှ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းနှင့်အညီ မည်သည့်ကုန်ပစ္စည်းမဆို ကမ္ဘာအရပ်ရပ်သို့တင်ပို့နိုင်ကြောင်းနှင့် FIATA BL သည်အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့အစည်းပိုင် Bill of lading (BL) တစ်ခုဖြစ်သည့်အတွက် အသင်းဝင်နိုင်ငံများရှိ ဝန်ဆောင်မှုအဖွဲ့အစည်းနှင့် FIATA အဖွဲ့ သဘောတူညီခွင့်ပြုမှုအချက်ပေါ်မူတည်၍ တစ်ပြေးညီ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးအသင်းပိုင်း BL တစ်စောင်ဖြစ်လာမည်။

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးအသင်းအနေဖြင့်

# IADCS စာမေးပွဲ ကမ္ဘာ့အမှတ်အများဆုံးဆု မြန်မာနိုင်ငံမှရရှိ

**ရန်ကုန်၊ ဧပြီ ၁**

ဗြိတိန်နိုင်ငံရှိ NCC Education (UK) မှ ကြီးမှူးစစ်ဆေးသည့် IADCS စာမေးပွဲတွင် တစ်ကမ္ဘာလုံး၌ အမှတ်အများဆုံး (Global High Achiever Award) ဆုကို မြန်မာနိုင်ငံမှ ဝင်ရောက်ဖြေဆိုခဲ့သည့် မြတ်အေးငြိမ်းက ဆွတ်ခူးရရှိခဲ့ကြောင်း မတ်လ ၃၁ ရက်နေ့ ညနေက ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech တွင် ကျင်းပခဲ့သည့် KMD Computer Centre ၏ Global High Achiever Award နှင့် Diploma ပေးအပ်ချီးမြှင့်သည့် အခမ်းအနားတွင် KMD Group of Companies အုပ်ချုပ်မှုဒါရိုက်တာ ဦးသောင်းတင်က ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် NCC Education (UK) နှင့် KMD Computer Centre တို့ ပူးပေါင်းချီးမြှင့်သော Scholarship အစီအစဉ်အရ မြတ်အေးငြိမ်းအား B.Sc (Hons.) CIS သင်တန်း ဆက်လက်တက်ရောက်ရန်အတွက် သင်တန်းကြေး ၁၀၀ ရာခိုင်နှုန်းအပြင် စာမေးပွဲကြေးအတွက် စတာလင်ပေါင် ၂၀၀ ပေးအပ်ချီးမြှင့်ခဲ့ပြီး IDCS သင်တန်းအောင်မြင်သူ ၇၂ ဦး၊ IADCS သင်တန်းအောင်မြင်သူ ၅၉ ဦး၊ HDSE အောင်မြင်သူလေးဦး၊ IDEC အောင်မြင်သူ ၁၀ ဦးတို့အား British Council၊ NCC Education (UK) နှင့် KMD Computer Centre တို့မှ တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် Project ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

www.foreverspace.com.mm



မိမိတို့ကုန်သည်များ FIATA ပါအခွင့်အရေးများခံစားနိုင်ရန် BL ပုံစံများကို အဖွဲ့ဝင်များသို့ စတင်ရောင်းချပေးနေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့သို့ပေးပို့ထားသည်။ အဖွဲ့ဝင်စာရင်းအမည်ပေါက်အတိုင်း ရောင်းချပေးနေသည့်အပြင် အသင်းမဝင်ရသေးသောကုန်သည်များအနေဖြင့် FIATA BL ကိုင်ဆောင်ခွင့်ရရှိသော အသင်းဝင်ကုမ္ပဏီများနှင့် ဆက်သွယ်အသုံးပြုနိုင်မည်ဟု ဦးအောင်ကျော်မင်းက ထပ်လောင်းပြောကြားသည်။

အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းရှင်အဖွဲ့အစည်း (FIATA) ကို ၁၉၂၆ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ဩစတြေးလျ နိုင်ငံ ဗီယင်နာမြို့တွင် စတင်တည်ထောင် ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ သည့် FIATA အစည်းအဝေးကြီးမှ မြန်မာနိုင်ငံပို့ဆောင်ရေးအသင်းကို အသင်းဝင်အဖြစ် လက်ခံခဲ့သည်။

## မန္တလေး - ပျဉ်းမနား ရထားခရီးစဉ် မကြာမီပြေးဆွဲမည်

**မန္တလေး၊ မတ် ၁၀**

အစိုးရရုံးများအခြေစိုက်ရာဒေသဖြစ်သည့် ပျဉ်းမနားဒေသသို့ မန္တလေးမြို့တော်မှ ရထားခရီးစဉ် မကြာမီပြေးဆွဲသွားမည်ဖြစ်ကြောင်း မန္တလေးဘူတာကြီးရှိ မန္တလေး–ရန်ကုန် အထက်တန်းလက်မှတ်အရောင်းကောင်တာမှ မတ်လ ဒုတိယပတ်အတွင်း စုံစမ်းသိရှိရသည်။

မန္တလေးမှ ပျဉ်းမနားသို့ ပြေးဆွဲမည့် ရထားခရီးစဉ်အတွက် လူစီးတွဲများ အသင့်ရှိနေပြီဖြစ်ပြီး ပြည်ပမှ မှာယူထားသောခေါင်းတွဲများ ရောက်ရှိလာပါက ခရီးစဉ်ကို စတင်ပြေးဆွဲသွားမည်ဖြစ်ရာ လာမည့်လပိုင်းအတွင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း လက်မှတ်အရောင်းကောင်တာမှ မေးမြန်းသိရှိရသည်။ ပြေးဆွဲမည့် ရထားခရီးစဉ်အရေအတွက်နှင့် အချိန်ကိုမူ မသတ်မှတ်ရသေးကြောင်း၊ အထူးသဖြင့် ရန်ကုန်–မန္တလေး ရထားခရီးစဉ်များ၏ ပြေးဆွဲချိန်များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း Living Color ၏ မေးမြန်းချက်ကို အရောင်းကောင်တာမှ ပြန်လည်ဖြေကြားခဲ့သည်။ ယခုလက်ရှိ ပျဉ်းမနားမြို့သို့ ရန်ကုန်မြို့မှ ရထားခရီးစဉ်သုံးခု ပြေးဆွဲလျက်ရှိရာ နေ့စဉ် ရန်ကုန်မြို့မှ နံနက် ၇ နာရီ ၃၀ မိနစ်၊ ၈ နာရီနှင့် ၉ နာရီတို့တွင် ထွက်ခွာလျက်ရှိသည်။

ပျဉ်းမနားဒေသသို့ ရထားခရီးစဉ်များအပြင် ပြည်တွင်းလေကြောင်းလိုင်းများမှလည်း ပြေးဆွဲရန်ရှိသည်ဟု ပုဂ္ဂလိကလေကြောင်းပို့ဆောင်ရေး သတင်းရပ်ကွက်မှ သိရှိရသည်။

# စပါးမျိုးစေ့ထုတ်လုပ်ရောင်းချမည်ဆိုပါက လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများဖြစ်

**သတင်းဆောင်းပါး – နိုင်မင်းဝေ၊ ၆–၄–၂၀၀၆**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးသုတေသနဌာနမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနေသော စပါးမျိုးစေ့သည် တစ်နိုင်ငံလုံးလိုအပ်ချက်၏ ၂ ရာခိုင်နှုန်းခန့်သာ ဖြန့်ချိပေးနိုင်သေး၍ စပါးမျိုးစေ့ထုတ်လုပ်ရောင်းချမည့် လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လုပ်ကိုင်လျှင် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ဆန်စက်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော စပါးသီးနှံများ အခြောက်ခံခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲတွင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါက်တာ မျိုးအောင်ကျော်က ပြောကြားသည်။**

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော် မှီခိုအားထားနေရသော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ စိုက်ပျိုးမြေပမာဏနှင့် စိုက်ပျိုးမှုပုံစံများကို လေ့လာကြည့်ပါက လယ်စိုက်ပျိုးမှု၊ ယာစိုက်ပျိုးမှု၊ ကိုင်းကျွန်းစိုက်ပျိုးမှု၊ ဥယျာဉ်စိုက်ပျိုးမှု၊ တောင်ယာစိုက်ပျိုးမှုဆိုသည့် စိုက်ပျိုးမှုပုံစံများကို တွေ့ရှိရမည်ဖြစ်ပြီး ယင်းစိုက်ပျိုးလုပ်ကိုင်မှုပုံစံများတွင် လယ်စိုက်ပျိုးမှုသည် ဟက်တာပေါင်း ၅၆၂၇ ဟက်တာနှင့် အများဆုံးဖြစ်၍ စပါးမျိုးလိုအပ်ချက်ပမာဏကို တွက်ဆနိုင်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ တစ်ပိုင်တစ်နိုင်စိုက်ပျိုးသူ လယ်ယာလုပ်ကိုင်သူတစ်ဦးအနေဖြင့် မိုးစပါးစိုက်ပျိုးပါက

www.foreverspace.com.mm



လယ်ခွက်ကြီးတစ်ခွက် (လယ်တစ်ခွက်ကို ဒေသအခေါ် ၁၀ လံ ပတ်လည် ၁၆ ကွက် ခန့် ရှိသည်) ကို မျိုးစပါး နှစ်တင်းခန့် ထည့်သွင်းစိုက်ပျိုးရပြီး မိုးတွင်းမျိုးစပါး တစ်တင်း၏တန်ဖိုးမှာ ကျပ် ၂၀၀၀ အထက်ရှိကာ နွေစပါးစိုက်ပျိုးမည်ဆို လျှင် တစ်ဧကကို မျိုးစပါး ငါးတင်းခန့် ကြဲရပြီး နွေမျိုးစပါးတစ်တင်းကို ကျပ် ၅၀၀၀ ခန့် ပေးရကြောင်း ကျုံမငေးမြို့နယ် အတွင်းရှိ နံဖောင်းရွာမှ လယ်သမားတစ်ဦး က လယ်လုပ်ကိုင်သူတစ်ဦး၏ မျိုးစေ့ဖြုန်း အားအနေအထားကို ရှင်းပြသည်။

ယခုခေတ်လယ်ယာလုပ်ကိုင်သူ တစ်ဦးအနေဖြင့် ကောက်ညှင်းဆန်စပါး မျိုးအပါအဝင် အနည်းဆုံးစပါးမျိုးသုံးမျိုး (ကောက်ကြီး၊ ကောက်လတ်၊ ကောက်ငယ်) ခန့် စိုက်ပျိုးနေကြပြီး အထွက်တိုးမျိုးရ ရန်အတွက် ယင်းကဲ့သို့ စိုက်ပျိုးနေကြ ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ၂ နှစ်၊ သုံးနှစ် တစ်ကြိမ် စပါးမျိုးများကို လှည့်ပတ်စိုက် ပျိုးလေ့လည်းရှိကြကြောင်း လယ်ယာလုပ် ကိုင်နေသူများ၏ မျိုးစပါးအသုံးပြုပုံနှင့် ပတ်သက်၍ ဝါးခယ်မမြို့နယ်မှ လယ်ယာလုပ်ကိုင်နေသူတစ်ဦးက ရှင်းပြသည်။

**မြန်မာနိုင်ငံ၏ မြေယာအသုံးချမှုပြဇယား**

| စဉ် | မြေအမျိုးအစား | ပမာဏ(ဟက်တာသန်းပေါင်း) |
|---|---|---|
| ၁။ | သီးနှံစိုက်ပျိုးမြေ | ၁၀.၂၇၃ |
| ၂။ | ပလပ်မြေ | ၀.၅၁၂ |
| ၃။ | လေလွင့်မြေ | ၆.၅၇၃ |
| ၄။ | လျာထားသစ်တော | ၁၅.၂၈၈ |
| ၅။ | အခြားသစ်တော | ၁၈.၁၅၉ |
| ၆။ | မြေလွတ်မြေရိုင်း | ၁၆.၈၅၅ |
| | စုစုပေါင်း | ၆၇.၆၅၉ |

**Source : IRRI**

အထက်ပါအချက်များကို တွေးဆ လျှင် မြန်မာနိုင်ငံ၏ လယ်စိုက်ပျိုးလုပ်ကိုင် မှုမြေဟက်တာပေါင်း ၅၀၀၀ ကျော်ရှိ လယ် မြေတိုင်း ရှိုးပြတ်မရှိစေရ စပါးပြီးစပါး ဖြစ် သည့် မိုးစပါး၊ နွေစပါး စဉ်ဆက်မပြတ် ထုတ်လုပ်နေမှု၏ မျိုးစပါးလိုအပ်ချက် ပမာဏကို နှိုင်းယှဉ်တွက်ချက်ကြည့်ပါက မျိုးစပါးထုတ်လုပ်ရောင်းချရေးလုပ်ငန်း သည် အလားအလာများစွာရှိနေသည့် အခွင့် အကောင်းတစ်ရပ် ဖြစ်နေပါသည်။

ထို့ပြင် မျိုးစပါးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် လယ်လုပ်ကိုင်သူအများစု သည် လက်ရှိစပါးမျိုးကိုစွန့်လွှတ်ရန် ဝန် လေးခြင်း၊ မျိုးသစ်များကို စမ်းသပ်စိုက်ပျိုး ရန် အရင်းအနှီးနည်းပါးခြင်း၊ မျိုးသစ်များ ကို ရွေးချယ်စိုက်ပျိုးရန် အခွင့်အလမ်း နည်း ပါးခြင်း၊ အချို့မျိုးများတွင် ဓာတ်မြေဩဇာ ပိုမိုထည့်သွင်းမှသာ အထွက်နှုန်းမြင့်မားခြင်း၊ မျိုးကောင်း မကောင်းသုံးသပ်ရန် အချိန် သုံး ရာသီခန့် လိုအပ်ခြင်း၊ စိတ်ကြိုက်မျိုးများကို လိုအပ်သောအချိန်၊ လိုအပ်သောပမာဏ ရရှိ နိုင်ရန်ခဲယဉ်းခြင်း စသည့် လယ်ယာ လုပ်ကိုင်သူများ ကြုံတွေ့နေရသော မျိုးရွေး ချယ်အသုံးပြုမှုဆိုင်ရာ ပြဿနာများသည် မျိုးစပါးထုတ်လုပ်ရောင်းချမည့်သူများ အတွက် စဉ်းစားစရာကောင်းသော အချက် များဟုဆိုနိုင်ကြောင်း အငြိမ်းစား စိုက်ပျိုးရေး ပညာရှင် ဦးဇဟိန်းက ရှင်းပြသည်။

ဆက်လက်၍လည်း မျိုးကောင်း မျိုးသန့်ရွေးချယ်ခြင်း၊ မျိုးပိုင်းဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍လည်း အပင် ဖြစ်ထွန်းမှုအားနည်းခြင်း၊ အနှံပါပင်ပွား နည်းခြင်း၊ အကျိုးဆက်အားဖြင့် ပေါင်း ပင်ကို ဖိစီးနိုင်မှုမရှိခြင်း၊ ပိုးမွှားရောဂါ ခံနိုင်ရည်မရှိခြင်း၊ စပါးပင်ယိုင်လဲခြင်း၊ အထွက်နှုန်းနိမ့်ကျခြင်း၊ ကြိတ်ခွဲရာတွင် ဆန်ထွက်မကောင်းခြင်း၊ ဆန်ရည်ဆန် သွားအရည်အသွေးညံ့ဖျင်းခြင်း၊ ဈေးကွက်

# ရွှေမဥ္ဇူရေလယ်ဘုရားပွဲ လောင်းကစားဝိုင်းများပိတ်ပင်

**မိုးညှင်း၊ မတ် ၃၀**

မြန်မာနိုင်ငံရှိ ထင်ရှားသည့် ဘုရားပုထိုးများတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ကချင် ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန်အတွင်း တည်ထားသည့် ရွှေမဥ္ဇူ ရေလယ် ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ ၁၄ ရက်နေ့အထိ စည် ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ် ဘုရားပွဲတော်၌ လောင်းကစားဝိုင်းများကို သက် ဆိုင်ရာက ပိတ်ပင်တားမြစ်ခဲ့ကြောင်း မိုးညှင်းမြို့ဒေသခံများက ပြောကြားကြသည်။

ယခုနှစ် ဘုရားပွဲတော်၌ ယခင်နှစ်များနည်းတူ သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးပညာပေးပြခန်းကို စီစဉ်ပြသခဲ့ရာ ဝင်ရောက်ကြည့်ရှုလေ့လာသူ ဦးရေ ၃၀၀၀၀ ကျော်ရှိကြောင်း၊ ပြခန်းတွင် အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်တွင် ကျက်စားလေ့ရှိသော ငှက်မျိုးစိတ်များနှင့် တိရစ္ဆာန်များအကြောင်းကို ဓာတ်ပုံများ၊ ပညာ ပေးပိုစတာများဖြင့် ထည့်သွင်းပြသခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များပါ ဖြန့်ဝေခဲ့ကြောင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ ဦးကျော်ဇင်ထွန်းက ပြောကြားသည်။ ■

www.foreverspace.com.mm



လိုအပ်ချက်နည်းပါးခြင်းဆိုသည့် စပါးလက္ခဏာမျိုးများသည် လုပ်ငန်းရှင်များသတိပြုသင့်သည့်အချက်များဖြစ်သည်ဟု အဆိုပါပညာရှင်က ပြောကြားသည်။

စပါးမျိုးကောင်းမျိုးသန့်တန်ဖိုးများ အနေဖြင့် မျိုးစေ့နှုန်းနည်းနည်းဖြင့် စိုက်ပျိုးနိုင်ပြီး အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိခြင်း၊ ကျင်းပျောက်ပင်ပျောက်လျော့နည်းပြီး စပါးပင်ညီညာခြင်း၊ စပါးပင်ကြီးထွားမှု ကနဦးအဆင့်တွင် အပင်သန်စွမ်းခြင်း၊ အထက်ပါအကြောင်းအရင်းများကြောင့် ပေါင်းနည်းခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ ရလဒ်အားဖြင့် စပါးအထွက် ၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပိုမိုထွက်ရှိနိုင်ခြင်းဆိုသည့် စပါးမျိုးကောင်းမျိုးသန့် စံသတ်မှတ်ချက်များအကြောင်းကို အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာန (IRRI)မြန်မာရုံး၏ တာဝန်ရှိသူလည်းဖြစ်သူ ဦးဗဟိန်းက ဆက်လက်ရှင်းပြသည်။

ထို့ပြင် မျိုးစပါးထုတ်လုပ်ရောင်းချနိုင်ရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သော လူသားအရင်းအမြစ်အနေဖြင့်လည်း မြန်မာနိုင်ငံရှိစိုက်ပျိုးရေးတက္ကသိုလ်တစ်ခုနှင့် စိုက်ပျိုးရေးသိပ္ပံ ခုနစ်ခုတို့မှ မွေးထုတ်ပေးခဲ့သော ပညာတတ်လူငယ်အင်အားစုများနေပြီး မြေလွတ်မြေရိုင်းပေါများခြင်း၊ စိုက်ပျိုးရေး၏ အဓိကအသက်သွေးကြောဖြစ်သော ရေသယံဇာတ ပေါကြွယ်ဝခြင်းဟူသော ရေခံမြေခံကောင်းများလည်း ရှိသည်။

အရည်အသွေးအဓိကဦးစားပေးဈေးကွက်စီးပွားရေးစနစ်တွင် "မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးဖျင်း" ဆိုသည့် စပါးသီးနှံအရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် သက်ဆိုင်သည့် ဆိုရိုးစကားသည် မျိုးစပါးထုတ်လုပ်ရောင်းချမည့်သူများအတွက် စေ့ဆော်တွန်းအားပေးနေသည်ဟု ဆိုနိုင်ပါသည်။ ■

# မြန်မာ - အိန္ဒိယနှစ်နိုင်ငံ ကြက်နှင့် ကြက်ဥရောင်းဝယ်မှု အပြန်အလှန်ပိတ်ပင်

**ရန်ကုန်၊ မတ် ၆**

ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသော ကူးစက်ရောဂါဖြစ်လာသော ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးသည့်အနေဖြင့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ရေးစခန်းများတွင် ကြက်နှင့်ကြက်ဥရောင်းဝယ်မှုများကို အပြန်အလှန်ပိတ်ပင်ထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။




မြန်မာနိုင်ငံတွင် H5N1 ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု မရှိသေးသော်လည်း အိန္ဒိယနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေပြီဟု တရားဝင် ကြေညာထားသဖြင့် ရောဂါကူးစက်မလာစေရန် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရောင်းချမှုကို ရက်အကန့်အသတ်မရှိ ပိတ်ပင်ထားကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါသည် အိန္ဒိယနိုင်ငံအနောက်မြောက်ဘက် မဟာရာထရာပြည်နယ်တွင် ဖြစ်ပွားနေပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရောဂါဖြစ်ပွားမှုကြောင့် လူသေဆုံးမှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ယခုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံသို့ လာရောက်စစ်ဆေးခဲ့ပြီး ကြက်ငှက်တုပ်ကွေးရောဂါအတွက် ကာကွယ်မှုအပိုင်းကို အတိုင်းအတာအထိ အသိအမှတ်ပြုခဲ့ကြောင်း ၎င်းက ဆိုသည်။

မြန်မာ–အိန္ဒိယ နယ်စပ်ဖြတ်ကျော်ရေးစခန်းများတွင် ဓာတ်ခွဲခန်းများ တည်ဆောက်မှုကို မစတင်နိုင်သေးသည့်အတွက် ကုန်သွယ်မှုကို ပိတ်ပင်ထားခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ကြက်၊ ဘဲ၊ ငှက်၊ ဝက်များကို တရားမဝင် ဝင်ရောက်ရောင်းချမှုများ မပြုလုပ်နိုင်စေရန် တားဆီးထားကြောင်း ဒေါက်တာအောင်ကြီးက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm



# အမေရိကန်ဒေါ်လာ သန်း ၆၀၀၀ ရင်းနှီးမြှုပ်နှံမည့် တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေး လက်မှတ်ရေးထိုး

**ရန်ကုန်၊ ဧပြီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲနှင့် မိုင်းတုံမြို့နယ်အကြား သံလွင်မြစ်ပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်မည့် တာဆန်းရေအားလျှပ်စစ်စီမံကိန်း တာဆန်းရေအားလျှပ်စစ် ဖက်စပ်ကုမ္ပဏီထူထောင်ရေးသဘောတူညီချက်ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် MDX Group of Companies တို့ ဧပြီလ ၃ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

ရန်ကုန်မြို့တော်၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၄၈၀ ခန့်အကွာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိသော အဆိုပါတာဆန်းရေအားလျှပ်စစ်စီမံကိန်းကို အမေရိကန်ဒေါ်လာသန်းပေါင်း ၆၀၀၀ ခန့် ရင်းနှီးမြှုပ်နှံတည်ဆောက်သွားမည်ဖြစ်သည်။ တာဆန်းရေအားလျှပ်စစ်ဖက်စပ်ကုမ္ပဏီသည် တာဆန်းတံတား၏အထက်ပိုင်း သံလွင်မြစ်ပေါ်တွင် တပ်ဆင်စက်အင်အား ၇၁၁၀ မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်မည်ဖြစ်သည်။ ၎င်းရေအားလျှပ်စစ်မှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား တစ်စိတ်တစ်ပိုင်းကို မြန်မာနိုင်ငံတွင် အခမဲ့အသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ကျန်ရှိသော လျှပ်စစ်ဓာတ်အားအများစုကို ထိုင်းနိုင်ငံသို့ ပို့လွှတ်ရောင်းချသွားမည်ဖြစ်သည်။ ယင်းရောင်းချမှုအပေါ် မြန်မာနိုင်ငံမှ အခမဲ့အစုရှယ်ယာနှင့် အခွန်အခများလည်း ရရှိမည်ဖြစ်သည်။

အဆိုပါတာဆန်းရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၄ ခုနှစ်ဆန်းမှစတင်၍ အကြိုအင်ဂျင်နီယာတည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးကာလ ၁၅ နှစ်အတွင်း အပြီးတည်ဆောက်၍ အဆင့်ဆင့်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်သည်။ တာဆန်းရေအားလျှပ်စစ်စီမံကိန်းမှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ သဘောတူညီထားသည့် သံလွင်မြစ်ရေအားလျှပ်စစ်စီမံကိန်းကြီးငါးခုအနက် အကြီးဆုံးစီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းများမှ လျှပ်စစ်ဓာတ်အား စုစုပေါင်း မီဂါဝပ် ၁၀၀၀၀ ကျော် ထုတ်လုပ်ရရှိမည်ဖြစ်သည်။

## သုတ်သင်ဖျက်ဆီးခံရသည့် ကြက်ခြံများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဟုဆို

**ရန်ကုန်၊ မတ် ၂၀**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင်ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံမပြန့်ပွားစေရန် ထိန်းချုပ်ရေးစီမံချက်များအရ သုတ်သင်ဖျက်ဆီးခံရသည့်ကြက်ခြံများကို မှတ်တမ်းတင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကြီးတန်းအရာရှိကြီးတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းအတွင်းရှိ ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်များသေဆုံးမှုစတင်ဖြစ်ပေါ်ခဲ့ပြီး မတ်လ ဒုတိယပတ်အထိ သေဆုံးခဲ့သော ကြက်များနှင့် ရောဂါမပြန့်ပွားစေရန် ဖျက်ဆီးခဲ့သောကြက်ကောင်ရေ စုစုပေါင်းမှာ ၈၅၄၉ ကောင်ရှိကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာထားသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် အဆိုပါမြို့နယ်များရှိ ကြက်ခြံများ ပြန်လည်ထူထောင်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးမှုဘဏ်တို့ ညှိနှိုင်း၍ ကြက်အသစ်အစားထိုးဖြည့်ဆည်းပေးခြင်း၊ ယခင်ရှိပြီးဖြစ်သော တိရစ္ဆာန်အစားပေးအပ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်က ထပ်လောင်းပြောကြားသည်။

**မီးသတိပြုပါ**

www.foreverspace.com.mm



## တောင်ငူ - ပျဉ်းမနား ကားရထား ရက်ခြားပြေးဆွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၅**

တောင်ငူနှင့် ပျဉ်းမနားမြို့အကြား ရထားလမ်းနံဘေးရှိ မြို့၊ ရွာများမှ ခရီးသွားလိုသူဒေသခံများ အားထားခဲ့ရသော တောင်ငူ–ပျဉ်းမနား ကားရထားမှာ ယခုအခါ နေ့စဉ်ပြေးဆွဲနိုင်ခြင်းမရှိတော့ဘဲ ရံဖန်ရံခါမှသာ ရက်ခြားလာရောက် ပြေးဆွဲလေ့ရှိကြောင်း ဒေသခံများက ပြော ကြားသည်။

ယခင်က နေ့စဉ် အစုန်–အဆန် ပြေးဆွဲပေးသော အဆိုပါ ကားရထား ရှိသည့်အတွက် ဒေသတွင်းကုန်စည်စီးဆင်းမှုသာမက ခရီးတိုသွားလာမှုတွင်လည်း များစွာအထောက်အကူရခဲ့ကြောင်း၊ ယခုအခါ ယင်းကားရထားပြေးဆွဲမှု ပုံမှန်မရှိတော့သောကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲရှိလာပြီး ခရီးတိုသွားလာမှုတွင်လည်း အချိန်ကြန့်ကြာမှုများ ကြုံတွေ့နေရကြောင်း ဒေသခံတို့က ဆိုသည်။

ယင်းကားရထားများကို ၁၉၉၇ ခုနှစ်ခန့်က စတင်ပြေးဆွဲခဲ့ပြီး ထိုစဉ်က ပုဂ္ဂလိကကဏ္ဍက တာဝန်ယူခဲ့သော်လည်း ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူပြေးဆွဲနေသည်ဟု သိရှိရကြောင်း အေလာမြို့နေ ဦးရှမ်းကြီးက ပြောကြားသည်။

အဆိုပါကားရထားသည် ပျဉ်းမနားဘူတာမှ ပြည်ဝင်၊ အေလာ၊ သာဝတ္တိ၊ ရေနီ၊ မြို့လှ၊ သာဂရ၊ ဆွာ၊ ရေတာရှည်စသည့်ကြားဘူတာများတွင် ရပ်နားကာ တောင်ငူဘူတာနှင့် အစုန် အဆန် ပြေးဆွဲပေးခဲ့သော ရထားဖြစ်သည်။

Johnathan News

■

## အများသုံးတယ်လီဖုန်းများမှ လိုင်းခွဲဖုန်းများသို့ခေါ်ဆိုရာတွင် ဆက်သွယ်မှုမရရှိသော်လည်း ပြောဆိုခပေးဆောင်ရမည်

**ရန်ကုန်၊ မတ် ၂၂**



ရန်ကုန်မြို့တော်တစ်ဝန်းတွင် အများပြည်သူများအသုံးပြုရန် ဖွင့်လှစ်ထားသော အများသုံးတယ်လီဖုန်းရုံများတွင် မူရင်းတယ်လီဖုန်းနံပါတ်မှတစ်ဆင့် လိုင်းခွဲများတပ်ဆင်ထားသော တယ်လီဖုန်းများသို့ ခေါ်ဆိုရာတွင် လိုင်းခွဲအတွင်းသို့ဝင်ရောက်ပြီးပါက တယ်လီဖုန်းဆက်သွယ်မှုမရရှိသော်လည်း ပြောဆိုခပေးဆောင်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ မတ်လတတိယပတ်အတွင်း ကြေညာချက်ထုတ်ပြန်ထားသည်။

ရန်ကုန်မြို့တော်ရှိ ကွန်ဒိုမီနီယံတိုက်ခန်းအများစုနှင့် လူနေတိုက်ခန်းအများအပြားရှိသည့်နေရာများတွင် ဖုန်းလိုင်းခွဲတပ်ဆင်အသုံးပြုမှုများပြားလျက်ရှိရာ ယခုကဲ့သို့ခေါ်ဆိုမရဘဲ ပြောဆိုခပေးဆောင်ရမည်ဆိုပါက လိုင်းခွဲတပ်ဆင်ရာနေရာအချို့တွင် လိုင်းလွှဲပြောင်းချိန်ကြန့်ကြာနေပါက ပြောဆိုခကျသင့်ငွေ အများအပြားကုန်ကျမည်ဖြစ်ကြောင်း စမ်းချောင်းမြို့နယ်မှ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ရှင်းပြသည်။ အဆိုပါ တယ်လီဖုန်းဆက်သွယ်ခများကောက်ခံရာတွင် ဖုန်းခေါ်သူအပြင် လိုင်းခွဲတပ်ဆင်ထားသည့်နေအိမ်များကိုပါကောက်ခံသဖြင့် ဖုန်းပြောဆိုခ နှစ်ခါပေးဆောင်ရသကဲ့သို့ဖြစ်နေကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အများသုံးတယ်လီဖုန်းများမှ ပြောဆိုခများတောင်းခံရာတွင် ပုံမှန်မရှိသောကြောင့် သုံးစွဲသူများနှင့် မကြာခဏ အငြင်းပွားမှုများ ပေါ်ပေါက်လေ့ရှိရာ ယခုအစီအစဉ်တွင်လည်း အငြင်းပွားရန်ကိစ္စများ ပေါ်ပေါက်လာနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



# ပထမဆုံး ဘင်္ဂလားဒေ့ရှ် ဆေးဝါးပြပွဲတွင် မြန်မာကုမ္ပဏီများထံမှ တာကာ ၈.၅၀ ဘီလီယံတန်ဖိုး အမှာစာရရှိ

**ဒါကာ၊ မတ် ၁၇**

ရန်ကုန်မြို့တော် ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သော ဘင်္ဂလားဒေ့ရှ်ဆေးကုမ္ပဏီများ၏ ပထမဆုံးအကြိမ် ဆေးဝါးပြပွဲတွင် မြန်မာဆေးဝါးကုမ္ပဏီများထံမှ ဘင်္ဂလားဒေ့ရှ်ငွေကြေး တာကာ ၈.၅၀ ဘီလီယံတန်ဖိုး ဆေးဝါးအမှာစာများ ရရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။

အဆိုပါ ၈.၅၀ ဘီလီယံသို့ ဆေးဝါးအော်ဒါများကို ဘင်္ဂလားဒေ့ရှ် ဆေးဝါးကုမ္ပဏီကြီးဖြစ်သော Edrac လီမိတက်မှ တာကာခုနစ်ဘီလီယံနှင့် တခြားဆေးဝါးကုမ္ပဏီ Beximco Pharma မှ တာကာ ၁.၅၀ ဘီလီယံတန်ဖိုးစီ မြန်မာကုန်သည်များထံမှ ရရှိခဲ့ခြင်းဖြစ်သည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်စီစဉ်ခဲ့သော ဆေးဝါးပြပွဲကို မတ်လ ၁၀ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင်ပြသခဲ့ပြီး ဘင်္ဂလားဒေ့ရှ် တာကာ ၂၀ ဘီလီယံအထိ အမှာစာများ ရရှိရန် ဘင်္ဂလားဒေ့ရှ်ဆေးဝါးကုမ္ပဏီများက မျှော်မှန်းခဲ့သည်။

ပထမဆုံးအကြိမ် ကျင်းပခဲ့သည့် ဘင်္ဂလားဒေ့ရှ်ဆေးဝါးပြပွဲသို့ ဆရာဝန်များ၊ ဆေးဝါးဖြန့်ချိသည့် မြန်မာကုမ္ပဏီများ လာရောက်ခဲ့ပြီး မြန်မာဆေးဝါးကုန်သည်များကလည်း ဘင်္ဂလားဒေ့ရှ်ဆေးဝါးများကို ကိုယ်စားလှယ်ဖြန့်ချိ ရောင်းချရန် စိတ်ဝင်စားခဲ့သည်ကို တွေ့ရသည်။

ဘင်္ဂလားဒေ့ရှ်ဆေးကုမ္ပဏီများ၏ အဆိုအရ မြန်မာနိုင်ငံသို့ တင်သွင်းနေသောဆေးဝါးများ၏ ၈၅ ရာခိုင်နှုန်းသည် ဘင်္ဂလားဒေ့ရှ်ဆေးဝါးများဖြစ်ကြောင်း သိရသည်။

# ပျဉ်းမနားဒေသတွင် ဇူလိုင်လအထိ ဆိုင်ကယ်များ စီးနင်းခွင့်ရှိ

**ရန်ကုန်၊ မတ် ၁၄**

အစိုးရယန္တရားအားလုံး ပြောင်းရွှေ့ရုံးစိုက်ရာ ပျဉ်းမနားဒေသရှိ မော်တော်ဆိုင်ကယ်များကို ယခုနှစ် ဇူလိုင်လအထိ စီးနင်းခွင့်ပြုထားပြီး ဇူလိုင်လကျော်လွန်ပါက အခြားမြို့သို့ပြောင်းရွှေ့နိုင်ရန်အတွက် ပျဉ်းမနားမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (က.ည.န)ရုံးမှ မတ်လဆန်းမှ စတင်၍ လက်ခံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ပျဉ်းမနားမြို့ခံများ၏ အဆိုအရ သိရသည်။

ဇွန်လနှင့် ဇူလိုင်လများတွင် သက်တမ်းကုန်ဆုံးမည့် ပျဉ်းမနားဒေသမှ ဆိုင်ကယ်များကို သက်တမ်းထပ်မံတိုးမြှင့်ပေးခြင်းမပြုတော့ဘဲ အခြားမြို့များသို့ ပြောင်းရွှေ့ခြင်းကိုသာ ပျဉ်းမနားမြို့ ကညနရုံးက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဒေသခံဦးဟိန်းအောင်ဇော်က ပြောကြားသည်။

ထိုသို့ ဆိုင်ကယ်လိုင်စင်နယ် ပြောင်းရွှေ့ပေးခြင်းကို မတ်လဆန်းမှ စတင်၍ လက်ခံဆောင်ရွက်ပေးခြင်းကြောင့် အဆိုပါရုံးတွင် ဆိုင်ကယ်နယ်ပြောင်းပြုလုပ်သူများ စည်ကားလျက်ရှိသည်ကို မတ်လဒုတိယပတ်တွင် တွေ့မြင်ရသည်။

ပျဉ်းမနားဒေသတွင် ဇူလိုင်လမှ စတင်၍ ဆိုင်ကယ်စီးနင်းခွင့်မပြုခြင်းမှာ အစိုးရရုံးများ ပြောင်းရွှေ့ရုံးစိုက်ခဲ့ခြင်းနှင့် အတူ မော်တော်ယာဉ်နှင့် လူဦးရေ များပြားလာခြင်းကြောင့် ယာဉ်အန္တရာယ် လျော့ပါးစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်နိုင်ကြောင်း ဒေသခံအချို့က ဆိုသည်။

ပျဉ်းမနားဒေသတွင် ဇွန်၊ ဇူလိုင်လမှစတင်၍ ဆိုင်ကယ်စီးနင်းမှု နောက်ဆုံးရက်သတ်မှတ်ခြင်းကို ၂၀၀၅ ခုနှစ် ဆိုင်ကယ်သက်တမ်းတိုးစဉ်ကတည်းက အသိပေးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆိုင်ကယ်စီးနင်းခွင့်မရှိသော မြို့များမှာ ရန်ကုန်မြို့တော်နှင့် ပျဉ်းမနားမြို့များဖြစ်ပြီး ထိုမြို့များမှအပ အခြားမြို့အားလုံးတွင် ဆိုင်ကယ်စီးနင်းခွင့်ပြုသည်ဟူသောစာတမ်းများကို မော်တော်ဆိုင်ကယ်လိုင်စင်များတွင် ဖော်ပြထားသည်။

Associated News

■

# CNG ယာဉ်စီးရေ ၁၀၀ ခရီးသည်တင်ယာဉ် လိုင်းရှစ်လိုင်းသို့ မဲဖောက်ခွဲဝေ

**ရန်ကုန်၊ မတ် ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှရောင်းချသော သဘာဝဓာတ်ငွေ့သုံးယာဉ် (CNG)အဖြစ်ပြောင်းလဲပြီး ခရီးသည်တင်ဘတ်(စ်)ကားအစီးရေ ၁၀၀ ကို မြို့တွင်းသို့ပြေးဆွဲပေးသည့် ခရီးသည်တင်ယာဉ်လိုင်း ရှစ်လိုင်းသို့ ယနေ့မဲဖောက်၍ ခွဲဝေရောင်းချခဲ့ကြောင်း ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)မှ အထွေထွေအတွင်းရေးမှူး ဦးမြတ်လှက ပြောကြားသည်။



ထိုသို့မဲဖောက်၍ ရောင်းချခဲ့ရာတွင် မထသ မှ ၄၃ စီး၊ အနောက်ပိုင်းခရိုင်မှ ၁၄ စီး၊ မြောက်ပိုင်းခရိုင်မှ ၁၃ စီး၊ တောင်ပိုင်းခရိုင်မှ ၁၁ စီး၊ အရှေ့ပိုင်းခရိုင်မှ နှစ်စီး၊ သန်မြန်သူယာဉ်လိုင်းမှ ကိုးစီး၊ ပြည်ခိုင်ဖြိုးမှ ငါးစီးနှင့် ရွှေအင်းဝမှ တစ်စီး အသီးသီးဝယ်ယူခွင့် ရရှိခဲ့ကြောင်း ၎င်းကဆိုသည်။

အဆိုပါ ဘတ်(စ်)ကားများမှာ မူလက စက်သုံးဆီသုံးယာဉ်များဖြစ်ပြီး မြန်မာနိုင်ငံတွင်CNGအဖြစ်ပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း၊ အထက်ပါယာဉ်အစီးရေ ၁၀၀ အပါအဝင် စုစုပေါင်းယာဉ်အစီး ၂၀၀ ကို ပြည်တွင်းကုမ္ပဏီငါးခုက ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်အတွက် မှာယူတင်သွင်းပေးခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်ယာဉ်လိုင်းများကို ရောင်းချခဲ့ခြင်းဖြစ်ကြောင်း မထသမှ သိရသည်။

ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (မထသ) လက်အောက်ရှိ ယာဉ်ပိုင်ရှင်များက အထက်ပါကားများကို ဝယ်ယူခွင့်ရရန် လျှောက်လွှာတင်သူစုစုပေါင်း ငါးရာကျော်ရှိခဲ့သော်လည်း အဆိုပါယာဉ်လိုင်းမှာ ၄၃ စီးသာ ဝယ်ယူခွင့်ရရှိခဲ့သည်။ ယခုအခါ မထသမှ ဝယ်ယူခွင့်ရရှိထားသည့် ဘတ်(စ်)ကား ၄၃ စီးကိုလည်း ယင်းလက်အောက်ရှိ ယာဉ်လိုင်းများတွင် အင်အားဖြည့်တင်းပြေးဆွဲပေးရန်လျာထားပြီးဖြစ်သည်။ မထသလက်အောက်ရှိ ယာဉ်လိုင်းများသို့ ဘတ်(စ်)ကားအသစ်များ ထပ်မံဖြည့်တင်းပြေးဆွဲပေးမည့် ယာဉ်လိုင်းများတွင် မကြာမီက ဘူတာသစ်ဖွင့်လှစ်၍ ရထားစတင်ပြေးဆွဲနေသော ဒဂုံတက္ကသိုလ်သို့ ပြေးဆွဲနေသည့် မထသ (၃၆) ယာဉ်လိုင်းနှင့် မထသ (၂၀၅) ယာဉ်လိုင်းတို့ပါဝင်သည်။

ဘတ်(စ်)ကားသစ်များ ဖြည့်တင်းပေးမည့်ယာဉ်လိုင်းများအနက် မထသယာဉ်လိုင်းများမှ ဘတ်(စ်)ကားသစ်ရရှိမည့်ယာဉ်အစီးရေတို့မှာ မထသ(၅၁) (ဝိုင်ယာလက်စ်–ပုလဲ) သုံးစီး ၊ မထသ–(၃၉)ယာဉ်လိုင်းအတွက် လေးစီး၊ မထသ (၃၂)ယာဉ်လိုင်း(ယုဇန)အတွက် လေးစီး၊ မထသ (၃၆)ယာဉ်လိုင်းအတွက်လေးစီး၊ မထသ (၄၄)ယာဉ်လိုင်းအတွက် သုံးစီး၊ မထသ (၂၀၅)ယာဉ်လိုင်းအတွက် သုံးစီး၊ မထသ (၄၅)ယာဉ်လိုင်းအတွက် လေးစီး၊ မထသ (၂၁၁)ယာဉ်လိုင်းအတွက် သုံးစီး၊ မထသ (၄၃) (ကြို့တံတား) ယာဉ်လိုင်းအတွက် လေးစီး၊ မထသ (၄၃) (အောင်မင်္ဂလာ)ယာဉ်လိုင်းအတွက် နှစ်စီး၊ မထသ (၂၁၈) ယာဉ်လိုင်းအတွက် ငါးစီး၊ မထသ (၅၆) ယာဉ်လိုင်းအတွက် လေးစီး တို့ဖြစ်ကြသည်။

Associated News

■

www.foreverspace.com.mm



# Myanmar Aqua Organic Group ဖွဲ့စည်း

**ရန်ကုန်၊ မတ် ၂၁**

မြန်မာ့ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ လွယ်ကူစွာ ထိုးဖောက်နိုင်ပြီး ဈေးကောင်းရရှိနိုင်ရန်ရည်ရွယ်၍ Myanmar Aqua Organic Group ကို မတ်လ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းမှ ကမကထပြုလုပ်၍ ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေက Living Color သို့ ပြောကြားသည်။

ယခုအချိန်တွင် ပုစွန်အသင်းမှ ဖွဲ့စည်းသည့်အဖွဲ့တစ်ခုဖြစ်သော်လည်း နောင်တစ်ချိန်တွင် ငါးလုပ်ငန်းအဖွဲ့ချုပ် လက်အောက်မှ အဖွဲ့တစ်ခုဖြစ်လာနိုင်ကြောင်း၊ အဆိုပါအဖွဲ့တွင် ထုတ်လုပ်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးသားပေါက်လုပ်ငန်းရှင်များ၊ ရေလုပ်ငန်းဆိုင်ရာပညာရှင်များ၊ အကြံပေးများဟူ၍ အဖွဲ့လေးဖွဲ့ပါဝင်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

Organic Products များမှာ သာမန်ကုန်စည်များထက် ၁၅ ရာခိုင်နှုန်း မှ ၄၀ ရာခိုင်နှုန်းခန့် ဈေးပိုရရှိနိုင်ပြီး အခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သဖြင့် အနာဂတ်တွင် Organic Products များအတွက်အလားအလာပိုရှိကြောင်း ၎င်းက ဆိုသည်။

ရေလုပ်ငန်းနှင့် ပတ်သက်သည့် Organic အဖွဲ့အစည်းများကို ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဖွဲ့စည်းထားကြောင်း၊ ဂျပန်နိုင်ငံအခြေစိုက် Niehirei Marketing လုပ်ငန်းကြီးကလည်း မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံသို့လာရောက်၍ အဆိုပါအဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ဧပြီလပထမပတ်တွင်လည်း ဥရောပအခြေစိုက် Pescafina Marketing လုပ်ငန်းကြီးကလည်း လာရောက်မည်ဖြစ်ကြောင်း ပုစွန်လုပ်ငန်းရှင်များအသင်းအဖွဲ့ချုပ် အတွင်းရေးမှူးက ဆိုသည်။

Organic Products ဆိုသည်မှာ ဘေးထွက်ဆိုးကျိုးများဖြစ်သည့် ဓာတုပစ္စည်းများကင်းရှင်း၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိဘဲ ထုတ်လုပ်ထားသည့် ထုတ်ကုန်များကို ဆိုလိုခြင်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင်အခြေစိုက်သော International Federation of Organic Agriculture (IFOA) အဖွဲ့ကြီးမှ Organic Products များနှင့်ပတ်သက်၍ ရှိသင့်သောစံများ၊ လိုအပ်သော မူဝါဒများ ရေးဆွဲထားပြီး အဆိုပါအချက်အလက်များနှင့် ကိုက်ညီသည့်လုပ်ငန်းများကိုသာ ထောက်ခံချက်ပေးသည့်အတွက် ယင်းအဖွဲ့အစည်းမှ ထောက်ခံချက်ရရှိပါက အပြည်ပြည်ဆိုင်ရာဈေးကွက်များနှင့် လွယ်လင့်တကူ ချိတ်ဆက်ရောင်းချနိုင်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

# ကြက်ငှက်တုပ်ကွေး မပြန့်ပွားရန် ထိန်းချုပ်ပြီးပါက သတင်းစာရှင်းလင်းပွဲပြုလုပ်မည်

**ရန်ကုန်၊ မတ် ၂၈**

မန္တလေးတိုင်းတွင်ဖြစ်ပွားလျက်ရှိသည့် ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ်ရှိသော ကြက်သေဆုံးမှုများကို ကျန်ပြည်နယ်နှင့်တိုင်းများသို့ ဆက်လက်ပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်မှုလုပ်ဆောင်နေရာ ထိန်းချုပ်နိုင်ပါက စာနယ်ဇင်းများနှင့် မီဒီယာများကိုဖိတ်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပပေးမည်ဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာဇော်ဝင်းမြတ်က ဆိုသည်။

အဆိုပါရှင်းလင်းပွဲတွင် တက်ရောက်သောမီဒီယာများမှ သိလိုသည်များကို ပွင့်လင်းစွာမေးမြန်းနိုင်ကြောင်း၊ မေးမြန်းသမျှ ခြွင်းချက်မရှိ ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ပြီး ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များကိုလည်း အကျယ်တဝင့်ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ယင်းပွဲကို ကြက်သေဆုံးမှုအား ထိန်းချုပ်နိုင်ပြီးနောက် ၂၁ ရက်အကြာတွင် ကျင်းပမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းသို့ မီဒီယာများကို ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲကျင်းပရခြင်း မှာ ကြက်ငှက်တုပ်ကွေးဂယက်ကြောင့် ကျဆင်းနေသော ကြက်မွေးမြူရေးလုပ်ငန်းများနှင့် ကြက်ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရေးအတွက် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မီဒီယာများမှလည်း အပြုသဘောဆောင်သည့် ရေးသားမှုများဖြင့် ကူညီစေလိုကြောင်း၊ ကြက်ဥ၊ ကြက်သားကို မည်သို့မည်ပုံစားသုံးခြင်းဖြင့် အန္တရာယ်မရှိနိုင်ကြောင်းကို အဓိကထား ရှင်းလင်းသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ■

www.foreverspace.com.mm



# စူလာနဖာဆေးပင် အမေရိကန် FDA မှ ထောက်ခံသော ထိပ်တန်းဆေးဖက်ဝင်ပင် ၁၀ မျိုး၌ ပါဝင်

**ရန်ကုန်၊ မတ် ၁၀**

ပုဂ္ဂလိကထုတ် ပုံနှိပ်မီဒီယာများတွင် မကြာသေးခင်ကာလအတွင်း အငြင်းအခုံ ဖြစ်ပွားခဲ့သည့် စူလာနဖာဆေးပင်သည် အမေရိကန်ပြည်ထောင်စု FDA(ဇဗဟိုအစား အသောက်နှင့် ဆေးဝါးကွပ်ကဲမှုထိန်းချုပ်ရေးဌာန) ၏ ဆေးစွမ်းထက်မြက်သော ထိပ်တန်းအပင် ၁၀ မျိုးတွင်ပါဝင်ကြောင်း မြန်မာနိုင်ငံတွင် သဘာဝသစ်ပင်များမှ ဆေးဝါးထုတ်လုပ်ရာ၌ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO) ၏ GMP လက်မှတ်ရရှိထားသည့် FAME Pharmacuticals ကုမ္ပဏီ၏ သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနမှ တာဝန်ခံ ဒေါက်တာမြင့်ဦးက ပြောကြားသည်။

၎င်းတို့ကုမ္ပဏီအနေဖြင့် စူလာနဖာဆေးပင်ကို မကြာမီက သုတေသနလုပ်ငန်းများ ပြုလုပ်ခဲ့ပြီး စူလာနဖာပင်သည် ဆေးအာနိသင်နှင့် အဆိပ်အာနိသင်အချိုးအစားမှာ နီးကပ်စွာ တည်ရှိနေသည်ကို လေ့လာတွေ့ရှိထားကြောင်း ၎င်းက ဆိုသည်။

သို့ရာတွင် နေ့စဉ်သောက်သုံးနေသောရေတွင်ပင် ထိုကဲ့သို့အချိုးအစားတွင် တည်ရှိနိုင်ပြီး တန်ဆေး၊ လွန်ဘေးဟူသော စကားများအတိုင်းသာဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

သဘာဝသစ်ပင်များမှ Alternative Medicine ၄၆ မျိုးထုတ်လုပ်၍ နိုင်ငံတကာနှင့် ပြည်တွင်းဈေးကွက်များတွင် နေရာရလျက်ရှိသော FAME ကုမ္ပဏီအနေဖြင့် စူလာနဖာဆေးပင်ကို လူအများတွင်ကျယ်စွာပြုတ်၍ သောက်သုံးနေကြပြီဖြစ်သည့်အတွက် ဆေးဝါးအဖြစ်ထုတ်လုပ်ရန် အစီအစဉ်မရှိကြောင်း အဆိုပါကုမ္ပဏီမှ စုံစမ်းသိရှိရသည်။

Associated News

# မြန်မာနိုင်ငံတစ်ဝန်းတွင် အိုင်အိုဒင်းအာဟာရလုံလောက်စွာ ရရှိနိုင်သော စိတ်ချရသည့်ဒေသမရှိ

**ရန်ကုန်၊ ဧပြီ ၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် အိုင်အိုဒင်းအာဟာရ လုံလောက်စွာရရှိနိုင်သော ရေ၊ မြေဟူ၍ စိတ်ချရသည့်ဒေသ မရှိခြင်းကြောင့် လူတိုင်းအိုင်အိုဒင်းဆား စားသုံးသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ပတ်ဝန်းကျင် ရေထု၊ မြေထုသည် အိုင်အိုဒင်းကြွယ်ဝလျှင် ထိုရေမြေမှ ဖြစ်ထွန်းသည့် ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ အိုင်အိုဒင်းကြွယ်ဝပြီး ထိုရေမြေ၌ ကျင်လည်ကျက်စားသည့် တိရစ္ဆာန်များ၏ အသား၊ နို့နှင့် ဥတို့တွင် အိုင်အိုဒင်းကြွယ်ဝကြောင်း၊ ပင်လယ်ရေသည် အိုင်အိုဒင်းကြွယ်ဝသဖြင့် ကျောက်ပွင့်စသည့် ပင်လယ်ထွက်အပင်များ၊ ပင်လယ်ငါး၊ ပင်လယ်ပုစွန်တို့မှာလည်း အိုင်အိုဒင်းကြွယ်ဝသဖြင့် ယင်းအစားအစာများကို စားသုံးခြင်းဖြင့်လည်း အိုင်အိုဒင်းအာဟာရ ရရှိနိုင်ကြောင်း ယင်းကြေညာချက်က ဆိုသည်။

တောင်တန်းဒေသများနှင့် နှစ်စဉ်ရေကြီးတတ်သည့်ဒေသများတွင် အိုင်အိုဒင်းအာဟာရနည်းပါးတတ်သောကြောင့် ငွေကုန်ကြေးကျသက်သာပြီး လွယ်ကူသေချာသည့် အိုင်အိုဒင်းဆားကို စားသုံးသင့်ကြောင်း၊ အိမ်သုံးဆား ပိဿာ ၁၀၀၀ တွင် အိုင်အိုဒင်းသုံးကျပ်သားခန့်သာ ထည့်ထားခြင်းကြောင့် အိုင်အိုဒင်းလွန်ကဲမှု လုံးဝမဖြစ်နိုင်ကြောင်း၊ အိုင်အိုဒင်းဆား၏ အရောင်၊ အဆင်း၊ အနံ့နှင့် အရသာတို့မှာ ယခင်စားနေကျ အိမ်သုံးဆားအတိုင်းပင် ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အိုင်အိုဒင်းအာဟာရချို့တဲ့ခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များမှာ ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့၊ ပေါင်မပြည့်သောကလေးမွေးတတ်ခြင်း၊ မွေးလာသောကလေးသည် ဆွံ့အနားမကြားခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်း၊ ခြေလက်မသန်စွမ်းခြင်းတို့ဖြစ်နိုင်ကြောင်း၊ ကလေးငယ်များနှင့် လူကြီးများတွင် အိုင်အိုဒင်းအာဟာရချို့တဲ့ပါက ခန္ဓာကိုယ်စံချိန်မီကြီးထွားနိုင်ဘဲ သေးကွေးပုညက်ခြင်း၊ ဉာဏ်ထိုင်းခြင်း၊ လှုပ်ရှားမှုထုံထိုင်းနှေးကွေးခြင်းနှင့် လည်ပင်းကြီးရောဂါများ ဖြစ်နိုင်ကြောင်း အဆိုပါဌာနမှ သိရသည်။

အိုင်အိုဒင်းသည် သံဓာတ်ထုံးဓာတ်တို့ကဲ့သို့ အာဟာရဓာတ်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်ပုံမှန်ကြီးထွားရေး၊ ဦးနှောက်ဖွံ့ဖြိုး၍ ဉာဏ်ရည်ထက်မြက်ရေး ခန္ဓာကိုယ်၏ ဇီဝကမ္မလုပ်ငန်းများ ပုံမှန်လည်ပတ်ရေးအတွက် လိုအပ်သည်။ ■

www.foreverspace.com.mm





# မန္တလေးမြို့ပတ်ဝန်းကျင်ရှိငှက်များ၌ ကြက်ငှက်တုပ်ကွေးလက္ခဏာ မတွေ့ရဟုဆို

**ရန်ကုန်၊ ဧပြီ ၅**

မြန်မာနိုင်ငံ၌ မွေးမြူရေးကြက်အချို့မှ ကြက်ငှက်တုပ်ကွေးရောဂါလက္ခဏာ စတင်တွေ့ရှိခဲ့ရာ ဒေသတစ်ခုဖြစ်သော မန္တလေးမြို့တော်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ဌာနေကျေးငှက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့်စပ်လျဉ်းသည့် သံသယဖြစ်စရာလက္ခဏာ တစ်စုံတစ်ရာမျှ မတွေ့ရှိခဲ့ရကြောင်း အဆိုပါဒေသသို့ ဧပြီလ ပထမပတ်အတွင်း သွားရောက်လေ့လာသုတေသနပြုခဲ့သည့် အဖွဲ့မှ သုတေသီတစ်ဦးဖြစ်သူ ဦးသက်ဇော်နိုင်က ပြောကြားသည်။

မြန်မာငှက်ဝါသနာရှင်အသင်းနှင့် မန္တလေးမြို့တော်ရှိ အသင်းဝင်ငှက်ဝါသနာရှင်များ၊ ဧည့်လမ်းညွှန်များ ပူးပေါင်းစီစဉ်မှုဖြင့် ဧပြီလ ၁ ရက်မှ ၃ ရက်နေ့အထိ မန္တလေးမြို့၌ ပထမဦးဆုံးအကြိမ်ဖွင့်လှစ်ခဲ့သည့် ငှက်ကြည့်ခြင်းအခြေခံသင်တန်းတွင် အသင်းမှကျွမ်းကျင်သူ ငှက်သုတေသီများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများပါဝင်သော ငှက်ကြည့်လေ့လာရေးအဖွဲ့သည် မန္တလေးမြို့ပတ်ဝန်းကျင်ရှိ ငှက်များကျက်စားရာ ပလိပ်အင်း၊ ရေတံခွန်တောင်၊ အင်းဝမြို့ဟောင်းနှင့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဓာတ်တော်ချိုင့်ရေတံခွန်တစ်ဝိုက်တို့တွင် ငှက်များကို မျိုးစိတ်ခွဲခြားရင်း သုံးရက်ကြာလေ့လာသုတေသနပြုခဲ့ကြရာမှ ယင်းကဲ့သို့ အတည်ပြုနိုင်ခြင်းဖြစ်ကြောင်း အသင်း၏အတွင်းရေးမှူးဖြစ်သူ ၎င်းက ဆိုသည်။

အဆိုပါငှက်ကြည့်ခြင်းအခြေခံသင်တန်းကို မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့မှ ဧည့်လမ်းညွှန် ၁၈ ဦးပါဝင်တက်ရောက်ခဲ့ကြပြီး သင်တန်းကာလသုံးရက်အတွင်း မြန်မာနိုင်ငံ၏ဒေသရင်း (Endemic Species)ငှက်မျိုးစိတ်တစ်မျိုးဖြစ်သော နဖားကြိုးငှက် (Hooded Treepie) အပါအဝင် ဌာနေငှက်မျိုးစိတ်စုစုပေါင်း ၁၀၆ မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံအထက်ပိုင်း၌ ကောင်ရေအမြောက်အမြားမြင်တွေ့ရခဲသည့် ခရုစုပ်ငှက် Glossy Ibis မျိုးစိတ်ကောင်ရေ ၅၀၀ ခန့်ရှိသောငှက်အုပ်ကို ပလိပ်အင်းအတွင်းတွေ့ရှိခဲ့ရကြောင်း၊ မန္တလေးမြို့တော်နှင့် အနီးဆုံးငှက်ကြည့်ရန်နေရာ (Bird Watching Site) တစ်ခုဖြစ်ပြီး အရေးကြီးသော ရေတိမ်ဒေသငှက်များကျက်စားရာဒေသတစ်ခုအဖြစ်ပါ သတ်မှတ်ထားခြင်းခံရသည့် အဆိုပါပလိပ်အင်းတွင် ဒေသခံငါးဖမ်းသူအချို့က ငှက်များကို ပိုက်ကွန်ဖြင့်ထောင်ဖမ်းနေကြရာ ငှက်ကောင်ရေလျော့ပါးစေသည့်အပြင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုပါ များစွာရုပ်ဆိုးအကျည်းတန်စေကြောင်း ဦးသက်ဇော်နိုင်က သုံးသပ်ပြောကြားသည်။ ■

www.foreverspace.com.mm



# ဟားခါးမြို့အနီးတွင် ရစ်ချ်တာစကေး ၅.၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်

**ရန်ကုန်၊ မတ် ၂၈**

အင်အား ရစ်ချ်တာစကေး ၅ဒသမ ၂ အဆင့်ရှိ မြေငလျင်တစ်ခုမှာ ဟားခါးမြို့အနီးနေရာကိုဗဟိုပြု၍ မတ်လ ၂၆ ရက်နေ့ နံနက် ၂ နာရီ ၄၅မိနစ်အချိန်တွင်လှုပ်ခတ်သွားခဲ့သော်လည်း အဆိုပါငလျင်ကြောင့် ထိခိုက်မှုနှင့် ပျက်စီးမှုမရှိခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၄၂၆ မိုင်ခန့်ကွာဝေးသော ဟားခါးမြို့အနီးနေရာကိုဗဟိုပြု၍ အဆိုပါငလျင်လှုပ်ရှားသည်ကို အချို့ဒေသခံများက သိရှိသော်လည်း ပျက်စီးဆုံးရှုံးမှုမရှိကြောင်း အတည်ပြုပေးကာ အချို့ဒေသခံများကမူ ငလျင်လှုပ်သွားသည်ကို မသိလိုက်ရကြောင်း ဒေသခံများက ပြောကြားသည်။

အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်မှာ အင်အားအသင့်အတင့်ရှိ မြေငလျင်အမျိုးအစားဖြစ်ပြီး ယခုနှစ်မြန်မာနိုင်ငံအတွင်း၌ လှုပ်ရှားခဲ့သော ငလျင်များတွင် အဆိုပါငလျင်မှာ ယခုအချိန်အထိ အားအပြင်းဆုံးဖြစ်သော်လည်း ထိခိုက်ပျက်စီးမှုလျော့နည်းရခြင်းမှာ ငလျင်လှုပ်သည့်နေရာ၌ လူနေကျဲပါးပြီး အဆောက်အအုံကြီးများနှင့် အထပ်မြင့်အဆောက်အအုံကြီးနည်းပါး၍ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းလွင်က ပြောကြားသည်။

မတ်လ ၃ ရက်နေ့ကလည်း ကမ္ဘာအေးမြေငလျင်စခန်းနှင့် ၁၇၂ မိုင်ခန့်အကွာရှိ ပဲခူးရိုးမအနီးကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

Associated News

---

# သွေးအန်မှု၏ ၆၀ ရာခိုင်နှုန်းသည် အသည်းခြောက်ရောဂါကြောင့်ဖြစ်

**ပါမောက္ခဒေါက်တာခင်မောင်ဝင်း**

**ရန်ကုန်၊ မတ် ၂၅**

သွေးများအန်ထုတ်သည့်ရောဂါလက္ခဏာ၏ ၆၀ ရာခိုင်နှုန်းသည် အသည်းခြောက်ရောဂါကြောင့်ပင်ဖြစ်ကြောင်း အသည်းရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာခင်မောင်ဝင်းက မတ်လ ၂၅ ရက်နေ့တွင် ပြောကြားသွားသည်။

ထိုနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်း ၃၀ အထူးကုဆေးခန်း၌ ဇီဝိတမဂ္ဂဇင်းက စီစဉ်ကျင်းပသော (၁၁)ကြိမ်မြောက်ကျန်းမာရေးဆိုင်ရာဆွေးနွေးပွဲတွင် အသည်းခြောက်ရောဂါအကြောင်း ဟောပြောဆွေးနွေးရင်း ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

သွေးအန်ထုတ်ခြင်းသည် အသည်းခြောက်ရောဂါ၏ ကြောက်စရာအကောင်းဆုံးလက္ခဏာဖြစ်ပြီး အသက်အန္တရာယ်ကို ပင်စိုးရိမ်ရကြောင်း၊ အသည်း၏ ပုံမှန်လုပ်ငန်းများ ပျက်စီးယိုယွင်းသွားသဖြင့် သွေးစီးဝင်မှုကိုလက်မခံတော့ဘဲ သွေးပြန်ကြောတစ်လျှောက် ပြန်လည်စီးဝင်ကာ ဖိအားများလာသဖြင့် အပြင်သို့အန်ထုတ်ခြင်းဖြစ်ကြောင်း၊ ယင်းလက္ခဏာကို အစာအိမ်ရောဂါလက္ခဏာနှင့် မှားယွင်းကုသမိပါက ပိုမိုဒုက္ခရောက်စေနိုင်ကြောင်း၊ အသည်းခြောက်သော်လည်း မပျက်စီးသေးဘဲ ကောင်းမွန်နေပါက ရောဂါလက္ခဏာများ မတွေ့ရဘဲ အသက်ရှည်စွာနေနိုင်သေးကြောင်း ၎င်းကဆိုသည်။

အသည်းခြောက်ရောဂါကို ယခင်က အရက်သောက်သုံးသူများသာ ဖြစ်ပွားလေ့ရှိသည်ဟု ထင်မြင်ယူဆခဲ့ရာမှ ယခုအခါတွင်မူ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးနှင့် အခြားရောဂါများကြောင့်လည်း ဖြစ်ပွားနိုင်သည်ကို တွေ့ရှိရကြောင်း ဇီဝိတမဂ္ဂဇင်းမှ ဒေါက်တာ မီမီကိုက ထည့်သွင်းဆွေးနွေးခဲ့သည်။

ဇီဝိတမဂ္ဂဇင်း၏စီစဉ်မှုဖြင့်သက်ဆိုင်ရာရောဂါနှင့် ပညာရပ်အလိုက် အထူးကုဆရာဝန်ကြီးများအားဖိတ်ခေါ်၍ ကျန်းမာရေးဆွေးနွေးပွဲများကို လစဉ် နောက်ဆုံးပတ်စနေနေ့ မွန်းလွဲ ၁ နာရီတိုင်း လမ်း ၃၀ အထူးကုဆေးခန်း၌ ကျင်းပလျက်ရှိရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း စီစဉ်သူများထံမှ သိရသည်။ ■

www.foreverspace.com.mm



# ကြက်ငှက်တုပ်ကွေးရောဂါ ဆက်လက်ကူးစက်ပြန့်ပွားမှုမရှိခြင်းကို ရက်ပေါင်း ၆၁ ရက်ပြည့်မှသာ တရားဝင်ကြေညာရမည်

**ရန်ကုန်၊ မတ် ၂၅**



မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဆက်လက်ကူးစက်ပြန့်ပွားမှုမရှိခြင်းကို ရက်ပေါင်း ၆၁ရက်ကျော်မှသာ တရားဝင်ထုတ်ပြန်ကြေညာရမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

H5N1ဗိုင်းရပ်စ်ကိုကြက်တစ်ကောင်တည်း၌တွေ့ရှိနေပါက တစ်နိုင်ငံလုံးတွင် ရောဂါကူးစက်ပြန့်ပွားမှုမရှိဟု ကြေညာ၍ မရနိုင်ကြောင်း၊ ရောဂါဆက်လက်ပြန့်ပွားနေလျှင်လည်း ၂၁ ရက်အတွင်း ထုတ်ပြန်ကြေညာရမည်ဖြစ်ကြောင်း၊ H5N1ဗိုင်းရပ်စ်မှာ ကူးစက်မြန်၍ ဗိုင်းရပ်စ်မျိုးစေ့တစ်မျိုးမှတစ်မျိုးသို့ ကူးပြောင်းသွားပါက ကုသရခက်ခဲကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါတွင် H5N1မှ H16N9အထိ ဗိုင်းရပ်စ်အမျိုးပေါင်း ၂၂၆ မျိုးရှိကြောင်း၊ ရောဂါဖြစ်ပွားနေသောကြက်ခြံကို တားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာများသတ်မှတ်၍ ရက်ပေါင်း ၆၁ ရက်အတွင်း စောင့်ကြပ်စစ်ဆေးရကြောင်း၊ ရောဂါဆက်လက်ပြန့်ပွားမှုမရှိခြင်းကို အဆင့်ဆင့်အတည်ပြုချက်ရယူ၍ ကြေညာရကြောင်း ၎င်းကဆိုသည်။

ကြက်များကို စက်ဘီးများပေါ်တွင် ဇောက်ထိုးတင်၍ သယ်ဆောင်ခြင်းမှာ စက်ဘီးဖြင့် ရောဂါများကို ဖြန့်ဖြူးသလိုဖြစ်နိုင်သည့်အတွက် ကြက်များကိုသယ်ယူရာတွင် စနစ်တကျသယ်ယူသင့်ကြောင်း ဒေါက်တာအောင်ကြီးက အကြံပြုပြောကြားသည်။

# Fame ဆေးဝါးထုတ်လုပ်ရေးသည် စူလာနဖာကို ဆေးအဖြစ် ထုတ်လုပ်မည်မဟုတ်

**ရန်ကုန်၊ မတ် ၉**

**ဒေါက်တာမြင့်ဦး(FAME)**

မြန်မာနိုင်ငံတွင် ပေါက်ရောက်သောရိုးရာဆေးဖက်ဝင်အပင်များကိုအခြေခံ၍ ဆေးဝါးများထုတ်လုပ်လျက်ရှိသော Fame ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် စူလာနဖာကို ဆေးဝါးအဖြစ်ထုတ်လုပ်မည်မဟုတ်ကြောင်း ယင်းလုပ်ငန်းတွင် Research & Development လုပ်ငန်းများလုပ်ဆောင်နေသော ဒေါက်တာမြင့်ဦးက ပြောကြားသည်။

၎င်းတို့သည် နာမည်ကျော်ကြားသော အပင်များကို စမ်းသပ်လေ့ရှိသော်လည်း စူလာနဖာသည် အကျိုးသက်ရောက်မှုအာနိသင် အလွန်မြင့်မားသဖြင့် အဆိပ်အတောက်ဖြစ်ရန်အလားအလာပိုရှိကြောင်း၊ သို့ရာတွင် ဆေးဝါးထုတ်လုပ်ရန် ဇီဝဂုဏ်သတ္တိပြည့်စုံမှုမရှိသဖြင့် ထုတ်လုပ်ရန်အစီအစဉ်မရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

Fame ဆေးဝါးထုတ်လုပ်ရေးသည် ဆေးအမယ် ၄၆ မျိုးကိုထုတ်လုပ်လျက်ရှိသော ပုဂ္ဂလိကပိုင် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်ပဈေးကွက်သို့ပါ ဆေးဝါးများ တင်ပို့လျက်ရှိသည်။ ■

# မထသဌာနခွဲ(၂) မှ မော်တော်ယာဉ်ငါးစီး နေ့ထူးနေ့မြတ်များတွင် အခမဲ့ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန်၊ မတ် ၁၅**

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မထသ) ဌာနခွဲ (၂) ၌ ပြေးဆွဲနေသည့် မော်တော်ယာဉ်ငါးစီးကို နေ့ထူးနေ့မြတ်များတွင် အခမဲ့ပြေးဆွဲပေးစေလျက်ရှိကြောင်း အဆိုပါမော်တော်ယာဉ်များ၏ ပိုင်ရှင်ဖြစ်သူ ဦးခင်အောင်က Living Color သို့ ပြောကြားသည်။

ယင်းကဲ့သို့ မော်တော်ယာဉ် အခမဲ့စီးနင်းရန် ရက်များသတ်မှတ်ခဲ့ခြင်းမှာ မိမိကိုယ်ပိုင်အလှူဒါနပြုလို၍ မထသဌာနခွဲ(၂)သို့ တင်ပြတောင်းခံစီစဉ်ခဲ့ခြင်းဖြစ်ပြီး ယင်းအစီအစဉ်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံမှ စတင် ပြေးဆွဲခဲ့ကြောင်းလည်း ၎င်းက ဆိုသည်။

မော်တော်ယာဉ်လိုင်းအမှတ် (၅၄) မှ ၅ခ/၂၉၁၅၊ (၁၂၈) လိုင်းမှ အဖြူ ၆က/၇၇၁၅၊ (၁၂၈) အစိမ်းလိုင်းမှ ၁က/၇၀၈၀ နှင့် ၁ခ/၁၇၂၂ နှင့် (၁၂၉)လိုင်းမှ ၅က/၃၂၀၉ မော်တော်ယာဉ်ငါးစီးကို လွတ်လပ်ရေးနေ့၊ ပြာသိုလပြည့်နေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ တပေါင်းလပြည့်နေ့၊ နှစ်ဆန်း(၁) ရက်နေ့၊ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်ဓမ္မစကြာနေ့၊ သီတင်းကျွတ်လပြည့်အဘိဓမ္မာနေ့၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် အမျိုးသားနေ့တို့တွင် ပုံမှန်ပြေးဆွဲနေကျအခေါက်ရေနှင့် ခရီးစဉ်အတိုင်း အခမဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ဦးခင်အောင်က ပြောသည်။

ယင်းအစီအစဉ်အတိုင်း အကောင်အထည်ဖော်ပြေးဆွဲခဲ့သည့် အကြိမ်အရေအတွက်မှာ ၁၄ ကြိမ်ရှိပြီး တနင်္ဂနွေနေ့နံနက်တိုင်းတွင်လည်း သက်ဆိုင်ရာ မော်တော်ယာဉ်ဂိတ်စများမှ ရွှေတိဂုံဘုရားသို့ အခမဲ့ပြေးဆွဲပေးသည့် အစီအစဉ်လည်း ထည့်သွင်း အလှူဒါနပြုထားကြောင်း ဦးခင်အောင်က ထပ်လောင်းပြောကြားသည်။

# ဩစတြေးလျတက္ကသိုလ်၏ မဟာဘွဲ့ကို စင်ကာပူတွင် တက်ရောက်ရယူနိုင်

**ရန်ကုန်၊ ဧပြီ ၅**

ဩစတြေးလျနိုင်ငံရှိ James Cook University ၏ ကျောင်းခွဲတစ်ခုဖြစ်ပြီး စင်ကာပူနိုင်ငံအစိုးရ၏ Case Trust ရရှိထားသည့် James Cook University (Singapore International Cumpus) တွင် မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများအနေဖြင့် စျေးနှုန်းသက်သာစွာဖြင့် ဘွဲ့ဒီဂရီနှင့် မဟာဘွဲ့ဒီဂရီတို့ကို တက်ရောက်ရယူနိုင်ပြီဖြစ်ကြောင်း အဆိုပါကျောင်းခွဲမှ ကိုယ်စားလှယ် Ms.Carine Ang က ပြောကြားသည်။

ဧပြီလ ၅ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ Grand Plaza Park Royal ဟိုတယ်၌ KMD Computer Centre က ကြီးမှူးစီစဉ်ကျင်းပသည့် James Cook University (Singapore International Cumpus)၏ ပညာရေးဆိုင်ရာ ဟောပြောပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါကျောင်းခွဲသည် စင်ကာပူနိုင်ငံအစိုးရ၏ Case Trust ရရှိထားသဖြင့် မြန်မာကျောင်းသားကျောင်းသူများအနေဖြင့် မိမိတက်ရောက်လိုသော သင်တန်းများကို စိတ်ချစွာ တက်ရောက်သင်ကြားနိုင်ကြပြီး ဩစတြေးလျနိုင်ငံတက္ကသိုလ်တွင် ကုန်ကျမည့် ပညာသင်စရိတ်ထက် ၄၀ ရာခိုင်နှုန်းခန့် သက်သာမည်ဖြစ်ကြောင်း၊ Fast Track Study Programme အရ ၂ နှစ်အတွင်း ဘွဲ့ဒီဂရီကိုရယူနိုင်ပြီး နောက်ထပ်တစ်နှစ်အတွင်း မဟာဘွဲ့ဒီဂရီကို ရယူနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းခွဲတွင် English Language Preparatory Programme စီစဉ်ထားရှိသောကြောင့် ကျောင်းဝင်ခွင့်လျှောက်ထားရာတွင် IELTS/TOEFL အမှတ်နည်းသူများနှင့် မရှိသေးသူများပင် လျှောက်ထားနိုင်ကြကြောင်း ၎င်းက ဆိုသည်။

ထိုနေ့ကအခမ်းအနားတွင် အဆိုပါ စင်ကာပူကျောင်းခွဲသို့ တက်ရောက်လိုသည့် ကျောင်းသားကျောင်းသူများအား ကျောင်းလျှောက်လွှာကြေး အခမဲ့လျှောက်ထားခွင့်နှင့် English Placement Test အခမဲ့ဖြေဆိုခွင့်များကို စီစဉ်ပြုလုပ်ပေးခဲ့ပြီး အသေးစိတ်သိရှိလိုသူများအနေဖြင့် KMD Computer Centre ၏ Oversea Studies Counselling Service သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

LIVING COLOR
526302 , 504496

www.foreverspace.com.mm



# မွေးမြူရေးပုစွန်များတင်ပို့ရာတွင် အရည်အသွေးထိန်းရန်လို

**ရန်ကုန်၊ ဧပြီ ၉**

မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် အကြီးအကျယ်ဖော်ထုတ်လုပ်ကိုင်လျက်ရှိသည့် မွေးမြူရေးပုစွန်ကန်များမှ ပုစွန်များဖမ်းဆီးပြီး ဈေးကွက်သို့တင်ပို့ရာတွင် အရည်အသွေးကို ဖြစ်နိုင်သမျှ ထိန်းသိမ်းတင်ပို့ရန်လိုအပ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ပြောကြားသည်။

စက်ရုံအလုပ်ရုံများသို့ ကုန်ချောထုတ်လုပ်ရန် တင်ပို့ရောင်းချရာ၌ အရည်အသွေးမီ ပုစွန်များဖြစ်ပါက နိုင်ငံခြားဈေးကွက်တွင် ဈေးပိုမိုရရှိနိုင်ကြောင်းလည်း ၎င်းတို့က ဆိုသည်။

မွေးမြူရေးပုစွန်များအား ဖမ်းဆီးရာတွင် အစဉ်အမြဲသတိထားကြရမည်ဖြစ်ပြီး၊ အခွံပျော့ပုစွန် (Soft Shell) ၂ ရာခိုင်နှုန်းထက်မပိုရန်လိုကြောင်း၊ ထို့ကြောင့် ပုစွန်များကို အရေခွံလဲပြီး သုံးရက်အကြာတွင်သာ ဖမ်းဆီးသင့်ကြောင်းလည်း ၎င်းတို့အဆိုအရ သိရသည်။ ပုစွန်များကို အပူရှိန်အနိမ့်ဆုံးအချိန်တွင် ဖမ်းဆီးရန်လိုအပ်ပြီး၊ ဖမ်းဆီးပြီးသည်နှင့် ရေခဲရေဖြင့် ချက်ချင်းဆေးကြောရန်လိုအပ်ကြောင်း၊ ထိန်းသိမ်းရာတွင်လည်း +O˚ စင်တီဂရိတ် အအေးဖြင့် ထိန်းသိမ်းထားရန်လိုအပ်ကြောင်း၊ စက်ရုံများသို့မပို့မီ အမဲစက်များမဖြစ်ပေါ်စေရန်အတွက် ဆိုဒီယမ်မက်တာဘိုင်ဆာလ်ဖိုက် ($SO_2$) ၁၀.၁၅ PPm ရှိရေဖြင့်တစ်ကြိမ်နှစ်ပြီး ရေခဲရိုက်ကာ တင်ပို့ရန်လိုအပ်ကြောင်း $SO_2$ မရပါက ဆား ၃.၅ ရာခိုင်နှုန်း ပါဝင်သည့် ရေခဲရေဖြင့် ထိန်းသိမ်းသိုလှောင်ခြင်းဖြင့်လည်း ထိရောက်မှုရှိကြောင်း အဆိုပါဝန်ထမ်းများက ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် မွေးမြူရေးကန် ၁၅၅,၅၃၃ ဧကရှိပြီး ယင်းမှ ဖမ်းယူရရှိသည့်ပုစွန်များကို ရေခဲရိုက်၍ စစ်တွေရှိ အအေးခန်းစက်ရုံများသို့ တင်ပို့ရောင်းချနေကြသကဲ့သို့ ရန်ကုန်မြို့စက်ရုံများသို့လည်း တင်ပို့ရောင်းချလျက် ရှိနေကြသည်။ စစ်တွေဒေသမှ ပုစွန်များ ရန်ကုန်သို့တင်ပို့ရာတွင် အနည်းဆုံး လေးရက်မှ ခြောက်ရက်ခန့်အထိ ကြာမြင့်တတ်သဖြင့် အရည်အသွေးထိန်းသိမ်းတင်ပို့နိုင်ရန်လိုအပ်ပါကြောင်းလည်း ပုစွန်ကုန်ဝယ်ဒိုင်တစ်ခုမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

**မေတူး(၄၄)**

# ပဲဟင်းနှင့် ဟင်းရွက်ကြော်များတွင် အသား၊ ငါး၊ ဥ ရောနှောချက်ခြင်းဖြင့် သံဓာတ်ပိုမိုရရှိနိုင်

**ရန်ကုန်၊ ဧပြီ ၆**

ဟင်းသီးဟင်းရွက်နှင့် ပဲအမျိုးမျိုး၌ပါဝင်သောသံဓာတ်ကို အစာလမ်းကြောင်းမှ အလွယ်တကူမစုပ်ယူနိုင်သဖြင့် ပဲဟင်းချက်သည့်အခါနှင့် ဟင်းရွက်များကြော်ချက်သည့်အခါ အသား၊ ငါး၊ ဥ တစ်မျိုးမျိုးနှင့် ရောနှောချက်ခြင်းဖြင့် အသား၊ ငါးတို့မှ သံဓာတ်ကိုရရှိရုံသာမက အရွက်များမှ သံဓာတ်ကို စုပ်ယူနိုင်စွမ်းလည်း ပို၍ကောင်းလာမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အသား၊ ငါး၊ အသည်းနှင့် ဘဲသွေး (သွေးခဲ) စသည့် တိရစ္ဆာန်ထွက်အစာများ၌ ပါဝင်သည့်သံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်သော်လည်း ဟင်းသီးဟင်းရွက်နှင့် ပဲအမျိုးမျိုး၌ပါဝင်သော သံဓာတ်ကို အစာလမ်းကြောင်းမှ လွယ်ကူစွာမစုပ်ယူနိုင်သဖြင့် အဆိုပါနည်းအတိုင်း ရောနှောချက်ပြုတ်စားသောက်မှသာ စားသမျှ အဖတ်တင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်က ဆိုသည်။

သံဓာတ်သည် အရေးကြီးသော သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်ပြီး သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါခံစားရမည်ဖြစ်ကြောင်း၊ သွေးအားနည်းပါက မောပန်းခြင်း၊ ရင်တုန်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ နှုတ်ခမ်း၊ လျှာ၊ မျက်ခွံနှင့် အရေပြား ဖြူဖတ်ဖြူရော်ဖြစ်ခြင်းနှင့် နှလုံးလုပ်ငန်းပျက်ယွင်းပြီး အသက်အန္တရာယ်ပင် ကြုံတွေ့နိုင်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ သွေးအားနည်းလျှင် ပေါင်မပြည့်သော ကလေးမွေးဖွားတတ်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ်၊ မီးဖွားစဉ်နှင့် မီးဖွားပြီးကာလများအတွင်း အသက်အန္တရာယ်ကြုံတွေ့နိုင်ခြင်းတို့ဖြစ်တတ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

ထမင်းစားပြီး လက်ဖက်ရည်အချိုသောက်ခြင်း၊ ရေနွေးကြမ်းဖန်ဖန်သောက်ခြင်း၊ လက်ဖက်သုပ်စားခြင်းတို့သည် အစာလမ်းကြောင်းမှ သံဓာတ်စုပ်ယူမှုကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။

■

www.foreverspace.com.mm



Human Development Report 2005

International cooperation at a crossroads
Aid, trade and security in an unequal world

# လူသားဖွံ့ဖြိုးတိုးတက်ရေးမှ နိုင်ငံတော်သစ်ဆီသို့

အယ်ဒီတာတစ်ဦး

Published for the
United Nations
Development
Programme
(UNDP)

www.foreverspace.com.mm



**ယနေ့ နိုင်ငံတကာတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း အထူးပြုပြောဆိုလျက်ရှိသော Economic Development ဆိုသည်မှာ အမှန်အားဖြင့် Human Development ခေါ် လူသားများဖွံ့ဖြိုးတိုးတက်ရေး၏အစိတ်အပိုင်းတစ်ခုသာလျှင် ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှန်သမျှသည် လူသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည် ရမည်ဖြစ်ပြီး ယနေ့ ပြောကြားလျက်ရှိသော ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များနှင့် ဆင်းရဲမှုတိုက်ဖျက်ရေး စသည်များမှာ လူသားများ ဖွံ့ဖြိုးတိုးတက်ရေး၏ အောက်ထစ်ဆုံးလိုအပ်ချက်များ ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဖွံ့ဖြိုး တိုးတက်မှုမှန်သမျှသည် လူသားများထံ ဦးမတည်မချင်း မရောက်ရှိမချင်း ပန်းတိုင်သို့ မရောက်သေးဟူသည့် သဘောလည်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အဆိုပါလူ့အဖွဲ့အစည်းအတွင်းရှိ လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသောကြောင့် ဖြစ်သည်။**

## ၁။ လူသားဖွံ့ဖြိုးရေးဆိုသည်မှာ

ယနေ့ကမ္ဘာပေါ်တွင် အများသဘောတူထားသော လူသားများဖွံ့ဖြိုးတိုးတက်ရေးတွင် အောက်ပါအချက်ငါးချက် ပါဝင်သည်။

(၁) ဖွံ့ဖြိုးတိုးတက်မှုအားလုံးသည် ပြည်သူလူထုကို ဗဟိုပြုရမည်။

(၂) ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များသည် လူသားများ၏ ပိုမိုရွေးချယ်နိုင်စွမ်းတိုင် ဦးတည်ရမည်ဖြစ်ပြီး ဝင်ငွေတိုးတက်ရေး သက်သက်မဖြစ်ရ။

(၃) လူသားများ ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုရာတွင်လည်း လူသားများ၏ စွမ်းဆောင်ရည်မြင့်တက်လာရေးအတွက် ရင်းနှီးမြှုပ်နှံလုပ်ဆောင်မှုအမျိုးမျိုးနှင့် စွမ်းဆောင်ရည်မြင့်တက်အောင် ပြင်ဆင်ပေးထားသော လူသားအရင်းအမြစ်များကို အလုပ်အကိုင်အခွင့်အလမ်းများ လမ်းဖွင့်၍ အပြည့်အဝအသုံးချခြင်းအားလုံး ပါဝင်ရမည်။ အဆိုပါဖွံ့ဖြိုးတိုးတက်မှုအားလုံးသည် of/for/by the people ဖြစ်ရမယ်။ လူထု၏စွမ်းဆောင်အားကို ပညာရေး၊ ကျန်းမာရေး အာဟာရပြည့်ဝရေးတို့ ဖြည့်ဆည်းပေးခြင်းဖြင့် တည်ဆောက်ရမည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လူထုအတွက် ဖြစ်ရမည်။ ထို့အပြင် အဆိုပါဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လူထုကိုယ်တိုင် ပါဝင်လုပ်ကိုင်ဆုံးဖြတ်နိုင်ရမည်ဟု ဆိုလိုသည်။

(၄) လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အုတ်မြစ်လေးခုဖြစ်သည့် တန်းတူရည်တူရှိရေး၊ ရေရှည်တိုးတက်ရေး၊ ထုတ်လုပ်နိုင်စွမ်းအားမြင့်မားရေးနှင့် ဘက်စုံစွမ်းအားမြင့်တက်လာရေး (Empowerment) အားလုံး ပါဝင်ရမည်ဟု ဆိုသည်။

(၅) ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှန်သမျှ လူသားတို့ထံ ဦးတည်အဆုံးသတ်ရမည်ဖြစ်ပြီး ထိုသို့ဦးတည်နိုင်ရေး၊ အကျိုးပြုနိုင်ရေးတို့အတွက် နည်းလမ်းမှန်သမျှ ရှာဖွေပါဝင်ရမည်။



www.foreverspace.com.mm

## မျက်နှာဖုံးဆောင်းပါး

ဖွံ့ဖြိုးတိုးတက်မှုအားလုံးသည် လူထုနှင့် အံ၀င်ခွင်ကျဖြစ်ရမည် ဖြစ်ပြီး လူထုက ဖွံ့ဖြိုးမှုများနှင့် အံ၀င်ခွင်ကျဖြစ်ပေးရန် မလိုအပ်စေရ။ (Human ends and economic means)

များသောအားဖြင့် လူသားများဖွံ့ဖြိုးတိုးတက်ရေးကိစ္စကို Social ခေါ် လူမှုရေးကဏ္ဍအဖြစ် ရှုမြင်ထားကြပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ပေါင်းတည်း စဉ်းစားလေ့မရှိကြသည်ကို တွေ့ရသည်။ ယနေ့ အများလက်ခံထားကြသော လူသားများ ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၏ ပန်းတိုင်ဖြစ်လာပြီး လူသားများဖွံ့ဖြိုးမှုကို ဦးမတည်နိုင်မချင်း ဖွံ့ဖြိုးမှုသက်သက်သည် အဆုံးပန်းတိုင်မဟုတ်သေးပေ။ ယနေ့ ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ကြဉ်းနိုင်သည့်တိုင် လူသားများဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပါတည်း မဆောင်ကြဉ်းနိုင်သေးသော နိုင်ငံများစွာရှိနေရာ ၁၉၉၀ ခုနှစ်မှ စ၍ ကုလသမဂ္ဂအဖွဲ့က Human Development Index ခေါ် HDI Index ကို သက်ဆိုင်ရာမူ၀ါဒရေးရာတာ၀န်ရှိသူအစိုးရများနှင့် ပြည်သူများ သိရှိနိုင်စေရန် နှစ်စဉ်ထုတ်ပြန်ပေးခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ လူသားများဖွံ့ဖြိုးတိုးတက် ရေးဆိုရာတွင် မြင်သာထင်သာရှိသော အကြောင်းအရာများအပြင် မြင်သာထင်သာမရှိသော အကြောင်းအရာများလည်းပါ၀င်ရာ ယေဘုယျအားဖြင့် Human Development Index ကို ဖော်ပြရာတွင် အားလုံးကို လွှမ်းခြုံနိုင်ရန်ခက်ခဲသည်ကို တွေ့ရသည်။ သို့တိုင်အောင် HDI သည် နိုင်ငံအများစုတွင် သက်ဆိုင်ရာအစိုးရများအတွက်ရော ပညာရှင်များအတွက်ပါ ကိုးကားစရာ ညွှန်းကိန်းတစ်ခု ဖြစ်ခဲ့သည်။

လွန်ခဲ့သောနှစ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြန်ကြားရေး၀န်ကြီးဌာန၀န်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက HDI Index ကို ကိုးကား၍ မြန်မာနိုင်ငံ၏ လူသားများဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းကို ထုတ်ဖော်ပြောကြားခဲ့သည်။ (ပူးတွဲဖော်ပြထားသည်။)

Human Development Index ကို တွက်ချက်ရာတွင် နိုင်ငံအသီးသီးထံမှ ရနိုင်ခြေရှိပြီး လွှမ်းခြုံနိုင်စွမ်းလည်းရှိသော အချက်အလက်များကိုအခြေခံ၍ တွက်ချက်သည်ကို တွေ့ရသည်။ (ဇယား-၁)

အဓိကညွှန်းကိန်းများမှာ အောက်ပါတို့ဖြစ်သည်။


(၁) ဆင်းရဲမှုအဆင့်၊ ၀င်ငွေ၊ နေဥစ္စာခွဲ၀ေမှုနှင့်

(၂) လူ့သက်တမ်းနှင့် တန်းတူရည်တူရှိမှု

(၃) စာတတ်မြောက်မှုနှင့် ပညာရေး

ပူးတွဲပါဇယားရှိ မြန်မာနိုင်ငံ၏ HDI ညွှန်းကိန်းများကိုကြည့်လျှင် မြန်မာနိုင်ငံသည် အလယ်အလတ်ဖွံ့ဖြိုးမှုရှိသော နိုင်ငံများတွင် ပါ၀င်ပြီး ကမ္ဘာ့အဆင့်အားဖြင့် နိုင်ငံပေါင်း ၁၇၇ နိုင်ငံအနက် ၁၂၉ တွင် ရှိနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၂၁ ရာခိုင်နှုန်းသည်သာ ဆင်းရဲမှုရှိသည်ဟု Human Poverty Index က ညွှန်ပြပေသည်။ စာတတ်မြောက်မှုနှုန်းထားအားဖြင့်လည်း မြင့်မားသည်ဖြစ်ရာ မြန်မာနိုင်ငံသည် မြင်သာထင်သာသော ကိန်းဂဏန်းညွှန်းကိန်းများအရ (Quantitative) အဆင့်မနိမ့်သည်ကို တွေ့ရမည်။ (ဇယား ၂)

HDI ညွှန်းကိန်းများကို ထပ်မံ၍ အနုစိတ်သောအခါ မမြင်သာသော


၂၉-၁၁-၂၀၀၅

ဟာသပိုင်း အစဉ်အဆက်မှာ
စ် လုပ်ကြံတိုက်ကြားနေ

www.foreverspace.com.mm



ဇယား ၁

TABLE 2.2.1
Three Levels of human development

| Human development level | Low | Medium | High |
|---|---|---|---|
| Human development indicators | 1.1 Life expectancy | 1.1 Life expectancy<br>1.2 Under-5 mortality | 1.1 Life expectancy<br>1.2 Under-5 mortality<br>1.3 Maternal mortality |
| | 2.1 Adult literacy | 2.1 Adult literacy<br>2.2 Secondary school enrollment | 2.1 Adult literacy<br>2.2 Secondary school enrollment<br>2.3 Tertiary enrollment |
| | 3.1 Log per capita GDP (up to international poverty line) | 3.1 Log per capita GDP (up to international poverty line)<br>3.2 Incidence of poverty | 3.1 Log per capita GDP (up to international poverty line)<br>3.2 Incidence of poverty<br>3.3 Gini-corrected mean national income |

ဇယား ၂

Myanmar is ranked 129th in the 2005 Human Development Report, with an HDI value of 0.578.
Hong Kong, China (SAR) ranks first in the region, with a value of 0.916.

| **Life expectancy at birth** (years) 2003 | **Combined primary, secondary and tertiary gross enrolment ratio** (%) 2002/2003 | **GDP per capita** (PPP US$) 2003 |
|---|---|---|
| 1. Japan (82.0) | 1. United Kingdom (123) | 1. Luxembourg (62,298) |
| 2. Hong Kong, China (SAR) (81.6) | 2. Australia (116) | 2. Ireland (37,738) |
| 3. Iceland (80.7) | 3. Belgium (114) | 3. Norway (37,670) |
| 128. Solomon Islands (62.3) | 143. Solomon Islands (52) | 4. United States (37,562) |
| 129. Nepal (61.6) | 144. Kenya (52) | 5. Denmark (31,465) |
| 130. Yemen (60.6) | 145. Madagascar (51) | 6. Iceland (31,243) |
| **131. Myanmar (60.2)** | **146. Myanmar (48)** | |
| 177. Swaziland (32.5) | 173. Niger (21) | 170. Sierra Leone (548) |

အစိတ်အပိုင်းများဖြစ်သည့် နေဥစ္စာခွဲဝေမှု၊ တန်းတူရည်တူရှိမှု၊ ပညာရေးဆိုင်ရာအရည်အသွေးများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအနေအထားမှ HDI ညွှန်းကိန်းအဆင့်မြင့်တက်လာရန်အတွက် Qualitative ISSUES များ ကို အာရုံစူးစိုက်ဖြည့်ဆည်းရလိမ့်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေး ဘဏ်မှ ပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

## ၂။ နည်းလမ်းများ

သုတေသနပြုထားသော ရလဒ်များအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားတို့ဖွံ့ဖြိုးတိုးတက်ရေးများကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နည်းလမ်းလေးခုကို ကျင့်သုံးခဲ့ကြသည်ကို တွေ့ရသည်။ ၎င်းတို့မှာ–

### ပထမနည်းလမ်း

ပထမနည်းလမ်းမှာ ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာတို့တွင် တစိုက်မတ်မတ် ရင်းနှီးမြှုပ်နှံပြီး နိုင်ငံသားများကို ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် အသင့်ဖြစ်စေခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ခံစားနိုင်သောအဆင့်သို့ရောက်ရှိအောင် ပြင်ဆင်ပေးခြင်း စသည့်နည်းလမ်းဖြစ်သည်။ တရုတ်ပြည်သူ့

**ဇယား ၃**

**Building the capabilities of women**

| | GDI rank (140 countries) | GDI value | HDI rank minus GDI rank | HDI value |
|---|---|---|---|---|
| Myanmar | .. | .. | .. | 0.578 |
| Best performer in East Asia & the Pacific (Hong Kong, China (SAR)) | 22 | 0.912 | 0 | 0.916 |
| Worst performer in East Asia & the Pacific (Papua New Guinea) | 103 | 0.518 | 2 | 0.523 |
| Best performer in the world (Norway) | 1 | 0.960 | 0 | 0.963 |
| Worst performer in the world (Niger) | 140 | 0.271 | 2 | 0.281 |

သမ္မတနိုင်ငံ ဟောင်ကောင်၊ ဂျပန်၊ မလေးရှား၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း စသည့် စက်မှုထွန်းကားလာသည့် နိုင်ငံအများစုတို့ ကျင့်သုံးခဲ့သော နည်းလမ်းဖြစ်သည်။

## ဒုတိယနည်းလမ်း

ဒုတိယနည်းလမ်းမှာ ခနဉစ္စာခွဲဝေမှုပုံသဏ္ဍာန်ကို မျှတအောင် အထူးဦးစားပေးသည့်ပုံသဏ္ဍာန် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုရှိစေကာမူ ခနဉစ္စာခွဲဝေသည့်ပုံသဏ္ဍာန်မမျှတပါက အသီးအပွင့်များ လူထုထံမရောက်ရှိဆိုသောသဘော ဖြစ်သည်။ ဥပမာအားဖြင့် ဘရာဇီး၊ နိုက်ဂျီးရီးယားနှင့် ပါကစ္စတန်နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်သော်လည်း အသီးအပွင့်များကို လူထုထံမပေးပို့နိုင်ခဲ့ဟု ဆိုသည်။

ညီမျှသော ခနဉစ္စာခွဲဝေမှုပုံသဏ္ဍာန်ဖြစ်ပေါ်ရေးနှင့် ပတ်သက်၍လည်း မော်ဒယ်အမျိုးအစားသုံးမျိုးရှိသည်ဟု သုတေသနရှင်များက ဆိုသည်။






www.foreverspace.com.mm

www.foreverspace.com.mm






(က) ဖွံ့ဖြိုးရေးအဓိကဖြစ်သော်လည်း မူလကပင် ပညာရေး၊ စီးပွားရေးနှင့် ဓနဥစ္စာ၊ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်နှင့် အခြားအသီးအပွင့်များ ခွဲဝေမှုပုံသဏ္ဍာန်မျှတ၍ လူတိုင်းပါဝင်ဆောင်ရွက်ခွင့် လမ်းဖွင့်ပေးထားသောပုံသဏ္ဍာန် ဥပမာ–တရုတ်၊ တောင်ကိုရီးယား

(ခ) မူလအခြေအနေများ ပုံသဏ္ဍာန်မမှန်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဓနဥစ္စာခွဲဝေမှု၊ စီးပွားရေးတွင်ပါဝင်ဆောင်ရွက်ခွင့်များကို ပုံသဏ္ဍာန်မှန်အောင် တစ်ပြေးညီ လိုက်ပါပြင်ဆင်ပေးသော ပုံသဏ္ဍာန်။ ဥပမာ–ချီလီ၊ မလေးရှား

(ဂ) တိုးတက်မှုနည်းသော်လည်း ရရှိထားသမျှ ဖွံ့ဖြိုးတိုးတက်မှုကို မျှတစွာ ခွဲဝေထားသည်။ အခြေခံပြည်သူ့ရေးရာဝန်ဆောင်မှုများ အချိုးညီစွာခွဲဝေထားသော်လည်း ဖွံ့ဖြိုးမှုနည်းသောကြောင့်

www.foreverspace.com.mm



ရေရှည်ထိန်းသိမ်းထားရန် ခက်ခဲသည်။ ဥပမာ–ဂျမေကာ၊ သီရိလင်္ကာ

**တတိယနည်းလမ်း**

အစိုးရက လူမှုရေးကဏ္ဍကို အထူးဦးစားပေးသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြင်သာထင်သာမရှိသည့်တိုင်၊ ဓနဥစ္စာခွဲဝေမှုပုံသဏ္ဌာန် တိတိကျကျမရှိသည့်တိုင် လူသားများ၏ဖွံ့ဖြိုးမှုကို အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် အထောက်အပံ့ပြုနိုင်ခဲ့သော ပုံသဏ္ဌာန်။ ဥပမာ–ကျူးဘား၊ ဂျမေကာ၊ သီရိလင်္ကာ၊ ဇင်ဘာဘွေ

**စတုတ္ထနည်းလမ်း**

ပြည်သူများ၏ စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးခြင်း၊ (Empowerment of the People) အထူးသဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း။ ဤနည်းလမ်းသည် လူသားဖွံ့ဖြိုးတိုးတက်မှုကို အသေအချာဖြစ်စေသည်ဟု သုတေသနရလဒ်များက ဆိုသည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုရာတွင် လူသားတို့၏ဘဝတွင် အရေးကြီးသော အစိတ်အပိုင်းအားလုံးကို မြှင့်တင်ပေးခြင်းဖြစ်ရာ လူသားများရော လူ့ဘောင်ဖွံ့ဖြိုးတိုးတက်မှုကိုပါ အားလုံးပါဝင်ဆောင်ရွက်နိုင်သည့်ပုံသဏ္ဌာန်ဖြင့် တိုးတက်စေနိုင်မည်ဟု ဆိုသည်။ တိုင်းတာနိုင်သော ညွှန်းကိန်းများအရ အတိုင်းအတာတစ်ခုအထိ ခရီးပေါက်နေသော မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများအနေဖြင့် တိုင်းတာရန်ခက်ခဲသော ဖြစ်သည်။ ထိုသို့ နိုင်ငံအသီးသီးကို ယှဉ်တွဲလေ့လာရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျနေသောနိုင်ငံများကို တစ်ပေါင်းတည်းလေ့လာနိုင်ရန်ဖြစ်ရာ အားလုံးကို လွှမ်းခြုံနိုင်မည့်အချက်အလက်များကို ရယူနှိုင်းယှဉ်ခဲ့သည်။ အဓိကအချက်မှာ ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများနှင့် သက်ဆိုင်ရာနိုင်ငံရှိ လူသားတို့၏တိုးတက်မှု အဆက်အစပ်ကို ဖော်ထုတ်ပေးရန်ဖြစ်သည်။ HDI ကို အုပ်စုသုံးစုခွဲ၍ အဆင့်သတ်မှတ်ချက်များဖြင့် နှစ်စဉ် အစီရင်ခံလေ့ရှိရာ ကျေနပ်ဖွယ်ဖွံ့ဖြိုးတိုးတက်မှုရှိသောနိုင်ငံများ၊ အလယ်အလတ်ဖွံ့ဖြိုးမှုရှိသောနိုင်ငံများနှင့် လူသားဖွံ့ဖြိုးမှုနောက်ကျနေသောနိုင်ငံများဟူ၍ သုံးမျိုးခွဲခြားထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် အလယ်အလတ်ဖွံ့ဖြိုးသောနိုင်ငံများအုပ်စုတွင် ပါဝင်ခဲ့သည်။

သို့တိုင်အောင် HDI သည် လူသားတို့၏ ဖွံ့ဖြိုးမှုဆိုင်ရာ မျက်နှာစာအားလုံးကို ကိုယ်စားပြုခြင်းမရှိကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

HDI သည် လူသားတို့၏ဖွံ့ဖြိုးမှုဆိုင်ရာ မျက်နှာစာများအနက် (၁) သက်ရှည်ကျန်းမာသောလူသားဘဝ၊ (၂) ပညာပြည့်ဝသော လူသားဘဝ၊ (၃) ကျေနပ်ဖွယ်လူနေမှုအဆင့် စသော အချက်သုံးချက်ကို မြင်သာထင်သာရှိမည့် ညွှန်းကိန်းများ ရယူဖော်ပြကာ မူဝါဒများ၏ လူသားဖွံ့ဖြိုးရေးဆိုင်ရာ ဦးတည်ချက်ကို သုံးသပ်သည်။ (ဇယား–၄)

ထို့ကြောင့် ၁၉၉၅ Gender Related Index ကို HDI ရလဒ်

**ဇယား ၄**

TABLE 2.4.2
**Dimensions, indicators and parameters of the HDI in Human Development Report 2000**

| Dimension | Indicator | Maximum value | Minimum value |
|---|---|---|---|
| Longevity | Life expectancy at birth, in years | 85 | 25 |
| Knowledge | ⅔ adult (25yrs +) literacy and | 100% | 0% |
| | ⅓ combined gross enrolment ratios | 100% | 0% |
| Living standards | Log GDPpc in PPP$ | $40,000 | $100 |

အရည်အသွေးပိုင်းသို့ ဦးတည်မည်ဆိုလျှင် အကောင်းဆုံးနည်းနာဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။

၁၉၉၀ ပြည့်နှစ်တွင် Human Development Index ကို စတင်ပြုစုထုတ်ပြန်ခဲ့ရာတွင် အဓိကရည်ရွယ်ချက်မှာ နိုင်ငံအသီးသီး၏ လူသားတို့ဖွံ့ဖြိုးရေဆိုင်ရာမူဝါဒအစီအမံများကို နှိုင်းယှဉ်လေ့လာနိုင်ရန်နှင့် သက်ဆိုင်ရာမူဝါဒများကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် များနှင့် ပူးတွဲထည့်သွင်း၍ ကျားမခွဲခြားမှုရှိမရှိ ညွှန်းကိန်းများ ထုတ်ပြန်ပေးခဲ့သည်။ ၁၉၉၇ တွင် HPI ခေါ် Human Poverty Index ခေါ် ဆင်းရဲမှုညွှန်းကိန်းကိုပါ ပူးတွဲထုတ်ပြန်ခဲ့သည်။ အဓိကအချက်မှာ လူဦးရေ၏ ရာခိုင်နှုန်းမည်မျှ ဆင်းရဲမှုအနေအထားတွင် ရှိနေသည်ကို တိုင်းတာပေးခြင်းဖြစ်သည်။ နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၂၁ ရာခိုင်နှုန်းသာ

www.foreverspace.com.mm

**ဇယား ၅**

Human Poverty Index (2005)

| | HPI-1 rank (103 countries) | HPI-1 value (%) |
|---|---|---|
| Myanmar | 50 | 21.9 |
| Best performer in East Asia & the Pacific (Singapore) | 6 | 6.3 |
| Worst performer in East Asia & the Pacific (Cambodia) | 81 | 41.3 |
| Best performer in the world (Uruguay) | 1 | 3.6 |
| Worst performer in the world (Niger) | 103 | 64.4 |

ဆင်းရဲမှုအနေအထားတွင် ရှိနေသည်ဟု ဆိုသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ ၁၃၀ အနက် မြန်မာနိုင်ငံသည် အဆင့် ၅၀ တွင် ရှိနေခြင်းဖြစ်သည်။ (ဇယား-၅)

HPI ခေါ် ဆင်းရဲမှုတိုက်ဖျက်ရေးညွှန်းကိန်းများနှင့်ပတ်သက်၍လည်း ယနေ့ကမ္ဘာပေါ်တွင် အမြင်အမျိုးမျိုးရှိနေသည်။ အဓိကအားဖြင့် ဆင်းရဲနွမ်းပါးမှုကို ရှုထောင့်သုံးခုမှ တိုင်းတာနိုင်သည့်အနက် HDI သည် ဝင်ငွေနှင့်ပတ်သက်သောရှုထောင့်မှ အကဲဖြတ်သည့်သဘောရှိရာ မြန်မာနိုင်ငံကဲ့သို့ အိမ်နောက်ဖေးရိက္ခာရှိသောနိုင်ငံများအတွက် ဝင်ငွေသက်သက်ဖြင့် တိုင်းတာခြင်းသည် မလုံလောက်နိုင်သည်ကို တွေ့ရသည်။

**ဝင်ငွေ**နှင့် တိုင်းတာသောရှုထောင့်မှာ ကုလသမဂ္ဂက ထုတ်ပြန်ထားသော လူတစ်ဦး တစ်နေ့ဝင်ငွေ တစ်ဒေါ်လာကို အခြေခံတွက်ချက်ထားခြင်းဖြစ်သည်။ ဤနည်းလမ်းသည် GDP ခေါ် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု PPP ခေါ် ဝယ်လိုအားဆိုင်ရာ အင်အားတို့မှတစ်ဆင့် တွက်ယူရာတွင် လွယ်ကူသောကြောင့် HDI ညွှန်းကိန်းများတွင် ဤရှုထောင့်ကို အသုံးပြုထားသည်။

**အခြေခံလိုအပ်ချက်များ**ဆိုင်ရာရှုထောင့်မှာ ရိက္ခာ၊ ဝင်ငွေအပြင် လူသားတစ်ဦးအနေဖြင့် မဖြစ်မနေလိုအပ်သော အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံပညာရေးဖြည့်ဆည်းပေးမှုစသော အချက်အလက်များကိုပါ လွှမ်းခြုံစဉ်းစားသောနည်းဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူတိုင်းပါဝင်ဆောင်ရွက်ခွင့်ရရှိရေး စသည်များလည်း ပါဝင်သည်။ ရေရှည်သဘောကို ပိုဆောင်သည်။

**စွမ်းဆောင်ရည်ရှုထောင့်**မှာ အပြည့်စုံဆုံးဖြစ်ပြီး လူသားကို ရေရှည်ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သောအနေအထားအထိ စွမ်းရည်မြှင့်တင်ပေးနိုင်ခြင်းရှိမရှိ တိုင်းတာသည်။ မြင်သာသော စားဝတ်နေရေး၊ ပညာရေး စသည်များအပြင် လူသား၏ ဘဝလုံခြုံမှုဆိုင်ရာ၊ စိတ်ပိုင်းလုံခြုံမှုဆိုင်ရာများအတွက် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်ပိုင်းဖွံ့ဖြိုးတိုးတက်မှုတို့ ပြည့်ဝပါဝင်မှသာလျှင် လူသားများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဟု ရှုမြင်သောသဘောဖြစ်ရာ သဘာဝအကျဆုံးရှုထောင့်ဖြစ်သည်။

နိုင်ငံအသီးသီး၏ မူဝါဒနှင့် စွမ်းဆောင်ရည်များကို နှိုင်းယှဉ်အကဲဖြတ်ရာတွင် လွှမ်းခြုံနိုင်စွမ်းအလို့ငှာ ဝင်ငွေဖြင့်တိုင်းတာသော ရှုထောင့်မှ အကဲဖြတ်ရသည့်တိုင် မူဝါဒရေးရာများသည် တတိယရှုထောင့်ဖြစ်သည့် စားဝတ်နေရေးသက်သက်ကို ကျော်လွန်၍ ပီပြင်သောလူသားများအဖြစ် တည်ဆောက်မြှင့်တင်ပေးရေးတိုင် ဦးတည်ရန်လိုအပ်သည်ဟု လူထုရေးရာမူဝါဒဆိုင်ရာ ပညာရှင်များက ဖွင့်ဆိုသည်။

## ၃။ ဦးတည်ချက်အမှန်

လူသားများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော သဘောတရားရေးရာ အခြေခံအုတ်မြစ်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုကို ဆက်စပ်ပေးရေးဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ စီးပွားရေးစီမံကိန်းနှင့် မူဝါဒများ၏အဆုံးပန်းတိုင် (End)မဖြစ်သင့်ဘဲ၊ အဆုံးဖြစ်ရမည့် လူသားတို့ထံ အရောက်ဆောင်ကြဉ်းရန်နည်းလမ်း (Means) သာလျှင် ဖြစ်ရမည်ဟု ဆိုသည်။ လူသားဖွံ့ဖြိုးတိုးတက်ရေးဆိုရာတွင်လည်း ရေတိုသဘောဆောင်သော စားဝတ်နေရေးသက်သက်မဟုတ်ဘဲ ရေရှည်သဘော (Sustainable)ဖြစ်သည့် စွမ်းဆောင်ရည်နှင့် အခွင့်အလမ်းများတိုင် လွှမ်းခြုံမိရမည်ဟု ဆိုလိုသည်။

ပြည်သူ့ရေးရာမူဝါဒဆိုင်ရာ သုတေသနပြုချက်များအရ စီးပွားရေးစီမံကိန်းများ၊ လူမှုဖွံ့ဖြိုးရေးအစီအမံများနှင့် မူဝါဒရေးရာများသည် အောက်ပါအခြေအနေများ ဖန်တီးပေးရန် ဦးတည်စဉ်းစားရမည်ဟု ဆိုသည်။

**၁။ Equity အမျိုးသားဝင်ငွေကို မျှတစွာခွဲဝေသုံးစွဲခြင်း**

တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ဝင်ငွေအရပ်ရပ်ကို သမမျှတစွာ ခွဲဝေနိုင်သည်နှင့်အမျှ လူသားတစ်ဦးချင်း၏ ဘဝမြင့်တက်လာမည်။

**၂။ Job Opportunities အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ထုတ်လုပ်နိုင်စွမ်းအား ပိုမိုမြင့်မားသည်၊ ဝင်ငွေမြင့်မားရေးကို အာမခံနိုင်မည့်

www.foreverspace.com.mm



အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖြစ်ထွန်းပေါ်ပေါက်ရေးကို တိုးတက်ဖော်ဆောင်ပေးရမည်။ လူသားလုပ်အားလိုအပ်ချက်များသော လုပ်ငန်းခွင်များ ပေါ်ပေါက်စေရမည်။

**၃။ Access to productive assets.**

ထုတ်လုပ်မှုဆိုင်ရာ သွင်းအားစုများဖြစ်သည့် မြေ၊ အခြေခံအဆောက်အဦ၊ ဘဏ္ဍာအရင်းအမြစ်များကို လူတိုင်း အလွယ်တကူရယူသုံးစွဲနိုင်သည့်အနေအထားသို့ရောက်ရှိအောင် စီမံထားခြင်းဖြင့် စွမ်းအားရှိသည့်၊ စွမ်းဆောင်ရည်မြင့်မားသည့် လူသားတိုင်း နောက်တစ်ဆင့်ဖွံ့ဖြိုးမှုဆီ အားထုတ်ကြိုးပမ်းရောက်ရှိစေရန် အကူအညီပေးရမည်။

**၄။ Social Spending**

**လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တိုးတက်အသုံးပြုခြင်း**

လူသားတို့၏ လူမှုရေးဆိုင်ရာအခြေခံလိုအပ်ချက် (Basic Social Services)များဖြစ်သည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံပညာရေး စသည့်နယ်ပယ်များတွင် အလုံအလောက်သုံးစွဲခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောလူသားများအဖြစ် အသီးအပွင့်များ ဖန်တီးခွင့်၊ ရယူသုံးစွဲခွင့် ရရှိစေရမည်။

**၅။ Gender Equality ကျား/မတန်းတူရည်တူရှိရေး**

အမျိုးသမီးများကို အမျိုးသားများနည်းတူ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ညီမျှသောလစာဝင်ငွေရရှိရေး၊ မမြင်ရသောအကန့်အသတ်များကို ဖယ်ရှားပေးရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့ကိုယ်တိုင်၏ဘဝ၊ ထိုမှတစ်ဆင့် မိသားစုများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကူအညီပေးရမည်။ နိုင်ငံအသီးသီး၏ လူဦးရေတွင် အချိုးအစားကြီးတစ်ခုအဖြစ် ပါဝင်နေသော အမျိုးသမီးများ၏ စွမ်းဆောင်နိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် နောက်ထပ်ဖွံ့ဖြိုးမှုဆိုင်ရာ ဖြစ်နိုင်ခြေများစွာ ရှိနေသေးသည်။

**၆။ Population Policy လူဦးရေဆိုင်ရာမူဝါဒသတ်မှတ်ရေး**

ပညာရေး၊ ကျန်းမာရေးအသိပညာဖြန့်ဝေပေးရေးတို့ကို အားပေးခြင်းဖြင့် သားဆက်ခြားခြင်း၊ လူဦးရေတိုးနှုန်းတို့ကို လျှော့ချခြင်းများ ဆောင်ရွက်မည်။ မဖြစ်မနေကုန်ကျရမည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်များကို လူဦးရေတိုးနှုန်း ထိန်းချုပ်ခြင်းဖြင့် လျှော့ချနိုင်ရမည် သို့မဟုတ် ပိုမိုကုန်ကျမှုမရှိအောင် စီမံရမည်။

**၇။ Good Governance အုပ်ချုပ်ရေးစနစ်ကောင်းမွန်ရေး**

ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သော၊ လူတိုင်းပါဝင်အဆုံးအဖြတ်ပေးနိုင်သော၊ လူတိုင်း အသီးအပွင့်ခံစားခွင့်ရှိသော အုပ်ချုပ်မှုပုံသဏ္ဌာန်ကို တည်ဆောက်ရမည်။




**၈။ An Active Civil Society လူ့အဖွဲ့အစည်း၏ပါဝင်မှု**

လူသားများဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရမဟုတ်သော အစိတ်အပိုင်းများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးသည်ဖြစ်ရာ စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းအဖြစ် လူထုနှင့် လူထုရေးရာအဖွဲ့အစည်းများ၏အခန်းကဏ္ဍ မဖြစ်မနေလိုအပ်သည်။

**၉။ နိဂုံး**

– Some people see things as they are And say 'why'

– We dream things that never were And ask 'why not'

– လူအချို့သည် အခြေအနေကို အရင်းအတိုင်းရှုမြင်၍ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဟု မေးခွန်းထုတ်ကြသည်။

– ကျွန်ုပ်တို့သည် ဖြစ်မလာသေးသော ပန်းတိုင်များကို အိပ်မက်မက်၍ အဘယ်ကြောင့်မဖြစ်နိုင်ရမည်နည်းဟု မေးခွန်းထုတ်လိုသည်။'

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ နိုင်ငံသားတိုင်း ကြိုးစားအားထုတ်သည်နှင့်အမျှ အသေအချာဖြစ်နိုင်ခြေရှိပြီး ခေတ်မီနိုင်ငံတော်သစ်မှာ မဝေးပါဟု ဆိုချင်ပါသည်။

**အယ်ဒီတာတစ်ဦး**

■

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၂၈-၂-၂၀၀၆

* စင်ကာပူသမ္မတနိုင်ငံ NTEGRATOR Pte., Ltd. မှ Managing Director Mr. Jimmy Chang နှင့် Deputy General Manager Mr. Jason Leong တို့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၇-၃-၂၀၀၆

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA) မှ စီးပွားရေးသံမှူး Mr. Jae-Lb, OH နှင့် လက်ထောက် စီးပွားရေးသံမှူး Mr. Jong-Sang, Kim တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ Mitsubishi Corporation ၏ ရန်ကုန်အခြေစိုက်ရုံးမှ အထွေထွေမန်နေဂျာ Mr.Kigoyoshi Katagiri နှင့် အဖွဲ့ဝင်များသည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၃-၂၀၀၆

* ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၃-၂၀၀၆

* အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်သည် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Shaharuddin Bin Md.Som သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၃-၂၀၀၆

* မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် အယ်လ်ဒီပီပါတီ၏ နိုင်ငံခြားရေးမူဝါဒ ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စတာ နိဘူတာကာမချိမှုရာနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံမှ အာဆီယံဆိုင်ရာ ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများအဖွဲ့ခေါင်းဆောင်ဖြစ်သည့် Ministry of Land Infrastructure and Transport မှ Assistant Vice-Minister for International Affairs, Mr. Ryuhei Maeda ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့်အရာရှိကြီးများအဖွဲ့ခေါင်းဆောင်ဖြစ်သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၃-၂၀၀၆

* မြန်မာ–တရုတ် နှစ်နိုင်ငံ စာနယ်ဇင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ H.E Mr. Shao Huaze ခေါင်းဆောင်သော အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၃-၂၀၀၆

* New Skies Satellites Singapore B.V မှ Mr. Ronald Breggen (Corporate Head Office Netherlands) နှင့် Mr.Matthew Oh (Director Sales, Asia Pacific) တို့သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၃-၂၀၀၆

* ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Dato' Seri Syed Hamid Albar ဦးဆောင်သည့် မလေးရှားကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၉-၃-၂၀၀၆

* ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Asia Productivity Organization မှ ညွှန်ကြားရေးမှူးဖြစ်သူ Mr.Augustine Koh ခေါင်းဆောင်သော အဖွဲ့ဝင် သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၂-၃-၂၀၀၆** ✳ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

**၉-၃-၂၀၀၆** ✳ မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြား ဂြိုဟ်တုဖြင့် အဝေးမှ စူးစမ်းရှာဖွေရေးနယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကိုလည်းကောင်း၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေလေ့လာသင်ကြားမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ နှစ်နိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကိုလည်းကောင်း ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမတွင် နှစ်နိုင်ငံတာဝန်ရှိသူများအပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်။

✳ မြန်မာနိုင်ငံ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ TCIL (Telecommunications Consultants India Limited) တို့အကြား ဆက်သွယ်ရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရန်အတွက် သဘောတူကန်ထရိုက်စာချုပ်ကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ တာဝန်ရှိသူများ လက်မှတ်ရေးထိုး။

**၁၅-၃-၂၀၀၆** ✳ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် မတ်လ ၈ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၅ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်။

**၁၆-၃-၂၀၀၆** ✳ မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းထိ ကာလအတွင်း စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့သည့်အတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်။

**၁၇-၃-၂၀၀၆** ✳ မြန်မာနိုင်ငံတွင် မတ်လ ၁၆ ရက်နေ့အထိ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်များ၌ ကြက်ကောင်ရေ ၄၆၂၈ ကောင် သေဆုံးခဲ့ပြီး ၈၇၂ ကောင်ကို ဖျက်ဆီးခဲ့ခြင်းအားလည်းကောင်း၊ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်တို့၌ ကြက်ကောင်ရေ ၁၀၀၀ နှင့် ငုံးကောင်ရေ ၄၄၈၂ ကောင် သေဆုံးခဲ့ပြီး ကြက်ကောင်ရေ ၁၃၀၉၈၊ ငုံးကောင်ရေ ၂၇၀၁၈ နှင့် ငုံးဥလုံးရေ ၅၀၀၀၀ ကို ဖျက်ဆီးခဲ့ခြင်းအားလည်းကောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နိုင်ငံပိုင် သတင်းစာများတွင် ထုတ်ပြန်ကြေညာ။

✳ မြန်မာနိုင်ငံ၏ မြို့တော်သစ် နေပြည်တော်၏ မြို့တော်ဝန်အဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ခန့်အပ်လိုက်ကြောင်း မတ်လ ၁၇ ရက်နေ့ထုတ် မြန်မာတိုင်း(မ်)ဂျာနယ် အတွဲ ၁၃၊ အမှတ် ၂၅၃ တွင် ဖော်ပြ။

**၁၉-၃-၂၀၀၆** ✳ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၂ စည်ပင်လမ်းသစ်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံသစ် ဖွင့်လှစ်။

✳ အီဂျစ်အာရပ်သမ္မတနိုင်ငံ ကိုင်ရိုမြို့တွင် ကျင်းပမည့် မြန်မာ–အီဂျစ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနား တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ရန်ကုန်မြို့မှ ကိုင်ရိုမြို့သို့ထွက်ခွာ။

**၂၀-၃-၂၀၀၆** ✳ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၊ မင်းစု

www.foreverspace.com.mm



ကျေးရွာအနီးရှိ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်လှစ်။

**၂၁-၃-၂၀၀၆** ＊ပြည်တွင်းပြည်ပသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော် ဘန္ဒန္တအရိယဝံသအား အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ The United Buddhist Samgha Council of India (The Superme Buddhist Samgha Council) မှ စတုတ္ထမြောက် ဆရာတော်အဖြစ် Doctor of Tripitaka (Tripitaka Mahapandita) ဘွဲ့ကို မတ်လ ၉ ရက်နေ့တွင် ပေးအပ်ဂုဏ်ပြုချီးမြှင့်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

**၂၂-၃-၂၀၀၆** ＊ ပဲခူးတိုင်း၊ ကျောက်တံတားမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံဖွင့်လှစ်။

＊အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ(ကြည်း) တပ်မတော် Army Higher Command Course မှ Brig Gen,HH Mahajam, YSM ဦးဆောင်သော အဖွဲ့ဝင် ၁၃ ဦးပါဝင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

＊ မလေးရှားနိုင်ငံ မလေးရှားတပ်မတော် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Captain Abdul Aziz Mohd Dom ခေါင်းဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

＊မြန်မာနိုင်ငံ၏ နိုင်ငံပိုင်သတင်းစာများတွင် နေပြည်တော်၏ မိုးလေဝသအခြေအနေများကို စတင်ဖော်ပြ။

**၂၃-၃-၂၀၀၆** ＊ဧရာဝတီတိုင်း မြောင်းမြမြို့တွင် ပမ္မဝတီမြစ်ကို ဖြတ်လျက်တည်ဆောက်ထားသည့် အလျား ၁၂၆၀ ပေ၊ အကျယ် ပေ ၄၀၀ နှင့် အမြင့် ၂၀ ပေရှိသော ပမ္မဝတီတံတား (မြင်းကဆိပ်) ဖွင့်လှစ်။

＊မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Dato Seri Syed Hamid Albar ဦးဆောင်သော မလေးရှားကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ။

**၂၄-၃-၂၀၀၆** ＊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၂/ ၂၀၀၆ ဖြင့် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း၊ ဥပဒေအမှတ် ၃/ ၂၀၀၆ ဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်း။

＊ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၆၀/ ၂၀၀၆ ဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ လစာများ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်းကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၆၅/ ၂၀၀၆ ဖြင့် အငြိမ်းစား ဝန်ထမ်းများ၏ ပင်စင်လစာနှုန်းထားများ ပြောင်းလဲသတ်မှတ်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

＊စာရေးဆရာမောင်ကြည်ဟန် (ဦးမြအုန်း) (အသက် ၆၂ နှစ်) ကွယ်လွန်

**၂၆-၃-၂၀၀၆** ＊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၄၅ မိနစ် ၁၀ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၄၂၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာ ဟားခါးမြို့အနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅.၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်။

**၂၇-၃-၂၀၀၆** ＊ (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော်မြို့တော် စစ်ရေးပြကွင်း၌ ပထမဆုံးအကြိမ် ကျင်းပ။

**၂-၄-၂၀၀၆** ＊ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မြို့တော် နေပြည်တော်လေဆိပ်မှ ထွက်ခွာ။

■

www.foreverspace.com.mm



ဤကဏ္ဍတွင်......

၅၄ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၆၀ ရန်ကုန်ကုန်စည်ဈေးကွက်
၆၃ မိခင်ဘာသာစကားအတွင်း အင်္ဂလိပ်ဘာသာစကားညှပ်သုံးစွဲခြင်းနှင့် အမြင်သဘောထားနှစ်ရပ်
၆၈ ရိုးရာအစွဲအလမ်း အလယ်အလတ်လမ်းမှ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ခြင်း
၈၀ မြန်မာနိုင်ငံ၏ မီးဘေးအန္တရာယ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း
၈၆ မြန်မာနိုင်ငံ အီလက်ထရွန်နစ်ဈေးကွက်ဖော်ဆောင်မှုပုံစံများ

# ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျော်ဆန်းမင်း

ကမ္ဘာ့လူဦးရေ လျင်မြန်စွာ တိုးပွားလာခြင်းကြောင့် လူသားတို့အထူးစိုးရိမ်လာမှုမှာ စားနပ်ရိက္ခာရှားပါးလာမှုပင် ဖြစ်သည်။ စားနပ်ရိက္ခာရှားပါးလာသည့်အထဲတွင် လူသားတို့စားသုံးနေသည့် ကုန်းနေသတ္တဝါတို့၌ ရောဂါဘယထူပြောလာမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့လူသားတို့၏ စားနပ်ရိက္ခာလမ်းကြောင်းကြီးမှာ ရေနေသတ္တဝါများဘက်သို့ ဦးတည်နေကြောင်း တစ်နှစ်ထက်တစ်နှစ် စားသုံးမှုရာခိုင်နှုန်း ပိုမိုမြင့်တက်လာနေသော ရေထွက် ကုန်ပစ္စည်းထုတ်လုပ်မှု ပမာဏကိုကြည့်ခြင်းဖြင့် သိသာပါသည်။

ဝင်ငွေများစွာရနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည်ကိုလည်း သတိပြုရန်လိုပေသည်




ရေသတ္တဝါများသည် လူသားတို့၏ အဓိကစားနပ်ရိက္ခာဟု ဆိုနိုင်သော်လည်း အခြား ရေနေသတ္တဝါများထက် ငါးစားသုံးမှုမှာ တစ်နှစ်ထက်တစ်နှစ် ထူးကဲစွာ တိုးတက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းများမှာ နိုင်ငံခြားဝင်ငွေမြင့်မားစွာ ရှာဖွေပေးနေသည့်လုပ်ငန်း သို့မဟုတ် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (GDP) ကို တိုးတက်စေသည့်လုပ်ငန်းတစ်ရပ်ဖြစ်လာသည်နှင့်အမျှ ရေရှည်တွင် နိုင်ငံခြားဝင်ငွေ စဉ်ဆက်မပြတ် တိုးတက်ရှာဖွေပေးနိုင်သည့် ရေနေသတ္တဝါများနှင့် အပင်များ မှီတင်းနေထိုင်ရာဂေဟ


www.foreverspace.com.mm



**ဇယား (၁) ရေထွက်ပစ္စည်းနှစ်အလိုက်တင်ပို့မှု (တန်ချိန်)**




**ဇယား (၂) ရေထွက်ပစ္စည်းနှစ်အလိုက်တင်ပို့မှု (တန်ဘိုး)**




စနစ်ကြီး သဘာဝအတိုင်းမပျက်မယွင်းဖို့ရာ များစွာလိုအပ်ပါသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းမှာ ၂၈၃၀ ကီလိုမီတာခန့်ရှည်လျားပြီး မြန်မာ့ပင်လယ်ပြင်မှ နှစ်စဉ်ရေငန်ငါးနှင့် ပုစွန်ပမာဏ ၁.၀၅ သန်းခန့် ဖမ်းဆီးထုတ်လုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရေချိုငါးများ ပေါက်ဖွားရှင်သန်ရာ အင်းပေါင်း ၃၇၁၇ အင်းရှိပြီး မြစ်ချောင်းအင်းအိုင်များ ပေါများစွာရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

## ရေချိုငါးများနှင့် ပတ်ဝန်းကျင်

မြန်မာလူမျိုးများမှာ ရှေးယခင်က ပင်လယ်ငါးစားသုံးမှုအလေ့အထမရှိခဲ့ကြဘဲ ရေချိုငါးများကိုသာ အဓိကထားစားသုံးခဲ့ကြသည်။ ငါးကို သာမန်ချက်ပြုတ်စားသောက်ရုံသာမက ရေချိုငါးပိ၊ ငါးခြောက်၊ ငါးချဉ်၊ ရေချိုမှျင်ငါးပိ၊ ငါးပိကောင်၊ ငါးဆားနယ်၊ ပုစွန်ခြောက်၊ ပုစွန်ချဉ်နှင့် ငါး/ပုစွန် ငံပြာရည်တို့ကို ရှေးနှစ်ပေါင်းများစွာကတည်းက ယခုတိုင် မိရိုးဖလာအစားအစာအနေဖြင့် ခုံမင်စွာ စားသောက်ကြခြင်းကို ကြည့်ခြင်းဖြင့် မြန်မာလူမျိုးတို့၏ ပင်မဟင်းအဖြစ် စားသုံးသောအစာမှာ ငါးဖြစ်ကြောင်း သိသာလှသည်။

မြန်မာနိုင်ငံတွင် ဒေသခံရေချိုငါးမျိုးစိတ်ပေါင်း ၂၀ ကျော်ရှိပြီး ယင်းရေချိုငါးများကို ယခုအခါပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဈေးကောင်းရနေကြောင်း၊ ဒေသခံငါးအချို့မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေခြင်းကြောင့် ရှားပါးရေချိုငါးရိုင်းများကို သိပ္ပံနည်းကျ ငါးသားဖောက်နည်းများ စမ်းသပ်လုပ်ကိုင်နေကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝမှာ ငါးရစ်ငါးများ လွတ်လပ်စွာပေါက်ဖွားခွင့်ရရှိပြီး ငါးရစ်လိုက်မည့်ကွင်း

www.foreverspace.com.mm



(Spawning Ground) များ တည်ရှိမှုနှင့် ငါးမှန်၊ ငါးသန်များ ပေါက်ဖွားရှင်သန်ရာ သဘာဝစားကျက်နေရာ (Habitat)၊ ပေါများစွာရှိခြင်းကြောင့် ငါး၊ ပုစွန်များ ပေါကြွယ်ဝသော်လည်း ယခုအခါ ရှာဖွေဖမ်းဆီးသူများနှင့် စားသုံးသည့်လူဦးရေများပြားလာခြင်း၊ ရှာဖွေဖမ်းဆီးမှုနည်းစနစ်နှင့် ဖမ်းဆီးမှုများ ထွန်းကားလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအသုံးပြုမှုများလာခြင်း၊ စိုက်ပျိုးရေးကို အဓိက ဦးစားပေးသည့်စနစ်ကြောင့် ငါးများ ပေါက်ဖွားရှင်သန်ကြီးထွားရာနေရာနှင့် ကွင်းကြီးများလျော့နည်းလာခြင်းတို့ကြောင့် သဘာဝရေချိုငါးထုတ်လုပ်မှုမှာ ယခင်ကထက် တဖြည်းဖြည်းကျဆင်းလာနေသည်ကို တွေ့ရကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး (၅) ဦးဝင်းကြိုင်က ဆိုသည်။

## ပင်လယ်သတ္တဝါနှင့် ပတ်ဝန်းကျင်

မြန်မာ့ငါးဖမ်းလုပ်ငန်းခွင်တွင် လှေသင်္ဘောပေါင်း ၃၀၀၀၀ နီးပါးရှိပြီး ကမ်းဝေးငါးဖမ်းသင်္ဘော ၂၀၀၀ ခန့်ရှိကြောင်း၊ ရေငန်ငါးထုတ်လုပ်မှုမှာ ၂၀၀၄–၂၀၀၅ ခုနှစ်တွင် မက်ထရစ်တန် ၁.၂ သန်းခန့်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်သော ၂၀၀၄–၂၀၀၅ ခုနှစ် စာရင်းများအရ သိရသည်။

မြန်မာ့ပင်လယ်ပြင်တွင် သဘာဝအတိုင်း ဖြစ်ထွန်းနေသော ငါးစာများ ပေါကြွယ်ဝမှု၊ ငါး၊ ပုစွန်များ ပေါက်ဖွားရှင်သန်ရာနေရာ ပေါများမှုတို့ကြောင့် တစ်ချိန်က ငါး၊ ပုစွန်အပါအဝင် အခြားရေငန်သတ္တဝါများ ပေါများစွာရှိခဲ့သော်လည်း ယခုအခါ ၎င်းတို့ကို မဆင်မခြင်ဖမ်းဆီးနေမှုကြောင့် ဖမ်းဆီးရမိသော ငါး၊ ပုစွန်များ အရွယ်အစားသေးငယ်လာခြင်း၊ ဖမ်းဆီးရမိနိုင်သော ငါးပမာဏလျော့နည်းလာခြင်းတို့ ဖြစ်ပေါ်လာသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် အမေရိကန်နိုင်ငံလုပ် Fishfinder 250 နှင့် GPS MAP 178 C Sounder စသော ငါးရှာဖွေရေးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုလာကြကြောင်း၊ Fishfinder 250 မှာ ရေအနက်ပေ ၁၅၀၀ အထိ တိုင်းတာနိုင်ပြီး ရေအောက်ပေအနက် မည်မျှတွင် ငါး မည်မျှရှိသည်ကို ခန့်မှန်းနိုင်ရန် GPS MAP 178 Sounder မှာ GPS စနစ်ပါရှိ၍ ငါးအမိများသောနေရာများ၊ ငါးအုပ်တွေ့ရှိရာနေရာများကို တည်နေရာပေါင်း ၃၀၀၀ အထိ ထည့်သွင်းမှတ်သားနိုင်ကြောင်း၊ ယင်းကိရိယာများပေါ်ပေါက်လာမှုကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများအတွက် ကောင်းသည်များရှိသကဲ့သို့ ငါးမျိုးပြုန်းတီးမှုကို မြန်ဆန်စေနိုင်ကြောင်း ဖွံ့ဖြိုးရေးနှင့် သုတေသနအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

## ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်

မြန်မာ့ပင်လယ်ပြင်နှင့် သဘာဝအင်း၊ အိုင်၊ မြစ်ချောင်းများမှ ဖမ်းဆီးရရှိနေသော ငါး၊ ပုစွန်များမှာ အကန့်အသတ်ဖြင့်သာရှိနေခြင်း၊ ဖမ်းဆီးရမိသော ငါး၊ ပုစွန်အရွယ်အစားသေးငယ်လာခြင်းတို့ကြောင့် ငါး၊ ပုစွန်များဖမ်းဆီးရမိမှုနည်းလာသဖြင့် ငါးမွေးမြူရေးကန်များဖော်ထုတ်မွေးမြူခြင်း၊ သဘာဝမြစ်ချောင်း၊ အင်း၊ အိုင်များတွင် ငါးမျိုးစိတ်ထည့်သွင်းမွေးမြူခြင်း၊ စပါးစိုက်လယ်မြေများတွင် ငါးမျိုးစိုက်ထည့်မွေးမြူခြင်း

**ဇယား (၃)**

**ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမျိုးများ မျိုးစိုက်ထည့်မှု အခြေပြဇယားကောင်ရေ (သိန်းပေါင်း)**

| စဉ် | ခုနှစ် | ဧရာဝတီ မျိုးစိုက် | | သဘာဝမြစ်ချောင်း မျိုးစိုက် | | ဆည်/တမံ/ ရေလှောင်ကန်မျိုးစိုက် | | စုစုပေါင်း | စပါးခင်းများ အတွင်း ငါးမျိုးစိုက် ထည့်ခြင်း |
|---|---|---|---|---|---|---|---|---|---|
| | | ငါးသန် | ငါးမှန် | ငါးသန် | ငါးမှန် | ငါးသန် | ငါးမှန် | | |
| ၁။ | ၂၀၀၀–၀၁ | ၅၂.၀ | ၁၂၁၀ | ၂၄၉.၈ | ၂၅.၀၀ | ၂၁၁.၇၂ | ၁၃၅.၅၀ | ၁၈၈၄.၂၂ | |
| ၂။ | ၂၀၀၁–၀၂ | ၁၄.၀၃ | ၁၃၃၃ | ၄၈.၀၅ | ၃၅၁.၈၅ | ၁၃၀.၇၈ | ၂၁၆.၀၀ | ၂၀၉၃.၇၁ | |
| ၃။ | ၂၀၀၂–၀၃ | ၃၂.၅၃ | ၁၅၆၀ | ၁၉၀.၅ | ၂၀၀.၀၀ | ၁၈၇.၉၀ | ၂၀၀.၁၄၃ | ၂၃၇၁.၀၇ | |
| ၄။ | ၂၀၀၃–၀၄ | ၅၆.၁၅ | ၁၇၂၄ | ၁၇၉.၇၂ | ၄၄၃.၀၀ | ၂၉၈.၆၄ | ၈၀၁.၃၀ | ၃၅၀၂.၈၁ | ၃၂.၇၉ |
| ၅။ | ၂၀၀၄–၀၅ | ၃၁.၈၄ | ၁၈၃၅.၅ | ၂၁၂.၇၃ | ၄၂၀.၀၀ | ၄၇၂.၇၄ | ၆၁၃.၉၀ | ၃၅၈၆.၇၁ | ၄၉.၁၁ |
| | စုစုပေါင်း | ၁၈၆.၇၅ | ၇၆၆၂.၅၀ | ၈၈၀.၈၀ | ၁၄၃၉.၈၅ | ၁၃၀၁.၇၈ | ၁၉၆၆.၈၄ | ၁၃၄၃၈.၅၂ | |

www.foreverspace.com.mm



တို့ကို ငါးလုပ်ငန်းဦးစီးဌာနက ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။ (ဇယား-၃)

မြန်မာနိုင်ငံ၏ အင်းအိုင်လုပ်ငန်းများသည် နိုင်ငံ့ဝင်ငွေရှာဖွေပေးနေသည့် လုပ်ငန်းများဖြစ်သည့်အပြင် နိုင်ငံသားများ၏ စားနပ်ရိက္ခာကိုပါ ဖြည့်တင်းပေးနေသည့် ရိက္ခာအိုးများလည်း ဖြစ်သည်။ အဆိုပါအင်းအိုင်များမှ နှစ်စဉ်အခွန်အခများ ရှာဖွေပေးလျက်ရှိရာ ၂၀၀၄- ၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း ၁၈၄၀.၄ ကို ရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငါးမွေးကန်များမှ အသုံးပြုပြီး ညစ်ညမ်းရေများ ပိုမိုများပြားလာကြောင်း၊ အစာ၏အရည်အသွေးနှင့် အစာ၏ အသားတိုးနှုန်းသည် ကန်၏အညစ်အကြေးပမာဏနှင့် ဆက်စပ်လျက်ရှိကြောင်း၊ ကန်အတွင်း ငါးမှစွန့်ထုတ်သော အညစ်အကြေးများနှင့် ငါး စာအလေအလွင့်များကြောင့် ကန်၏ ကြမ်းပြင်ကို ညစ်ညမ်းစေနိုင်သည့်အတွက် အစာကျွေးရာတွင် ကုန်ကျမည့်အစာပမာဏကို တွက်ချက်ပြီး ကုန်ကျမည့် အစာထက် အနည်းငယ်လျှော့ကျွေးခြင်း၊ အစာတိုင်၏ အောက်ခြေတွင် အစာအကြွင်းအကျန်ရှိ/ မရှိကို နေ့စဉ်စစ်ဆေးခြင်း၊ အစာတိုင်တွင် အနံ့ဆိုးများရှိပါက သန့်ရှင်းရေးပြုလုပ်ပေးပြီး ညစ်ညမ်းမှုများဖြစ်လာပါက ရေကောင်းရေသန့် မောင်းထည့်လဲလှယ်ခြင်းများ ပြုလုပ်သင့်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးအေးကိုက ဆိုသည်။

ပုစွန်မွေးမြူရေးကန်များတွင်လည်း ကန်ပမာဏနှင့် ထည့်သွင်းမွေးမြူသော ပုစွန်အရေအတွက် လိုက်လျောညီထွေဖြစ်ရန်လိုကြောင်း၊ ယင်းသို့မဟုတ်ဘဲ ထည့်သွင်းသည့် ပုစွန်ပမာဏထက် ပိုမိုထည့်သွင်းမွေးမြူပါက ပုစွန်များမှ စွန့်ထုတ်သော အညစ်အကြေးများမှာ ကန်ကို များစွာညစ်ညမ်းစေရုံသာမက ယင်းကန်များမှ လှယ်ထုတ်သည့်ရေများသည် မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်ရောက်ရှိသွားပါက ရေထုညစ်ညမ်းစေကြောင်း၊ ထို့ကြောင့် ကန်များမှထွက်လာသော ရေဆိုးရေညစ်များကို မြစ်၊ ချောင်းများထဲသို့ တိုက်ရိုက်မစွန့်ပစ်ဘဲ ရေအနည်ထိုင်ကန်သီးသန့်ထား၍ အနည်ထိုင်စေပြီးမှ ပြန်လည်စွန့်ထုတ်သင့်ကြောင်း၊ ယင်းသို့ပြုလုပ်ပါက ကျန်ရှိသည့်အနည်များကို စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေဩဇာအဖြစ် သုံးနိုင်ပြီး ရေထုညစ်ညမ်းမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပေးအရာရှိ ဦးလှဝင်းက ဆိုသည်။



ကဏန်းမွေးမြူရေးလုပ်ငန်းသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်

## ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများ

ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုတိုးတက်လာသည့်အတွက် ငါး၊ ပုစွန် ဖမ်းဆီး၊ ဝယ်ယူ၊ စုဆောင်းသူများမှာ ဖမ်းဆီးရမိသမျှ ငါး၊ ပုစွန်များကို ပြည်ပတင်ပို့ရန် ကြိုးပမ်းလာမှုကြောင့် သားပေါက်ရာသီချိန်များတွင် ဥကပ်နေသော ငါး၊ ပုစွန်များ သေကြေပျက်စီးဆုံးရှုံးကြရသည်။ ယင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ရေနေသယံဇာတများ ရေရှည်တည်တံ့စေရန် တိုင်းရင်းနေ ရေသတ္တဝါများ ပြုန်းတီးမှုမှ ကာကွယ်နိုင်ရန် မျိုးကောင်းမျိုးသန့်များတိုးတက်ပွားများလာစေရန်နှင့် ရေရှည်တွင် ပေါကြွယ်ဝလာစေရန် ရည်ရွယ်၍ ရေသတ္တဝါအရှင်များ ငါးရစ်တက်၍ မိတ်လိုက်သားပေါက်ဖွားသည့် ရာသီချိန်တွင် မိတ်လိုက်ပေါက်ဖွားမှုအား နှောင့်ယှက်မှုမဖြစ်စေရေးအတွက် ဖမ်းယူခြင်း၊ သယ်ယူခြင်း၊ နှောင့်ယှက်ခြင်း၊ သိုလှောင်၊ ရောင်းဝယ်ခြင်းမပြုလုပ်ရန် တားမြစ်ချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ရေချိုငါးအားလုံးကို မေ၊ ဇွန်၊ ဇူလိုင် သုံးလအတွင်းတွင်လည်းကောင်း၊ ရေချိုပုစွန်တုပ်ကြီး (Mrosenbergii)နှင့် ရေချိုပုစွန်တုပ်ကြီးလက်မကား (M.malcolmonii)

www.foreverspace.com.mm



များကို တန်ခူး၊ ကဆုန်၊ နယုန်သုံးလတွင် လည်းကောင်း၊ ရေငန်ပုစွန်များဖြစ်သည့် ပုစွန်ကျား (P.monodon)၊ ရေလိုက်ပုစွန် (Pidicus)၊ ပုစွန်ဖြူ (P.merguinesis)၊ ပုစွန်မီးနီ (P.latisuleatus)၊ ပုစွန်စိမ်းကျား (Psemisuleatus)၊ သံပုစွန် (P.Japonicus) နှင့် ငါးများကို ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ သုံးလအတွင်းလည်းကောင်း စုဆောင်းခွင့်ပိတ်ပင်ထားကြောင်း ဖော်ပြထားသည်။

ထို့အပြင် ယခုအခါ ကျောက်ငါး (Grouper)၊ ကျောက်ပုစွန် (Lobster)နှင့် ကင်းပုစွန် (Slipper Lobster)မျိုးများအား ကမ်းရိုးတန်းဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖမ်းယူစုဆောင်းသယ်ယူလျက်ရှိနေခြင်းကြောင့် အဆိုပါကျောက်ငါး၊ ကျောက်ပုစွန်နှင့် ကင်းပုစွန်များ ဝယ်ယူမှုစုဆောင်းခွင့်ကို အဆိုပါအချိန်ကာလအတိုင်း သားပေါက်ရာသီများတွင် ပုံမှန်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ ရက်စွဲဖြင့် ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ရေငန်ပုစွန်အမကြီးများအား ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ဖမ်းယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းမပြုလုပ်ရန်နှင့် ရေလုပ်သားများသည် ငါးဖမ်းကိရိယာများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော ရေငန်ပုစွန်အမကြီးများအား မတော်တဆဖမ်းဆီးရမိခဲ့လျှင် အမြန်ဆုံးအရှင်အတိုင်း ပြန်လွှတ်ပေးရမည်ဟု ထုတ်ပြန်ခဲ့သည်။

ဧရာဝတီလင်းပိုင်များ၊ ရေနဂါးများကဲ့သို့ ရှားပါးငါးမျိုးများ ဖမ်းဆီးသတ်ဖြတ်ခြင်းကိုလည်း တားမြစ်ချက်ထုတ်ပြန်ခဲ့ပြီး အင်းများ ဖျက်ဆီးခြင်း၊ အင်းနယ်နိမိတ်အတွင်း ငါးကန်များ ဝင်ရောက်တူးဖော်ခြင်းနှင့် အင်းရေလမ်းကြောင်း ပြောင်းလဲမှုဖြစ်ပေါ်စေရန် လုပ်ဆောင်ခြင်းများမပြုလုပ်ရန် တားမြစ်ချက်များလည်း ထုတ်ပြန်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

## NGO အဖွဲ့အစည်းများနှင့် ဆောင်ရွက်မှုများ

SEAFDC (South East Asian Fisheries Development Centre) အဖွဲ့ကြီးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော အရှေ့တောင်အာရှ ၁၀ နိုင်ငံနှင့် အဖွဲ့ဝင် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံများအကြား ရေသတ္တဝါများမျိုးမတုံးရေး၊ ရေရှည်တည်တံ့စေရေး၊ ရေထွက်ကုန်ပစ္စည်းများ စနစ်တကျ ထုတ်လုပ်စေရေး၊ အန္တရာယ်ကင်းသော ရေထွက်ကုန်များ ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

Sida (Swedish Board of Fisheries Sweden) အဖွဲ့ကြီးမှာမူ FAO ၏ COFI (26th Section of FAO Committee on Fisheries) အစည်းအဝေးတွင် အာဆီယံနိုင်ငံများအတွင်း ရေထွက်ကုန်ပစ္စည်းများတွင် Eco-Labelling လုပ်ဆောင်ရေးနှင့် ပတ်သက်၍ နိုင်ငံအသီးသီး၏ လက်ရှိဆောင်ရွက်နေသော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်အခြေအနေများအား ကြိုတင်လေ့လာရန် စီမံကိန်းတွင် ဦးစီးဦးဆောင်ပြုသောအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

ယင်းအဖွဲ့အစည်းမှ လုပ်ဆောင်နေသော Eco-Labelling စနစ်မှာ ထုတ်လုပ်လိုက်သော ရေထွက်ကုန်ပစ္စည်းများကို မည်သည့်နေရာမှရသည်၊ မည်သို့သယ်ဆောင်၍ မည်သို့ထုတ်လုပ်သည် စသဖြင့် အသေးစိတ်အချက်အလက်များပါဝင်သည့် တံဆိပ် (Label) ကို ဆိုလိုသည်။ အဆိုပါတံဆိပ်ကပ်ထားခြင်းဖြင့် ထုတ်လုပ်လိုက်သော ရေထွက်ကုန်များ၏ သမိုင်းကို သိရှိနိုင်သည့်အတွက် စားသုံးရာတွင် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာပါက ပြန်လည်၍ ခြေရာကောက်နိုင်ခြင်းနှင့် ထုတ်လုပ်သည့်ပစ္စည်းမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုရှိ/မရှိကိုလည်း ခြေရာကောက်စုံစမ်းနိုင်ခြင်းကြောင့် ထုတ်လုပ်သူများမှာ မိမိထုတ်လုပ်သောပစ္စည်းပေါ်တွင် ဘေးဥပဒ်ကင်းရှင်း

**ငါးစားသုံးခြင်းအားဖြင့် ကျန်းမာရေးနှင့်လည်း ညီညွတ်၊ တွက်ခြေလည်းကိုက်သည်**



www.foreverspace.com.mm





**မြန်မာနိုင်ငံ ကုန်းတွင်းပိုင်းဒေသများအတွက် ငါးဆားနယ်လုပ်ငန်းသည်လည်း ပမာဏကြီးမားစွာရှိနေသည်**

ကြောင်း အာမခံအပြည့်အဝပေးရမည်ဖြစ်သကဲ့သို့ စားသုံးသူများအနေဖြင့်လည်း စိတ်ချလက်ချ စားသုံးနိုင်ကြမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပေးအရာရှိ ဦးလှဝင်းက ဆိုသည်။

ပြည်တွင်း NGO အဖွဲ့အစည်းတစ်ခုဖြစ်သည့် Myanmar Aqua Organic Group ကို ၂၀၀၆ ခုနှစ် မတ်လ ၁၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများကို Organic ထုတ်ကုန်အဖြစ် ထုတ်လုပ်မည်ဖြစ်ကြောင်း၊ Organic ထုတ်ကုန်ပစ္စည်းဆိုသည်မှာ ဓာတုဗေဒပစ္စည်းများ၊ ရောဂါပိုးများ ကင်းစင်ရမည်ဖြစ်ပြီး သစ်တောနှင့် ဒီရေတောများကို ခုတ်လှဲ၍ ငါး၊ ပုစွန်မွေးမြူခြင်းကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုမရှိဘဲ ထုတ်လုပ်ထားသော ရေထွက်ကုန်ပစ္စည်းများကိုဆိုလိုကြောင်း၊ Organic ထုတ်ကုန်များမှာ သမားရိုးကျ ထုတ်ကုန်များထက် ၁၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ ဈေးရရှိကာ အကောက်ခွန်ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးနှင်းဦးက ဆိုသည်။

## သုံးသပ်ချက်

ရေထွက်ပစ္စည်းသယံဇာတ မျိုးမတုံးဘဲ ရေရှည်ပြည်ပတင်ပို့နိုင်ရန် ဒေါင်လိုက် ၈.၁၅ စင်တီမီတာနှင့် ကန့်လန့် ၆.၁၅ စင်တီမီတာအရွယ်အောက်ငယ်သော ကဏန်းများကို ဖမ်းဆီးခြင်း၊ ရောင်းဝယ်ခြင်း၊ ပြည်ပတင်ပို့ခြင်းမပြုရန်လိုအပ်ပြီး ၁၅၀ gm အောက်အရွယ် ကျောက်ပုစွန်များကို ဖမ်းဆီးခြင်း၊ အေးခဲခြင်း၊ ပြည်ပတင်ပို့ခြင်းမပြုလုပ်ကြရန်နှင့် ၃ စင်တီမီတာလုံးပတ်အောက်ငယ်သော ငါးရှဉ့်များဖမ်းဆီးခြင်း၊ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းမပြုရန်လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ပျက်စီးမှုမရှိရေးနှင့် ညစ်ညမ်းမှုကင်းစေရန် CFC ဓာတ်ငွေ့များဖြစ်သော ဖရီယွန်ဓာတ်ငွေ့ကို အအေးခန်းလုပ်ငန်းတွင်သာသုံးရန်နှင့် အအေးခန်းများတွင် အသုံးပြုပြီးသော ရေဆိုးများကို သန့်စင်ပြီးမှ ပတ်ဝန်းကျင်သို့ စွန့်ထုတ်သင့်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လှက အကြံပြုပြောကြားသည်။

မြန်မာနိုင်ငံတွင် တိုးတက်လာသော လူဦးရေနှင့် လျော့ကျလာသောကုန်းတွင်းငါးထုတ်လုပ်မှုကြောင့် သိပ္ပံနည်းကျ ငါးမွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန်လိုသော်လည်း ငါးမွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးများ၍ အစာကုန်ကြမ်းအခက်အခဲရှိကြောင်း၊ အထူးသဖြင့် ငါးမွေးမြူရေးလုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းမှာ အစာအတွက် ကုန်ကျစရိတ်ဖြစ်နေခြင်းကြောင့် အစာအတွက် ကုန်ကျစရိတ်လုံးဝမလိုသော အင်း၊ အိုင်၊ မြစ်ချောင်းများတွင် ငါးများထည့်သွင်းမွေးမြူခြင်းကို တိုးတက်လာစေရန် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေမည့်လုပ်ဆောင်ခြင်းများကို အထူးကြပ်မတ်ထိန်းသိမ်းသင့်ကြောင်း၊ အင်းများအတွင်း ငါးများပေါက်ဖွားရှင်သန်ကြီးပြင်းရာနေရာ (Habitat) များကို ပြုပြင်ပေးရန်လိုအပ်ကြောင်း၊ ငါးများမျိုးမတုံးစေရန်အတွက် ဖမ်းဆီးနေသောစနစ်များကို အထူးကြပ်မတ်တားဆီးသင့်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး (၅) ဦးဝင်းကြိုင်က ဆိုသည်။

## နိဂုံး

ရေချို၊ ရေငန်ငါးဖမ်းဆီးသူများမှာ ငါးများများရရှိရေးတစ်ခုတည်းကိုသာ ဦးတည်ချက်ထားပြီး သဘာဝငါးမျိုးများ မျိုးတုံးသွားမည်ကို သတိမမူမိဘဲ သက်ဆိုင်ရာအာဏာပိုင်များ၏ ထိန်းကွပ်မှုမှ ကင်းလွတ်သည့်နေရာများတွင် ငါးများများရရှိနိုင်ရန် လျှပ်စစ်ဖြင့် ရှော့ခ်ရိုက်၍ ငါးဖမ်းခြင်း၊ ဓာတုဗေဒဆေးများဖြင့် ငါးဖမ်းခြင်း၊ ငါးအမျိုးအစားအလိုက် ဖမ်းဆီးရမည့် ပိုက်အရွယ်အစားသတ်မှတ်ထားသော်လည်း လိုက်နာမှုမရှိခြင်း စသည်တို့ရှိနေကြောင်း ယင်းနယ်ပယ်အတွင်းမှ ကြားသိရပါသည်။ အဆိုပါအပြုအမူများက သဘာဝရေမြေများ တစ်နေ့တခြား ပျက်စီးယိုယွင်းစေပြီး မြန်မာ့ပင်လယ်ပြင်ရှိ ရေနေသတ္တဝါများနှင့် မြန်မာ့တိုင်းရင်းငါးများမှာလည်း တစ်နေ့တခြား မျိုးတုံးသွားစေပါသည်။ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ထိန်းသိမ်းမှုများ ဆောင်ရွက်နေသော်လည်း ရေလုပ်သားများမှာ လိုက်နာမှုမရှိဘဲ အခွင့်သင့်လျှင်သင့်သလို ချိုးဖောက်နေမှုကြောင့် လောလောဆယ်ရာနှုန်းပြည့်အောင်မြင်ရန် ခဲယဉ်းနေပေသည်။

မြန်မာ့ရေသယံဇာတများ ရေရှည်တည်တံ့နိုင်ရန်အတွက် ထိန်းသိမ်းမှုများ ပြုလုပ်ရန် လိုအပ်နေကြောင်းကို မြန်မာရေလုပ်သားတို့ ထဲထဲဝင်ဝင် သိရှိနားလည်လာပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်သင့်ပြီဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးသုတေသီတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကျော်ဆန်းမင်း**

■

www.foreverspace.com.mm



**ရန်ကုန်မြို့ရှိ အခြေခံစားသောက်ကုန် တစ်ဆင့်ပြန်လည်ရောင်းချသူများ၏ ဝယ်ယူရာဈေးကွက်ဖြစ်သည့် ညောင်ပင်လေးဈေးနှင့် မြန်မာတစ်နိုင်ငံလုံးနှင့် ပြည်ပနိုင်ငံများသို့ အခြေခံစားကုန်သီးနှံများတင်ပို့ရာတွင် အချက်အချာကျသော ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ကုန်စည်တို့၏ ဈေးကွက်အခြေအနေသည် သင်္ကြန်ရက်နီးကပ်လာခြင်းနှင့် နိုင်ငံ့ဝန်ထမ်းအသီးသီး၏ အခြေခံလစာတိုးမြှင့်သတ်မှတ်ခြင်းတို့၏ သက်ရောက်မှုကြောင့် မတ်လနှောင်းပိုင်းရက်များအတွင်း ဈေးနှုန်းပြောင်းလဲမှုများ မြန်ဆန်သွားခဲ့ပြီး လက်ကားအရောင်းသမားများထက် လက်လီအရောင်းဈေးကွက်၏ ဝယ်လိုအားကို ပိုမိုအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း ဝါရင့်ကုန်သည်လုပ်ငန်းရှင်များက တညီတညွတ်တည်း မှတ်ချက်ပြုသည်။**

# ရန်ကုန် ကုန်စည်ဈေးကွက်

**သန်းထိုက်သူ ၊ သစ်ထွင့်**



## ပဲမျိုးစုံ

ယခုနှစ် ပဲမျိုးစုံဈေးကွက်သည် ပြည်ပဝယ်လိုအားမြင့်မားနေခြင်းကြောင့် ကောင်းမွန်သောဈေးကွက်တစ်ရပ်ပင်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ဝယ်လိုအားအပေါ် မှီခို၍ အတက်အကျဖြစ်ပေါ်သော ပဲဈေးကွက်မှာ ဝန်ထမ်းများ လစာတိုးမြှင့်ခြင်း အကျိုးဆက်၏သက်ရောက်မှုကို များစွာမခံစားရပါကြောင်း ပဲမျိုးစုံပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ပြည်ပအဝယ်များသောပဲများဖြစ်သည့် ပဲတီစိမ်းမှာ တစ်အိတ်လျှင် ၆၀,၀၀၀ ကျပ်ဝန်းကျင်၊ မတ်ပဲ ၅၈,၀၀၀ ကျပ်ဝန်းကျင်၊ ပဲလွန်းဖြူ ၅၀,၀၀၀ ကျပ်ဝန်းကျင်နှင့် ပဲစင်းငုံ တစ်တန်ဈေး ၃၅၀,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိပြီး ယင်းပဲများမှာ သင်္ကြန်ကာလအပြီးတွင် ပစ္စည်းပြတ်လပ်ဖွယ်ရှိသည်ဟု ၄င်းက ဆိုသည်။

အခြားပဲများဖြစ်သော ပဲလွန်းနီ တစ်အိတ်လျှင် ၂၈,၀၀၀ ကျပ်ဝန်းကျင်၊ ဘိုကိတ်ပဲ ၃၂,၀၀၀ ကျပ်ဝန်းကျင်၊ ပဲနီပြားနှင့် ပဲထောပတ် ၂၉,၀၀၀ ကျပ်ဝန်းကျင်တွင်ရှိပြီး အရောင်းအဝယ်ပုံမှန်တွင်ရှိကြောင်း၊ ပြောင်းဆန်မှာမူ ကြက်ငှက်တုပ်ကွေးဂယက်ကြောင့် တစ်အိတ် ၁၀,၀၀၀ ကျပ်ဝန်းကျင်သာရှိပြီး ဝယ်လိုအား သိသိသာသာ ကျဆင်းသွားကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ကြက်သွန်၊ ငရုတ်၊ အာလူး

ပုံမှန်ထွက်ရမည့်ကာလထက် တစ်လနောက်ဆုတ်၍ ဝင်ရောက်လာသော ငရုတ်သီးသည် ယခုနှစ်အတွက် ဈေးကောင်းရရှိမည်ဖြစ်ပြီး ပစ္စည်းအရည်အသွေးလည်းကောင်းမွန်သည်ဟု ကုန်သည်များက ဆိုသည်။ မိုးထောင်ငရုတ်မှာ ဈေးကွက်အတွင်းမှာမူ လက်ကျန်နည်းနေပြီဖြစ်၍ တစ်ပိဿာ ၁၂၀၀ ကျပ်မှ ၁၇၀၀ ကျပ်ဝန်းကျင်တွင်ရှိပြီး ပစ္စည်းပြတ်လပ်တော့မည်ဖြစ်ကြောင်း၊ ငရုတ်ရှည်မှာမူ ၁၂၀၀ ကျပ်မှ ၁၇၀၀ ကျပ်ဝန်းကျင်တွင်ရှိပြီး သိသာသောဝယ်လိုအားမရှိသော်လည်း နယ်မြို့များသို့ တင်ပို့ရန်ကန့်သတ်ချက်များရှိ၍ ရန်ကုန်သို့ ပစ္စည်းများ စုပြုံ၍ ဝင်ရောက်လာကြောင်း၊ ပွဲရုံဝင်းအတွင်းသို့ တစ်နေ့လျှင် ကားစီးရေပျမ်းမျှ ၃၅ စီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း ငရုတ်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ သင်္ကြန်ကာလအပြီး ပစ္စည်းထပ်မံဝင်ရောက်လာပါက ဈေးကျဖွယ်ရှိသော်လည်း ငရုတ်အများစုမှာ ရေနက်ကွင်းများတွင် စိုက်ပျိုးခြင်းဖြစ်၍ ယင်း

www.foreverspace.com.mm





ကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းပါက အပျက်အစီးများမည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းမှာ ယခုပေါက်ဈေးထက် မြင့်တက်လာမည်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အာလူးဈေးကွက်မှာမူ ငြိမ်သက်လျက်ရှိပြီး သင်္ကြန်ကာလအပြီးတွင် ရှမ်းသီးများ ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ ယခုဈေးကွက်အတွင်းရှိသော အရည်အသွေးညံ့ ဆင်ဖြူကျွန်းအာလူးမှာ တစ်ပိဿာ ၂၅၀ ကျပ်မှ ၄၅၀ ကျပ်အတွင်းရှိကြောင်း စုံစမ်းသိရှိရသည်။

ကြက်သွန်နီသည် ဘုရင့်နောင်ပွဲရုံသို့ နေ့စဉ် ကားအစီး ၂၀ ခန့် ပုံမှန်ဝင်ရောက်လာပြီး ဈေးနှုန်းမှာ တစ်ပိဿာ ၅၀၀ ကျပ်ဝန်းကျင်သို့ ပြန်လည်ကျဆင်းခဲ့သည်ဟု ဆိုသည်။

ကြက်သွန်ဖြူမှာမူ အရောင်းအဝယ်ပုံမှန်တွင်ရှိပြီး တစ်ပိဿာ ၇၀၀ ကျပ်မှ ၁၀၀၀ ကျပ်ပတ်ဝန်းကျင်တွင်ရှိကြောင်း၊ သင်္ကြန်ကာလအပြီးတွင် ဈေးနှုန်းပြန်ဆင်းနိုင်ကြောင်း ပွဲရုံလုပ်ငန်းရှင်များက ပြောကြားသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ပြည်တွင်းထုတ်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များလည်း မတ်လကုန်ပိုင်းတွင် ဈေးနှုန်းများ တက်ရိပ်ပြခဲ့ရာ အချို့ဆပ်ပြာမှုန့်ထုတ်ကုမ္ပဏီများမှာ ကုန်သွယ်မှုဖလှယ်နှုန်းထားများ၏ အခြေအနေအရ အရောင်းရပ်နားထားကြောင်း၊ မကြာမီ ဈေးကွက်ထဲသို့ ဈေးနှုန်းအပြောင်းအလဲဖြင့် ပြန်လည်ဝင်ရောက်လာဖွယ်ရှိကြောင်း ညောင်ပင်လေးဈေးရှိ ဆပ်ပြာအရောင်းဆိုင်များမှ စုံစမ်းသိရှိရသည်။ ဆပ်ပြာဈေးနှုန်းမှာ နွေရာသီကာလနှင့်အညီ တက်ရိပ်ပြလျက်ရှိပြီး ကုန်ကြမ်းဝယ်ယူရသည့်အခြေအနေအရ ဈေးနှုန်းအပြောင်းအလဲရှိသလို ပြည်တွင်းထုတ်ဆပ်ပြာကုမ္ပဏီများ၏ ဈေးကွက်ပြိုင်ဆိုင်မှုအရလည်း ဈေးနှုန်းအပေါ် သက်ရောက်မှုရှိကြောင်း ဆပ်ပြာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များက ထုတ်ဖော်ပြောကြားသည်။

## အချိုရည်မျိုးစုံ

သကြားဈေးနှုန်းတက်ရိပ်ပြလျက်ရှိခြင်းကြောင့် ပြည်တွင်းထုတ်အချိုရည်ဈေးနှုန်းများ အနည်းငယ်အပြောင်းအလဲရှိခဲ့ကြောင်း၊ ပြည်ပထုတ်အချိုရည်များမှာမူ သယ်ယူပို့ဆောင်သူများက အများအပြားမသယ်ဆောင်လိုခြင်းကြောင့် ပစ္စည်းအဝင်လျော့ကျလျက်ရှိကြောင်း အချိုရည်ဆိုင်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးဝင်းသိန်းက ဆိုသည်။ မတ်လကုန်ပိုင်းတွင် အချိုရည်ရောင်းအားမှာ အထူးမြင့်တက်လျက်ရှိပြီး နယ်အဝယ်ဆင်းလျက်ရှိကြောင်း၊ ပြည်ပထုတ်အချိုရည်များမှာမူ ဈေးကွက်အတွင်း အဝင်နည်းပါးမှုကြောင့် ဈေးနှုန်းများမြင့်တက်လျက်ရှိရာ သင်္ကြန်အမီဈေးတင်၍ ရောင်းနေကြခြင်းဖြစ်ကြောင်း ဦးဝင်းသိန်းက ဆိုသည်။ သင်္ကြန်အပြီးတွင်မူ ဈေးနှုန်းများ ငြိမ်လာဖွယ်ရှိပြီး ဈေးကွက်အေးသွားဖွယ်ရှိကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

အထက်ပါဈေးနှုန်းများမှာ ဘုရင့်နောင်ပွဲရုံနှင့် ညောင်ပင်လေးဈေးတို့၏ ဧပြီလ ၂ ရက်နေ့ ပေါက်ဈေးများ ဖြစ်ပါသည်။

ယင်းအခြေအနေများသည် ပုံမှန်သင်္ကြန်ကာလ ဈေးတက်သောအခြေအနေအပြင် အမှန်တကယ် လည်ပတ်စီးဆင်းမည့်ငွေကြေးတစ်စုံတစ်ရာ ဈေးကွက်အတွင်း မရောက်ရှိသေးဘဲ လစာငွေ တိုးမြှင့်မည့်သတင်းများကြောင့် ဈေးနှုန်းမြင့်တက်ခြင်းဖြစ်၍ သဘာဝမကျဟုဆိုနိုင်သော်လည်း များပြားသော ငွေကြေးပမာဏဈေးကွက်အတွင်း ရောက်ရှိလာပါက ကြုံတွေ့ရမည့်အခြေအနေမှန်ကို မီးမောင်းထိုးပြရာရောက်ပေသည်။ ဝယ်နိုင်စွမ်းအားမြင့်တက်လာသော မိသားစုများ၏အခြေအနေကို ကြိုဆိုရမည်ဖြစ်ပြီး တစ်ဖက်မှ ရောင်းလိုအားရှိစေရန် ထုတ်ကုန်များ တိုးမြှင့်ရန်လိုအပ်လာကြောင်း၊ ဈေးကွက်အတွင်း လည်ပတ်မည့်ငွေကြေးပမာဏမြင့်မားလာချိန်တွင် ရောင်းလိုအားအတွက် ထုတ်ကုန်မရှိပါက ဈေးနှုန်းမြင့်တက်လာမည်မှာ သဘာဝဖြစ်၍ ဝယ်လိုအား၊ ရောင်းလိုအားကို ဟန်ချက်ညီညီဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဘောဂဗေဒပညာရှင်တစ်ဦးက ဖြစ်ပေါ်လာသောအခြေအနေကို သုံးသပ်၍ မှတ်ချက်ပြုပြောကြားသည်။

**သန်းထိုက်သူ၊ သစ်ထွန်း**

# မိခင်ဘာသာစကားအတွင်း အင်္ဂလိပ်ဘာသာစကားညှပ်သုံးစွဲခြင်းနှင့် အမြင်သဘောထားနှစ်ရပ်

ထားထားမြင့်

ကမ္ဘာကြီးသည် မယုံကြည်နိုင်သောအလျင်ဖြင့် ပြောင်းလဲနေသည်ဟု ပညာရှင်များက ဆိုကြသည်။ အထူးသဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းအရှိန်အဟုန်ကြောင့် နိုင်ငံအသီးသီးရှိ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယဉ်မှု၊ အစားအသောက်တို့မှအစ ကူးလူးဆက်သွယ်မှု၊ ဒွေးရောယှက်တင်ဖြစ်မှု တိုးပွားလာသည်။ ထိုအထဲမှ ကမ္ဘာလုံးဆိုင်ရာ ဘာသာစကားအသွင်ဆောင်လာသော အင်္ဂလိပ်စာသည် နိုင်ငံစုံ၏ဘာသာစကားများအတွင်း ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ မီဒီယာအစုံမှ မြင်ဖန်ကြားဖန်များလာသောအခါ သိစိတ်၊ မသိစိတ်နှစ်မျိုးစလုံးမှ ဘာသာစကား၏ ဩဇာသက်ရောက်မှုဒဏ်ကိုလည်း ကြုံတွေ့ကြရသည်။ ဤနေရာတွင် နောက်ဆုံးပေါ်အိုင်တီနည်းပညာနှင့် အင်တာနက်မီဒီယာတို့ ပေါ်ပေါက်လာသော ယနေ့ခေတ်လူငယ်အများစုသည် အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားအတွင်း ရောညှပ်သုံးစွဲလာကြခြင်းမှာ ထိုသဘောတရားပင်ဖြစ်သည်။ ယင်းကို မျိုးဆက်အသစ်နှင့်အဟောင်းတို့အကြား ကွဲပြားသောအမြင်သုံးသပ်ချက်တို့ ရှိနေပါသည်။



“ကျွန်တော်ရဲ့ Presentation ထဲမှာ ဘာကို Focus လုပ်ထားလဲဆိုတော့ Management အပိုင်းပါပဲ။ ဒါကို ကျွန်တော် Prepare လုပ်လာတာကတော့ Many Years ပေါ့နော်။ ဒါပေမဲ့ Satisfied ဖြစ်ပြီး လာမေးရင် Not enough မဖြစ်သေးပါဘူးလို့ ပြောရပါစေ”

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံအစည်းအဝေးခန်းမအတွင်းကျင်းပသော ဟောပြောပွဲတစ်ခုမှ တင်ပြပို့ချသူတစ်ဦး တင်ပြသော အကြောင်းအရာကို ပရိသတ်ကို အထက်ပါအတိုင်း ရှင်းလင်းပြောကြားနေခြင်းဖြစ်သည်။ နားထောင်သူပရိသတ်များကမူ အဆိုပါပုဂ္ဂိုလ်၏ အင်္ဂလိပ်စကားလုံးများနှင့် ညှပ်ပြောနေသော မြန်မာစကားကို ထည့်သွင်းပြောကြားသော အင်္ဂလိပ်စကားလုံးများကို ဘာသာပြန်ယူ ဆက်စပ်ကာ နားလည်အောင် ကြိုးစားလျက်ရှိကြသည်။

ယခုကဲ့သို့ မြန်မာစကားများထဲတွင် အင်္ဂလိပ်စကားများညှပ်၍ သုံးနှုန်းနေခြင်းသည် ယနေ့ခေတ်တွင် အထူးအဆန်းကိစ္စရပ်မဟုတ်ဘဲ သတိမထားမိခင်မှာ သူသူငါငါ ပြုလုပ်လာကြသော အမူအကျင့်တစ်ခုဖြစ်လာသည်ကို တွေ့ရသည်။

အဆိုပါအမူအကျင့်ကို ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်ကမူ ‘ခဏတာရေပန်းစားလာတဲ့ကိစ္စလို့ ထင်မြင်မိပါတယ်” ဟု ၎င်း၏အမြင်ကို ပြောကြားသည်။




## အစ ပထမ

ထိုကဲ့သို့ မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကားများညှပ်၍ အင်္ဂလိပ်စကားမဟုတ် မြန်မာစကားလည်းမဟုတ်ပြောခြင်းသည် မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်စဉ်က အင်္ဂလိပ်စာတတ်ပညာတတ်လူတန်းစားများက စတင်သုံးနှုန်းခဲ့ခြင်းဟု ကိုလိုနီခေတ်ကို သိမီလိုက်သူ သက်ကြီးဝါကြီးပုဂ္ဂိုလ်များထံမှ သိရသည်။ ကိုလိုနီခေတ်စာပေတချို့တွင်လည်း အိုင်ဆေး၊ ဆိုရှယ်ကျတယ် စသော အင်္ဂလိပ်စာနှင့် ညှပ်သုံးသော စာစကားများကို တွေ့ရသည်။

ယနေ့ခေတ်တွင်မူ ပို၍ တွင်ကျယ်စွာအသုံးပြုလာကြခြင်းမှာ နေ့စဉ်ဆိုသလို အသစ်အဆန်းပေါ်နေသောနည်းပညာအသုံးအနှုန်းများကြောင့်ဖြစ်ပြီး ခက်ခဲသော စကားလုံးများကို ဘာသာပြန်မည့်အစား အလွယ်တကူ အသံဖလှယ်လိုက်ခြင်းဖြစ်သည်ဟု အိုင်တီပညာရှင် လူငယ်တစ်ဦးဖြစ်သူ ကောင်းမြတ်က ဆိုသည်။

“အိုင်တီလောကမှာ နေ့စဉ်ဆိုသလို စကားလုံးအသစ်တွေ အများကြီးရှိတယ်ဗျာ။ မြန်မာလိုပြန်ရင်လည်း နားလည်ရခက်တယ်၊ ရှည်တယ်။ ဒါကြောင့် မြန်မာစကားနဲ့ မူရင်းအင်္ဂလိပ်စကားလုံးတွဲပြောဖြစ်ကြတယ်” ဟု ၎င်းက ရှင်းပြသည်။ သို့ရာတွင် မြန်မာစာအဖွဲ့ ဦးစီးဌာနမှ ညွှန် ကြားရေးမှူးချုပ် ဦးစံလွင်ကမူ မိခင်မြန်မာစကားတွင် သင့်တော်သော စကား



www.foreverspace.com.mm

www.foreverspace.com.mm



လုံးများရှိသော်လည်း အသစ်ပေါ်လာသော စက်ကိရိယာပစ္စည်း၊ အတွေးအခေါ်စကားလုံးများကို အင်္ဂလိပ်ဘာသာနှင့်ညှပ်၍ သုံးစွဲနေသည်မှာ မိခင်ဘာသာစကားကို သေးသိမ်ရာရောက်စေသည်ဟု ရှင်းပြသည်။ ဦးစံလွင်က "ဒီလိုစကားတွေပြောကြခြင်းဖြင့် ကိုယ့်ရဲ့မြန်မာစာဝေါဟာရ တိုးပွားမှုကို ထိခိုက်နိုင်တယ်" ဟု ဆိုသည်။

**တက္ကသိုလ်အဆင့် မြန်မာစာအထူးပြုသင်ခန်းစာတစ်ရပ်တွင် မွေးစားစကားလုံးများဟူသော သင်ခန်းစာတစ်ရပ် ပါဝင်သည်။ ထိုသင်ခန်းစာတွင် မြန်မာစကားလုံးများထဲသို့ တခြားဘာသာမှ ရောက်ရှိနေသော စကားလုံးများသည် သုံးစွဲသည်မှာ ကြာမြင့်မှုကြောင့် မြန်မာဘာသာသဖွယ်ဖြစ်နေသော စကားလုံး များကို ရှင်းလင်းတင်ပြထားသည်။**

## မွေးစားစကားလုံးနှင့် အသုံးဖလှယ်မှုများ

တက္ကသိုလ်အဆင့် မြန်မာစာအထူးပြုသင်ခန်းစာတစ်ရပ်တွင် မွေးစားစကားလုံးများဟူသော သင်ခန်းစာတစ်ရပ် ပါဝင်သည်။ ထိုသင်ခန်းစာတွင် မြန်မာစကားလုံးများထဲသို့ တခြားဘာသာမှ ရောက်ရှိနေသော စကားလုံးများသည် သုံးစွဲသည်မှာ ကြာမြင့်မှုကြောင့် မြန်မာဘာသာသဖွယ်ဖြစ်နေသော စကားလုံးများကို ရှင်းလင်းတင်ပြထားသည်။

အဆိုပါသင်ခန်းစာအရ အင်္ဂလိပ်ဝေါဟာရ မော်တော်ကား၊ အိန္ဒိယဘာသာစကား ပိုက်ဆံ၊ တရုတ်ဘာသာစကား မြုံစွမ်၊ အီကြာကွေး့တို့မှာ တခြားဘာသာစကားလုံးများဖြစ်သော်လည်း မွေးစားသုံးစွဲကြသည်မှာ ကြာပြီဖြစ်၍ မြန်မာစကားလုံးများသဖွယ် ဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာဘာသာကဲ့သို့ အင်္ဂလိပ်ဘာသာတို့တွင်လည်း လက်တင်ဘာသာကဲ့သို့ ဘာသာစကားများမှ မွေးစားယူ၍ မိခင်ဘာသာသဖွယ်ဖြစ်နေသော စကားလုံးများ ရှိပါသည်။ ထိုင်းဘာသာစကားတွင်မူ အင်္ဂလိပ်စကား Free နှင့် View ဟူသော စကားအသုံးများကို မူရင်းအတိုင်း အသံဖလှယ်၍ သုံးစွဲလျက်ရှိသည်။ သို့ရာတွင် ရှိပြီးသား မြန်မာစကားလုံးများကို မြန်မာစကားအစား အင်္ဂလိပ်အသုံးနှင့် ညှပ်၍ ပြောခြင်းသည် အဆိုပါအဓိပ္ပာယ်နှင့် သဘောထားကွဲလွဲသည်ဟု မြန်မာစာဆရာတစ်ဦးက ပြောကြားသည်။

"Management တို့ Control တို့ဆိုတာက မြန်မာလို သုံးစွဲနေကြတဲ့ စကားလုံးတွေ ရှိပါတယ်။ ဒါကို မြန်မာစကားတွေကြားထဲ ညှပ်ပြောတာတော့မကောင်းဘူးပေါ့ဗျာ။ အခုလို ကိုယ်ညှပ်ပြောတော့ အသားကျသွားရင် နောင်ကလေးတွေက စီမံခန့်ခွဲမှုဆိုတာ မသိတော့ဘဲ Management လို့ပဲ တန်းသုံးလာကြတော့မယ်" ဟု ၎င်းက စိုးရိမ်ကြီးစွာ ရှင်းပြသည်။

မြန်မာစာဌာနမှ ဆရာကြီး ဦးစံလွင်ကမူ ကုန်းဘောင်ခေတ်တွင် သစ်ကုလားအုတ်ကို မူရင်းအင်္ဂလိပ်စာအတိုင်း Jrat ဟု အသံဖလှယ်ခေါ်ခဲ့ကြသော်လည်း မြန်မာစာပညာရှင်များက သစ်ကုလားအုတ်ဟု ကြိုးစားပြန်ပြောင်းခေါ်ခဲ့သဖြင့် ယနေ့ခေတ်တွင် Jrat ဟု မည်သူမျှ မခေါ်တော့ဘဲ သစ်ကုလားအုတ်ဟူသော မြန်မာစကားလုံးစစ်စစ်သာ ရှိတော့သည်ဟု ဆိုသည်။

မြန်မာစာပေချစ်သူတို့ကမူ ခက်ခဲသော စကားလုံးများကို မွေးစား၊ အသံဖလှယ်သုံးနှုန်းနိုင်သော်လည်း အလွယ်တကူ မွေးစားအသံဖလှယ်လိုက်ခြင်းသည် မြန်မာစာပေထွန်းကားလာရေးအတွက် အန္တရာယ်ရှိနိုင်သည်ဟု ဆိုပါသည်။

## တုံ့ပြန်မှု

နေ့စဉ်သုံးစွဲနေကျ မြန်မာစကားများထဲတွင်မူ အင်္ဂလိပ်စကားလုံးများညှပ်၍ ပြောကြားသုံးနှုန်းနေမှုကို မနှစ်ခြိုက်သူများရှိသော်လည်း ခါးခါးသီးသီး ဆန့်ကျင်မှုများကိုတော့ မတွေ့ရပါ။ စကားများထဲတွင် အင်္ဂလိပ်စကားများ ထည့်ပြောလေ့ရှိသူ စာရေးဆရာမအမျိုးသမီးတစ်ဦးက "ဘာဖြစ်လဲ။ ဒီလိုပြောတာ ကိုယ့်ရဲ့အင်္ဂလိပ်စာ တိုးတက်မလာဘူးလား" ဟု ပြန်လှန်မေးခွန်းထုတ်ပါသည်။ မြန်မာအသံ အင်္ဂလိပ်ပိုင်းအစီအစဉ်မှ သတင်းအယ်ဒီတာ ဒေါ်စုစုဆက်က တစ်ခါတလေ ညှပ်ပြောမိသည်မှာ ပြဿနာမရှိသော်လည်း တချို့အသုံးများတွင်မူ သက်ဆိုင်ရာဘာသာတစ်မျိုး ထည့်သုံး၍ ပြောခြင်းက ပိုအဆင်ပြေမည်ဟု ဆိုပါသည်။

"ကိုယ်တိုင်လည်း သတိမထားမိဘဲ Thank you နော်တို့၊ ဘာတို့ပြောမိတယ်။ တစ်ခါတလေကျရင်တော့ သူများတွေပြောတာ အူကြောင်ကြောင်နိုင်တာမျိုးတွေ့ရတယ်။ အိုကေ Tomorrow မှာ တွေ့မယ်နော် ဆိုတာမျိုးတွေပေါ့" ဟု သူမကရှင်းပြသည်။ ဒဂုံတက္ကသိုလ် မြန်မာစာ ဂုဏ်ထူးတန်းကျောင်းသူ ထက်ထက်မြတ်ကမူ စကားထဲတွင် အင်္ဂလိပ်စကားများ ညှပ်ပြောသည်ကို နားထောင်၍ အဆင်မပြေကြောင်း၊ တတ်နိုင်ပါက အင်္ဂလိပ်လိုချည်းသက်သက် မြန်မာလိုချည်း သက်သက် ပြောကြားလိုက်သည်က ပိုအဆင်ပြေမည်ဟု ထင်မိကြောင်း ဆိုပါသည်။

"အင်္ဂလိပ်စာတိုးတက်ချင်ရင်လည်း အင်္ဂလိပ်လိုချည်းသာ ပြောပေတော့။ အခုတော့ ကြားရတာ အခံရခက်ကြီး နားဝင်

www.foreverspace.com.mm



မချောဘူး"

အချို့ကမူ စကားများထဲတွင် အင်္ဂလိပ်စကားလုံးများညှပ်၍ သုံးစွဲခြင်းဖြင့် တစ်ဖက်သားက မိမိအပေါ် အထင်ကြီးလာနိုင်သည်ဟု ယူဆချက်ဖြင့် သုံးစွဲကြသည်မျိုးရှိကြောင်း၊ တချို့ကမူ အစဉ်အလာကြီးမားသော မြန်မာဘာသာစကားကိုအထင်အမြင်သေး၍ သုံးစွဲကြခြင်းဖြစ်သည်ဟု သုံးသပ်သည်။ သို့ရာတွင် မြန်မာဘာသာရှိ လေယာဉ်ပျံဟူသော စကားလုံးသည် အင်္ဂလိပ်ညီနောင်ရိုက်တို့မှ လေယာဉ်ပျံကို မတီထွင်ကတည်းက ပန်းမြိုင်လယ်ယိုးဒယားတွင်ရှိနေပြီးဖြစ်နေကြောင်း၊ အနောက်နိုင်ငံတွင် Aeroplane စကားလုံးပေါ်လာသည့်အခါ မြန်မာတို့က လေယာဉ်ပျံအလွယ်တကူ သုံးစွဲလိုက်နိုင်သည်ဟု မြန်မာစာပညာရှင်ဆရာကြီးက ရှင်းပြသည်။ "အဲဒီလိုသုံးစွဲကြတော့ လေယာဉ်ပျံကို အခုခေတ်လို အင်္ဂလိပ်စကား အရမ်းညှပ်ပြောချင်တဲ့သူကတောင် Plane ကြီး စီးကြမယ်လို့ ညှပ်ပြောတာကိုတောင် မတွေ့ရပါဘူး" ဟု ဆရာကြီးက ဆိုသည်။

## ဘာသာစကားလွှမ်းမိုးမှုနှင့် အန္တရာယ်

တစ်နေရာနှင့် တစ်နေရာ ကူးသန်းဆက်ဆံမှုများပြားလာကြသည့်အချိန်တွင် ဘာသာစကားများအချင်းချင်း ဒွေးရောယှက်တင်မှုရှိလာသည်မှာ ဓမ္မတာပင် ဖြစ်သည်။ ထိုကဲ့သို့ ဘာသာစကားကူးစက်လာမှုတွင် နိုင်ငံကြီးတို့၏ ဘာသာစကားသည် နိုင်ငံငယ်တို့၏ မိခင်ဘာသာစကားကို မှေးမှိန်လာစေသည့်အန္တရာယ်ရှိလာသည်ဟု ဘာသာစကားပညာရှင်များထံမှ သိရသည်။

မြန်မာနိုင်ငံကဲ့သို့ အိမ်နီးချင်း ထိုင်းနိုင်ငံတွင်လည်း အင်္ဂလိပ်ဘာသာစကားလွှမ်းမိုးမှုသည် အတော်များပြားလာရာ နိုင်ငံတော်အခမ်းအနားများတွင်ပင် ရဲတပ်သားအသုံးအနှုန်းကို ထိုင်းဘာသာစကား တားဟန်အစား Police ဟု သုံးစွဲနေကြသည်ကို တွေ့ရသည်။ အာရှနိုင်ငံတစ်ခုဖြစ်သည့် မလေးရှားနိုင်ငံတွင် မူရင်းဘာသာစကားတွင် အင်္ဂလိပ်ဘာသာညှပ်၍ သုံးစွဲနေကြသည့်အတွက် မလေးရှားဘာသာစကားပျက်စီးလာမည်ကို ကာကွယ်ရန် အစိုးရက မလေးရှားစကားအတွင်း အင်္ဂလိပ်ဘာသာသုံးစွဲမှုကို စီမံကိန်းတစ်ခုချမှတ်၍ တားမြစ်ဆောင်ရွက်နေကြောင်း မကြာသေးခင်က သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

သို့သော် မြန်မာနိုင်ငံတွင်မူ မြန်မာစကားများထဲတွင် အင်္ဂလိပ်ဘာသာညှပ်၍ သုံးစွဲနေကြသည့်အပေါ် တားမြစ်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း မြန်မာစာဌာနထံမှ သိရသည်။ မြန်မာစာအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က "အသိတရားပဲ ထင်ပါတယ်၊ ပိုပြီးတော့ရင့်ကျက်လာကြရင် မိရိုးဖလာဘာသာစကားကိုပဲ ပြောဆိုသုံးနှုန်းလာကြမှာပါ" ဟု ဆိုသည်။

၎င်းကပင် အင်္ဂလိပ်ဘာသာစကားကို အသံဖလှယ်၍ သုံးစွဲရမည်ကို ပစ်ပယ်သင့်သည်ဟုမဆိုလိုကြောင်း၊ သို့ရာတွင် နေရာတွင် စကားလုံးတိုင်းကို အသံဖလှယ်မွေးစားခြင်းကိုမူ မပြုလုပ်သင့်ဟု ပြောကြားသည်။ ထို့အပြင် အင်္ဂလိပ်စကားလုံးညှပ်သုံးမှုမှာ လွန်ကဲလာပါက စာအဖြစ်ရေးသားရာတွင် ဖတ်ရှုရသည်မှာ အဆင်မပြေကြောင်း၊ မိမိဆိုလိုချက်လည်း ထိရောက်ချင်မှ ထိရောက်မည်ဖြစ်ကြောင်း ဆရာကြီးက ရှင်းပြသည်။

## နိဂုံး

မည်သို့ပင်ဖြစ်စေ ယနေ့မြန်မာလူမှုပတ်ဝန်းကျင်တွင် အင်္ဂလိပ်စကားများလွှမ်းမိုးလာသည်မှာအမှန်ပင် ဖြစ်သည်။ ခေတ်မီ၍ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ဟု ထင်မြင်သူတွေက ထင်မြင်နေသလို မိခင်ဘာသာစကားမှေးမှိန်ပျောက်ကွယ်မည်ကို စိုးရိမ်သူတို့ကလည်း ရှိနေကြသည်။ အထူးသဖြင့် အိုင်တီနည်းပညာ ထွန်းကားလာသည့်အချိန်တွင် နေ့စဉ်ဆိုသလို စကားလုံးအသစ်များ ပေါ်ပေါက်လာနေရာ အသံဖလှယ်သုံးစွဲသင့်သည်ကို သုံးစွဲ၍ တချို့စကားလုံးများတွင် မြန်မာစကားလုံးသစ်များကို ရေးမြန်မာများကဲ့သို့ ဖန်တီးသုံးစွဲသင့်ကြောင်း အကြံပြုသူများကလည်း အကြံပြုတင်ပြလျက်ရှိသည်။

မြန်မာဘာသာစကားဖြင့်ပြောပြရန် ခဲယဉ်း၍ အင်္ဂလိပ်ဘာသာစကားကို သုံးစွဲလိုက်သည်ဟုဆိုသော်လည်း မြန်မာဘာသာစကားဖြင့် မပြောပြနိုင်ခြင်းကပင် ထိုစကား၏ အင်္ဂလိပ်စာအဓိပ္ပာယ်ကို တိတိကျကျမသိခြင်းဟု ဆိုလိုခြင်းဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဂါဒီးယန်းသတင်းစာ၏ အယ်ဒီတာဟောင်း မြန်မာတိုင်းမ်ဂျာနယ်၏ တာဝန်ခံအယ်ဒီတာ အင်္ဂလိပ်စာနည်းပြဆရာ ဦးခင်မောင်အေးက ၎င်း၏တပည့်များကို စာသင်ရာတွင် မကြာခဏပြောကြားဖြစ်သည်ဟုဆိုသည်။

လူငယ်အိုင်တီပညာရှင် ကောင်းမြတ်ကမူ မြန်မာစကားကို အထင်သေး၍ ပပျောက်စေလို၍ ပြောဆိုနေခြင်းမဟုတ်ဘဲ အင်္ဂလိပ်စကားလုံးများကို အလွယ်တကူ ညှပ်၍ သုံးစွဲနေကြသည်မှာ အကျင့်တစ်ခုကဲ့သို့ ဖြစ်နေပြီဟု ဆိုပါသည်။

"ခက်တာက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဒီလိုပြောတာက Used to ဖြစ်နေပြီဗျ။ ဒီပြဿနာကတော့ Explain လုပ်ဖို့ အတော်ခက်တယ်ဗျာ"

**ထားထားမြင့်**

■

www.foreverspace.com.mm



# ရိုးရာအစွဲအလမ်း အလယ်အလတ်လမ်းမှ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ခြင်း

တင်အောင်ကျော်

**မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားလုပ်ငန်းဒေသဟုဆိုနိုင်သည့် မန္တလေးတိုင်း၊ ကျောက်ပန်းတောင်းနယ်တစ်ဝိုက်တွင် ဒေသ၏အမည်နာမနှင့် ဖြောင့်ဖြောင့်ကြီးကွဲလွဲနေသော စိမ်းမြမြသစ်တောအုပ်ကြီးတစ်ခု ရှိပါသည်။ ယင်းမှာ နာမည်ကျော် ပုပ္ပားတောင်ဝန်းကျင်ဒေသပင် ဖြစ်သည်။ ပုပ္ပားသည် ဒေသခံမြန်မာလူမျိုးတို့အပေါ်တွင် ပုဂံခေတ်က ပါးစပ် ရာဇဝင်များ၏ ဩဇာသက်ရောက်မှုနှင့် ရိုးရာစွဲလမ်းယုံကြည်မှုတို့ကြောင့် သစ်ပင်သစ်တောများ ဤကဲ့သို့ ရှင်သန်စိမ်းလန်းနေသည်ဟုဆိုရလျှင် လွန်အံ့မထင်ပေ။ ဤသည်မှာလည်း ပုပ္ပားတောင်ဒေသကို ကမ္ဘာကျော်နေရာတစ်ခုအဖြစ် ရောက်အောင် ပို့ဆောင်ပေးသောအကြောင်းရင်းတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း ကြီးစွာသော အထောက်အကူပြုမှုတစ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။**



ရန်ကုန်မြို့တော်နှင့် မိုင် ၄၀၀ ကျော် အကွာ နေရောင်မမြင်ရအောင် သစ်ပင်များထူထပ်စွာ ပေါက်ရောက်နေသော ပုပ္ပားတောင် အမြဲစိမ်းသစ်တောကြီးအတွင်း သန်မာထွားကြိုင်းသည့် သစ်ခုတ်သမားနှစ်ဦးသည် ယောက်ျားသုံးယောက်ဖက်ခန့်ရှိသည့် စကားဝါပင်ကြီးအား ထင်းအဖြစ် အသုံးပြုရန်အလို့ငှာ လွှဖြင့်ဆွဲယူနေကြသည်။ ထိုစကားဝါပင်စည်၏ သုံးပုံနှစ်ပုံခန့်နေရာသို့ လွှချက်အရောက်တွင် တရှဲရှဲမြည်လာသော လေတိုက်သံများနှင့်အတူ တောအုပ်အတွင်း သစ်ပင်ကြီးများ ယိမ်းထိုးလှုပ်ရှားကာ မိုးမှောင်ကျရောက်လာပြီး လေပြင်းများ အဆက်မပြတ် တိုက်ခတ်လာခဲ့သည်။ သစ်ခုတ်သမားနှစ်ဦးစလုံးသည် ထိတ်လန့်တကြားဖြင့် ထိုနေရာမှ ပြေးထွက်ချိန်တွင် စကားဝါပင်ကြီးသည် သစ်ခုတ်သမားတစ်ဦး၏ ကိုယ်ပေါ်သို့ မယုံနိုင်အောင် လျင်မြန်သောအရှိန်ဖြင့် ပိကျကာ ထိုသစ်ခုတ်သမားမှာ ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

အထက်ပါဖြစ်ရပ်များသည် ၁၉၇၂ ခုနှစ်က မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ပုပ္ပားတောင် ချွန်းမန္တမ်းရေထွက်အနီး အမြဲစိမ်းသစ်တောကြီးအတွင်း အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း အသက် ၇၈ နှစ်အရွယ် ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူးဟောင်း ဦးအုန်းက ပြန်ပြောင်းပြောဆိုခြင်းဖြစ်သည်။

အမြင့်ပေ ၄၉၈၁ ပေမြင့်မားပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အမြင့်ဆုံးတောင်ဖြစ်သော ပုပ္ပားတောင်သည် ဂရိနိုင်ငံ အိုလံပတ်စ်တောင်ကဲ့သို့ မြန်မာ

www.foreverspace.com.mm



နိုင်ငံအနှံ့အပြားမှ ကိုးကွယ်ကြသည့် ပန်းပဲမောင်တင့်တယ်၊ မမြလှ၊ ရှင်ဖြူ၊ ရှင်ညို၊ ပုပ္ပားမယ်တော်၊ မင်းကြီးမင်းလေး စသည့် စိတ်ဝိညာဉ်ဆိုင်ရာနတ်များ နေထိုင်သည့် ယုံကြည်မှုဆိုင်ရာ အထင်ကရဒေသဖြစ်ပြီး သစ်တောသစ်ပင်ကာကွယ်ရေးအတွက် ရိုးရာအစွဲအလမ်းများက များစွာ အထောက်အပံ့ပေးခဲ့သည်ဟုလည်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးတင်အောင်က ဆိုသည်။

အထက်ပါဖြစ်ရပ်ကို ပြောပြသူ ဦးအုန်းသည် ၁၉၈၄ ခုနှစ်ဝန်းကျင်မှစ၍ ပုပ္ပားတောင်ဥယျာဉ်အုပ်ချုပ်ရေးမှူးအဖြစ် ခြောက်နှစ်ကြာ တာဝန်ယူခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ကိုင်နေသော သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) တွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ပုပ္ပားတောင်ဒေသ သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဇရာဝတီတိုင်းအတွင်း ဒီရေတောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကြောင့် ဂျပန်နိုင်ငံကရွေးချယ်သော 'ကမ္ဘာမြေကိုချစ်သောသူ ၁၀၀' ထဲတွင် တစ်ဦးအဖြစ်ရွေးချယ်ခံခဲ့ရသူလည်းဖြစ်သည်။

"ရိုးရာဓလေ့အစွဲအလမ်းတွေကို ပုပ္ပားဒေသဝန်းကျင် သစ်တောသစ်ပင်ကာကွယ်ရေးမှာ ကျွန်တော် အသုံးချခဲ့ဖူးပါတယ်" ဟု ဦးအုန်းက ရိုးရှင်းစွာ ပြောဆိုပါသည်။ သစ်ခုတ်သမား စကားဝါပင်ပိသေဆုံးခဲ့သည့် ၁၉၇၂ ခုနှစ်နောက်ပိုင်း ပုပ္ပားတောင်တစ်ဝိုက် စကားဝါပင်များအနှံ့အပြား ပြန်လည်တွေ့ရှိရပြီး ထင်းအဖြစ် ခုတ်ယူမှုမှာ သိသာစွာ နည်းပါးသွားခဲ့သည်ဟု ဆည်ရွာသား ဦးမြင့်စိုးက ဆိုပါသည်။



**ရိုးရာစွဲလမ်းယုံကြည်မှုသင်္ကေတများကလည်း ပုပ္ပားတောင်ဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပါသည်**

"စကားဝါပင်ရယ် ညောင်ပင်ရယ် ဒီဒေသမှာ မခုတ်ရဲကြတော့ပါဘူး။ သူများတကာခုတ်ပြီး ထင်းအဖြစ်လာရောင်းရင်တောင် စကားဝါအသားကို ထင်းမဆိုက်ရဲကြတော့ဘူး" ဟုလည်း ပုပ္ပားအရှေ့ဘက် ဆည်ရွာသူတစ်ဦးက ဆိုပါသည်။

"စကားဝါသားဆိုက်ရင် တစ်ခုခုဖြစ်တတ်တယ်၊ ကိုယ်လက်တွေယားယံတာတို့ နေထိုင်မကောင်းဖြစ်တာတို့ ဖြစ်တတ်တယ်" ဟု အသက် ၄၀ အရွယ် ဆည်ရွာသူတစ်ဦးက ဆက်လက်ပြောဆိုသည်။

ဦးအုန်းသည် အဆိုပါသစ်ပင်ပြိုလဲကျပြီး သစ်ခုတ်သမားသေဆုံးရာနေရာတွင် နတ်ကွန်းတစ်ခု ပြန်လည်တည်ဆောက်ပြီး တစ်ခုလျှင် ၂၅၀ ကျပ် ပေးရသော နတ်ရုပ်နှစ်ခုကို နတ်ကွန်းတွင်ထားရန်အတွက် ရန်ကုန်မှဝယ်ယူခဲ့သည်။

ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော UNDP က ၁၉၉၀ ပြည့်နှစ်ဝန်းကျင်မှစ၍ လုပ်ကိုင်ခဲ့သည့် ပုပ္ပားတောင် ပြန်လည်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့ ရိုးရာဓလေ့အစွဲအလမ်းများသည် သစ်တောကာကွယ်ရေးကို ထိရောက်စွာ အကူအညီပေးနိုင်ခဲ့ပြီး တောတောင်အတွင်းရှိ နတ်ကွန်း၊ နတ်နန်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် သစ်တောရေးရာဝန်ကြီးဌာနက တရားဝင်အသိပေးထုတ်ပြန်ကာ သစ်တောသစ်ပင်များကို ကာကွယ်ခဲ့သည်။

## မြန်မာနိုင်ငံ၏ အိုလံပတ်စ်(သို့) အာရှဒေသ၏ ယုံကြည်မှုဆိုင်ရာ အကောင်းဆုံးဒေသ

"ကျွန်တော် အဲဒီချွန်းမန္တမ်းရေထွက်နားနေရာမှာ ခြံခတ်ပြီး အပင်ကြီးအောက်မှာ နတ်ကွန်းတစ်ခု ဆောက်ပါတယ်။ ရန်ကုန်ကနေ နတ်ရုပ်နှစ်ရုပ်ကို ၂၅၀ ကျပ်နဲ့ ဝယ်ပြီး အဲဒီမှာထားပါတယ်။ ကျွန်တော်ကိုယ်တိုင် အဲဒီနတ်ရုပ်ရှေ့မှာ အရှင်– အရှင်ရဲ့ ရေမြေတောတောင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးပါ။ ဖျက်ဆီးသူများကို ကျားနဲ့ တိုက်သတ်ပေးပါဆိုပြီး ဒေသခံတွေရှေ့မှာ ကျိန်ဆိုခဲ့ပါတယ်။

www.foreverspace.com.mm



ပုပ္ပားတောင်ပြန်လည်စိမ်းလန်းလာတဲ့အတွက် ကျွန်တော် အောင်မြင်ခဲ့တယ်လို့ အခုအခါပြောဆိုနိုင်ပြီ ဖြစ်ပါတယ်” ဟု ဦးအုန်းက ဆိုပါသည်။

၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေသော ပုပ္ပားတောင်သည် ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏တစ်ခုတည်းသော အိုအေစစ်ဖြစ်ပြီး သစ်တော ၃၁၇၆၃ ဧကအထိ ကာကွယ်ထားပြီး ဖြစ်သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လထုတ် Time မဂ္ဂဇင်းကြီး၏မျက်နှာဖုံးဆောင်းပါးတွင် အင်ဒရူးမာရှယ်၏ ရေးသားချက်များအရ ပုပ္ပားတောင်သည် အာရှဒေသတွင် The best of the soul ယုံကြည်မှုဆိုင်ရာ အထင်ကရနေရာတစ်ခုဖြစ်ကြောင်းလည်း သိရှိရသည်။

ပုပ္ပားဒေသတွင် သဘာဝစိမ့်စမ်းရေထွက်များကို ထိန်းသိမ်းရာတွင်လည်း ရိုးရာနတ်များ ယုံကြည်မှုအလေ့အထသည် အရေးကြီးသောကဏ္ဍတွင် ပါဝင်ခဲ့ပြီး ခရစ်ယာန်ဘာသာဝင် အရာရှိအချို့လည်း ရေပိုက်သွယ်တန်းမှုစီမံကိန်းများတွင် ရိုးရာနတ်များကို ပူဇော်ပသခဲ့ကြောင်း သစ်တောဝန်ထမ်းတစ်ဦးက ဆိုသည်။

**တောင်ကလပ်တစ်ခုလုံး အတွေ့ရအများဆုံး ရိုးရာအစွဲအလမ်းသင်္ကေတများ ဖြစ်သည်**



“တိုက်ဆိုင်မှုလားတော့မသိဘူး။ အခက်အခဲဖြစ်တဲ့နေရာတွေမှာ ပွဲပေးရင် အောင်မြင်တတ်တယ်”ဟု ၎င်းက ဆိုသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၂၀၀၀ ကျော်ခန့်တွင်ရှိသော ပုပ္ပားတောင်ဥယျာဉ်တွင် အရက်သေစာသောက်စားခြင်းကို တရားဝင်ဆိုင်းဘုတ်ကြီးများဖြင့် တားမြစ်ထားသည်ကိုလည်း ယခုအခါ တွေ့မြင်နိုင်ပါသည်။

“ဒီနေ့အထိ အထူးသဖြင့် စကားဝါပင်နဲ့ ညောင်ပင်ကို ထင်းအဖြစ် မခုတ်ကြပါဘူး။ အဲဒီလိုထင်းခုတ်ရင် အလွဲအမှားတစ်ခုခုဖြစ်တတ်ပါတယ်” ဟု ဦးစန်းကိုက ဆက်လက်ရှင်းပြခဲ့သည်။

လွန်ခဲ့သောနှစ် သုံးသန်းကျော်ခန့်က မီးတောင်တစ်ခုဖြစ်ခဲ့သော ပုပ္ပားတောင်သည် ယခင်က သစ်ပင်များ အလွန်အကျွံခုတ်လှဲမှုကြောင့် တောင်ကတုံးဖြစ်ရန်အခြေအနေတစ်ခုသို့ ရောက်ရှိခဲ့သည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

အမြင့်ပေ ၄၉၈၁ ပေရှိသော ပုပ္ပားဒေသ၏ အမြင့်ဆုံးတောင် မှန်ပြတောင်ပေါ်မှ မြင်ကွင်းများအရ မီးတောင်ပေါက်ကွဲခဲ့သော ပုပ္ပားတောင်မီးတောင်ချိုင့်ဝှမ်းသည် ယခုအခါ အမြဲစိမ်းသစ်တောများဖြင့် ပြန်လည်စိမ်းလန်းနေပြီ ဖြစ်သည်။

အနီရောင်ဖက်စွက်ရွက်များ ကြွေနေသော မီးတောင်ချိုင့်ဝှမ်းတစ်နေရာတွင် နွေရာသီ၌ အပူချိန် ၁၀၀C ခန့် အပူချိန်ဖြင့် အေးမြနေပြီး သန့်ရှင်းသောလေ၏ရနံ့က ပျံ့လွင့်လျက်ရှိသည်။

သို့ရာတွင် ပုပ္ပားတောင်သစ်တောဧရိယာမှ ထင်းများကို လူဦးရေ ငါးသောင်းဝန်းကျင်ခန့်နေထိုင်သော ဒေသခံများက ယနေ့အထိ ခုတ်ယူသုံးစွဲလျက်ရှိကြပါသည်။

စီးပွားရေးကောင်းမွန်သော ကျောက်ပန်းတောင်းမြို့ ပတ်ဝန်းကျင်မှ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းသုံးထင်း ဝယ်ယူမှုများသည် မဟန့်တားပါက စိုးရိမ်ဖွယ်

www.foreverspace.com.mm



ရာအခြေအနေရှိသည်ဟုလည်း ဦးအုန်းက သုံးသပ်ပါသည်။

ကျောက်ပန်းတောင်းမြို့နယ် ပတ်ဝန်းကျင်တွင် ထင်းအသုံးပြုသည့် အုတ်လုပ်ငန်း၊ ထန်းလျက်လုပ်ငန်း၊ ပုန်းရည်ကြီးလုပ်ငန်းများသည် ပုပ္ပားဒေသကြီး၏ သစ်တောပြုန်းတီးရေး တွန်းအားပေးလာနိုင်သောအခြေအနေများလည်း ဖြစ်ပါသည်။

## ပန်းဆက်ဗျတ္တာ၊ ပန်းစားဘီလူး မယ်ဝဏ္ဏာနှင့် ဇီဝမျိုးစုံမျိုးကွဲများ

ပုပ္ပားဒေသ၏ အခြားထင်ရှားလူသိများသောနတ်များမှာ မမြလှ၊ မဒွေးဖြူ (ပန်းပဲမောင်တင့်တယ် ညီမများ) အပြင် သီးခြားပုဂံရာဇဝင်တွင်ရှိခဲ့သော ပန်းစားဘီလူးမယ်ဝဏ္ဏာနှင့် ရွှေဖျင်းညီနောင် သားနှစ်ပါးတို့၏ ရာဇဝင်ဖြစ်ပါသည်။

ပုဂံနေပြည်တော်မှ အနော်ရထာမင်းထံ နေ့စဉ်ပန်းဆက်ရသော လူစွမ်းကောင်းဗျတ္တနှင့် ပုပ္ပားတောင်တွင် နေထိုင်သော ပန်းစားဘီလူးမယ်ဝဏ္ဏာတို့ ချစ်ကြိုက်ပြီး သားတော်နှစ်ပါး ဖွားမြင်ခဲ့ကြသည်ဟုလည်း ဒေသပါးစပ်ရာဇဝင်တို့က ဆိုသည်။

ပုပ္ပားတောင်ဒေသတွင် ချယ်ရီ၊ သပြေ၊ ပိတောက်၊ စကားဝါ၊ အင်ကြင်း၊ ဖက်စွက်ပန်းများသာမက ရှားပါးသစ်ခွမျိုးများ၊ ငှက်မျိုးစိတ် ၁၃၀၊ လိပ်ပြာမျိုးစုံမျိုးကွဲ ၁၀၀ကျော်၊ ပရဆေးအမျိုးပေါင်း ၃၅၀ ခန့် ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း ပုပ္ပားတောင်ဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တရားဝင်စာရင်းများအရ သိရှိရသည်။

ထူးခြားသော ဆက်နွှယ်ယုံကြည်မှုမှာ ပုပ္ပားတောင်တွင် ပေါက်ရောက်သော ပရဆေးပင်သည် မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးအဖြစ် ဖော်စပ်ရာတွင် အထူးအာနိသင်ရှိကြောင်းလည်း သိရှိရသည်။



“ခင်ဗျားမယုံရင် လက်တွေ့ပြမယ်၊ ဒီဆေးရွက်ကို ခင်ဗျား ဆီးအောင့်တဲ့အခါ ခါးပတ်ကြားမှာ ညှပ်ထားရုံပဲ။ သူ့အလိုလို ပျောက်တယ်” ဟုလည်း သစ်တောဝန်ထမ်း (တောခေါင်း) ဦးတင်ရွှေက ဆိုသည်။

ဒေသတွင်းနေထိုင်သူများအား သစ်ခုတ်ခြင်း၊ သစ်ခွတူးခြင်း၊ ပရဆေးပင်များကို ခုတ်ယူရောင်းချခြင်း၊ သားငှက်တိရစ္ဆာန်များကို သတ်ဖြတ်ခြင်းတို့ကို သစ်တောဝန်ထမ်းများက တားမြစ်အသိပေးလျက်ရှိသည်ဟု လုပ်သက် ၁၉ နှစ်ရှိသူ ဦးတင်ရွှေက ဆိုသည်။

ကင်ဆာပျောက်ကင်းသည်ဟုဆိုသည့် ပုပ္ပားတောင်တွင် ပေါက်ရောက်သော တပင်တိုင်မြနန်းအပင်သည် ယခုနှစ်တွင် လူသိများရေပန်းစားလျက် ရှိသည်။

အရာထမ်းနှစ်ဦးအပါအဝင် အမှုထမ်း ၁၆၃ ဦးရှိသော ပုပ္ပားတောင်ဥယျာဉ်ဝန်ထမ်းများသည် စတုရန်းမိုင် ၅၀ ခန့် ဝန်းကျင် ကျယ်ဝန်းသော ပုပ္ပားတောင်ဥယျာဉ်၏ တောပြုန်းတီးမှုကို ထိထိရောက်ရောက်ကာကွယ်နိုင်ခဲ့သည်မှာ တောတွင်းရိုးရာ ဓလေ့အစွဲအလမ်းများနှင့် နတ်တို့၏ စောင့်ရှောက်မှုကြောင့်ဟုလည်း ၎င်းက မှတ်ချက်ပေး ပြောဆိုသည်။

ဤနေရာတွင် လက်ရှိ FREDA တွင်တာဝန်ထမ်းဆောင်နေသော ဦးအုန်း၏ အမြင်က တစ်မျိုးဖြစ်ပါသည်။ သူက ထင်းခုတ်ခြင်းကြောင့် လုံးဝသစ်တောပြုန်းတီးသည်ဆိုသည့်အချက်ကို လက်ခံခြင်းမရှိပေ။

“၁၀၀ ရာခိုင်နှုန်း ပါဝင်ပတ်သက်တာကတော့ လူတွေရဲ့ ပယောဂကြောင့်ဖြစ်တဲ့ တောမီးပဲ။ ကာကွယ်တောဒေသမှာ သီးပင်၊ စားပင်စိုက်ချင်လို့ မီးရှို့ကြတာတွေလည်းရှိတယ်” ဟုလည်း ဦးအုန်းက မှတ်ချက်ပေးသည်။

“နံပါတ်တစ် ထင်းမခုတ်ရင် မရပ်တည်နိုင်တဲ့ မိသားစုတွေကို ထောက်ပံ့မှု အခြားအခွင့်အလမ်းပေးရမယ်။ သီးပင်စားပင်စိုက်တဲ့သူတွေကိုလည်း ကာကွယ်တောရဲ့အကျိုးကျေးဇူးတွေကို ပြောပြရမယ်” ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

တောမီးလောင်ခြင်းကြောင့် ဒေသတစ်ခုလုံး သုံးစွဲနေသော ရေထွက်များနှင့် Ecosystem အရ ဆက်စပ်ကာ ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ဟု သဘာဝ

www.foreverspace.com.mm



ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စိုးရိမ်ပူပန်လျက်ရှိကြသည်။

တောမီးသည် သစ်တောအတွင်းရှိ သစ်ပင်များကိုသာမက Biomass ဟုဆိုသည့် သဘာဝမြေသြဇာများကို မီးလောင်ကျွမ်းစေသည့်အတွက် သစ်တောဦးစီးဌာနသည် နှစ်စဉ် မီးတားလမ်းများ ဖောက်လုပ်လျက်ရှိသည်။

## ဒေသခံများ၏သုံးစွဲမှုနှင့် အကူအညီပေးလုပ်ငန်းများ

"မီးရအောင်လုပ်ပေးပါ၊ ထင်းမသုံးချင်ပါဘူး"

ပုပ္ပားဒေသ တောင်ပေါ် တောင်ရွာသူ အသက် ၄၁ နှစ်အရွယ် ဒေါ်သန်းလှက ၎င်းတို့အနေဖြင့် တောထဲမှ ထင်းမခုတ်လိုကြောင်း အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်ပါသည်။ သစ်တောဝန်ထမ်းများ ပြန်ချိန် ညနေ ၅ နာရီခန့်တွင် တောထဲသို့ဝင်၍ ထင်းခုတ်လေ့ရှိကြောင်း ၎င်းက ပြောပြသည်။ ၎င်း၏ အိမ်ခြံဝင်းအတွင်း တစ်နေ့ တစ်ထမ်းဖြင့်စုထားသော လူတစ်ရပ်ကျော်ခန့် ထင်းပုံသည် တစ်နှစ်စာသုံးနိုင်ပြီး ရွာရှိ အိမ်တိုင်းတွင် ယင်းကဲ့သို့ပင် ထင်းအသုံးပြုလျက် ရှိနေပါသေးသည်။

ရန်ကုန်မြို့တော်ကို နှစ် ၄၀ အတွင်း တစ်ကြိမ်သာရောက်ဖူးသူ ၎င်းတွင် သစ်တောသစ်ပင်ကို ချစ်ခင်သော ခေတ်မီသည့်အမြင်တစ်ရပ် ရှိနေပါသည်။ ရိုးရာဓလေ့များကိုယုံကြည်ကာ တောကို ချစ်ခင်ကြောက်ရွံ့တတ်သူလည်း ဖြစ်သည်။

ယခုအခါ သစ်တောရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ၅၂ ရာခိုင်နှုန်းကျော်ဖုံးလွှမ်းလျက်ရှိသော သစ်တောများအနက် နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကျော်ထိ ကာကွယ်တားမြစ်သွားမည်ဟုလည်း ဆိုသည်။ သစ်တောသစ်ပင်များသည် သဘာဝရာသီဥတု၊ သစ်ပင်၊ ငှက်မျိုးစုံ၊ သားငှက်တိရစ္ဆာန်၊ တောတောင်ရေမြေများနှင့် အဓိက ဆက်စပ်လျက်ရှိသည်။

"ကျွန်တော်တို့အမြင်အရ ပြောရရင် ဒေသခံတွေ ထင်းခုတ်သုံးစွဲတာထက် အခြားထည့်စဉ်းစားစရာတွေ အများကြီးရှိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေ ပုပ္ပားက သစ်တောသစ်ပင်တွေ စီးပွားဖြစ်လာရောက်ထုတ်ယူသုံးစွဲမှုတွေ ရောက်မလာအောင် ကာကွယ်ဖို့ပါပဲ" ဟုလည်း ပုပ္ပားဒေသခံ သစ်တောဝန်ထမ်းတစ်ဦးက ဆိုသည်။

ပုပ္ပားတောင် ယခုကဲ့သို့ ပြန်လည်စိမ်းလန်းစိုပြည်နေမှုသည် ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်ခွပန်းမန်များအပြင် အပူပိုင်းဒေသကြီးတစ်ခုလုံး၏ ဂေဟဗေဒစနစ် (Eco-stystem) များကို ပြန်လည်ရှင်သန်လာစေပြီး ပုပ္ပားဒေသသည် ကြက်မောက်တောင်ဧရိယာကို ကူညီထောက်ပံ့ပေးနေမှုများကြောင့် ၎င်းအကျိုးကျေးဇူးများသည် ယခင်တောင်ကတုံးဘဝရောက်ခဲ့ရသည့်အချိန်ထက် သိသာစွာ တိုးတက်ရရှိနေပါသည်။

အပူပိုင်းဒေသ မိုးရေချိန်လက်မ ၂၀ ခန့်သာ နှစ်စဉ်ရရှိသော ယင်းဒေသတွင် ပုပ္ပားတောင်မှ သဘာဝရေထွက်ပေါင်း ၁၂၉ ခုနှင့် တစ်နှစ်ပတ်လုံး ရေထွက်ရှိသော ရေထွက် ၃၆ ခုမှ နှစ်စဉ် ရေဂါလန် နှစ်သန်းခန့် ထုတ်ယူရရှိနေကြောင်း တရားဝင်စာရင်းများက ဖော်ပြထားပြီး စီးပွားရေးကောင်းမွန်သော ကျောက်ပန်းတောင်းမြို့သည် ပုပ္ပားမှရေကို သုံးစွဲလျက်ရှိသည်။

မည်သို့ပင်ဆိုစေ သစ်တောသစ်ပင်များကိုကာကွယ်ရန် ဒေသခံများအတွက် ထင်းအစားထိုးလောင်စာများသုံးစွဲခြင်းနှင့် ထင်းခုတ်ရောင်းချသူများအား အခြားအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ လျှပ်စစ်မီးများဖြန့်ဝေခြင်းနှင့် သစ်တောသစ်ပင်များ၏ အရေးကြီးပုံ၊ အသုံးဝင်ပုံတို့ကို အသိပေးနိုင်မည်ဆိုပါက ဥပဒေထုတ်ပြန်ချက်များထုတ်၍ ပို၍ အကျိုးများစေနိုင်ပါသည်။

## အစိမ်းရောင် ဂျီဒီပီ

မြန်မာနိုင်ငံမှ နှစ်စဉ် သစ်တန်ချိန်ပေါင်းများစွာ ဝယ်ယူနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၈၇ ခုနှစ်ခန့်မှစ၍ သစ်ပင်ခုတ်လှဲခြင်းကို ဥပဒေထုတ်ပြန်၍ ကာကွယ်ခဲ့ပြီး အိမ်နီးချင်းထိုင်းနိုင်ငံသည်လည်း သစ်တောကာကွယ်

ရှိနေသော အရင်းအမြစ်များကို ထိန်းသိမ်းခြင်းမှာ အခက်အခဲဆုံးအလုပ်ဖြစ်သည်



www.foreverspace.com.mm



ရေးများကို အရှိန်မြှင့် လုပ်ဆောင်လျက် ရှိသည်။ မြန်မာနိုင်ငံသည်လည်း ယခုအခါ တစ်ချိန်က အလွန်စိမ်းလန်းခဲ့သော ပဲခူးရိုးမကြီးအား ပြန်လည်စိမ်းလန်းရေးအတွက် စတင်ကြိုးပမ်းလျက် ရှိသည်။

ယခုအခါ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို တိုင်းတာရာ၌ ပတ်ဝန်းကျင်ဆိုင်ရာ လက်ရှိပြဿနာများကို ထည့်သွင်းစဉ်းစားလာကြပါသည်။ ပြည်တွင်း အသားတင်ထုတ်ကုန်ပမာဏ (GDP)ကို မည်သူက ပိုင်ဆိုင်သနည်း။ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်က ပိုင်ဆိုင်သလား၊ အားလုံးသာတူညီမျှ ပိုင်ဆိုင်သလားဟူသည့် မေးစရာမေးခွန်းက များလှသည်။ အစိမ်းရောင်ဂျီဒီပီကတော့ အားလုံးနှင့် ဆိုင်နေသည်။

"မြန်မာနိုင်ငံမှာ အစိမ်းရောင်ဂျီဒီပီပြဿနာအခြေအနေကို စပြီးလေ့လာဖို့ လိုပြီထင်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေဟာ ပျက်စီးမှုများပြီး တစ်ချိန်ကျရင် ခေါင်းခဲရမယ့်အခြေအနေတွေ ရောက်နိုင်ပါတယ်"ဟုလည်း သစ်တောရေးရာဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းတစ်ဦးကဆိုပါသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအစိုးရသည် နိုင်ငံဖွံ့ဖြိုးရေး တည်ဆောက်နေမှုများနည်းတူ သစ်တောသစ်ပင် ပြန်လည်စိမ်းလန်းရေးကို ဒေသတွင်းနိုင်ငံများမှာပင် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။

## အစွန်းမရောက်သော အလယ်လမ်း

"ကျွန်တော်တို့ အခုနောက်ပိုင်း သစ်ပင်ခုတ်ရင် မခုတ်ခင် အဲဒီသစ်ပင်မှာ တစ်ရက်က ထင်းခုတ်ဓားစိုက်ထားတာ မနက်သွားကြည့်လို့ ဓားက တစ်နေရာရောက်နေရင် အဲဒီအပင်ကို မခုတ်ရဲတော့ဘူး"ဟု ပုပ္ပားနတ်ကန်လည်ရွာသားတစ်ဦးက ဆိုပါသည်။



ရွာသူရွာသားများနှင့် သစ်တောဝန်ထမ်းများသည်လည်း ရိုးရာယုံကြည်မှုများနှင့်နေထိုင်လျက်ရှိကြသည်ဟုလည်း ပုပ္ပားတောင် သားငှက်နှင့်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ (တောခေါင်း) ဦးညွန့်တင်က ဆိုပါသည်။

၁၉၇၂ ခုနှစ်နောက်ပိုင်း ချွန်းမန္တမ်းရေထွက်အနီး စကားဝါပင်ပိ၍ သေဆုံးသော သစ်ခုတ်သူများအပြင် အခြားမတော်တဆဖြစ်ရပ်များသည်လည်း ရိုးရာဓလေ့ဆိုင်ရာများနှင့် ဆက်စပ်ကာ စွဲလမ်းယုံကြည်လျက်ပင် ရှိနေကြသည်။

တကောင်းဘုရင်သည် ပန်းပဲမောင်တင့်တယ်အား ကွပ်မျက်ပြီးနောက် ၎င်းနတ်အဖြစ်နေထိုင်သည့် စကားဝါပင်ကို မျှောခဲ့ရာမှ ပုပ္ပားတွင် စကားဝါပင် စတင်ပေါက်ရောက်ခဲ့သည်ဟုလည်း ပါးစပ်ရာဇဝင်များက ဆိုကြသည်။

ယခုအခါ စကားဝါအပါအဝင် သစ်ပင်အမျိုးပေါင်း ၃၀၀ ကျော်၊ ပရဆေးပင် ၃၅၆ ပင်နှင့် သဘာဝတော၊ တောင်ပေါ်တော၊ မြက်ခင်းတောများ၊ အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှောတော၊ အင်တိုင်းတော၊ သန်းဒဟတ်တောများ၊ သစ်ခွမျိုးပေါင်း ၆၀ ကျော်တို့ ရှင်သန်ပေါက်ရောက်လျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ၏ အမြင့်ဆုံးတောင်ဖြစ်သော ပုပ္ပားတောင်သည် အာရှ၏ ယုံကြည်မှုဆိုင်ရာ အကောင်းဆုံးဒေသ The best of the soul ဆိုသည့် အမြင်နှင့် ပတ်သက်သော သဘောထားအမြင်ကို မေးမြန်းရာတွင်မူ ဦးအုန်း က ခပ်မဆိတ် နေခဲ့ပါသည်။

ပုပ္ပားတောင်တွင် အိမ်များလွင့်ပါသည်အထိ ပြင်းထန်သောလေပြင်းများက မကြာခဏ တိုက်ခတ်လေ့ရှိသည်။ အင်္ဂလိပ်စာရေးဆရာ မောရစ်ကောလင်းကလည်း ဥဇ္ဇနာမင်းသည် ပုပ္ပားမှ မင်းမဟာဂီရိနတ် (မောင်တင့်တယ်)နတ်ကို လာရောက်ပူဇော်ရင်း နတ်တို့ခြောက်လှန့်မှုခံရသည်ဟု ဆိုသည်။ ယုံကြည်ခြင်း၊ မယုံကြည်ခြင်းသည် မိမိတို့၏ သီးခြားအခွင့် အရေးပင် ဖြစ်ကြသည်။

တစ်ဖက်တွင်လည်း ပုပ္ပားတွင် ပန်းပဲလုပ်ငန်းများမထွန်းကား၊ ဓာတ်သဘင်များမဖြစ်ထွန်းဟု ဆိုကြသည်။ သို့ရာတွင် သစ်တောသစ်ပင် သဘာဝဝန်းကျင်များကို ရိုးရာဓလေ့ထုံးစံများက စောင့်ရှောက်သည်ဆိုသည်ကို ဦးအုန်းက ထောက်ခံချင်ပုံရသည်။

မည်သို့ပင်ဆိုစေ စီးပွားရေးဖွံ့ဖြိုးမှုများရရှိလိုသော မြန်မာနိုင်ငံကဲ့သို့ တတိယနိုင်ငံများအနေဖြင့် သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင်သယံဇာတများ ထိန်းသိမ်းရေးအတွက် မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ရာ ရိုးရာဓလေ့အစွဲအလမ်းများဖြင့် သစ်တောသစ်ပင် ကာကွယ်ခြင်းသည် အကုန်အကျနည်းပါး၍ အကျိုးသက်ရောက်မှုများပြားသည့်အတွက် မြန်မာနိုင်ငံ၏ ဆက်လက်အသုံးပြုသင့်သည့် အစွန်းမရောက်သော အလယ်လမ်းပင် ဖြစ်ပါသည်။

**တင်အောင်ကျော်**

■



# မြန်မာနိုင်ငံ၏ မီးဘေးအန္တရာယ်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်း

နိုင်မင်းဝေ ၊ ဇာလီကျော်

**မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာတစ်ဝန်းရှိနိုင်ငံများကဲ့သို့ ရေကြီးမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်ခတ်မှု၊ ရာသီဥတုဖောက်ပြန်မှု စသော Disaster ဟုခေါ်ဆိုသည့် သဘာဝဘေးအန္တရာယ်ဆိုးများနှင့် ကြုံတွေ့ရမှုများ နည်းပါးလှသော်လည်း အမျိုးသားအကျိုးစီးပွားကို ခြိမ်းခြောက်နေသော အန္တရာယ်တစ်ပါးဖြစ်သည့် မီးဘေးအန္တရာယ်မှာမူ ပြည်သူလူထုတစ်ရပ်လုံးအတွက် အနီးကပ်စိန်ခေါ်နေသည့် ပြဿနာတစ်ခုဟု ဆိုနိုင်သည်။**

မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံအတွက် အခြားသော သဘာဝဘေးအန္တရာယ်များထက် အသက်အိုးအိမ်စည်းစိမ်ကို ပိုမိုခြိမ်းခြောက်မှုပြုနေသော ဘေးအန္တရာယ်အဖြစ် မှတ်ယူထား၍လည်း မြန်မာလူမျိုးတို့၏ အစဉ်အလာအယူအဆအရ ရန်သူမျိုးငါးပါးထဲတွင် တစ်ပါးအဖြစ် ထည့်သွင်းခံထားရခြင်းဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်တွင် တစ်

www.foreverspace.com.mm



နှစ်လျှင် ပျမ်းမျှမုန်တိုင်းအရေအတွက် ၁၀ လုံးခန့်တိုက်ခတ်ပြီး တစ်ကမ္ဘာလုံး၌ မုန်တိုင်းတိုက်ခတ်မှုအကြိမ်အရေအတွက်များသည့် ၂၀၀၅ ခုနှစ်မျိုးမှာပင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းခုနစ်ကြိမ်ခန့်သာ ဖြစ်ပေါ်ခဲ့ကာ တစ်ကြိမ်မျှ မြန်မာနိုင်ငံကို ဖြတ်ကျော်ခဲ့ခြင်းမရှိဆိုသည့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အချို့နှင့် ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး မီးလောင်ကျွမ်းမှု ၈၃၅ ကြိမ် ရှိခဲ့သည်ဆိုသည့် မီးသတ်ဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များကို နှိုင်းယှဉ်ကြည့်လျှင် မီးဘေးအန္တရာယ်၏ခြိမ်းခြောက်မှုကို သိသာထင်ရှားစေပါသည်။

## မီးလောင်ကျွမ်းရသည့် အကြောင်းအရင်းများ

နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာအရ နှစ်စဉ်မီးလောင်မှုများ၏ ၈၅ ရာခိုင်နှုန်းခန့်မှာ ပေါ့ဆမီးကြောင့် လောင်ကျွမ်းရခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရှိရသည်။

ပေါ့ဆမီးဟုဆိုရာ၌ ဖယောင်းတိုင်မီး၊ မီးဖိုမီးနှင့် လျှပ်စစ်မီးတို့ပါဝင်ပြီး မီးဖိုမီးများကို ချက်ပြုတ်ပြီးပါက စနစ်တကျ ငြိမ်းသတ်ထားခြင်းမပြုသောကြောင့် တငွေ့ငွေ့လောင်ကျွမ်းရာမှစ၍ မီးလောင်မှုဖြစ်ပွားခြင်း၊ လျှပ်စစ်မီးလာနေစဉ် မီးဖိုခလုတ်ဖွင့်ကာ ဆီအိုး စသည်တို့ တည်ထား၍ မီးပျက်သွားသည့်အခါတွင် မေ့လျော့ပြီး ခလုတ်ကိုမပိတ်မိသောကြောင့် မီးလာသည့်အခါ အပူရှိန်မြင့်မားလာပြီး ထ၍လောင်ကျွမ်းခြင်း၊ ညအချိန် ဖယောင်းတိုင်ထွန်းထားပြီး အိပ်ပျော်သွားသောကြောင့် ထိုမှတစ်ဆင့် လောင်ကျွမ်းခြင်းအပါအဝင် အခြားမဆင်မခြင်ပြုလုပ်မှုကြောင့် လောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သည့်အတွက် မီးကိုပေါ့ဆစွာ အသုံးမပြုအပ်ကြောင်း မီးသတ်အရာထမ်းတစ်ဦးက ပြောကြားသည်။

ယခုအခါ မီးလောင်မှုများတွင် ထင်းမီးဖို၊ ဖယောင်းတိုင်တို့မှသာမကတော့ဘဲ မီးအားမြှင့်စက်များ သုံးလာကြသဖြင့် စက်အတွင်း ချို့ယွင်းမှုဖြစ်ပေါ်နေသည်ကို မသိရှိပါက Over Voltage ဖြစ်သည့်အခါ၌ ဝါယာရှော့ခ်ဖြစ်၍ပါ လောင်ကျွမ်းနိုင်သည်။ အဆိုပါမီးအားမြှင့်စက်များနှင့် အနီးဝန်းကျင်တွင် သတင်းစာ၊ မဂ္ဂဇင်း၊ ဓာတ်ဆီပုလင်း၊ အဝတ်စုတ်၊ ဂွမ်းထုပ်၊ မီးခြစ်၊ အရက်ပုံ့ အစရှိသည်တို့ ထားရှိခြင်းသည် အန္တရာယ်ကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်ကြောင်း လိုအပ်သည့် Ampere ထက် ပိုမိုကြီးမားသည့် Fuse များကို နေအိမ်များတွင် တပ်ဆင်ထားကြသဖြင့် လျှပ်စစ်အန္တရာယ်ရုတ်တရက် ကြုံတွေ့လာပါက Fuse ပြတ်မသွားသည့်အတွက် ဝါယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းစေနိုင်ကြောင်း၊ မီးဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ အသေးအဖွဲများမှစ၍ ဂရုစိုက်သင့်ကြောင်း အတွေ့အကြုံရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုအခါ မီးလောင်မှုများ တိုးတက်များပြားလာမှုမှာ ခေတ်မီအသုံးအဆောင်ပစ္စည်းများအသုံးပြုမှု များပြားလာခြင်း၊ လူနေသိပ်သည်းထူထပ်လာခြင်းနှင့် အသုံးအဆောင်များ များလာသော်လည်း သုံးစွဲမှုစနစ်များ ပေါ့လျော့မှုကြောင့်ဖြစ်ပေါ်ရသည်ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ဆန်းသစ်သည့်ပစ္စည်းများ များစွာရှိနေပြီး ဆန်းသစ်သည့် မီးလောင်မှုများလည်း ဖြစ်ပေါ်လာသည်ဟု Insect Killer ကြောင့် လူကိုယ်ခန္ဓာအောက်ပိုင်းကို မီးစွဲလောင်သည့်ဖြစ်ရပ်ကို ကြုံတွေ့သိရှိခဲ့ရသူတစ်ဦးက ပြောပြခဲ့သည်။

## သက်ဆိုင်ရာသို့ ဆက်သွယ်သတင်းပေးရန်လို

မီးလောင်မှုဖြစ်ပွားပါက ချက်ချင်းသတင်းပေးပို့နိုင်ရန်အတွက် မိမိတို့မြို့နယ် (သို့မဟုတ်) မိမိနှင့် အနီးစပ်ဆုံး မီးသတ်တပ်ဖွဲ့စခန်း၏ ဖုန်းနံပါတ်ကို လူတိုင်းသိရှိထားရန်လိုအပ်ကြောင်း၊ အများစုမှာ အဆိုပါဖုန်းနံပါတ်များကို မသိရှိကြကြောင်း၊ သိရှိသူများအနေနှင့်လည်း လိုအပ်မှုမရှိပါက မဆက်သွယ်သင့်ကြောင်း၊ အချို့မှာ မီးလောင်သည်ဟု ကြားရုံနှင့် မည်သည့်နေရာ

**မီးလောင်ပါက အိုးအိမ်ပစ္စည်းများ အချည်းနှီးဆုံးရှုံးရသည်**



www.foreverspace.com.mm



တွင် လောင်သည်ကို စပ်စုလို၍ မေးမြန်းခြင်းကို ရှောင်ကြဉ်သင့်ကြောင်း၊ ယင်းသို့ မေးမြန်းမှုသည် တာဝန်ထမ်းဆောင်နေစဉ် ထိန်းချုပ်မှု၊ အမိန့်ပေးမှုတို့ကို နှောင့်နှေးစေကြောင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်မှုကို သတင်းပေးပို့ရာ၌ စိတ်လှုပ်ရှားခြင်းနှင့် ပူပင်သောကဖြင့် ပြောဆိုပေးပို့ခြင်းတို့သည် ပြည့်စုံမှန်ကန်သည့်သတင်းကို ပေးပို့နိုင်မည်မဟုတ်ကြောင်း၊ မီးသတ်ကို သတင်းပေးပို့သည့်အခါ လောင်သည့်နေရာအတိအကျနှင့် အနေအထား၊ ပေးပို့သူအမည်၊ မီးအခြေအနေကိုသိရှိရန် ပြန်လည်ဆက်သွယ်နိုင်မည့် ပေးပို့သူ၏ဖုန်းနံပါတ်နှင့် သတင်းပေးပို့သူထံ မီးသတ်ဌာနမှ မရှင်းလင်း၍ ပြန်လည်မေးမြန်းမှုကို စိတ်ရှည်စွာဖြင့် ပြန်လည်ဖြေကြားပေးရန်လိုအပ်ကြောင်း၊ သို့မှသာ လုံလောက်သောအင်အားနှင့် ဖြစ်ပွားသည့်နေရာသို့ လျင်မြန်စွာရောက်ရှိစေရန် ညွှန်ကြားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

## မြန်မာနိုင်ငံတစ်ဝန်း မီးလောင်ကျွမ်းမှုများ

မီးလောင်မှုများဖြစ်ပေါ်ခဲ့ရာ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ တစ်လအတွင်း မီးလောင်မှုအကြိမ် ၂၀ ဖြစ်ပွားပြီး ကားဂိုဒေါင်တစ်ခုနှင့် အိမ်ခြေအဆောက်အအုံခြောက်လုံးပါရှိကာ ကျပ် ၁၂,၉၂၂,၉၂၅ တန်ဖိုးခန့် ဆုံးရှုံးခဲ့ရကြောင်းနှင့် အဆိုပါမီးလောင်မှုတွင် မီးဖိုမီးငါးကြိမ်၊ ပေါ့ဆမီး ၁၀ ကြိမ်၊ လျှပ်စစ်မီးတစ်ကြိမ်နှင့် တောမီးလေးကြိမ်တို့ ပါဝင်ကြောင်း သက်ဆိုင်ရာဌာနမှ စုံစမ်းသိရှိရသည်။

ဆောင်းရာသီနှင့် နွေရာသီသို့ အကူးအပြောင်းကာလများတွင် မီးလောင်ကျွမ်းမှုများ ပို၍ဖြစ်ပေါ်တတ်ကြောင်း၊ နွေရာသီရောက်ရှိလာချိန်တွင်မူ ပူပြင်းခြောက်သွေ့မှုကို သတိထားမိလာကြပြီး ဆင်ခြင်ကြသည့်အတွက် ဖြစ်ပွားမှုနည်းပါးကြောင်း၊ ဆင်ခြေဖုံးရပ်ကွက်များ၊ လမ်းအဝင်အထွက်ခက်ခဲသည့်ရပ်ကွက်များ၊ ရေရရှိရန် အခက်အခဲရှိသည့်နေရာများ၊ တစ်ဖက်ပိတ်လမ်းများ၊ အထပ်မြင့်တိုက်ခန်းများ ရှိသည့်လမ်းများ၌ ညအိပ်ရပ်နားထားသည့်ကားများမှာ စည်းကမ်းတကျမရှိဘဲ ရပ်နားထားပါက မီးသတ်ကားဝင်ရောက်ရန် အခက်အခဲရှိကြောင်း မီးသတ်ဦးစီးဌာနမှ

**မီးလောင်ပြီဆိုပါက မီးသတ်ဌာနတစ်ခုသာမက အားလုံးဝိုင်းဝန်းငြိမ်းသတ်လျှင် ဆုံးရှုံးမှုနည်းပါးနိုင်သည်**



www.foreverspace.com.mm



အရာထမ်းတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်း နယ်နိမိတ်အတွင်း၌ ၂၀၀၅ ခုနှစ်အတွင်း မီးလောင်မှုအကြိမ်ပေါင်း ၂၈၁ ကြိမ်ခန့်ဖြစ်ပေါ်ခဲ့ပြီး စက်ရုံအလုပ်ရုံခြောက်ခုနှင့် ဂိုဒေါင်နှစ်ခုအပါအဝင် အိမ်ခြေပေါင်း ၁၆၆၅ လုံးခန့် ဆုံးရှုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်းခြေအရ ကျပ် ၄၁၂,၄၁၀,၄၉၈ ဖိုးရှိကာ မီးဘေးဒုက္ခသည် ၁၀သို့ ရောက်ရှိခဲ့ရသူပေါင်း ၇၃၅၂ ဦးရှိကြောင်း မီးသတ်ဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့နိုင်ငံမှာ နှစ်စဉ် မီးလောင်မှုအကြိမ် ၁၁၅၃ ကြိမ်လောက် ဖြစ်ပွားနေပါတယ်။ ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ပြောရရင် နှစ်စဉ် ကျပ်သန်း ၈၃၀ လောက် မီးလောင်လို့ ဆုံးရှုံးနေပါတယ်။ ဒါကြောင့် ပျမ်းမျှအားဖြင့် ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ရှစ်နာရီတစ်ကြိမ်လောက် မီးလောင်တတ်ပြီး မီးတစ်ကြိမ်လောင်တိုင်း ကျပ်ခုနစ်သိန်းကျော်ဖိုးလောက် ဆုံးရှုံးနေရတယ်"ဟု ဆိုပါသည်။

မီးလောင်ကျွမ်းမှုများတွင် ၂၀၀၂ ခုနှစ်၌ ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး ကျပ်သန်း ၅၀၀ ကျော်၊ ၂၀၀၃ ခုနှစ်၌ ခန့်မှန်းခြေကျပ်သန်း ၇၀၀ ကျော်နှင့် ၂၀၀၄ ခုနှစ်တွင်မူ ခန့်မှန်းခြေကျပ်သန်း ၁၀၀၀ ကျော်ရှိခဲ့သည်။

## မီးအာမခံစနစ်

မီးအာမခံထားရှိရာတွင် အဆောက်အအုံအမျိုးအစားပတ်ဝန်းကျင်ကိုမူတည်၍ ပရီမီယံကြေးတွက်ချက်ပြီး အာမခံသက်တမ်းမှာ တစ်နှစ်ဖြစ်သည်။ အဆောက်အအုံအမျိုးအစားကို လေးမျိုးခွဲခြားထားရာ အိမ်အမိုးမှာ သွပ်မိုး၊ အုတ်ကြွပ်မိုး၊ အုတ်ကာ၊ RC စသည့် မီးလောင်မလွယ်သော အိမ်အမျိုးအစားကို ပထမအဆင့်အဖြစ်သတ်မှတ်ပြီး ဒုတိယအမျိုးအစားမှာ သွပ်၊ အုတ်ကြွပ်၊ အုတ်ညှပ်၊ တိုက်ခံ၊ သွပ်ကာအမျိုးအစားဖြစ်သည်။ တတိယအမျိုးအစားမှာ သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ထောင်အိမ်အမျိုးအစားဖြစ်ပြီး စတုတ္ထအမျိုးအစားမှာ မီးလောင်လွယ်သော တဲ၊ ဓနိ၊ သက်ကယ်၊ အင်ဖက်မိုးအိမ်များ ဖြစ်သည်။ မီးလောင်လွယ်သော အိမ်အမျိုးအစား၊ ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ ပရီမီယံကြေးပိုမိုပေးသွင်းရမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာ့အာမခံလုပ်ငန်း မီးအာမခံဌာနသည် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းဝင်ငွေကျပ်သန်းပေါင်း ၂၃၇၇ သန်းကျော်ရရှိပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းဝင်ငွေ ကျပ် ၃၇၄၈.၆၈ သန်းကျော်ရှိခဲ့ကြောင်း သိရှိရသည်။

မြန်မာ့အာမခံလုပ်ငန်းသည် မီးအာမခံထားရှိသော အဆောက်အအုံများကို မိမိဘာသာ လောင်ကျွမ်းသောမီးမှလွဲ၍ အခြားနည်းဖြင့်လောင်ကျွမ်းပါက မည်သည့်အတွက်ကြောင့် လောင်ကျွမ်းသည်ဖြစ်စေ မီးအာမခံလျော်ကြေးငွေ ပေးမည်ဖြစ်ကြောင်း၊ မီးအာမခံထားရှိရာတွင် အာမခံထားသော အဆောက်အအုံအနေအထားကိုလိုက်၍ တန်ဖိုး၏ ၀.၂၈ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းအထိ အာမခံကြေးပေးဆောင်ရမည်ဖြစ်ပြီး သက်တမ်းတစ်နှစ်ကျော်လွန်ပါက ၂၅ ရာခိုင်နှုန်းလျော့၍ ပေးဆောင်ရမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရှိရသည်။ လျော်ကြေးငွေမှာ မြန်မာ့အာမခံလုပ်ငန်းစစ်ဆေးရေးအဖွဲ့မှ အတည်ပြုပေးသော တန်ဖိုးအတိုင်း ပေးလျော်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ ဘဏ်များ၊ ဈေးများ၊ စက်ရုံများနှင့် Supermarket များက မီးအာမခံအများဆုံးထားလေ့ရှိပြီး မီးလောင်မှု မကြာခဏဖြစ်ပွားလေ့ရှိသော လူနေရပ်ကွက်များအတွင်းရှိနေအိမ်အဆောက်အအုံများမှာ မီးအာမခံထားရှိမှု အလွန်နည်းပါးကြောင်း လေ့လာတွေ့ရှိရသည်။

## ပြည်သူလူထု၏ ပါဝင်မှု

မြန်မာနိုင်ငံတစ်ဝန်း မြို့နယ် ၃၂၄ မြို့နယ်တွင် မီးသတ်တပ်ဖွဲ့စခန်းပေါင်း

**မီးဘေးသင့်သူများကို နှစ်သိမ့်အားပေးရန်နှင့် နေရာချထားပေးရန်မှာလည်း အရေးကြီးသည်**



www.foreverspace.com.mm





၂၁၇ ခုနှင့် အရန်မီးသတ်တပ်ဖွဲ့စခန်းပေါင်း ၃၂၈ ခုရှိပြီး စုစုပေါင်း မီးသတ်တပ်ဖွဲ့ဝင် အင်အားနှစ်သိန်းကျော်ဖြင့် မီးဘေးလုံခြုံမှု အပါအဝင် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ် အရ သိရသည်။ ပြီးခဲ့သည့် ၁၀ စုနှစ် တစ်ခုနီးပါးကာလအတွင်း မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှ ဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ရသူ ၆၀၀ ဦးကျော်၏အသက်ကို ကယ်တင်နိုင်သော မှတ်တမ်းများရှိသည့် မီးသတ်တပ်ဖွဲ့ကိုပင် မီးလောင်မှုဖြစ်ပွားတိုင်း အမြင်မရှင်းသူတချို့က အပြစ်ပြောစရာဖြစ်နေခဲ့ပြီး မီးလောင်မှုတစ်ခုဖြစ်လျှင် မီးသတ်တပ်ဖွဲ့ဝင်များတွင်သာမက အားလုံးတွင်တာဝန်ရှိကြောင်း မေ့လျော့နေကြသည်ဟု မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ဖွင့်ဟပြောကြားသည်။

အဆိုပါသဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရလျှင် တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ တာဝန်သက်သက်ဟု ပြော၍မရဘဲ ပြည်သူလူထု၏ ကိုယ်တိုင်ကိုယ်ကျ ပါဝင်မှုမှာ အရေးပါလှသည့် အချက် ဖြစ်သည်။

## Social Safety Net နှင့် Civil Society

လျှောင်လှုပ်ခြင်း၊ မုန်တိုင်းဒဏ်ခံရခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဆူနာမီလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်းကဲ့သို့သော သဘာဝဘေးဒဏ်များသည် မည်သည့်နိုင်ငံ၊ မည်သည့်ဒေသ၊ မည်သည့်လူမျိုးမဆို ကြုံတွေ့နိုင်သော သဘာဝဘေးအန္တရာယ်များသာဖြစ်၍ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်ရပ်ကွက်ချင်းဖြေရှင်း၍ မဖြစ်နိုင်ဘဲ စုပေါင်းဖြေရှင်းရမည့် စိန်ခေါ်မှုများ ဖြစ်ပါသည်။ ယင်းသဘာဝဘေးအန္တရာယ်များသည် ကြိုတင်မှန်းဆတားဆီး၍မရသောဖြစ်စဉ်များဖြစ်ပြီး ယင်းအန္တရာယ်များမှ လျော့ပါးသက်သာအောင် ခုသာခံသာရှိအောင် ကြိုတင်ပြင်ဆင်မှုအားကောင်းကောင်းနှင့် ပြင်ဆင်နိုင်ရန် Social Safety Net များနှင့် Social Security System များလိုအပ်သည်ဟု Social Safety Net စာတမ်းဖြင့် မဟာဘွဲ့စာတမ်းတင်ခဲ့သူတစ်ဦးက ဆိုပါသည်။

"Social Safety Net ဆိုတာ ဆပ်ကပ်ထဲက ကောင်းကင်ဘားကစားသူ

**အာမခံအမျိုးအစားအလိုက် ဝင်ငွေနှိုင်းယှဉ်မှုဇယား (ကျပ်သန်းပေါင်း)**

| စဉ် | အာမခံလုပ်ငန်းအမျိုးအစား | ၂၀၀၂/၂၀၀၃ ဘဏ္ဍာရေးနှစ် | ၂၀၀၃/၂၀၀၄ ဘဏ္ဍာရေးနှစ် | ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် |
|---|---|---|---|---|
| ၁။ | အသက်အာမခံ | ၁၉၆.၉၉ | ၄၃၂.၃၄ | ၅၇၈.၇၅ |
| ၂။ | ရေ–လေအာမခံ | ၆၁၆.၁၈ | ၆၄၉.၄၈ | ၅၈၅.၆၆ |
| ၃။ | မီးအာမခံ | ၂၅၅၇.၂၆ | ၂၄၃၈.၂၈ | ၃၈၃၁.၀၅ |
| ၄။ | သူတစ်ပါးထိခိုက်မှုအာမခံ | ၂၅၃.၇၉ | ၅၀၃.၃၂ | ၆၇၆.၅၅ |
| ၅။ | ငွေတိုက်လက်မှတ်ပေါ်မှအတိုးရငွေ | ၁၆၁.၈၂ | ၁၆၂.၀၀ | ၁၆၁.၈၈ |
| ၆။ | အခြားဝင်ငွေ | ၁.၇၀ | ၁၆.၇၇ | ၁၈.၁၇ |
| | စုစုပေါင်း | ၄၀၅၇.၇၄ | ၄၂၀၂.၁၉ | ၅၈၅၂.၀၇ |

(**Source : မြန်မာ့အာမခံလုပ်ငန်း**)

www.foreverspace.com.mm

တွေ မတော်တဆ လက်လွတ်ပြုတ်ကျရင် အောက်မှာ ပိုက်ကွန်လို ဖြန့်ခံထားတာမျိုး ဖြစ်တယ်။ မီးဘေးအန္တရာယ်နဲ့ တခြား သဘာဝဘေးဒဏ်တွေအတွက် အာမခံထားကြတာမျိုးဖြစ်တယ်”လို့ Social Safety Net ၏ အဓိပ္ပာယ်ကို ၎င်းက ရှင်းပြပါသည်။

“Social Security System ဆိုတာကတော့ အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်း (Civial Society) တွေလို့ ပြောနိုင်တယ်”ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဘေးဒုက္ခကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအဖွဲ့ (Disater Assessment Response Team-DART) သည် ဘေးဒုက္ခကြောင့် အသက်အိုးအိမ်ပစ္စည်း စသည့် ဆုံးရှုံးမှုများလျော့နည်းသက်သာစေရန်၊ မြန်မာပြည်သူပြည်သားများ၏ ဘေးဒုက္ခနှင့် ပတ်သက်၍ ပိုမိုသိနားလည်နိုင်ရန်၊ အသိပညာများ လေ့လာဆည်းပူးသင်ကြား တတ်မြောက်စေရန် ရည်ရွယ်ဖွဲ့စည်းထားကြောင်း ၎င်းတို့၏ထုတ်ပြန်ချက်အရ သိရသည်။

မည်သည့်သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့သည်ဖြစ်စေ Civil Society အားကောင်းနေပါက ကိုယ်ထူကိုယ်ထ ဖြေရှင်းလုပ်ကိုင်မှုများအပါအဝင် စုစည်းလေ့ကျင့်ထားသည့်အကူအညီပေးဝေရေး အဖွဲ့များ၊ အကူအညီပေးမှုကို လက်ခံဖြန့်ဝေပေးသည့်အဖွဲ့များအဖြစ် ပါဝင်ကူညီနိုင်မည်ဖြစ်သလို နောက်ဆက်တွဲဆုံးရှုံးမှုတစ်ရပ်ဖြစ်သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုအတွက်လည်း စာနာဖေးမခြင်း၊ ကြားနာဖြေသိမ့်ပေးခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ပါသည်။

## စုပေါင်းကာကွယ်ရန် လိုပါသည်

မီးအန္တရာယ်နှင့်ပတ်သက်လျှင် “တစ်ယောက်အားနှင့်မစွမ်းသာ စုပေါင်းကာကွယ်ပါ”ဟု နှိုးဆော်ထားသည်။



မြန်မာလူမျိုးများသည် အရေးကြုံလာလျှင် သိသိမသိသိ မျက်နှာမလွှဲဘဲ ကူညီလိုသည့် စရိုက်မျိုးရှိကြသည့်လူမျိုး ဖြစ်ပါသည်။ ယင်းစရိုက်ကို ကောင်းမွန်သောအမျိုးသားရေးလက္ခဏာဟု ပြောကြသည်။ သို့သော် မီးလောင်လျှင်ဖြစ်စေ၊ မီးလန့်လျှင်ဖြစ်စေ အများစုမှာ မီးကိုငြိမ်းသတ်ဖို့ထက် မိမိပိုင်ဥစ္စာပစ္စည်းများကိုသာ ဦးစားပေးသယ်ယူရွှေ့ပြောင်းနေကြသည်။ ထို့ပြင် “လူစိမ်းတွေ အဝင်မခံနဲ့”ဆိုသည့် ကြိမ်းမောင်းဟန့်တားသံများသည် မီးလောင်မှုဖြစ်လျှင် တွေ့ရသည့်မြင်ကွင်းအချို့ ဖြစ်သည်။ တောမီးလောင်လျှင် တောကြောင်များ ထတတ်သော်လည်း တောအုပ်ထဲတွင်သာ တောကြောင်များ ရှိနေခြင်းမဟုတ်ဆိုသည်ကို သတိပြုသင့်ပါသည်။

“ငါကတော့ ပါပြီလို့တွက်ထားတာ။ အားလုံးကလည်း ဆင်းခိုင်းနေပြီ။ ငါက မဆင်းဘဲ ပျဉ်တွေကို လိုက်ခွာနေတုန်း ဘယ်ကမှန်းမသိတဲ့ ကောင်လေးသုံးယောက် ရောက်လာပြီး နောက်ဘက်က အိမ်သာရေတွေနဲ့ မရှုံမရှာ ဝိုင်းပက်ပေးသွားတာ။ မီးငြိမ်းပြီးသွားတော့လက်ဖက်ရည်ဖိုးပေးမလို့ လိုက်ရှာတာမတွေ့တော့ဘူး။ ငါတို့နဲ့လည်း မသိဘူး။ တစ်ခါမှလည်း မမြင်ဖူးဘူး”ဟု လှိုင်မြို့နယ်(၁၃)ရပ်ကွက် မီးလောင်စဉ်က ဘေးအိမ်များ အကုန်လောင်ပြီး အိမ်နောက်ဖေးအနည်းငယ်သာ မီးဟပ်နေပြီး ကျန်ခဲ့သည့် အိမ်ရှင်ဦးစိန်ဝင်းက ပြောပါသည်။

သဘာဝဘေးအန္တရာယ်တားဆီးရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကမူ “မြန်မာလူမျိုးတွေရဲ့ သဘာဝကိုက ကူညီလိုစိတ်ရှိတယ်။ ဘေးကြုံလာရင် ဒုက္ခကြုံရင် ဝိုင်းဝန်းကူညီပေးတဲ့ အလေ့အထရှိပြီးသား။ အဲဒီစိတ်ထားတွေကို အရင်းခံပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ စနစ်တကျဖွဲ့စည်းထားရင်ဖြစ်ဖြစ်၊ လိုအပ်လို့ရှိရင်ဖြစ်ဖြစ်၊ ဘေးအန္တရာယ်ကြုံလာရင်ဖြစ်ဖြစ် ကောင်းကောင်းရင်ဆိုင်နိုင်မှာ ဖြစ်တယ်” ဟု ဆိုပါသည်။

သေချာသည်ကတော့ တစ်ယောက်အားနှင့်မစွမ်းသာ စုပေါင်းကာကွယ်ပါဆိုသည့် မီးဘေးကာကွယ်ရေးဆိုင်ရာ ဆောင်ပုဒ်အတိုင်း သဘာဝဘေးအန္တရာယ်များကို စုပေါင်းကာကွယ်ဖြေရှင်းရင်ဆိုင်ကျော်လွှားနိုင်ရန် Civil Society ခေါ်ကြသည့် စနစ်ကျနသောအဖွဲ့များ လိုအပ်နေပြီဖြစ်ပါသည်။

**နိုင်မင်းဝေ၊ ဇာလီကျော်**

www.foreverspace.com.mm





# မြန်မာနိုင်ငံ အီလက်ထရွန်နစ်ဈေးကွက်ဖော်ဆောင်မှုပုံစံများ

သာလွန်ဇောင်းထက် ၊ ကျော်ကျော်မင်း

**မြန်မာ နိုင်ငံ၏ ၂၁ ရာစု အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ဒီဇိုင်းနှင့် နည်းပညာအသစ်အဆန်းများ အသုံးပြုထားသည့်ပစ္စည်းများ မရိုးနိုင်အောင် ဝင်ရောက်လျက်ရှိနေသည့်အပြင် ခေတ်မီနည်းပညာရပ်များနှင့် ခေတ်မီအသုံးအဆောင်ပစ္စည်းများကို လူထုက စိတ်ဝင်စားမှု ပိုမိုလာကြသည့်အတွက် ဝယ်ယူသုံးစွဲမှု မြင့်တက်လာကြရာမှ ဈေးကွက်၏သဘောသဘာဝနှင့် ပစ္စည်းများ၏အခြေအနေအပေါ် နားလည်သဘောပေါက်မှု အားနည်းလျက်ရှိသောကြောင့် မပြေလည်မှုများ ကြုံတွေ့နေ ကြရသည်။**

## လက်ရှိအခြေအနေ

မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းဈေးကွက်တွင် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သောပစ္စည်းများက ဈေးကွက်ဝေစုကို အများဆုံးရရှိနေပြီး ဂျပန်နိုင်ငံလုပ်ပစ္စည်းအချို့၊ ဂျပန်နည်းပညာသုံး အရှေ့တောင်အာရှနိုင်ငံများမှ ထုတ်လုပ်သည့်ပစ္စည်းများ၊ ကိုရီးယားနိုင်ငံထုတ်ပစ္စည်းတို့မှာ ဈေးကွက်ဝေစုအချိုးကျရရှိနေကြောင်း အဆိုပါဈေးကွက်သတင်းများအရ သိရသည်။ မတ်လအတွင်း အီလက်ထရွန်နစ်ပစ္စည်းဈေးကွက်အရောင်းအဝယ်ပုံမှန်ရှိပြီး ပစ္စည်းအဝင်အနည်းငယ်များကြောင်း၊ မတ်လကုန်ပိုင်းတွင် အစိုးရ

www.foreverspace.com.mm



ဝန်ထမ်းများ၏ လစာနှုန်းထားအပြောင်းအလဲဂယက်ရိုက်ခတ်မှုကြောင့် ဈေးကွက်လှုပ်ရှားမှုရှိကာ ဈေးနှုန်းပြောင်းလဲရန် အားယူလာကြောင်း၊ DVD များ ဝယ်လိုအားကောင်း၍ ဈေးကွက်လက်ရှိအခြေအနေအရလူငယ်ကြိုက် MP3 Player CD Player စသည့် အိတ်ဆောင်ပစ္စည်းများ ရောင်းအားအမြင့်ဆုံးအနေအထား၌ရှိကြောင်း ရွှေမြင့်မိုရ်အီလက်ထရွန်နစ် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးစိုးဦးက ဆိုသည်။

## အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းများ

အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းများသည် လက်ရှိတွင်လည်း သုံးစွဲမှုမြင့်တက်လျက်ရှိသည့်အပြင် ဈေးကွက်၏ ရှေ့အလားအလာကောင်းမွန်မှုကြောင့် ယခင် လက်လီလက်ကားစုရပ်များဖြစ်သည့် ဗိုလ်အောင်ကျော်လမ်း၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)၊ ပန်းဆိုးတန်းလမ်း၊ သိမ်ကြီးဈေး၊ လသာတို့တွင်သာမက အခြားမြို့နယ်များ၌ပါ လက်လီဆိုင်များ ဖွင့်လှစ်လုပ်ကိုင်လာကြသည်ကို တွေ့ရပြီး ကုမ္ပဏီကြီးများကိုယ်တိုင်ကလည်း ကိုယ်ပိုင်အရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း အီလက်ထရွန်နစ်ကုမ္ပဏီတစ်ခု၏ အရောင်းမန်နေဂျာဒေါ်မြမြသက်ကဆိုသည်။

ကျယ်ပြန့်လာသည့် ဈေးကွက်အတွင်း ရေရှည်နာမည်တစ်လုံးရရှိရေးအတွက် ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်အကျိုးအမြတ်တွက်ဆ၍ သမ္မာအာဇီဝ ရောင်းချနေသော လုပ်ငန်းများရှိသကဲ့သို့ ရေရှည်အတွက် မရည်ရွယ်ဘဲ တစ်နပ်စားဉာဏ်ဖြင့် လက်ငင်းအကျိုးအမြတ်ကို ဦးတည်နေသော လုပ်ငန်းများလည်းရှိရာ ဈေးကွက်အတွင်း အမျိုးမျိုးသော ရောင်းဝယ်ရေးနည်းလမ်း၊ ဈေးကွက်ဖော်ဆောင်မှု ဗျူဟာများ ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

## နာမည်ရတံဆိပ်များ၊ ဆင်တူယိုးမှားတံဆိပ်များ

တိုးတက်ကျယ်ပြန့်လာသည့် ဆက်သွယ်ရေးနည်းပညာရပ်များကြောင့် တရုတ်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများနှင့် ပြည်တွင်းအီလက်ထရွန်နစ်လုပ်ငန်းရှင်များ တိုက်ရိုက်ဆက်သွယ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များလိုချင်သည့် ဈေးကွက်အတွင်း ခေတ်စားနေသည့် ဒီဇိုင်း၊ နည်းပညာနှင့် မော်ဒယ်နံပါတ်များသည် ဈေးကွက်အတွင်း အလွယ်တကူရောက်ရှိနိုင်သည့်အပြင် ဂျပန်တံဆိပ်များနှင့် ဆင်တူယိုးမှား Pansonic ဟု ‘a’ တစ်လုံးဖြုတ်၍လည်းကောင်း၊ LAMSAUNG SAMSONIC ဟုလည်းကောင်းနာမည်ဆင်တူယိုးမှားဖြင့် ဝင်ရောက်လာတတ်သည်။

တံဆိပ်မပါ၊ နာမည်မရှိသော ပစ္စည်းများကို ပြည်တွင်းလုပ်ငန်းရှင်များ ပြုလုပ်ထားသည့် နာမည်ရအမှတ်တံဆိပ်များကပ်ပြီး ရောင်းချလေ့ရှိသည့်အပြင် နာမည်မရှိသေးသောပစ္စည်းအချို့ကိုလည်း နာမည်ရတံဆိပ်ထပ်မံကပ်၍ ရောင်းချတတ်သည်။ Super တံဆိပ်ပန်ကာ၌ Philip တံဆိပ်ကပ်လိုက်သောအခါ Phillip ကုမ္ပဏီမှ ထုတ်လုပ်သည့် Phillip Super ဟုဆိုကာ တံဆိပ်အသစ်၊ မော်ဒယ်လ်မြင့်ဖြစ်၍ Phillip ထက်ပင် ဈေးမြင့်ရောင်းချသဖြင့် သာမန်ပေါက်ဈေးထက် နှစ်ဆမျှ ဈေးပိုပေးရ၍ ၅၀ ကျပ်တန် စတစ်ကာတစ်ခုသည် အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းရှင်များအတွက် ဝင်ငွေသောင်းဂဏန်းရှာဖွေပေးနိုင်ကြောင်း သိရသည်။

“VCD လေးဝယ်မလို့လာတာ နာမည်တွေကလည်းများ၊ အကုန်လုံးကလည်း ဂျပန်နည်းပညာသုံး၊ တရုတ်ထုတ်၊ ဂျပန်၊ ကိုရီးယားစုံနေတာပဲ၊ ဘာကိုယုံ ဘယ်လိုဝယ်ရမလဲ မသိတော့ဘူး။ ပစ္စည်းတစ်မျိုး တံဆိပ်တစ်မျိုးတည်းကိုပဲ ဆိုင်သုံးဆိုင်မှာ ဈေးသုံးမျိုး၊ ထုတ်တဲ့နိုင်ငံသုံးမျိုးနဲ့” ဟု သာကေတမြို့နယ်မှ VCD လာရောက်ဝယ်ယူသူ ဦးသန်းအောင်က ညည်းတွားသည်။

အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက “ဒီအတိုင်းရောင်းရင်လည်းမရဘူး၊ လူတွေက နာမည်စွဲ၊ တံဆိပ်စွဲနဲ့ဗျ။ ကိုယ်က နာမည်ဆင်တူယိုးမှားပေမယ့် တရုတ်လုပ်မို့လို့ ဈေးအနိမ့်နဲ့ပေးရင် ကိုယ့်ပစ္စည်းကို အတုလား၊



www.foreverspace.com.mm



မကောင်းဘူးထင်တယ်ဆိုပြီး တခြားဆိုင်ရောက်သွားတတ်တော့ ထုံးစံအတိုင်း မှသားမပါလက်ာမချောဆိုသလိုပဲ ရောင်းရတာပေါ့" ဟု ဆိုသည်။

"အီလက်ထရွန်နစ်ပစ္စည်းဈေးကွက်အတွင်း တံဆိပ်တုပပြုလုပ်မှုများသည် မူပိုင်ခွင့်ဥပဒေနှင့် ငြိစွန်း၍ ပြည်ပကုမ္ပဏီများမှ တရားစွဲဆိုနိုင်ကြောင်း ပြည်တွင်းဖြန့်ချိရေးလုပ်ငန်းရှင်များ သဘောပေါက်နားလည်ရန်လိုအပ်ပြီး ယင်းသို့သဘောပေါက်နားလည်စေရန်လည်း ပြည်တွင်း၌ လာရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီများမှ သတိပေးတားမြစ်ခြင်းများပြုလုပ်သင့်ကြောင်း အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ပွဲစားများနှင့် ဈေးကွက်ချဲ့ထွင်ခြင်း

ယခင်က အီလက်ထရွန်နစ်ဈေးကွက်အတွင်းရှိ ပွဲစားများသည် ဈေးကွက်စုရပ်များ၌ ကျင်လည်၍ဝယ်သူကို ၎င်း၏ဆိုင်သို့ခေါ်ဆောင်၍ ဆိုင်ရှိပစ္စည်းကို ရောင်းချခြင်းဖြင့် R.K ကြေးခေါ် ဂရုဏာကြေး၊ ဘော်ဒါကြေး စသည်ဖြင့် ဝင်ငွေရှာကြသည်။ ယခုအခါ၌ အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းတစ်ခု၌ လူယုံပွဲစားခုနစ်ဦးမှ ဆယ်ဦးဝန်းကျင်ရှိပြီး ၎င်းတို့သည် ပဲပေါ်ချိန် နှမ်းပေါ်ချိန် စသည့် ကျေးလက်နေပြည်သူတို့ ငွေရှင်ချိန်များတွင် ကျေးလက်နယ်မြို့များထိ ကိုယ်တိုင်ဆင်းသွားကာ အီလက်ထရွန်နစ်ပစ္စည်းများလိုအပ်ပါက ၎င်းလုပ်ကိုင်သောဆိုင်၌ လိုက်လံဝယ်ယူရန် ပြောဆိုစည်းရုံးပြီး လိုက်လံဝယ်ယူပါက အမျိုးအစားညံ့ပစ္စည်းများ၊ မော်ဒယ်လ်နိမ့်၍ လူကြိုက်နည်းသောပစ္စည်းများကို ထိုးသိပ်ရောင်းချတတ်သည်။ ယင်းသို့ အရောင်းပါးပစ္စည်းများကို ရောင်းချပေးခြင်းဖြင့် ကော်မရှင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ရရှိပြီး ဝင်ငွေလမ်းဖြောင့်နေကြသည်။



ပွဲစားလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက "ဝယ်သူကိုယ်တိုင်လိုက်လာပြီး ကိုယ့်ဆိုင်မှာ အလုပ်ဖြစ်ရင် ကော်မရှင်ခမြိုးမြိုးမြတ်မြတ်ရသလို အခြားဆိုင်မှာပဲအရောင်းအဝယ်တည့်ရင်လည်း ထိုက်သင့်သလောက်ရတာပဲ။ များသောအားဖြင့် ကိုယ့်ဆိုင်မှာ ကိုယ်အလုပ်ဖြစ်တာများပါတယ်။ ကိုယ်တိုင်မလိုက်ဘဲ ပိုက်ဆံပဲထည့်ပေးလိုက်ရင်တော့ ပိုကောင်းတာပေါ့၊ ကျွန်တော်က ဖျာပုံ၊ ဟင်္သာတဘက်ကိုသွားတယ် အဲဒီမှာ အမျိုးတွေရှိလို့" ဟု ဆိုသည်။

"ပွဲစားလုပ်ငန်းသည်နှစ်ဦးနှစ်ဖက် အကျိုးရှိအောင်ကြားနေအဖြစ် အကျိုးဆောင်ပေးသောလုပ်ငန်းဖြစ်၍ မွန်မြတ်သောလုပ်ငန်းဖြစ်သော်လည်း ယခုကဲ့သို့ အယူအဆလွဲမှားစွာဖြင့် ရင်းနှီးမှုဖြင့် မိမိအပေါ်ယုံကြည်စွာလိုက်လာသူများကို လှည့်ဖြားရောင်းချခြင်းထက် စေတနာကောင်းဖြင့် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ရှာဖွေပေးမည်ဆိုပါက ရေရှည်မိမိလုပ်ငန်းထူထောင်သောအခါ မိမိ၏မှန်ကန်သောစိတ်ချအားကိုးခဲ့ရမှုကြောင့် ဖောက်သည်များရရှိနိုင်မည်"ဟု အီလက်ထရွန်နစ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## အာမခံကတ်၊ ဂရမ်တီ၊ ဝရမ်တီများ

အာမခံကတ်စနစ်သည် မြန်မာနိုင်ငံသို့ အီလက်ထရွန်နစ်ပစ္စည်းများဖြန့်ချိရေးအတွက် စတင်ခြေချခဲ့သည့် ကုမ္ပဏီ

www.foreverspace.com.mm



ကြီးများမှ ၎င်းတို့၏ပစ္စည်းများအရောင်းသွက် နာမည်ရစေရန် ဝန်ဆောင်မှုပေးသော နည်းဗျူဟာတစ်ရပ်ဖြစ်သည်။ ယခုအခါတွင်မူ အာမခံကတ်ကို ဆိုင်များမှ ဂရမ်တီ (Guarantee) နှင့်ကုမ္ပဏီများမှလည်း ဝရမ်တီ (Warranty) ဟူ၍ ဆက်လက်အသုံးချသော်လည်း သုံးစွဲသူများ၏ ယုံကြည်စိတ်ချမှုရရှိစေရန်အတွက် မဟုတ်ဘဲ၊ လက်ငင်းပစ္စည်းရောင်းထွက်စေရန်နှင့် ထပ်ဆင့်အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်နေကြသည်။

သတ်မှတ်ကာလအတွင်း ချို့ယွင်းပျက်စီးပါက ပစ္စည်းဖိုးနှင့် လက်ခ အခမဲ့ဖြင့်ပြန်လည်ပြုပြင်ပေးသည့် ဝန်ဆောင်မှုမျိုးကို လွန်ခဲ့သောဆယ်စုနှစ်အတွင်းက အီလက်ထရွန်နစ်ဈေးကွက်အတွင်း ဝင်ရောက်ခဲ့သည့်ကုမ္ပဏီကြီးများမှ အသုံးပြုခဲ့ပြီး အာမခံကတ်သက်တမ်းသည် တစ်နှစ်မှ ၂ နှစ်အတွင်းသာ သက်တမ်းရှိပြီး သက်တမ်းကာလအတွင်း ဝန်ဆောင်မှုအပြည့်အဝပေးသဖြင့် ဈေးကွက်အတွင်း နာမည်ရခဲ့သည်။

ယခုခေတ်စားနေသော နည်းလမ်းမှာ လက်ခအခမဲ့၊ ပစ္စည်းဖိုးတောင်းခံခြင်းဖြစ်ပြီး ဆိုင်တိုင်းနီးပါး၏ ပါးစပ်အာမခံများ၊ အာမခံကတ်များပေး၍ ရောင်းချပြီး ပစ္စည်းပျက်စီးချို့ယွင်းချိန်၌ အာမခံယုံစား၍ လာသူများကိုမလုပ်ပေးနိုင်ဟု ငြင်းဆို၍တစ်မျိုး၊ ပြုပြင်ပေးသော်လည်း သာမန်ပြုပြင်ရေးလုပ်ငန်းတစ်ခု၌ တစ်ထောင်ကျပ်သာ ကျသင့်မည့်ချို့ယွင်းမှုတစ်ခုကို တစ်သောင်းကျပ်ခန့် ကျသင့်သည်ဟု တစ်ဖုံအမျိုးမျိုးအဖုံဖုံကြုံတွေ့နေရသည်။

နာမည်ရကုမ္ပဏီကြီးများ၏ Service Centre များရှိ ဝန်ထမ်းများ ကိုယ်တိုင်ကပင် အာမခံကတ်ကိုင်ဆောင်၍ လာသူများကို မချေမငံပြောဆိုဆက်ဆံခြင်း၊ သုံးစွဲသူကို ပြန်လည်ပြစ်တင် ဝေဖန်ခြင်း၊ ရောင်းချပေးသည့် ကိုယ်စားလှယ်ဆိုင်များသို့ ပြန်လည်လွှဲချခြင်း ပစ္စည်းဖိုး



မတန်တဆပေးနေရခြင်း စသည့်စနစ်မကျသော ဝန်ဆောင်မှုများရှိနေသည်။ ထို့အပြင် လက်တလောကာလများအတွင်း ဈေးကွက်ဝင်ရောက်လာသည့် မော်ဒယ်လ်မြင့်ပစ္စည်းများသည် ဈေးကွက်အပိုပစ္စည်းရှားပါး၍ ပြင်ပပြုပြင်ရေးလုပ်ငန်းများ၌ မရှိဘဲ ကုမ္ပဏီ Service Centre များ၌သာရရှိနိုင်ရာ ၎င်း Service Centre များ၏ တာဝန်မကျေသော ဝန်ဆောင်မှု၊ အမြတ်ထုတ်လိုသော ဝန်ဆောင်မှုများ ကြုံတွေ့နေရသဖြင့် သုံးစွဲသူများအတွက် အခက်အခဲတစ်ရပ် ဖြစ်နေသည်။

"အာမခံကတ်အသုံးပြုသောဆိုင်များ၊ ကုမ္ပဏီများအနေဖြင့် မိမိတို့ပေးနိုင်သောဝန်ဆောင်မှုကိုသာ သုံးစွဲသူပြည်သူတို့အတွက် စီစဉ်ပေးပြီး မှန်ကန်တိကျသော ဝန်ဆောင်စရိတ်၊ ကောင်းမွန်ချိုသာသော ဆက်ဆံရေးတို့ဖြင့် ဝန်ဆောင်မှုပေးနိုင်မှသာ ကျယ်ပြန့်သောဈေးကွက်အတွင်း နိုင်ငံတကာကုမ္ပဏီများ ထပ်မံဝင်ရောက်လာပါက ယှဉ်ပြိုင်နိုင်သော လုံလောက်သည့်ဈေးကွက်ဝေစုရရှိပြီးသားဖြစ်နေမည်" ဟု အီလက်ထရွန်နစ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အီလက်ထရွန်နစ်ပစ္စည်းသုံးစွဲသူတစ်ဦးက Service Centre များ၏ တာဝန်မကျေမှု ရောင်းဝယ်ရေးလုပ်ငန်းများ၏ မပြည့်ဝသော ဝန်ဆောင်မှုများအတွက် ကူညီဖြေရှင်းနိုင်သည့် အကျိုးအမြတ်မယူသည့် Non-Profit Customer Organization တစ်ခုထူထောင်သင့်ကြောင်း" ပြောကြားသည်။

## ဈေးကွက်အတွင်းမှ အထွေထွေနည်းလမ်းအချို့

ဆိုင်အတွင်းဝင်ရောက်လာသော ဝယ်သူကို ဆိုင်အတွင်းမှ ပြန်ထွက်၍ အခြားဆိုင်သို့ ကူးပြောင်းခြင်းမပြုစေရန် ပစ္စည်းအများအပြားစမ်းသပ်ပြ၍ ဝယ်သူမှ အားနာ၍ဝယ်ယူမိစေခြင်း၊ နာမည်တံဆိပ်အမျိုးမျိုးပြသစမ်းသပ်ပြပြီးနောက် ဝယ်သူမျက်စိလည်၍ အီနေချိန်တွင် နာမည်မရှိသောပစ္စည်းများ၊ နာမည်ဆင်တူယိုးမှားပစ္စည်းများကို ပိုမိုကောင်းမွန်သယောင်ပြောဆိုရောင်းချခြင်းတို့ပြုလုပ်တတ်သည်။

www.foreverspace.com.mm



ထို့ပြင် ဆိုင်ခွဲအများအပြားရှိသော ဆိုင်များကလည်း ၎င်း၏ဆိုင်မှ ထွက်သွားသော ဝယ်သူကို ပွဲစား(သို့) ဝန်ထမ်း၏ ပံ့ပိုးမှုဖြင့် ၎င်း၏ဆိုင်ခွဲများသို့ ထပ်မံရောက်ရှိစေ၍ ဈေးနှုန်းကစားပြီး မူလဆိုင်သို့ ပြန်လည်ရောက်ရှိစေကာ ဝယ်သူက ယုံကြည်စိတ်ချမှ အမြတ်တင်၍ ရောင်းချတတ်သည်။

ဝယ်သူမှ ပစ္စည်းနှင့် ဈေးနှုန်းမေးမြန်းစုံစမ်းပြီးသူဖြစ်ပါကလည်း ပင်မပစ္စည်းကို ဈေးနှုန်းမှန်ဖြင့် ရောင်းချပြီး အပိုပစ္စည်းဖြစ်သည့် Safeguard၊ အင်တာနာကြိုးစသည်တို့တွင် ဈေးတင်ရောင်းချတတ်သည်ကိုလည်း တွေ့ရသည်။

ဂျပန်တံဆိပ်ပစ္စည်း အသစ်များအတွင်းမှ ဖန်သီး၊ မီးလုံးကို လဲလှယ်ခြင်း အစိတ်အပိုင်းအချို့ လဲလှယ်ထားခြင်းတို့ ပြုလုပ်ထားခြင်း၊ ပစ္စည်းသန့်သည့် (Second Hand)ကို အသစ်နှင့်ရောနှောထား၍ အသစ်ပြအဟောင်းရောင်းခြင်း စသည်တို့ကိုလည်း တွေ့ရတတ်သည်။

ယင်းသို့ အမှန်အကန်မဟုတ်သော အကြံအဖန်နည်းလမ်းများထက် ရေရှည်နာမည်ကောင်းရရှိရေးအတွက် ဈေးနှုန်းမှန်၊ အမျိုးအစားမှန်၊ ပစ္စည်းမှန်၊ ဝန်ဆောင်မှုမှန်ဟူသော မှန်ကန်မှုလေးရပ်ကို ဦးထိပ်ထားရောင်းချသင့်ကြောင်း နာမည်ရအီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုမှ အရောင်းမန်နေဂျာတစ်ဦးက ဆိုသည်။

## Package အစီအစဉ်များ

ကုမ္ပဏီကြီးများမှ ၎င်းတို့၏ ဖောက်သည်အရောင်းဆိုင်များ အဆင်ပြေစေရန် ပြုလုပ်ပေးသည့် လက်ကားရောင်းဝယ်ရေးအစီအစဉ်တစ်ခုဖြစ်ပြီး ဈေးကွက်အတွင်း မရှိမဖြစ် လည်ပတ်နေသည့် နည်းလမ်းတစ်ရပ် ဖြစ်သည်။ အိမ်သုံးလျှပ်စစ်ပစ္စည်း ၅ မျိုးမှ ၇ မျိုးခန့် စုစုပေါင်းထားသည့် Package တစ်ခုအတွက် သိန်း ၇၀ မှ ၁၀၀ ဝန်းကျင်ကျသင့်မည့် Series များပါရှိပြီး Package အရေအတွက်အလိုက် ရာခိုင်နှုန်းလျှော့ပေး၊ အကြွေးရက်ဆိုင်းပေးခြင်းတို့ ပြုလုပ်ပေးသည့်အပြင် အပိုလက်ဆောင်များပါဝင်သဖြင့် ဖောက်သည်ဆွဲဆောင်သည့် အစီအစဉ်တစ်ခု ဖြစ်သည်။

ဆိုင်စတင်ဖွင့်လှစ်မည့်ဆိုင်များ မသုံးမဖြစ်သုံးသည့်စနစ်တစ်ခုဖြစ်ကာ Package တစ်ခုတွင် TV ဆိုဒ်စုံအနည်းဆုံး နှစ်လုံးမှ အများဆုံးငါးလုံးကြားနှင့် အခြား DVD၊ VCD၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက် စသည်တို့ပါဝင်ပြီး သင့်လျော်ရာအစီအစဉ်ကို ရွေးချယ်ဝယ်ယူရခြင်းဖြစ်၍ ဝယ်သူ/ရောင်းသူ တွက်ခြေကိုက်သောအစီအစဉ်တစ်ခုဖြစ်ကြောင်း အီလက်ထရွန်နစ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## အီလက်ထရွန်နစ်ပစ္စည်း သုံးစွဲသူများအနေဖြင့်

အီလက်ထရွန်နစ်ပစ္စည်းဝယ်ယူသူအများစုသည် ဝယ်လိုသောပစ္စည်း TV၊ VCD စသည့် အမျိုးအမည်ကိုသာ သိရှိပြီး ကျန်မော်ဒယ်လ်နံပါတ်၊ ဒီဇိုင်း၊ အမျိုးအစားတို့ကို သေချာစွာ သိရှိခြင်းမရှိ၍ ဈေးကွက်အတွင်းရောက်မှသာ ကောင်းနိုးရာရာ ရွေးချယ်ဝယ်ယူရာမှ ယခုကဲ့သို့ အခက်အခဲများ၊ တန်ဖိုးထက် ပိုမိုကုန်ကျခြင်းများ ကြုံတွေ့ရခြင်းဖြစ်သည်။ ပစ္စည်းမှန်၍ ဈေးနှုန်းမကစားဘဲ ပုံသေဈေးနှုန်းဖြင့် ရောင်းချသောကုမ္ပဏီကြီးများ၏ အရောင်းပြခန်းများကလည်း ၎င်းတို့၏ ဖောက်သည်ဆိုင်များအကျိုးရှိစေရန် လက်ကားဖြန့်ချိဈေးထက် ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းတင်၍ ရောင်းချတတ်သဖြင့် ပစ္စည်းကို ယုံကြည်စိတ်ချစွာ ဝယ်ယူနိုင်သော်လည်း ငွေကုန်ကြေးကျ ပိုများပေမည်။

အီလက်ထရွန်နစ်ပစ္စည်းဝယ်ယူသူများအနေဖြင့် အရောင်းပြခန်းများ၌ ဝယ်ယူလိုကဝယ်ယူပြီး၊ မဝယ်လိုပါက ပစ္စည်းမှန်သော အရောင်းပြခန်းများ၌ ဦးစွာလှည့်ပတ်ကြည့်ရှု၍ မိမိဝယ်ယူလိုသော အမျိုးအစား၊ မော်ဒယ်လ်နံပါတ်၊ ဒီဇိုင်းပုံသဏ္ဍာန်ကို သေချာစွာ လေ့လာမှတ်သားပြီးနောက် ဈေးကွက်အတွင်းရှိ အရောင်းဆိုင်များသို့ သွားရောက်၍ အမျိုးအစား



www.foreverspace.com.mm



**ဂလိုဘယ်ဆန်လာသော စီးပွားရေးကွန်ရက်ကြောင့် ဂျပန်နည်းပညာ၊ ဂျပန်တံဆိပ်တို့ကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ရောင်းချမှု၊ အင်ဒိုနီးရှားနိုင်ငံများ၌ ထုတ်လုပ်ရောင်းချမှုများရှိနေ၍ အပြင်ခွံ၌ ဂျပန်ကုမ္ပဏီတံဆိပ်ဖြစ်သော်လည်း အတွင်းဖန်သီးများနှင့် ကိုရီယာများ၌ ထုတ်လုပ်သည့်နိုင်ငံတံဆိပ်များ ရိုက်နှိပ်ထားနိုင်ကြောင်းလည်း သတိပြုရမည်ဖြစ်သည်။**

နှင့် ဒီဇိုင်းပုံသဏ္ဍာန်ကို ပထမဦးစွာကြည့်ရှု၍ ကိုက်ညီမှုရှိပါက မော်ဒယ်လ်နံပါတ်ကို မေးမြန်းကြည့်ရှု၍ အတိအကျတူညီမှ ဈေးနှုန်းစုံစမ်းဝယ်ယူသင့်သည်။

မော်ဒယ်လ်နံပါတ်ကိုကြည့်ရှုရာ၌ ဂဏန်းတစ်လုံးမလွဲစေရန် သတိထားစစ်ဆေးရမည်ဖြစ်သည်။ ဥပမာအားဖြင့် T xxx BB နှင့် T xxx BC သည် နောက်ဆုံးအက္ခရာ B နှင့် C တစ်လုံးသာ ကွဲပြားသော်လည်း ထုတ်လုပ်သည့်နိုင်ငံမတူညီတော့ဘဲ ဈေးနှုန်းကွာခြားချက်လည်းရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

အပြင်မော်ဒယ်လ်တူညီ၍ အတွင်းပစ္စည်းများလဲလှယ်တတ်ခြင်းကို အပြင်ပန်းပုံစံ တူညီမှုရှိမရှိကြည့်ရှုပြီး ဈေးနှုန်းကိုမေးမြန်း၍ အနိမ့်ဆုံးရောင်းနိုင်မည့်ဈေးညှိနှိုင်းကာ သာမန်ရှိသင့်သည့်ဈေး နှုန်းထက် ပိုမိုလျှော့ပေးလာပါက ယခုနောက်ပိုင်း အီလက်ထရွန်နစ်ပစ္စည်းများ၌ ပါဝင်လာသည့် မူလီပေါက်ကိုပိတ်၍ ကပ်ထားတတ်သည့် QC စတစ်ကာ၏ရောင်ပြေးများ ပုံမှန်အနေအထားရှိမရှိ၊ ၎င်းကုမ္ပဏီ၏ စတစ်ကာဟုတ်မဟုတ်ကို လေ့လာသိရှိနိုင်သည်ဟု Super Shine အီလက်ထရွန်နစ်ပစ္စည်းဆိုင်မှ ကျွမ်းကျင်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးကျော်မျိုးထွန်းက ဆိုသည်။

သို့သော် ဂလိုဘယ်ဆန်လာသော စီးပွားရေးကွန်ရက်ကြောင့် ဂျပန်နည်းပညာ၊ ဂျပန်တံဆိပ်တို့ကို ထိုင်းနိုင်ငံတွင် ထုတ်လုပ်ရောင်းချမှု၊ အင်ဒိုနီးရှားနိုင်ငံများ၌ ထုတ်လုပ်ရောင်းချမှုများရှိနေ၍ အပြင်ခွံ၌ ဂျပန်ကုမ္ပဏီတံဆိပ်ဖြစ်သော်လည်း အတွင်းဖန်သီးများနှင့် ကိုရီယာများ၌ ထုတ်လုပ်သည့်နိုင်ငံတံဆိပ်များ ရိုက်နှိပ်ထားနိုင်ကြောင်းလည်း သတိပြုရမည်ဖြစ်သည်။

အရောင်းပြခန်းများ၌ မရှိသည့် ဈေးသက်သာသည့် တရုတ်နိုင်ငံလုပ်အမျိုးအစားများကို ဝယ်ယူလိုပါက ဝယ်သူအနေဖြင့် ဆိုင်ငါးဆိုင်ထက်မနည်း လိုက်လံကြည့်ရှုရမည့်အပြင် မဝယ်မီကပင် ဝယ်ယူမည့်တရုတ်ပစ္စည်းများ၏ အသုံးခံမှုကို လက်လှမ်းမီသမျှ သုံးစွဲဖူးသူတို့ထံ မေးမြန်းထားသင့်ကြောင်း၊ ယင်းသို့ကြိုတင်စုံစမ်းပြီး နှစ်ခြိုက်မှသာ ဝယ်ယူသင့်ကြောင်း၊ မြန်မာလူမျိုးများသည် အားနာယုံလွယ်တတ်သည့်အပြင် ဝယ်ယူနေကျပစ္စည်း၊ ဝင်နေကျဆိုင်၊ ရောက်နေကျဈေးကွက်မဟုတ်သဖြင့် ဆိုင်အဟန့်၊ ပစ္စည်းအဟန့်ဖြင့် ဆိုင်အတွင်းမှ ပြန်ထွက်၍ အခြားဆိုင်သို့ ကူးပြောင်းရန် မဝံ့မရဲဖြစ်နေတတ်ကြောင်း၊ မည်သည့်ဈေးကွက်တွင်မဆို မိမိနှစ်သက်မှသာ မိမိကြိုက်ရာဆိုင်၌ ရွေးချယ်ဝယ်ယူနိုင်သည်ကို သိရှိထားရန်လိုအပ်ကြောင်း ခေတ္တာမြိုင်အီလက်ထရွန်နစ်ရောင်းဝယ်ရေးလုပ်ငန်းမှ အရောင်းဝန်ထမ်းတစ်ဦးက ဆိုသည်။

## သုံးသပ်ချက်

အီလက်ထရွန်နစ်ပစ္စည်းများဈေးကွက်သည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော နည်းပညာများ၊ ဒီဇိုင်းအသစ်အဆန်းများ၏ အားသာချက်များအပြင် ရာစုနှစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းလာသည်နှင့်အမျှ လူသားတို့ကလည်း ပိုမိုခေတ်မီတိုးတက်သည့်အသုံးအဆောင်ပစ္စည်းများကို သုံးစွဲလာကြရာ ဈေးကွက်ပိုမိုကျယ်ပြန့် ကြီးမားလာနိုင်ပေသည်။

ယင်းသို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခု၏ ကျယ်ပြန့်လာသော အီလက်ထရွန်နစ်ဈေးကွက်အတွင်းသို့ နိုင်ငံတကာအီလက်ထရွန်ကုမ္ပဏီကြီးများ၊ Hyper Market ကြီးများ၊ Hyper Electronic Mart များ ဈေးကွက်ချဲ့ထွင်ရန် ရောက်ရှိလာပါက ယုံကြည်စိတ်ချရမှုအားနည်းလျက်ရှိသည့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ဝေစုသည် ပြည်ပလုပ်ငန်းရှင်များထံသို့ အလွယ်တကူရောက်ရှိသွားနိုင်သဖြင့် ၎င်းဖြစ်ရပ်များမပေါ်ပေါက်စေရန် အီလက်ထရွန်နစ်လုပ်ငန်းရှင်များအနေဖြင့် မှန်ကန်စိတ်ချယုံကြည်လောက်သည့်ပစ္စည်းများ၊ တန်ဖိုးနှင့် ကိုက်ညီသည့်ပစ္စည်းများကို ဝယ်ယူသုံးစွဲသူများထံသို့ လုံလောက်ကောင်းမွန်သည့် ဝန်ဆောင်မှုများနှင့် ရောင်းချနိုင်ရန် ကြိုးပမ်းရပေမည်။

မမှန်ကန်သောပစ္စည်းများကို ရောင်းချခြင်းဖြင့် ဝယ်သူလည်းနစ်နာ၊ ရောင်းသူအတွက်လည်း ရေရှည်အကျိုးမရှိသည့်အပြင် တံဆိပ်တုပအသုံးချခံရသည့် ပြည်ပကုမ္ပဏီ၊ ဖြန့်ချိသည့်ပြည်တွင်းကိုယ်စားလှယ်တို့အတွက်လည်း နာမည်ကောင်းမထွက်နိုင်သဖြင့် ကိုယ်တိုင်လည်းကောင်း၊ ပတ်သက်စပ်ဆိုင်သူများအတွက်လည်း ကောင်းမွန်စေရန် နှစ်ဦးနှစ်ဖက်အကျိုးကိုကြည့်၍ ကျယ်ပြန့်လာသည့်ဈေးကွက်အတွင်း နာမည်တစ်လုံးဖြင့် ရေရှည်ရပ်တည်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါသည်။

**သာလွန်ဖောင်းထက်**

**ကျော်ကျော်မင်း**

www.foreverspace.com.mm



# PRESIDENT Fashion

**လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကတည်းက အဝတ်အထည်ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ပြီး အမျိုးသားအသုံး အဆောင်များ အများဆုံးရောင်းချပေးနေသည့်လုပ်ငန်းတစ်ခု ဖြစ်သည်။**

- ❑ ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ၁၉၈၁ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့။
- ❑ ဖွင့်လှစ်သည့်ကုမ္ပဏီအမည်မှာ ZAR TI NWE CO. ဖြစ်ပြီး မန်နေဂျင်းဒါရိုက်တာမှာ ဦးကိုလတ်ဖြစ်။
- ❑ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဥရောပသို့တင်ပို့သည့် အရည်အသွေးမြင့်ပစ္စည်းများအပါအဝင် ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား စသည့် ပြည်ပနိုင်ငံများမှတင်သွင်းသည့်ပစ္စည်းများ ရောင်းချပေး။
- ❑ နာရီ၊ ခါးပတ်၊ ဂျာကင်၊ အင်္ကျီ၊ ဘောင်းဘီနှင့် အခြား ဖန်စီအသုံးအဆောင်များအပါအဝင် ပစ္စည်းအမျိုးအစား စုံလင်စွာ ရောင်းချလျက်ရှိပြီး အမျိုးသားအသုံးအဆောင်ပစ္စည်းများအား အဓိကထားရောင်းချဟုဆို။
- ❑ ဆိုင်ခွဲပေါင်း ၅ ဆိုင်ဖွင့်လှစ်ထားရှိပြီး ရန်ကုန်မြို့တော်ရှိ ဒဂုံစင်တာ၊ ရန်ကင်းစင်တာ၊ Junction 8၊ ချမ်းသာပလာဇာ တို့နှင့် မန္တလေးမြို့တော်ရှိ Sky Walk Shopping Mall တို့တွင် အသီးသီးဖွင့်လှစ်ထား။
- ❑ ဝယ်ယူသွားသောပစ္စည်းများ အဆင်မပြေပါက President ဆိုင်ခွဲတိုင်းတွင် ပြန်၍လဲလှယ်ယူနိုင်ဟုဆို။
- ❑ ဆိုင်ခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ်ရှိကြောင်းသိရ။
- ❑ **ဆက်သွယ်ရန်လိပ်စာ**

  အမှတ်–၈၊ ပထမထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၆၅၂၉



www.foreverspace.com.mm



# NOBODY The Revolt Jeans

**ထိုင်းနိုင်ငံလုပ် NOBODY အမှတ်တံဆိပ် ဂျင်းအဝတ်အထည်များကို တစ်ဦးတည်းကိုယ်စားလှယ်ရယူ၍ အင်နှင့် အားနှင့် ဖြန့်ချိရောင်းချနေသော လုပ်ငန်းတစ်ခုဖြစ်သည်။**




- KHATTAROO CO., LTD. မှ ၂၀၀၅ ခုနှစ်အတွင်း စတင်၍ ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချခဲ့။
- မန်နေဂျင်းဒါရိုက်တာမှာ ဒေါက်တာလှမိုးဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀ ဦးကျော်ရှိ။
- အမျိုးသား၊ အမျိုးသမီးဝတ် ဘောင်းဘီ၊ စကတ်၊ ဂျာကင် စသည့် NOBODY အမှတ်တံဆိပ် ဂျင်းအဝတ်အထည်များကို ရောင်းချ လျက်ရှိ။
- အမျိုးသားဝတ် အဝတ်အထည်များကို ဦးစားပေးရောင်းချလျက်ရှိသည့် နာမည်ကျော် Uncle Sam Boutique ၏ ညီနောင်လုပ်ငန်းခွဲတစ်ခုဖြစ်။
- NOBODY ဆိုင်ခွဲပေါင်း ၅ ဆိုင်ဖွင့်လှစ်ထားရှိ။
- ရန်ကုန်မြို့တော်တွင် ရန်ကင်းစင်တာ၊ ချမ်းသာပလာဇာ၊ FMI စင်တာနှင့် ဒဂုံစင်တာရှိ Uncle Sam ဆိုင်တွင် တွဲဖက်ရောင်းချလျက်ရှိပြီး မန္တလေးမြို့တော်တွင် Sky Walk Shopping Mall နှင့် Blazon Department Store တို့တွင် ဝယ်ယူနိုင်။
- ရောင်းချသည့်ပစ္စည်းနှင့် ဈေးနှုန်းတို့ မှန်ကန်မှုရှိစေရန်နှင့် ဝန်ဆောင်မှုကို အဓိကထားဆောင်ရွက်လျက်ရှိပြီး ဆိုင်ခွဲများ ထပ်မံဖွင့်လှစ်သွားရန် အစီအစဉ်ရှိသည်ဟုဆို။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ**

ဒေါ်ခင်မျိုးထွန်း (Director)
အမှတ်–G02-C၊ မြေညီထပ်၊ ရန်ကင်းစင်တာ၊
ဆရာစံလမ်းနှင့် စက်မှု (၁) လမ်းထောင့်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၈၀၀၇၊ လိုင်းခွဲ–၂၁၁၉၊

E-mail : president@myanmar.com.mm
Website : www.presidentfashion.com

www.foreverspace.com.mm



# ZOOP Fashion Joint

**အမျိုးသား၊ အမျိုးသမီးဝတ် ဖက်ရှင်အဝတ်အထည်များကို ဆိုင်ခွဲအများအပြား အောင်မြင်စွာဖွင့်လှစ်ရောင်းချလျက်ရှိသည့် Fashion Joint တစ်ခု ဖြစ်သည်။**




- ZOOP အမည်ဖြင့် ၁၉၉၉ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဈေး၌ စတင်ဖွင့်လှစ်ရောင်းချ။
- ကုမ္ပဏီအမည်မှာ TRADE SPECTRUM CO., LTD. ဖြစ်ပြီး အကြီးအကဲမှာ ဦးမျိုးနိုင် (ကိုကြီး)ဖြစ်၍ ဦးအောင်မျိုးလွင် (ကိုလတ်)နှင့် ဦးတင်အောင်လွင် (ကိုငယ်)တို့မှ ပူးပေါင်းဆောင်ရွက်။
- ဝန်ထမ်းအင်အား စုစုပေါင်း ၄၀ ဦးခန့်ရှိ။
- အမျိုးသားဝတ် အဝတ်အထည်များ၊ Oakley အမှတ်တံဆိပ်မျက်မှန်နှင့် အခြားဖန်စီအသုံးအဆောင်များ ရောင်းချပေးသည့် ZOOP ဖက်ရှင်ကို ဒဂုံစင်တာ၊ Junction 8 နှင့် ဝေဇယန္တာ Shopping Mall တို့တွင် ဆိုင်ခွဲများဖွင့်လှစ်ထား။
- အမျိုးသမီးဝတ်နှင့် ကလေးဝတ်များရောင်းချသည့် Perfect ၊ Inner Wear များ ရောင်းချပေးသည့် Isabella နှင့် အိတ်များရောင်းချပေးသည့် Maple ဆိုင်များမှာလည်း ZOOP ၏ ညီနောင်လုပ်ငန်းခွဲများဖြစ်။
- Perfect ဆိုင်များကို Junction 8 ၊ ဝေဇယန္တာ Shopping Mall ၊ Isabella ကို Junction 8 ၊ လှည်းတန်းရှိ စန္ဒာမြိုင်စင်တာ၊ ချမ်းသာပလာဇာနှင့် Maple ကို Junction 8 ၊ North Point Shopping Centre တို့တွင် ဆိုင်ခွဲတစ်ခုချင်း အသီးသီးဖွင့်လှစ်ထား။
- ရောင်းချပေးသည့်ကုန်ပစ္စည်းများအား အခြားပြည်ပနိုင်ငံများမှလည်း တင်သွင်းလျက်ရှိပြီး ထိုင်းနိုင်ငံမှ အဓိကဝယ်ယူ ရောင်းချဟုဆို။
- ဆိုင်မှဝယ်ယူသောပစ္စည်းများကို ဆိုဒ်မတော်၍သော်လည်းကောင်း အမှားအယွင်းတစ်စုံတစ်ခုဖြစ်ပါက ဝယ်ယူသော ဆိုင်အမည်၏ဆိုင်ခွဲတွင် ပြန်၍လဲလှယ်ပေးဟုဆို။
- ဆိုင်ခွဲများ ထပ်မံတိုးချဲ့ရန်အစီအစဉ်ရှိကြောင်းသိရ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**
  ဦးအောင်မျိုးလွင်
  အမှတ်–၂၅၊ ဒုတိယထပ်၊ ဒဂုံစင်တာ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၃၆၁၇၉၊ လိုင်းခွဲ–၂၃၁

www.foreverspace.com.mm



# 1 တစ်ဦးတည်းကိုယ်စားလှယ်

## SOLE DISTRIBUTORS

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | SKY WORTH DVD Player (တရုတ်) | FIRST ASIA ELECTRONIC CO., LTD. တိုက်–၃၂၊ အောင်သပြေလမ်း၊ ယုဇန ပလာဇာအနောက်ဘက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၉၇၃၂၊ ၂၀၀၇၄၇၊ လိုင်းခွဲ–၇၄၆၀၊ ၇၄၆၈၊ E-mail:aeg@myanmar.com.mm www.skyworthelectronic.com | ဦးသက်ချိုဦး (Marketing Manager) | FIRST ASIA ELECTRONIC CO., LTD. အမှတ်–၁၉၉၊ ၃၃ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၂၂၉၈၉၊ ၆၆၉၄၅ |
| ၂။ | Anlene နို့မှုန့် (နယူးဇီလန်) | FAIR DEAL CO., LTD. အမှတ်–၁၅၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၅၄၄၊ ၅၄၅၁၆၇၊ ၇၀၀၉၅၉ www.fairdealmm.com | ဦးတင်မောင်အေးလွင် (Business Unit Manager) | FAIR DEAL CO., LTD. အမှတ်–၄၁/၄၂၊ ၉ လမ်း၊ ကျွဲဆည်ကန်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၇၀၃၉၄၊ ၇၀၃၉၅ |
| ၃။ | GOLLA Mobile Phone Bag (ဖင်လန်) | MOBILEMADE TELECOMMUNI-CATIONS CO., LTD. အခန်း–၄၀၂၊ တိုက်(C)၊ စတုတ္ထထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၆၁၁၊ ၅၁၄၃၂၄ | ဦးကျော်ဇေယျထွန်း (Business Development Manager) | မရှိ |
| ၄။ | METILER TOLEDO ဒစ်ဂျစ်တယ်အလေးချိန်ခွင်စက်များ (ဆွစ်ဇာလန်/ USA) | ZIN 9 DIGITAL WEIGHTING SCALE SALES & SERVICE တိုက်–၈၅၊ အခန်း ၃၊ စော်ဘွားကြီးကုန်း၊ ပြည်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၄၃၅၃၀၊ ၆၄၁၀၆၉ ဖက်စ်–၆၄၁၀၆၉၊ E-mail: info@zin9.com | ဦးဇော်မင်းသန့် (Managing Director) | အမှတ်–၂၈၆၊ ၈၄ လမ်း၊ ၃၇× ၃၈ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၃၀၀၇၊ ၆၃၁၉၇ |
| ၅။ | TERUMO Medisafe Mini သွေးချိုတိုင်းကိရိယာ (ဂျပန်) | သုခနေကုမ္ပဏီလီမိတက် အမှတ်–၈၄၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၇၀၂၈၊ ၂၁၂၄၃၃ | ဦးတင်အောင်လွင် (Marketing Manager) | သုခနေကုမ္ပဏီလီမိတက် အမှတ်–၁၇၇၊ ၇၇ လမ်း၊ ၃၁× ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၄၈၄၁ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



ဤကဏ္ဍတွင် ......
၉၆ စက်မှုဇုန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆက်နွယ်ချက်
၁၀၀ ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး
၁၀၄ နိုင်ငံတကာအဆင့်မီ ဆီအုန်းစိုက်ခင်းများပေါ်ထွက်လာစေရေး

# စက်မှုဇုန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆက်နွယ်ချက်

မောင်ကြည်ညို (ဝါဏိဇ္ဇ)


**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment-FDI) ဆိုသည်မှာ မိမိနိုင်ငံနယ်နိမိတ်ကို ပြည်ပမှဖြတ်ကျော်ဝင်ရောက်လာသည့် ကာလရှည်အရင်းအနှီးများ၏ ရွေ့လျားစီးဝင်မှု သို့မဟုတ် ကာလရှည်အရင်းအနှီးများ စုဆောင်းမိလာခြင်းဟု ယေဘုယျအားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ အဆိုပါကာလရှည်အရင်းအနှီးများတွင် ငွေသား၊ စတော့ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နိုင်သည့် စတော့ရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ရင်းနှီးမြှုပ်နှံမှုစာချုပ်စာတမ်းများ ပါဝင်သည်။ ထို့အပြင် စက်ရုံတည်ဆောက်ခြင်း၊ စက်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများ သို့မဟုတ် စီမံအုပ်ချုပ်မှုဆိုင်ရာကျွမ်းကျင်မှုများ၊ နည်းပညာကျွမ်းကျင်မှုကဲ့သို့သော ထုတ်လုပ်မှုစွမ်းအားစုများအဖြစ်လည်း ဝင်ရောက်လာတတ်သည်။ သို့ပါ၍ နိုင်ငံတစ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသည်ဆိုပါက ဖော်ပြပါကာလရှည်အရင်းအနှီးပုံစံများမှ တစ်မျိုးမျိုးဖြစ်စေ၊ နှစ်မျိုးသုံးမျိုးတွဲဖက်၍ဖြစ်စေ ဝင်ရောက်လာခြင်းဖြစ်သည်။**

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ပြည်ပနိုင်ငံများမှအရင်းအနှီးများ ရွေ့လျားစီးဝင်ခြင်း သို့မဟုတ် အရင်းအနှီးတိုးတက်စုဆောင်းမိလာခြင်းနှစ်ခုအနက် တစ်ခုခုဟု ဆိုသော်လည်း လက်တွေ့တွင် အဆိုပါနှစ်ခုလုံးသည် သီးခြားတည်ရှိနေခြင်းမျိုးမဟုတ်ပါဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်ပါဝင်လျက်ရှိနေကြောင်း တွေ့ရသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံခြားကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရာမှ ကာလရှည်အရင်းအနှီးများ အမေရိကန်ပြည်ထောင်စုအတွင်း ရွေ့လျားစီးဝင်ရောက်ရှိလာမည်။ ယင်းသို့ ရင်းနှီးမြှုပ်နှံခြင်းကြောင့် ထွက်ပေါ်လာမည့် အကျိုးအမြတ်မှ Retained Earning ကို နိုင်ငံခြားကုမ္ပဏီများမှရရှိသည်။ Retained Earning ဆိုသည်မှာ ကုမ္ပဏီမှရရှိသော အမြတ်ငွေမှ အခွန်နှင့် အမြတ်ဝေစုများကို ထုတ်ဝေပြီးနောက် ကုမ္ပဏီတွင် ကျန်ရှိသည့် ဝင်ငွေဖြစ်သည်။ တစ်နည်းအားဖြင့် လက်ဝယ်ချန်ထားငွေဖြစ်သည်။ အဆိုပါ လက်ဝယ်ချန်ထားငွေမှာ ငွေချေးစာချုပ်များ၊ စတော့များ နောက်ထပ် မထုတ်ဝေရဘဲ ကုမ္ပဏီ၏လုပ်ငန်းတိုးချဲ့ရန် ထပ်မံရင်းနှီးမြှုပ်နှံနိုင်သည့် အဓိကရန်ပုံငွေဖြစ်သည်။ ကာလရှည်အရင်းအနှီးများ တိုးပွားစုဆောင်းမိလာခြင်းဖြစ်သည်။

သို့ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေးအရင်း

www.foreverspace.com.mm





အနီးနယ်နိမိတ်ကို ဖြတ်ကျော်လွှဲပြောင်းပေးခြင်းမရှိသော်လည်း အဆိုပါနိုင်ငံ၏ ပြည်တွင်းမှာပင် ထပ်ဆင့်ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရသည်။ မိမိနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားကုမ္ပဏီတစ်ခုသည် ပြည်တွင်းရှိ ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ အခြားကုမ္ပဏီတစ်ခု၏ အစုရှယ်ယာအများစုကို ဝယ်ယူကာ ကုမ္ပဏီများ ပေါင်းစည်းသည့်ကိစ္စကို ဆောင်ရွက်သည်ဆိုပါစို့။ ပြည်တွင်းကုမ္ပဏီ၏ ဘဏ္ဍာရေးလိုအပ်ချက်ကို နိုင်ငံခြားကုမ္ပဏီ၏ Retained Earning ဖြင့် ပြည်တွင်းဈေးကွက်မှာပင် ရင်းနှီးငွေထောက်ပံ့ပေးခြင်းဖြစ်သည်။ နိုင်ငံနယ်နိမိတ်ဖြတ်ကျော်ခြင်းမရှိပါဘဲ ပြည်တွင်းဈေးကွက်မှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖြစ်ပေါ်စေသည်။

များမကြာမီကာလအထိ တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာရန် ကြိုးပမ်းအားထုတ်ခဲ့ဟန်မရှိပါ။ ယခုအချိန်တွင်မူ တောင်ကိုရီးယားတို့၏ စီးပွားရေးအခြေအနေသည် အီကွေတာအနီးက သမုဒ္ဒရာလေငြိမ်ပိုင်းကဲ့သို့ အေးဆေးငြိမ်သက်နေသော်လည်း အိမ်နီးချင်းတရုတ်နိုင်ငံတွင် ဒေါ်လာကုဋေချီသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်အောင် ဆွဲဆောင်ခဲ့သည်။ သို့ကြောင့် တောင်ကိုရီးယားတို့လည်း မနေသာတော့ဘဲ စက်မှုဇုန်များ အားချင်းတည်ဆောက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆွဲဆောင်ပြီး ဝင်ရောက်လာသူများကိုလည်း နွေးနွေးထွေးထွေး ကြိုဆိုရတော့သည်။ တရုတ်တို့၏စိန်ခေါ်မှုနှင့် ပြောင်းလဲလာသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေများကို ရင်ဆိုင်ရန် ကဏ္ဍတစ်ရပ်အနေဖြင့် စက်မှုဇုန်များတည်ဆောက်ရပါတော့မည်။

## စက်မှုဇုန်ဖြင့် စိန်ခေါ်မှုကိုရင်ဆိုင်ခြင်း

တောင်ကိုရီးယားတွင် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် စက်မှုဇုန်များတည်ထောင်ဆွဲဆောင်ခဲ့သည့် အနက် အဓိကဇုန်သုံးခုမှာ Incheon ၊ Busan နှင့် Gwangyang တို့ဖြစ်သည်။ Incheon စက်မှုဇုန်မှာ အကြီးဆုံးဖြစ်ပြီး ၂၁,၀၀၀ ဟက်တာကျယ်ဝန်းသည်။ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၅ဘီလီယံရှိခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၀ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့ပါသည်။ Busan စက်မှုဇုန်သည် ၁၀,၅၀၀ ဟက်တာကျယ်ဝန်းပြီး အခြေခံအဆောက်အအုံအတွက် အမေရိကန်ဒေါ်လာ ၈ ဘီလီယံ၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့သည်။ Gwangyang စက်မှုဇုန်ကမူ ၈၉၀၀ ဟက်တာကျယ်ဝန်းပြီး အခြေခံအဆောက်အအုံ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံ၊

www.foreverspace.com.mm




စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ရပါသည်။ တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်မြို့၏ အနောက်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသည့် တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံးလေဆိပ်ရှိရာ Incheon မြို့သည် ဒေသဆိုင်ရာရုံးချုပ်များ အခြေစိုက်ရာ အပြည်ပြည်ဆိုင်ရာဒေသတစ်ခုအဖြစ် ဖောင်းပေးသောမြို့ဖြစ်လာမည်။ တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ Busanတွင်ရှိသော သင်္ဘောဆိပ်ကမ်းသည် စည်ကားလှပြီး ဒေသဆိုင်ရာ အဓိကသင်္ဘောတင်ဆိပ်ကမ်းတစ်ခု ဖြစ်လာနိုင်သည်။ ထို့အပြင် တောင်ဘက်ဆိပ်ကမ်းမြို့ဖြစ်သော Gwangyang သည် ဆေးဝါးနှင့် စတီးလ်ပစ္စည်းများဖွံ့ဖြိုးလာရန် အခြေခံကောင်းသောမြို့ဖြစ်သည်။ အနာဂတ်ကာလတွင် စီးပွားရေးအရ အလားအလာကောင်းသည့် မြို့သုံးမြို့တွင် စက်မှုဇုန် တည်ဆောက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်ရောက်လာရန် ဆွဲဆောင်နေခြင်းဖြစ်သည်။

အဆိုပါစက်မှုဇုန် သုံးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအား သုံးနှစ်အခွန်လျှော့ပေါ့ပေးမည်ဖြစ်ပြီး အလုပ်သမားဥပဒေကို ဖြေလျှော့ပေးခဲ့သည်။ ယင်းသို့ အခွန်လျှော့ပေးခြင်း၊ အလုပ်သမားဥပဒေများ ဖြေလျှော့ပေးခြင်းကဲ့သို့သော မက်လုံးများပေးခြင်းဖြင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ကိုရီးယားတွင် လာရောက်မြှုပ်နှံရန် ဆွဲဆောင်နိုင်လိမ့်မည်ဟု တောင်ကိုရီးယားက မျှော်လင့်လျက်ရှိသည်။ တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာခြင်းသည် တောင်ကိုရီးယားတို့အတွက် စီးပွားရေးအရ စိုးရိမ်ဖွယ်ရာဖြစ်စေရုံသာမက ပြင်းထန်သော ခြိမ်းခြောက်မှုလည်းဖြစ်သည်။ တောင်ကိုရီးယားတို့အနေဖြင့် ဂျပန်နိုင်ငံနှင့် နည်းပညာကွာဟချက်အဆုံးသတ်ရန် အခက်အခဲများရှိနေဆဲဖြစ်ပြီး စက်မှုဇုန်များသည် ရပ်တည်ချက်နည်းဗျူဟာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနရှိ အထူးစက်မှုဇုန်များ၏ ဒုတိယဝန်ကြီး Cho Soung IK က ပြောကြားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် တောင်ကိုရီးယားစီးပွားရေး ထပ်မံဖွံ့ဖြိုးတိုးတက်လာရန် ရင်းနှီးမြှုပ်နှံမှုသာမက ကျွမ်းကျင်မှုနည်းပညာများပါ ပံ့ပိုးပေးနိုင်မည်ဆိုသည်မှာ မျှော်လင့်ချက်တစ်ခုဖြစ်သည်။ စက်မှုဇုန်တစ်ခုချင်းတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စက်မှုကဏ္ဍတွင် ရုတ်ခြည်းနာလန်ထူလာစေရန် ယှဉ်ပြိုင်နိုင်စွမ်းရှိသူများ စက်မှုဇုန်တစ်ခုချင်းတွင် အများအပြားလိုအပ်နေသည်။ လက်တွေ့တွင်မူ အဓိကပြဿနာတစ်ရပ်ရှိနေသည်။ ယင်းမှာ အခြေခံအဆောက်အဦများ တည်ဆောက်ရန် ကုမ္ပဏီ ၁၄ ခုမှ ချုပ်ဆိုထားသည့် စာချုပ်များအနက် အများစုမှာ တောင်ကိုရီးယားတို့ရှာဖွေနေသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရန် စီမံကိန်းအသစ်တွင် စတင်ဆောင်ရွက်ခြင်းမဟုတ်ပေ။ အမေရိကန်မှ Gale Co., သည် Incheon တွင် နေထိုင်လျက်ရှိသည့် ကိုရီးယားလူမျိုး ၆၅,၀၀၀တို့၏ ဇာတိဒေသဖြစ်သော New Songdo မြို့တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံတန်ဖိုးရှိသော ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်။ ဗြိတိန်ဆောက်လုပ်ရေးကုမ္ပဏီ Amec PLG သည် Incheon လေဆိပ်နှင့် Songdo မြို့ကိုဆက်သွယ်သည့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိသော တံတားတစ်စင်း တည်ဆောက်ရန် သဘောတူပြီးဖြစ်သည်။ ဒူဘိုင်းနှင့် စင်ကာပူမှ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီများသည် Busan တွင် အမေရိကန်ဒေါ်လာစုစုပေါင်း ၅၁၂ ဘီလီယံဖိုးခန့် ရင်းနှီးမြှုပ်နှံခဲ့သည်။

## ယုံမှားသံသယ

အထက်ပါအခြေအနေနှင့် တစ်မူထူးခြားလျက် ကုန်ထုတ်လုပ်ငန်းကုမ္ပဏီ




လေးခုမျှသာ စက်မှုဇုန်သုံးဇုန်တွင် ရင်းနှီးမြှုပ်နှံရန်သဘောတူပြီးဖြစ်သည်။ "ဤမျှလောက်သော ရင်းနှီးမြှုပ်နှံမှုဖြင့် ကျေနပ်မှုမရနိုင်သေးကြောင်း" ဒုတိယဝန်ကြီး Cho က ပြောကြားခဲ့သည်။ အမေရိကန်ကုမ္ပဏီ VaxGen Inc သည် Songdo တွင် အမေရိကန်ဒေါ်လာ ၁၅၀ သန်းတန်ဖိုးရှိသော ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းတစ်ခုကို ဖက်စပ်ဆောင်ရွက်ရန်ရှိသည်။ Renault ယူနစ်သည်လည်း Busan ရှိ လက်ရှိစက်ရုံအနီးတွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်ဖိုးရှိ စက်ရုံအသစ်တစ်ခု တည်ဆောက်ရန် စီစဉ်နေသည်။ မော်တော်ကားထုတ်လုပ်သည့် GM Daewoo ကား နည်းပညာကုမ္ပဏီသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ သုတေသနနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ ပထမအဆင့် ကတိကဝတ်များသည် ယခုအချိန်တွင် စာချုပ်အဆင့်သို့ရောက်ရှိပြီးဟု အစိုးရမှ မျှော်လင့်လျက်ရှိသည်။ သို့သော် အာမခံချက်လုံးဝမရှိပေ။ ဥပမာအနေဖြင့် မိုက်ကရိုဆော့ဖ်ကော်ပိုရေးရှင်း၊ Hewlett-Packard ကုမ္ပဏီနှင့် အခြားကုမ္ပဏီ လေးခု

www.foreverspace.com.mm



တို့သည် ယမန်နှစ်က New Songdo မြို့တွင် ကစားစရာနှင့် ဒစ်ဂျစ်တယ်ဗီဒီယို ဈေးကွက်အတွက် အမေရိကန်ဒေါ်လာ ၁.၂ ဘီလီယံဖိုး ရင်းနှီးမြှုပ်နှံရန် သဘောတူခဲ့ကြသော်လည်း သဘောတူညီချက်ကို ယခုနှစ်တွင်ဖျက်သိမ်းခဲ့သည်။ အကြောင်းမှာအမြတ်တစ်စုံတစ်ရာမရခင် ရင်းနှီးမြှုပ်နှံသောကာလ ကြာမြင့်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်ရချက် မကိုက်ဟုယူဆသောကြောင့်ဖြစ်သည်။

ယင်းသို့ ရင်းနှီးမြှုပ်နှံမှုနည်းရခြင်းအကြောင်းရင်းမှာ စက်မှုဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ကိုရီးယားတို့က ရှင်းရှင်းလင်းလင်းပြောဆိုခြင်းမရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သည့် အခွင့်အလမ်း၊ အကျိုးကျေးဇူးကို ရှင်းရှင်းလင်းလင်းဆောင်ရွက်ခြင်းမပြုလုပ်ဘဲ ရောင်းချရန်သာဆွဲဆောင်နေကြောင်း ဆိုးလ်ရှိ ဥရောပကော်မရှင်အတွင်းရေးမှူးချုပ် Jean-Jacques Grauhar က ဝေဖန်ခဲ့သည်။ အလုပ်သမားဥပဒေနှင့်ပတ်သက်၍ ပြောင်းလွယ် ပြင်လွယ်ရှိမှု၊ လုပ်ငန်းလိုင်စင် ချမှတ်ပေးခြင်းနှင့် ပတ်သက်သော သတင်းဆိုးများ၊ ပြဿနာရပ်များ ပြီးဆုံးသွားပြီလားဆိုသည်မှာ ရင်းနှီးမြှုပ်နှံရန် အလားအလာရှိသူများအတွက် မေးခွန်းထုတ်စရာဖြစ်နေပါသည်။

ကမ္ဘာအနှံ့မှကုမ္ပဏီများသည် အာရှတွင် ယခုအချိန်အထိ အလုံးအရင်းဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ တောင်ကိုရီးယားသည် ဂျပန်နိုင်ငံနှင့် နှိုင်းယှဉ်ပါက အလုပ်သမားစရိတ်သက်သာပြီး တရုတ်နိုင်ငံထက် ပိုမိုအရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုတို့ကို ထုတ်လုပ်နိုင်သောအကျိုးကျေးဇူးတို့ကို ရင်းနှီးမြှုပ်နှံသူများ တွေ့မြင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တောင်ကိုရီးယားတို့ စောင့်ကြိုနေဆဲဖြစ်သည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်း

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် O-L-I Model အရ အခြေအနေ သုံးရပ်ပေါင်းဆုံသောအခါ ဖြစ်ပေါ်လေ့ရှိသည်ဟု ဆိုပါသည်။ အဆိုပါအခြေအနေ သုံးရပ်မှာ Ownership Advantages၊ Locational Advantages နှင့် Internalization Advantages တို့ ဖြစ်သည်။ Ownership Advantages ဆိုသည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရင်းနှီးမြှုပ်နှံသည့်ဈေးကွက်သို့မဟုတ် နိုင်ငံတွင် အခြားသောလုပ်ငန်းတူ ကုမ္ပဏီများထက် လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသည့်ဈေးကွက်အတွင်း ကုန်ကျမည့်စရိတ်များကို နုတ်ချန်ပြီး စီးပွားရေးအကျိုးအမြတ်ဖြစ်ထွန်းစေသည့် ဒေသဆိုင်ရာ အကျိုးအမြတ်အခြေအနေသည် Locational Advantages ဖြစ်သည်။ Internalization Advantages ကမူ ရင်းနှီးမြှုပ်နှံမှုမှ ရင်းနှီးမြှုပ်နှံသူသို့ တိုးပွားလာစေမည့်စီးပွားရေးအမြတ်သည် အခြားဒေသလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသည်ထက် ပိုမိုခြင်းဖြစ်သည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံမည့် ဈေးကွက် သို့မဟုတ် နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ဥပဒေများသည် ရင်းနှီးမြှုပ်နှံသူများအတွက် မည်မျှအာမခံချက်ရှိသည်ဟူသော အချက်အပေါ်လည်း မူတည်သည်။ တောင်ကိုရီးယားကဲ့သို့သော နိုင်ငံမျိုးမှာပင် အလုပ်သမားဥပဒေပြောင်းလွယ်၊ ပြင်လွယ်ရှိခြင်းအပေါ် ရင်းနှီးမြှုပ်နှံသူများက ယုံကြည်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှရရှိမည့်အခွင့်အလမ်းများကို ရှင်းရှင်းလင်းလင်းမထုတ်ပြန်ခြင်းတို့ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအလားအလာရှိသလောက် ဝင်လာခြင်းမရှိခဲ့ပေ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ကာလရှည်ရင်းနှီးမြှုပ်နှံမည့် မရွှေ့မပြောင်းနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ပါက စီးပွားရေးအလားအလာကောင်းများရှိခြင်းတစ်ခုတည်းနှင့် ရင်းနှီးမြှုပ်နှံရန် ပြီးပြည့်စုံခြင်းမရှိပါ။ အခြားသော ဆက်စပ်အချက်အလက်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ စီးပွားရေးအရ အလားအလာကောင်းများရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် စီးပွားရေးလုပ်ငန်းများ အခြေတည်ရန် အခြေအနေအရပ်ရပ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ယုံကြည်အားကိုးထိုက်သော၊ အာမခံချက်ရှိသော အခြေအနေကို ဖန်တီးပေးနိုင်ခြင်းမရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ရန် အဟန့်အတားဖြစ်စေသည်။

တောင်ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံအရ အခွန်လျှော့ပေါ့ပေးခြင်း (Tax Holiday) သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အတိုင်းအတာတစ်ခုအထိသာ ဆွဲဆောင်နိုင်မည်ဖြစ်သည်။ ပြီးပြည့်စုံသောမက်လုံးမဟုတ်ပေ။ အလုပ်သမားဥပဒေကဲ့သို့သော လေးနက်သည့်အကြောင်းတရားများရှိနေသေးသည်။ တောင်ကိုရီးယားတို့၏ အတွေ့အကြုံမှ တန်ဖိုးရှိသောသင်ခန်းစာကိုယူနိုင်မည်ဆိုပါက မည်သည့်နိုင်ငံအတွက်မဆို အနာဂတ်ကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာရန် စွမ်းဆောင်ရာတွင် အသုံးဝင်ပေမည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နည်းပညာကွာဟချက်ကိုပါ လျှော့ချနိုင်မည်ဖြစ်ကြောင်းပါ။

**မောင်ကြည်ညို (ဝါဏိဇ္ဇ)**

Ref: Business Week (September 26, 2005): Foreign Direct Investment in Japan by Michael Lacktorin



# ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး

ထိုက်အောင်

**မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနက် အလားအလာကောင်းများရှိသော ခရီးသွားလုပ်ငန်းသည် အနာဂတ်တွင် အမှန်တကယ်ဖွံ့ဖြိုးလာနိုင်သည့် စီးပွားရေးကဏ္ဍတစ်ရပ်ပင် ဖြစ်သည်။ အထူးသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း၏ ဧည့်သည်ဝင်ရောက်မှုနှင့် နိုင်ငံခြားငွေကြေးရရှိမှုသည် နှစ်စဉ်တိုးတက်လျက်ရှိသည်ဟု တရားဝင်စာရင်းများအရ သိရှိရသည်။ သို့သော် ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေပမာဏသည် အခြားစီးပွားရေးလုပ်ငန်းရပ်များနှင့် နှိုင်းယှဉ်လျှင် နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)၏ ရာခိုင်နှုန်းအနည်းငယ်မျှသာရှိသောကြောင့် အနာဂတ် ခရီးသွားလုပ်ငန်းတွင် တိုက်ရိုက်အကျိုးအမြတ် (Direct Benefits)သာမက စိုက်ပျိုးမွေးမြူရေးနှင့် လက်မှုပညာလုပ်ငန်းများကဲ့သို့ သွယ်ဝိုက်အကျိုးအမြတ် (Indirect Benefits)များ ပေါ်ပေါက်လာစေရန် မည်သည့်ကဏ္ဍများကို အလေးထား (Focus) လုပ်ဆောင်သင့်ကြောင်း တွက်ဆထားရန် လိုအပ်မည်ဖြစ်သည်။**

မြန်မာနိုင်ငံကဲ့သို့ တတိယကမ္ဘာနိုင်ငံများအတွက် ခရီးသွားလုပ်ငန်းကို အရင်းအမြစ်များ ပြန်လည်ဖြန့်ဝေမှုတစ်ခုအဖြစ် ရှုမြင်လာကြပြီး ကမ္ဘာ့ဘဏ်ကဲ့သို့ အဖွဲ့အစည်းများမှလည်း ခရီးသွားလုပ်ငန်း၌ မဟာဗျူဟာတစ်ရပ်အနေဖြင့် ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာရောက်သည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization-WTO) ၏ စာတမ်းတစ်ခုက ဆိုသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ ခရီးသည်ဝင်ရောက်မှုတွင် နယ်စပ်ဝင်ပေါက်များအပါအဝင် ရန်ကုန်၊ မန္တလေး၊ ပုဂံဝင်ပေါက်များမှ ခရီးသည်ဝင်ရောက်



www.foreverspace.com.mm

www.foreverspace.com.mm



မှုမှာလည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ဟု ၂၀၀၅ ခုနှစ်ထုတ် မြန်မာ့ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များအရ သိရှိရသည်။ **ဇယား (၁)**

အလားတူ ဧည့်သည်ဝင်ရောက်မှုနှင့်အတူ ဧည့်သည်များ၏ ပျမ်းမျှနေထိုင်မှုနှင့် လူတစ်ဦးချင်းစီ၏ တစ်ရက်တာ ငွေကြေးသုံးစွဲမှုနှင့်အတူ စုစုပေါင်းဝင်ငွေသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်ဟု အဆိုပါအချက်အလက်များအရ သိရသည်။ **ဇယား (၂)**



ထို့ကြောင့် နောင်တွင် ဧည့်သည်ဝင်ရောက်မှု၊ တစ်ဦးချင်းပျမ်းမျှနေထိုင်သည့်ကာလနှင့် တစ်ဦးချင်းအသုံးစရိတ်များကို အချိုးချ၍ ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်လာစေရန် မည်သို့သောကဏ္ဍများတွင် ပိုမိုအလေးပြု (Focus)ပြင်ဆင်သင့်ကြောင်း တွက်ဆထားရန်လိုအပ် မည်ဟု ခရီးသွားလုပ်ငန်းဆိုင်ရာ လေ့လာ သူတစ်ဦးက ဆိုသည်။

ခရီးသွားများ၏ဝင်ငွေကို ဆွဲဆောင်နိုင်သော အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းကမ်းရိုးတန်းအတွင်း လမ်းလျှောက်ကြည့်မည်ဆိုပါက ပါလာသောငွေကို မဖြစ်မနေသုံးစွဲချင်လာအောင် ပင်လယ်စာရောင်းချသည့်ဆိုင်မျိုးမှသည် အခြားသောရိုးရာ

**ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအရေအတွက်အခြေပြဇယား**

| Entry Point | ၂၀၀၁ ခုနှစ် | ၂၀၀၂ ခုနှစ် | ၂၀၀၃ ခုနှစ် | ၂၀၀၄ ခုနှစ် | ၂၀၀၅ ခုနှစ် |
|---|---|---|---|---|---|
| ရန်ကုန် | ၂၀၃,၂၀၀ | ၂၁၂၄၆၆ | ၁၉၈၄၃၅ | ၂၃၆၃၇၀ | ၂၂၇၃၀၀ |
| မန္တလေးနှင့် ပုဂံ | ၁၆၆၂ | ၄၇၄၄ | ၇၁၇၅ | ၅၅၆၈ | ၄၉၁၈ |
| နယ်စပ်ဝင်ပေါက်များ | ၂၇၀၂၄၄ | ၂၇၀၂၇၈ | ၃၉၁၄၀၅ | ၄၁၄၉၇၂ | ၄၂၇၉၈၈ |
| စုစုပေါင်း | ၄၇၅၁၀၆ | ၄၈၇၄၉၀ | ၅၉၇၀၁၅ | ၆၅၆၉၁၀ | ၆၆၀၂၀၆ |

Source:Myanmar Tourism Statistics

**ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေရရှိမှုအခြေပြဇယား**

| | ၂၀၀၁ ခုနှစ် | ၂၀၀၂ ခုနှစ် | ၂၀၀၃ ခုနှစ် | ၂၀၀၄ ခုနှစ် | ၂၀၀၅ ခုနှစ် |
|---|---|---|---|---|---|
| | (ကန်ဒေါ်လာ) | (ကန်ဒေါ်လာ) | (ကန်ဒေါ်လာ) | (ကန်ဒေါ်လာ) | (ကန်ဒေါ်လာ) |
| စုစုပေါင်းရရှိငွေ | ၉၀ သန်း | ၉၉ သန်း | ၁၁၆ သန်း | ၁၃၆ သန်း | ၁၅၃ သန်း |
| ကမ္ဘာလှည့်ခရီးသည်တစ်ဦး တစ်နေ့ပျမ်းမျှသုံးစွဲခဲ့သည့်ငွေ | ၇၀ | ၈၀ | ၈၀ | ၉၄ | ၉၄ |
| ကမ္ဘာလှည့်ခရီးသည်တစ်ဦး မြန်မာနိုင်ငံတွင်နေထိုင်သည့် ပျမ်းမျှကာလ | ၆.၃ ရက် | ၆.၅ ရက် | ၆.၅ ရက် | ၇ ရက် | ၇ ရက် |

Source:Myanmar Tourism Statistics

www.foreverspace.com.mm





**အချို့နေရာများတွင် ဒေသဖွံ့ဖြိုးရေးရော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပါ တန်းတူအရေးကြီးသည်**

အစီအစဉ်များအထိ ခရီးသွားများအပေါ် ဆွဲဆောင်နိုင်သည်ဟု ၎င်းက ဥပမာပြုသည်။

ခရီးသွားများ ငွေကြေးကျခံသုံးစွဲသောကဏ္ဍများကိုမှတ်ပြီး ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်က ထိုင်းနိုင်ငံအတွင်း ကဏ္ဍတစ်ခုချင်းစီအလိုက် ကမ္ဘာလှည့်ခရီးသွားများသုံးစွဲခဲ့သည့် ငွေပမာဏအခြေအနေကို အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။ (က) ဈေးဝယ်ခြင်း (Shopping) ၂၈.၄၆ ရာခိုင်နှုန်း၊ (ခ) နေထိုင်မှု (Accomodation) ၂၆.၀၀ ရာခိုင်နှုန်း၊ (ဂ) အစားအစာနှင့်အဖျော်ယမကာ (Food & Beverage) ၁၆.၇၅ ရာခိုင်နှုန်း၊ (ဃ) ဖျော်ဖြေရေး (Entertainment) ၁၂.၃၆ ရာခိုင်နှုန်း၊ (င) ဒေသတွင်းပို့ဆောင်ရေး (Local Transport) ၈.၁၇ ရာခိုင်နှုန်း၊ လှည့်လည်လေ့လာလည်ပတ်ခြင်း (Sightseeing) ၅.၂၈ ရာခိုင်နှုန်းနှင့် အထွေထွေ (Miscellaneous) ၂.၉၈ ရာခိုင်နှုန်းဟူ၍ ကျခံသုံးစွဲခဲ့ကြသည်ဟု ထိုင်းခရီးသွားလုပ်ငန်း၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အထက်ပါစာရင်းဇယားကိုကြည့်ခြင်းအားဖြင့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းဝင်ငွေရာခိုင်နှုန်းတွင် ဈေးဝယ်ခြင်းအလေ့အထမှရရှိသော ရာခိုင်နှုန်းသည် အခြားသောကဏ္ဍများထက် များပြားသည်ကို တွေ့မြင်နိုင်သည်။

အထူးသဖြင့် မြန်မာနိုင်ငံရောက် ခရီးသွားများအနေဖြင့် ကျောက်မျက်၊ ချည်ထည်၊ ပိုးထည်၊ ယွန်းထည်ကဲ့သို့ ပစ္စည်းများကို အနည်းငယ်သာလျှင် ဝယ်ယူလေ့၊ ဝယ်ယူဖို့ရာရှိသည်ဟု ဧည့်လမ်းညွှန်တစ်ဦးက ထောက်ပြသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးခြင်းဆိုရာတွင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသောလုပ်ငန်း (Tourism and its related industries) များ၏ တိုက်ရိုက်အကျိုးအမြတ်သာမက သွယ်ဝိုက်အကျိုးအမြတ်များလည်း ရရှိခြင်းဖြင့် ဆင့်ပွားအကျိုးသက်ရောက်မှု

**အထူးသဖြင့် မြန်မာနိုင်ငံရောက် ခရီးသွားများအနေဖြင့် ကျောက်မျက်၊ ချည်ထည်၊ ပိုးထည်၊ ယွန်းထည်ကဲ့သို့ ပစ္စည်းများကို အနည်းငယ်သာလျှင် ဝယ်ယူလေ့၊ ဝယ်ယူဖို့ရာရှိသည်ဟု ဧည့်လမ်းညွှန်တစ်ဦးက ထောက်ပြသည်။**

www.foreverspace.com.mm




(Multiplier Effect) ရှိရန် လိုအပ်ပေသည်။ သို့ဖြစ်၍ လူအများစုထံသို့ ငွေကြေးဖြန့်ဝေမှုဖြစ်စေသည်။ ဈေးဝယ်ခြင်းအလေ့အထ ဖြစ်ပေါ်လာစေရန် လိုအပ်ပေသည်။

အထူးသဖြင့် ထိုင်းနိုင်ငံ၏ ခရီးစဉ်ဒေသအနှံ့အပြား၌ သက်ဆိုင်ရာဒေသအမှတ်တရပစ္စည်းရောင်းချသည့် ပစ္စည်းအမျိုးအမည်အစုံအလင်ကို ငွေကြေးတန်ဖိုးအနိမ့်အမြင့်အလိုက် ပေါများစွာတွေ့မြင်ရခြင်းမျိုးသည် ခရီးသွားများအတွက် ဈေးဝယ်ခြင်းအလေ့အထကို နှိုးဆော်ရာရောက်သည့်အချက်တစ်ခုပင် ဖြစ်သည်ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

အထူးသဖြင့် ထိုင်းနိုင်ငံတွင် ကျေးရွာစက်မှုလက်မှုလုပ်ငန်းများအတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း (Industrial Village for Toursim Promotion Project) အစီအစဉ်ဖြင့် ပြည်နယ် ၁၉ ခုတွင် စက်မှုလက်မှုလုပ်ငန်း ကျေးရွာစီမံကိန်းဒေသ ၂၀ ခု သတ်မှတ်၍ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနှင့် ဆက်စပ်ဆောင်ရွက်လျက် ရှိသည်။ ဥပမာအားဖြင့် ဒေသအလိုက် နယ်မြေရှုခင်းများ ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းမှသည် ဒေသထွက်ကုန် ပြသရန် အဆောက်အအုံဆောက်လုပ်ခြင်း စသည်တို့ဖြင့် တစ်ရွာထုတ်ကုန်တစ်မယ် (One Village One Product) များအထိ ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နိုင်ကြောင်း ခရီးသွားလုပ်ငန်းလေ့လာသူတစ်ဦးက နှိုင်းယှဉ်ပြသည်။

တစ်နည်းအားဖြင့် ဤသို့သော အစီအမံများသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုသာမက နိုင်ငံ၏ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုနိုင်ပေသည်။ ခရီးသွားလုပ်ငန်းမှရရှိသော ဝင်ငွေဖြန့်ဝေမှုသည် သက်ဆိုင်ရာဒေသများရှိ အခြေခံအဆင့် လူတန်းစားများ၏ဝင်ငွေကို တိုးမြှင့်လာစေပြီး အခွင့်အလမ်းများလည်း တိုးပွားလာ



**ရှေးဟောင်းယဉ်ကျေးမှုဖြင့် ခရီးသည်ဆွဲဆောင်ခြင်းအပြင် လက်ရာအဆင့်အတန်းမြင့်သော ရိုးရာလက်မှုပစ္စည်းများကိုလည်း ထုတ်လုပ်သင့်သည်**

စေရန် အထောက်အကူပြုသည်။

မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သည်ဆိုရာ၌ ခရီးသွားများ၏ ဈေးဝယ်ခြင်းအလေ့အထများ ယခုထက် ပိုမိုပေါ်ထွန်းလာစေရန် ဖော်ဆောင်မြှင့်တင်ပေးခြင်းသည်လည်း အရေးကြီးသော ကဏ္ဍတစ်ရပ် ဖြစ်နေသည်။ သို့မှသာလျှင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေပမာဏ ပိုမိုတိုးတက်လာမည်ဖြစ်သကဲ့သို့ အထက်ဖော်ပြပါအစီအစဉ်များသည် မြန်မာနိုင်ငံ၏ ရှိရင်းစွဲ ခရီးစဉ်ဒေသများအပြင် ခရီးစဉ်ဒေသသစ်များပါ ပေါ်ပေါက်လာနိုင်ပြီး ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်လာစေမည် ဖြစ်ပေသည်။

**ထိုက်အောင်**



# နိုင်ငံတကာအဆင့်မီ ဆီအုန်းစိုက်ခင်းများ ပေါ်ထွက်လာစေရေး

ထွင့်ခိုင်

နိုင်ငံတကာအဆင့်မီ ဆီအုန်းစိုက်ခင်းများကို အကောင်အထည်ဖော်ရာတွင် အဓိကလိုအပ်သောအခန်းကဏ္ဍမှာ အရည်အသွေးပြည့်ဝသော စီမံခန့်ခွဲမှုဖြစ်သည်။ ဆီအုန်းစိုက်ပျိုးရာတွင် မြေရှင်းလင်းခြင်း၊ မျိုးစေ့ပျိုးထောင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အသီးခူးဆွတ်ခြင်း စသည့် လုပ်ငန်းအဆင့်အသီးသီးသည် အချိန်နှင့်တစ်ပြေးညီလုပ်ဆောင်ရန်လိုအပ်သောကြောင့် စီမံခန့်ခွဲမှုမကောင်းပါက ငွေအား၊ လူအား ဆုံးရှုံးမှုများ တစ်ပုံတစ်ပင်ကြုံတွေ့နိုင်သည်ကို တွေ့ရှိရသည်။ ဆီအုန်းစိုက်ပျိုးရာတွင် မျိုးစေ့မှအစ ဓာတ်မြေဩဇာအဆုံး လုပ်ငန်းသုံးပစ္စည်းပေါင်းမြောက်မြားစွာကို ပြည်ပမှ တင်သွင်းရခြင်းဖြစ်ရာ အခြားဆီအုန်းစိုက်နိုင်ငံများနည်းတူ အကျိုးအမြတ်ခံစားနိုင်ရန်မှာ စနစ်ကျသော အစီအမံများနှင့် ခေတ်မီသောစိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုမှသာ ရင်းနှီးမြှုပ်နှံမှုနှင့် ထိုက်တန်သော အကျိုးကျေးဇူးကို ခံစားနိုင်မည်ဖြစ်သည်။



www.foreverspace.com.mm

www.foreverspace.com.mm



ဆီအုန်းခြံတစ်ခြံ၏ လုပ်ငန်းလည်ပတ်မှုတွင် ပါဝင်နေသူများကို လေ့လာရာ၌ အကြမ်းဖျင်းအားဖြင့် အဆင့်သုံးဆင့် ရှိသည်ကို တွေ့ရသည်။

၁။ လုပ်ငန်းရှင်–လုပ်ငန်းကို ငွေရင်းစိုက်ထုတ်ထားသူ (သို့မဟုတ်) လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်ရသူ။

၂။ အလုပ်ကြပ်–လုပ်ငန်းခွင်တွင် အလုပ်သမားများကို တာဝန်ခွဲဝေချထား၍ စီမံကြီးကြပ်သူ။

၃။ ဝန်ထမ်း–ပေါင်းရှင်း၊ အသီးဆွတ် စသည့် အောက်ခြေသိမ်းခြံတွင်း လုပ်ငန်းအားလုံးကို လုပ်ဆောင်ရသူ။

ဆီအုန်းစိုက်ပျိုးခြင်းဖြင့် နိုင်ငံခြားငွေအမြောက်အမြားကို ရရှိလျက်ရှိသော မလေးရှားနှင့် အင်ဒိုနီးရှားရှိ ဆီအုန်းခြံများ၏ စီမံခန့်ခွဲပုံများမှာ အပင်စိုက်ရုံ၊ အသီးခူးရုံ ဆီကြိတ်ရုံသာ ရည်ရွယ်သည်မဟုတ်ပေ။ ခေတ်မီသော စိုက်ပျိုးနည်းများကိုသုံး၍ သတ်မှတ်ကာလတစ်ခုအတွင်း အကန့်အသတ်ရှိသော မြေဧရိယာပေါ်တွင် အတတ်နိုင်ဆုံး၊ ကုန်ကျစရိတ်အနည်းဆုံးဖြင့် အမြတ်အစွန်းအများဆုံးရရန်ရည်ရွယ်၍ အချိန်အား၊ လုပ်အား၊ ငွေအားကို အလေအလွင့်မရှိအောင် စီမံခန့်ခွဲရန် အတတ်နိုင်ဆုံး ကြိုးစားကြသည်ကို တွေ့ရသည်။ ၎င်းတို့နည်းတူ စီမံခန့်ခွဲရာတွင် မြန်မာ့ဆီအုန်းခြံများအနေဖြင့် အချို့ အောင်မြင်သော စီးပွားရေးလုပ်ငန်းကြီးများ ကျင့်သုံးလေ့ရှိသည့်အတိုင်း လူတစ်ဦးချင်းစီကို လုပ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကိုပေးထားရန်လည်း များစွာလိုအပ်ပါသည်။ လက်အောက်ဝန်ထမ်းများ၏လုပ်အားကို ယုံကြည်ကိုးစား၍မရဘဲ ဆီအုန်းစိုက်ရန် မြေရှင်းလင်းချိန်မှစ၍ အသီးခူး၍ ဆီကြိမ်းစက်ရုံသို့ အရောက်ပို့ချိန်အထိ ရာထူးအရ ထိပ်ဆုံးနေရာတွင် ရှိသော လုပ်ငန်းအုပ်ချုပ်သူသည် အစအဆုံး လိုက်ပါဆောင်ရွက်နေရပြီဆိုလျှင် Managementကောင်းဟု မဆိုနိုင်တော့ချေ။

ဤနေရာတွင် လုပ်ငန်းရှင်၏ သဘောထားမှာ လုပ်ငန်း၏အောင်မြင်မှုအပေါ် များစွာ အကျိုးသက်ရောက်မှုရှိသည်။ ဆီအုန်းစိုက်ပျိုးသည့်လုပ်ငန်းသည် ရိုးရိုးသာမန်ကုန်စည်တစ်ခုကို ဆိုင်ပေါ်တင်ရောင်းသကဲ့သို့ ငွေဖြစ်လွယ်သော လုပ်ငန်းတစ်ခုမဟုတ်ချေ။ လုပ်ငန်း၏ အောင်မြင်မှု၊ မအောင်မြင်မှုသည် အလုပ်သမားတစ်ဦးစီ၏ တာဝန်သိမှု၊ လုပ်အားကို ချစ်မြတ်နိုးမှု၊ မိမိတို့စိုက်ထားသော အပင်များကို တန်ဖိုးထားတတ်မှုတို့အပေါ်တွင် လုံးလုံးမူတည်နေရာ အလုပ်သမားများအပေါ် မှီခိုရမှုသည် အခြားလုပ်ငန်းများတွင် ဝန်ထမ်းကို မှီခိုရမှုထက်များစွာ ပိုမိုသည်ဟု ဆိုနိုင်သည်။ စိုက်ခင်းပိုင်ရှင်သည် ၎င်းတို့၏ လူမှုဖူလုံရေးကို အပြည့်အဝတာဝန်ယူနိုင်သည့်အနေအထားမျိုးတွင် အလုပ်သမားများဘက်မှလည်း တာဝန်သိမည်မှာ မုချဖြစ်သည်။ မြန်မာ့ဆီအုန်းခြံများကို လာရောက်လေ့လာသော မလေးရှားစိုက်ပျိုးစီးပွားပညာရှင်တစ်ဦးကမူ "မြန်မာဆီအုန်းလုပ်ငန်းရှင်များသည် အလွန်ကံကောင်းသည်"ဟု ကောက်ချက်ချသည်။ သင့်တော်သော ငွေကြေးပမာဏတစ်ခုကို ပေးရုံမျှဖြင့် စိတ်တိုင်းကျနိုင်သည့် လုပ်သားကောင်းများကို ရနိုင်သည်ဟု ဆိုသည်။ သို့သော် မြန်မာဆီအုန်းခြံများတွင် တွေ့ရသော အဓိကပြဿနာမှာ အလုပ်သမားပြဿနာမဟုတ်ဘဲ Management ပိုင်းတွင် အားနည်းခြင်း၊ စနစ်မကျခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

ဆီအုန်းစိုက်သူတစ်ဦး၏အနေအထားသည် သာမန်ဥယျာဉ်ခြံစိုက်သူတစ်ဦး၏ အနေအထားမျိုးနှင့်မတူပေ။ အပင်စိုက်တတ်ရုံ၊ အသီးခူးတတ်ရုံဖြင့် လုံလောက်သောစိုက်ပျိုးရေးလုပ်ငန်းရှင် မဟုတ်ပေ။ မြေရှင်းလင်းသည့်အဆင့်မှသည် မြေဩဇာထည့်ခြင်းနှင့် ရောဂါကာကွယ်ခြင်းအလယ်၊ အသီးခူးသည့်အဆင့်အဆုံး နည်းပညာများဖြင့် ပြည့်လျက် ရှိသည်။ ထို့ကြောင့် စဉ်ဆက်မပြတ်လေ့လာနေရသော ခေတ်မီတောင်သူတစ်ဦးဖြစ်ရန် မဖြစ်မနေလိုအပ်သည်။ အထူးသဖြင့် ဆီအုန်းခြံတစ်ခြံ၏ အကျိုးအမြတ်မှာ အချိန်နှင့်တစ်ပြေးညီ စနစ်တကျလုပ်ဆောင်တတ်ခြင်းဟူသောအချက်ပေါ်တွင် များစွာမူတည်သည်။ သာမန်ဥယျာဉ်ခြံများထက်လည်း ပို၍အလုပ်များသည်။ သို့သော် ခံစားရသည့်အကျိုးအမြတ်လည်း ပိုသည်။

ဆီအုန်းပင်တစ်ပင်သည် ပျမ်းမျှအားဖြင့် စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးခိုင်များ ကောင်းစွာထွက်ရှိလာပြီဖြစ်သည်။ ဆီအုန်းစိုက်သူတစ်ဦးအနေဖြင့် အပင်ပေါက်ပျိုးသည့်အချိန်မှ အသီးထွက်ရှိသည့် သုံးနှစ်ကျော်ကာလအတွင်း ငွေအား၊ လူအား များစွာစိုက်ထုတ်ရသည်။ ၎င်းအနေဖြင့် ဤကာလသည် အိတ်စိုက်သက်သက်ကာလများဖြစ်လေရာ ငွေကြေးအလုံအလောက်ရင်းနှီးမြှုပ်နှံနိုင်ရန်မှာ များစွာအရေးကြီးလေသည်။ အထူးသဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ်များက သမားရိုးကျစိုက်ပျိုးနည်းများနှင့်မတူသော ခေတ်မီစိုက်ပျိုးနည်းများကြောင့် ငွေကြေးပိုမိုစိုက်ထုတ်ရလေ့ရှိသည်။

ဆီအုန်းခြံတစ်ခြံကို ရင်းနှီးမြှုပ်နှံထားသလောက် ထိုက်တန်သော အကျိုးအမြတ်ကို ပြန်လည်ရရှိရန်အတွက်ဆိုလျှင် မြေရှင်းလင်းသည်မှ အသီးခူး၍ စက်ရုံသို့ ပို့သည့်အချိန်အထိ မည်သည့်အဆင့်တွင်မှ အလျင်စလိုလုပ်၍မဖြစ်ပေ။ သတ်မှတ်လျာထားချက်များကိုပြည့်မီအောင် မဖြစ်မနေဆောင်ရွက်ရာတွင် အရေအတွက်ပြည့်မီရေးအတွက် အရည်အသွေးကို ထိန်းမထားပါက နောင်တွင် အခက်အခဲများစွာ တွေ့ကြုံရမည်မှာ အမှန်ဖြစ်သည်။ မြန်မာဆီအုန်းခြံများတွင် ဤကဲ့သို့သော အခက်အခဲမျိုးများစွာ ကြုံခဲ့ရဖူးသည်။ အထူးသဖြင့် မြေရှင်းလင်းချိန်တွင် ခုတ်လှဲထားသောသစ်ပင်များ၏ အခက်အကိုင်းအားလုံးကို ပြောင်တလင်းခါသည်အထိ မီးရှို့


www.foreverspace.com.mm



ပစ်ရန် လိုအပ်သည်။ သို့သော် မြေရှင်းလင်းသည့် လုပ်သားများသည် လုပ်ငန်းရှင်၏ သတ်မှတ်လျာထားချက်ကို ပြည့်မီရေးနှင့် လုပ်ငန်းရှင်၏အကြိမ်းအမောင်းလွတ်ရေးအတွက် ကုန်စင်အောင်မီးမရှို့ဘဲ ဧကများများ ရှင်းလင်းပြီးကြောင်း ပြသရန်သာ အာရုံထားတတ်ကြသည်။ ထိုအခါ ၎င်းတို့က ကုန်စင်အောင် မရှင်းလင်းခဲ့သော သစ်တုံးသစ်ကိုင်းများသည် နောင်နှစ်အနည်းငယ်ကြာ၍ ဆီအုန်းပင်များ အရွယ်ရောက်လာချိန်တွင် ဆွေးမြေ့ခြောက်ကြွပ်၍ အလွယ်တကူ မီးလောင်နိုင်သောမီးစာများ ဖြစ်လာသည်။ ထို့ပြင် ပေါင်းသတ်ဆေးဖျန်းရန်၊ အကိုင်းချရန် ဆီအုန်းပင်နားသို့ ချဉ်းကပ်ရသော လုပ်သားများအတွက် ဆူးညှောင့်ခလုတ်များ ဖြစ်လာသည်။ တနင်္သာရီတိုင်းကော့သောင်းခရိုင်အတွင်းရှိ ဆီအုန်းခြံအချို့တွင် ဤအဖြစ်အပျက်မျိုးကို ကြုံတွေ့ခဲ့ပြီးဖြစ်သည်။

အထူးသဖြင့် မြန်မာဆီအုန်းခြံအချို့တွင် ကြုံတွေ့ရသည်မှာ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကြိုတင်စီမံကိန်းချ၍ တစ်ဆင့်စီ စနစ်တကျဖော်ဆောင်သွားခြင်းမျိုးမဟုတ်ဘဲ ကြုံသည့်ပြဿနာကို ဖြစ်သည့်နည်းနှင့် ဖြေရှင်းသွားခြင်းဖြစ်သည်။ အင်ဒိုနီးရှားနှင့် မလေးရှားရှိ ဆီအုန်းခြံတွင်းလမ်းများနှင့် မြန်မာဆီအုန်းခြံအချို့၏ခြံတွင်းလမ်းများကို ဥပမာထား၍ကြည့်ပါက ဤဖြစ်ရပ်မျိုးကို မြင်နိုင်ပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှားတို့ရှိ ဆီအုန်းခြံများတွင် အပင်ကို မြေမချမီ လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ဦးစားပေး၍ မဖြစ်မနေလုပ်ရသည့်တိုင် မြန်မာခြံအချို့တွင်မူ အပင်ချစိုက်ပြီးမှ လမ်းဖောက်လုပ်ရန် စဉ်းစားခြင်းဖြစ်သည်။ ဤသို့စနစ်မကျခြင်း၏ အကျိုးရလဒ်မှာ ငွေအားလူအားများစွာ မလိုအပ်ဘဲ အလဟဿဆုံးရှုံးရသည်။ ဤအခြေအနေတွင် လမ်းမရှိသောကုန်းမြင့်နေရာတွင် စိုက်ထားသောလုပ်ကွက်များထဲမှ ဆီအုန်းပင်တစ်ပင်စီကို အလုပ်သမားများက ထောင့်စေ့အောင် မြေဩဇာကျွေးခြင်း၊ အကိုင်းခုတ်ခြင်း၊ ဆီသီးခိုင်ခူးခြင်းတို့ကို အပြည့်အဝလုပ်ဆောင်လိမ့်မည်ဟု မမျှော်လင့်နိုင်တော့ချေ။ ထိုအခါ နိုင်ငံတကာသုံးငွေများဖြင့် ပြည်ပမှတင်သွင်းထားရသော မြေဩဇာများ အိတ်လိုက်ဆုံးရှုံးရခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများမဖျန်းဘဲ ပုံးလိုက်သွန်ခြင်းများ ကြုံတွေ့ရလေသည်။ ထို့ပြင် ဆီသီးခိုင်တစ်ခိုင်တွင် ဆီအုန်းသီးထောင်ချီ၍ပါရှိပြီး ဆီသီးတစ်လုံးမှထွက်သော စားအုန်းဆီပမာဏသည် ပေါင်မုန့် ၂ ချပ်ကို ထောပတ်သုတ်ရာတွင် သုံးနိုင်လောက်အောင် လုံလောက်သောပမာဏဖြစ်ရာ ထွက်ရှိလာသော ဆီသီးခိုင်အားလုံး စက်ရုံသို့အရောက်မပို့နိုင်ပါက ရင်းနှီးမြှုပ်နှံထား

**လုပ်ငန်းခွင်ကျွမ်းကျင်သောလုပ်သားများ ဖြစ်ရန်လိုသည်**



www.foreverspace.com.mm



သော လုပ်ငန်းရှင်အတွက် မည်မျှဆုံးရှုံးမည်ကို တွက်ဆနိုင်ပါသည်။ ထိုအခါ စိုက်ခင်းဧကကျယ်လျှင် ကျယ်သလို ဆုံးရှုံးမှုများပေလိမ့်မည်။

ထို့ပြင် လုပ်သားများ၏ အသိဉာဏ်နှင့် တာဝန်သိစိတ်အပေါ်တွင် များစွာ မှီခိုရသောအချက်များကိုလည်း တွေ့ရသည်။ အထူးသဖြင့် ဆီအုန်းခိုင်တစ်ခိုင် ခုတ်ပြီး ၂၄ နာရီအတွင်း ဆီကြိတ်စက်ရုံသို့ အရောက်မပို့နိုင်ပါက စားသုံးသည့်အဆင့်အတန်းမီ စားအုန်းဆီ မထွက်လာနိုင်တော့ချေ။ အလှကုန်နှင့် အခြားကုန်စည်များတွင်သုံးသည့် အရည်အသွေးနိမ့်စားအုန်းဆီသာ ထွက်လာသည်။ ထို့ကြောင့် လုပ်သားတစ်ဦးစီတွင် ဆီသီးခိုင်များကိုခုတ်ပြီး ၂၄ နာရီအတွင်း စက်ရုံအရောက်ပို့ရမည်ဟူသော အသိဉာဏ်မရှိမချင်း လုပ်ငန်းရှင်တွင် ဆုံးရှုံးနစ်နာမှုများရှိနေမည်သာ ဖြစ်သည်။

ဤကဲ့သို့သောအဖြစ်မျိုး မကြုံရန်မှာ လုပ်ငန်းရှင်ကိုယ်တိုင်သည် ဆီအုန်းအတွက်ကောင်းစေမည့် ဆောင်ရန်ရှောင်ရန်များကို မပြတ်လေ့လာထားရမည် ဖြစ်သည်။ နိုင်ငံတကာတွင် ကျင့်သုံးနေသော စိုက်ပျိုးရေးနည်းလမ်းများနှင့် နိုင်ငံတကာ ဈေးကွက်အခြေအနေကို မျက်ခြည်မပြတ်သူဖြစ်ရပေမည်။ ၎င်းအနေဖြင့် ဤကဲ့သို့ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်နေသူဖြစ်ရန် နည်းလမ်းများစွာ ရှိပေသည်။ အာဖရိကနှင့် အရှေ့တောင်အာရှရှိ ဆီအုန်းစိုက်နိုင်ငံများမှ လွှင့်တင်ထားသော ဆီအုန်းနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေါင်းများစွာပါဝင်သည့် Website ပေါင်းများစွာ ရှိပါသည်။ ယင်း Website များတွင် ယနေ့စားအုန်းဆီပေါက်ဈေး၊ မျိုးစေ့ပေါက်ဈေးမှအစ သုတေသနပြုထားသော စာတမ်းများအဆုံး ဆီအုန်းနှင့် ပတ်သက်သောအချက်အလက်စုံကို ရယူအသုံးချနိုင်သည်။

ဤသို့နိုင်ငံတကာနှင့် မျက်ခြည်မပြတ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆီအုန်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ချိန်ထိုးကြည့်နိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ ရာသီဥတုတွင် ၎င်းတို့အသုံးပြုသောနည်းလမ်းများကို တိုက်ရိုက်အသုံးချ၍ အခါခပ်သိမ်းရနိုင်မည်မဟုတ်ပေ။ ဥပမာအားဖြင့် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့၏ မိုးရရှိမှုအခြေအနေကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ မလေးရှားသည် တစ်နှစ်လုံး မိုးမပြတ်ရတတ်ပြီး လုံးဝမိုးရေမရသောရာသီမှာ နွေဥတု နှစ်လသာသာတွင်သာ ဖြစ်သည်။ ဆီအုန်းသည် မိုးရေရလေ အသီးထွက်လေဖြစ်လေရာ မလေးရှားတို့သည် ဆီအုန်းမှ တစ်နှစ်ပတ်လုံး ဝင်ငွေရလေသည်။ သို့သော် မြန်မာနိုင်ငံမှာ တစ်နှစ်တာအတွင်း ခြောက်လခန့်မှာ မိုးရေရရှိနိုင်ပြီး ကျန်ခြောက်လတွင် မိုးရေလုံးဝမတွေ့ရသော ရာသီဥတုမျိုးဖြစ်သည်။ ဤအခြေအနေတွင် မြန်မာဆီအုန်းလုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းသီးမထွက်၍ ဝင်ငွေလုံးလုံး မရသောလများတွင်လည်း အပင်များကို ထိန်းသိမ်းစောင့်ရှောက်ရသည့် လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရသည့် စရိတ်များ အကုန်အကျခံရသည်။

ထို့ပြင် ဆီအုန်းပင်စိုက်ပျိုးရာမြေပြင်သည် အစိုဓာတ်ကိုထိန်းရန် လိုအပ်သောကြောင့် မလေးရှားနှင့် အင်ဒိုနီးရှားကဲ့သို့သော နိုင်ငံမျိုးတွင် မိုးမရသော နှစ်လသာသာအချိန်တွင် မြေပြင်၏ အစိုဓာတ်ကို ထိန်းထားနိုင်ရန် ဆီအုန်းပင်ခြေရင်းတစ်ဝိုက်တွင် စိုက်ရသည်။ ထိုမြေဆီထိန်းပဲနွယ်များ၏သက်တမ်းများ နှစ်လကျော်ကျော်သာခံရာ မိုးပြန်ရွာသည့်အချိန်တွင် ၎င်းတို့သက်တမ်းကုန်ဆုံးချိန်နှင့် အံကိုက်ဖြစ်၍ မိုးရွာလာချိန်တွင် ညှိုးနွမ်းနေပြီဖြစ်သော ပဲနွယ်များမှာ မြေဩဇာအဖြစ်သို့ ရောက်ရှိလာသည်။ သို့သော် မြန်မာနိုင်ငံရှိ ဆီအုန်းခြံများ၏ အတွေ့



အကြုံမှာမူ တစ်မျိုးဖြစ်သည်။ ဆီအုန်းပင်ခြေရင်းတွင် စိုက်ထားသော မြေဆီထိန်းပဲသည် နွေကာလကြာလာသည်နှင့်အမျှ ခြောက်ကြွပ်လာသည်။ ယင်းမြေဆီထိန်းပဲနွယ်အခြောက်များမှာ ကောက်ရိုးကဲ့သို့ပင် မီးပွားကျသည်နှင့် ဟုန်းခနဲ မီးကူးရန် အဆင်သင့် ဖြစ်သည်။

ဤကဲ့သို့သော ရေမြေကွာခြားခြင်းများရှိခြင်းကြောင့် တွေ့ကြုံသမျှ အခက်အခဲများကိုအောင်မြင်စွာ ကျော်လွှားနိုင်ရန် ဆီအုန်းစိုက်သူတစ်ဦးအနေဖြင့် လေ့လာမှုများ မပြတ်ပြုလုပ်မှသာ ရသင့်သလောက်အကျိုးအမြတ်ကိုခံစားနိုင်မည် ဖြစ်သည်။ အထူးသဖြင့် မြန်မာ့မြေကြီးသည် ပင်ကိုအားဖြင့် ဩဇာကြွယ်ဝပြီး ဖြစ်သည်။ ဤမြေပေါ်မှထွက်သော စိုက်ပျိုးသီးနှံများဖြင့် နိုင်ငံတကာလုပ်ငန်းရှင်များနှင့်အပြိုင် နိုင်ငံတကာဈေးကွက်သို့ တိုးဝင်လိုလျှင် နိုင်ငံတကာအဆင့်မီ စီမံခန့်ခွဲခြင်းနှင့် စနစ်ကျသောစိုက်ပျိုးနည်းများကို အသုံးချခြင်းများ လိုအပ်ပေသည်။ ရင်းနှီးမြှုပ်နှံရသော သွင်းအားစုများကို အတတ်နိုင်ဆုံးကျစ်လျစ်သက်သာစေပြီး အရည်အသွေးမီစားအုန်းဆီကို အများဆုံးထုတ်လုပ်နိုင်ရန် အတွက် လုပ်ငန်းအဆင့်ဆင့်တွင် စနစ်ကျရန် စဉ်ဆက်မပြတ် လေ့လာအသုံးချရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန် များစွာလိုအပ်ပေသည်။

**ထွန်းနိုင်**

■

# စျေးဝယ်လမ်းညွှန်

အမှတ် ၁၃၀ ၂၀၀၆ ခုနှစ်၊ မေလ

## ဆန်ပြုတ်ကောင်းကောင်း ရနိုင်တဲ့နေရာများ

ရန်ကုန်မြို့တော်အတွင်းက တစ်မူထူးခြားတဲ့ ဆန်ပြုတ်လက်ရာကောင်းကောင်းရနိုင်မယ့် ဆိုင်တချို့ကို လမ်းညွှန်လိုက်ပါတယ်။

– **Yankin စားသောက်ဆိုင်**

ဆေးဘဲဥဆန်ပြုတ်နဲ့ Sea Food ဆန်ပြုတ်တွေရနိုင်ပြီး မနက် ၆ နာရီကနေ နေ့လယ် ၂ နာရီအထိ သုံးဆောင်နိုင်မှာ ဖြစ်ပါတယ်။

**လိပ်စာ –** အမှတ်–၁(A)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၈၉၂၅၊ ၅၇၉၉၅၆

– **Lake View စားသောက်ဆိုင်**

အသား၊ ငါး၊ ဆေးဘဲဥ စတာတွေနဲ့ပြုလုပ်ထားတဲ့ ဆန်ပြုတ်တွေရနိုင်တဲ့အပြင် ကိုယ်စားလိုရာ အခြားသီးနှံတွေနဲ့လည်း သုံးဆောင်နိုင်အောင် စီစဉ်ပေးမယ်လို့ဆိုပါတယ်။ နေ့လယ် ၁၂ နာရီ နောက်ပိုင်းကစပြီး သုံးဆောင်နိုင်မှာပါ။

**လိပ်စာ –** ကန်သာယာလမ်း၊ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်အတွင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၉၂၅၅–၅၉၊ ၂၄၂၆၁၃၊ ၂၄၂၆၁၈

– **Singapore's Kitchen**

ဆန်ပြုတ်အဖြူသက်သက်ရနိုင်တဲ့အပြင် အခြား သားငါးတစ်မျိုးမျိုးနဲ့ သုံးဆောင်လို့ရနိုင်အောင်လည်း စီစဉ်ထားတယ်လို့ ဆိုပါတယ်။ ဒီဆိုင်မှာတော့ ညပိုင်းမှပဲ သွားရောက်စားသုံးနိုင်ပါတယ်။

**လိပ်စာ–**

အမှတ်–၅၂၄၊ ကမ်းနားလမ်း၊ ၁၂ လမ်းနှင့် ဘုန်းကြီးလမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၆၂၉၇

## ဆိတ်သားဟော့ပေါ့ စားမလား

ဆိတ်သားဒံပေါက်၊ ဆိတ်ဆီ ထမင်း စတာတွေကို စားသုံးမှုများလာတဲ့ အတွက် ဆိတ်သားဟော့ပေါ့ရနိုင်တဲ့နေရာ ကို လမ်းညွှန်လိုက်ပါတယ်။ ဟော့ပေါ့ အပြင် ဆိတ်သားကင်လည်းရနိုင်တယ်လို့ ဆိုပါတယ်။ မြည်းစမ်းကြည့်မယ်ဆိုရင်

လိပ်စာ–မေတ္တာရှင်

အမှတ်–၁၅၊ လေးထောင့်ကန်လမ်း၊ ၈၀န (အိုလံပစ်တာဝါရှေ့)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၁၂၇၅

## YKKO ရဲ့ ကြေးအိုးဆိုင်များ

ရန်ကင်းကြေးအိုး (Yakin Kyay Oh) အမည်တစ်ဖြစ်လဲ YKKO ကြေးအိုးနဲ့ ကြေးအိုးဆီချက်တို့ကို ဖော်ပြလိုက်ပါတယ်။ YKKO ဟာ ၁၉၈၈ ခုနှစ်ကတည်းက စတင်ပြီး ရန်ကင်းမြို့နယ် ရန်ကင်းပညာရေးကောလိပ်အနီးမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယခု ၂၀၀၆ ခုနှစ် မတ်လအထိ ဆိုင်ခွဲငါးဆိုင်ဖွင့်လှစ်ထားပြီးဖြစ်ပြီး နောက်ဆုံးဖွင့်လှစ်လိုက်တဲ့ဆိုင်မှာ ရန်ကုန်မြို့ စမ်းချောင်း ပဒုမ္မာကွင်းအနီးမှာ ဖြစ်ပါတယ်။

YKKO ကို ဆက်သွယ်လိုလျှင် YKKO@mptmail.net.mm

– သစ္စာလမ်းမ၊ ၁၁ ရပ်ကွက်၊ ကံဘဲ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၇၂၁၉၆

– ဆရာစံလမ်းမ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၀၉၉၈

– ၂၈၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၉၇၅၄

– ၂၂၇၊ အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၃၃၈

– ၂၊ ၃၊ ၄ ပဒုမ္မာအားကစားကွင်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

www.foreverspace.com.mm



# အိမ်အရောက်ပို့ ဝန်ဆောင်မှုပေးနေတဲ့ ဆန်ဆိုင်များ

အိမ်ရှင်မများအတွက် မရှိမဖြစ်စားသောက်ကုန်တစ်မျိုးဖြစ်တဲ့ဆန်တွေ အိမ်အရောက်ပို့ဆောင်ပေးနေတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို လက်လှမ်းမီသလောက် စုစည်းဖော်ပြပေးလိုက်ပါတယ်။ ကိုယ်တိုင်သွားဝယ်ရမှာ အခက်အခဲရှိသူတွေလည်း ဖုန်းဆက်ပြီး ကိုယ်မှာယူမယ့်ဆန်အမျိုးအစားကို မှာကြားရုံနဲ့ အိမ်ထိရောက်အောင် ပို့ဆောင်ပေးမှာ ဖြစ်ပါတယ်။ ဆိုင်အချို့ရဲ့ မရိုးမသားအဖြစ်မျိုးရှိတတ်တဲ့အတွက် မမှာကြားခင် အရင်စုံစမ်းမေးမြန်းနိုင်အောင်လို့ လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးထားပါတယ်။

- **အောင်**

  ဆ/၅၁၊ ပိတောက်လမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၈၀၅၁၃၊ ၆၈၄၀၇၅၊ ၇၀၅၅၁၈၊
  ၀၉–၅၀၀၆၉၈၄၊ ၀၉–၅၀၁၇၆၀၂

- **ချန်ပီယံပေါ်ဆန်းမွှေး**

  အမှတ်–၁၃(ဒီ)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၈၂၈၄၄၊ ၆၈၂၉၄၄၊ ၆၈၂၉၂၈၊ ၆၈၀၃၀၁၊
  ၆၈၁၃၂၆၊ ၀၂–၆၅၉၇၅၊ ၂၈၀၃၆

- **သန့်**

  ဖုန်း–၆၈၁၂၀၉၊ ၆၈၁၂၇၄၊ ၇၀၆၉၈၇၊ ၀၉–၉၉၂၈၁၀၆၃

- **အမေ့သား**

  – အမှတ်–၂၄၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၃၈၂၂၇၈၊ ၃၉၂၈၀၉၊ ၇၀၆၈၉၂
  – အမှတ်–၆၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။

- **ဘိုမ**

  အမှတ်–၂၇၇၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၅၂၁၆၃၊ ၀၉–၉၉၂၂၃၂၊ ၀၉–၅၁၁၉၉၅၇

- **မိတ်ဆွေ**

  အမှတ်–၆၃၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၂၁၉၂

- **စပါယ်ရှယ်**

  အမှတ်–၅၇/၅၉၊ ဝါးတန်းလမ်း(ကီလီလမ်း)၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၅၁၆၊ ၂၂၃၅၉၅

- **ဒေါ်လာ**

  ၄/ဘီ–၁၁၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊
  မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၀၅၄၂ ■

# ထောပတ်ထမင်း အထူးအော်ဒါ

လက်ရာကောင်းကောင်းနဲ့ ထောပတ်ထမင်း ယိုးဒယားကြက်ဆီထမင်းနဲ့ အိမ်တိုင်ရာရောက် အထူးအော်ဒါ လိုက်လံဆောင်ရွက်ပေးတဲ့ဆိုင်ကို လမ်းညွှန်ချင်ပါတယ်။ ကိုကာဆူကီ၊ ယိုးဒယားချဉ်စပ်ဟင်းချို၊ ယိုးဒယားကွေ့သရီ၊ ဆီချက်၊ ဂျုံခေါက်ဆွဲပြုတ်၊ ရှမ်းခေါက်ဆွဲ၊ ထမင်းကြော်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နန်းကြီးသုပ်၊ အသုပ်စုံ၊ မန်းမြို့တော်ပေါက်စီတို့ကိုလည်း PREMIER ကော်ဖီ အပါအဝင် ကော်ဖီမျိုးစုံ၊ အအေးမျိုးစုံ နဲ့ ဆိုင်မှာ စားသုံးနိုင်ပါတယ်။ တခြား တရုတ်အစားအစာအကြော် အလှော်များလည်း ရနိုင်ပါတယ်။ အရင်တောင်ဥက္ကလာ၊ သစ္စာ လမ်းပေါ်ကဆိုင်ကို နေရာပြောင်းဖွင့်လှစ်ထားတာလည်း ဖြစ် ပါတယ်။

လိပ်စာ –

မင်းသစ္စာ

အမှတ်–၁၀၅၀၊ ဗိုလ်မင်းရောင်လမ်း၊

၃၅ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊

# မန္တလေးက ရှမ်းထမင်း

မန္တလေးမြို့တော်မှာ နေထိုင်သူတွေပဲဖြစ်ဖြစ်၊ အလည်အပတ်ခရီးနဲ့ မန္တလေးကို ရောက်သွားရင်ပဲဖြစ်ဖြစ် ရှမ်းထမင်းချဉ်ကြိုက်နှစ်သက်သူတွေအတွက် မန္တလေးမြို့တော်က ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ ရှမ်းထမင်းချဉ်အပြင် ယိုးဒယားသင်္ဘောသီးထောင်း၊ သခွားသီးထောင်း၊ သရက်သီးထောင်း၊ ဝက်စတူး၊ ဝက်ပေါင်း၊ ငါးပေါင်း၊ မှိုပေါင်း၊ ငါးဒက္ကြော်စတဲ့ စားသောက်ဖွယ်အတော်များများရနိုင်အောင် စီစဉ်ပေးထားတာတွေ့ရပါတယ်။ စနေ၊ တနင်္ဂနွေနဲ့ ဥပုသ်နေ့တိုင်းမှာ ဆေးခါးဟင်းရည်နဲ့ ဒါနပြုမယ်လို့ ဆိုပါတယ်။

လိပ်စာ –

ဝင်းစံပါယ်

ရှမ်းထမင်းချဉ်နှင့်ရိုးရာစားသောက်ဆိုင်

နန်းရှေ့၊ ရေဉ်ကန်အရှေ့ဘက်၊ ဓမ္မစကြာရိပ်သာလမ်းထိပ်၊

မန္တလေး။ ဖုန်း – ၀၂–၃၈၆၀၂

www.foreverspace.com.mm



# စားသောက်ဆိုင်သစ်

- **Merlion အသားကင်ဆိုင်**
  အမှတ်–၂၈၁၊ အလယ်ရွှေဂုံတိုင်၊
  (ငါးထပ်ကြီးဘုရားမျက်စောင်းထိုး)၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၅၄၃၆၆၂
- **YKKO Kyay-Oh & BBQ House (မြေနီကုန်းဆိုင်ခွဲသစ်)**
  အမှတ်–၂/၃/၄၊ ဗားကရာလမ်းမကြီး၊ ပဒုမ္မာကွင်းအနီး၊
  စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **POWER LIGHT Restaurant**
  ဆရာဝန်များအသင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။
- **Go Go Food Mall**
  North Point Shopping Center၊ သီရိကွန်ဒိုမီနီယံ၊
  ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ ၉ မိုင်၊
  မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **Five Squares စားသောက်ဆိုင်**
  ကျွန်းတောလမ်းနှင့် နှာနတ်တောလမ်းထောင့်၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Good Choice Restaurant & B.B.Q Food Center**
  အမှတ်–၉/၁၀၊ ၁၄ ရပ်ကွက်၊ သံသုမာလမ်း၊
  စီမံကိန်း ၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **100 Plus Restaurant (Hot-Pot)**
  အောင်ဆန်းအားကစားကွင်းအနောက်ဘက်တန်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **Howdy's**
  ဂျပန်စတိုင်နှင့် မြန်မာစတိုင်စားသောက်ဆိုင်
  အမှတ်–၃၅/ခ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၇၈၀
- **ပျို့လက်ရာ ထမင်းဆိုင်**
  အမှတ်–၆၄၁၊ ကုန်သည်လမ်း၊ ၂၉ လမ်းနှင့်
  ရွှေဘုံသာလမ်းကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **စိန်သုံးလုံးကြေးအိုးဆီချက်**
  အမှတ်–၂၄၅၊ ဗိုလ်မြတ်ထွန်းလမ်း (အထက်)၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
- **Taung Gyi စားဖွယ်စုံ**
  ဖိနပ်စက်ရုံအမှတ် (၁) ရှေ့ဆိုင်တန်း၊ ခဝဲခြံမှတ်တိုင်အနီး၊
  အင်းစိန်လမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
- **Food Fair**
  **Blazon Department Store**
  အမှတ်–၇၂၊ ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။

# ကြော်ငြာ

www.foreverspace.com.mm



## ရခိုင်အစားအစာစားမယ်ဆို

ရခိုင်ရိုးရာအစားအစာကို ကြိုက်နှစ်သက်သူတွေအတွက် ဆိုင်သစ်တစ်ခုကို ညွှန်ပေးလိုက်ပါတယ်။ ရခိုင်အစားအစာ၊ လက်ညှစ်ရခိုင်မုန့်တီ၊ ရေစိုမုန်ဟင်းခါးတို့အပြင် ပင်လယ်အစားအစာကိုပါ မှာယူစားသောက်နိုင်မှာပါ။ ဆိုင်အပြင်အဆင်သပ်ရပ်ပြီး လေအေးစက်ဖွင့်ပေးထားတာမို့ အေးအေးလူလူနဲ့ သုံးဆောင်နိုင်တာ တွေ့ရပါတယ်။

လိပ်စာ–ပျို့လက်ရာထမင်းဆိုင်
အမှတ်–၆၄၁၊ ကုန်သည်လမ်း၊
၂၉ လမ်းနှင့် ရွှေဘုံသာလမ်းကြား၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

## နေရာပြောင်း/လိပ်စာသစ်

- **SHINE & FINE (Export Fashion Shop)**
  အမှတ်–၄၈၆၊ သိမ်ဖြူလမ်း၊ စာတိုက်မှတ်တိုင်အနီး၊
  မင်္ဂလာတောင်ညွှန့်မြို့နယ်၊ရန်ကုန်။
- **မိုးချယ်ရီ မခမ်း–ထောပတ်**
  အမှတ်–၂၈၄(B)၊ ၂၇ လမ်းထိပ် ၂ ခန်းကျော်၊
  အနော်ရထာလမ်းမကြီး၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်။
  ဖုန်း–၃၇၃၈၈၅၊၃၈၆၆၀၂
- **D-Max Digital Photo Station**
  အမှတ်–၁၂၄၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Power Advertising Agency**
  အမှတ်–၂၇၄(ဘီ)၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၂၇၄၇၃၊ ၂၂၇၈၀၁၊ ၀၉–၅၀၀၉၆၀၇

## အဆင့်မြင့် ပန်းအလှပြင်သင်တန်း တက်မလား

ပန်းတွေကိုကိုယ်တိုင်အလှပြင်ဖို့ ဝါသနာပါသူတွေအတွက်ရော စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ လုပ်ကိုင်လိုသူတွေအတွက်ပါရည်ရွယ်ပြီး အဆင့်မြင့်ပန်းအလှပြင်သင်တန်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဒီသင်တန်းတွေမှာအသင်းဝင်များ၊ ဝန်ထမ်းများအတွက် ကျပ် ၇၀၀၀၊ ပြင်ပမှ တက်ရောက်လိုသူများအတွက် ကျပ် ၈၀၀၀ စီ သင်တန်းကြေးသတ်မှတ်ထားတယ်လို့ဆိုပါတယ်။ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်းခန်းမမှာ မေလဆန်းအတွင်း ဖွင့်လှစ်ရန်စီစဉ်ထားတယ်လို့လည်း သိရပါတယ်။ တက်ရောက်လိုသူများအနေနဲ့ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ပါတယ်။

ကြော်ငြာ

www.foreverspace.com.mm



# ကွန်ပျူတာဝန်ဆောင်မှုတွေရနိုင်တဲ့ နေရာ

ကွန်ပျူတာအသုံးပြုဖို့ လိုအပ်လို့ ဝယ်ယူဖို့ စီစဉ်နေတဲ့သူတွေကို ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းတွေ ဝယ်ယူတပ်ဆင်တာကနေ၊ ကွန်ရက်ချိတ်ဆက်အသုံးပြုချင်ရင်လည်း လိုအပ်တာတွေကို ဈေးနှုန်းအနေအထားတွက်ချက်ပေးတာ၊ဝယ်ယူတပ်ဆင်ပေးတာစတဲ့ Consulting Service ကနေပြီး ကွန်ပျူတာနဲ့ ပတ်သက်တဲ့ဝန်ဆောင်မှုတွေအားလုံး တစ်နေရာတည်းမှာရနိုင်တဲ့နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒါ့အပြင် ကွန်ပျူနဲ့ပတ်သက်သမျှ ပြုပြင်ထိန်းသိမ်းခြင်းတွေကို Hard Ware ပိုင်းရော Soft Ware ပိုင်းကိုပါ ဆောင်ရွက်ပေးနေတဲ့ နေရာဖြစ်ပါတယ်။ ကွန်ပျူတာသင်တန်းအနေနဲ့လည်း ကွန်ပျူတာကို အခြေခံမှစပြီး လေ့လာလိုသူတွေအတွက် ရည်ရွယ်ပြီး Printer၊ Scanner၊ Digital Camera အသုံးပြုနည်း၊ CD ကူးယူခြင်းတို့ကို လက်တွေ့အသုံးချတတ်အောင်သင်ကြားပေးတဲ့ Basic Computer Course၊ DTP ဆိုင်ဖွင့်လိုသူတွေ အတွက် လိုအပ်တာတွေ လက်တွေ့အသုံးပြုနိုင်အောင်သင်ကြားပေးတဲ့ DTP Course၊ ကွန်ပျူတာအခြေခံရှိပြီးသူတွေ Internet Website ရေးဆွဲနည်းသင်ကြားနိုင်မယ့် Web Developer Course တွေ ဖွင့်လှစ်ထားပါတယ်။ ကုမ္ပဏီ/ရုံးဝန်ထမ်းတွေအတွက် တစ်ဦးချင်း/အတန်းလိုက် အဆင်ပြေတဲ့အချိန်ကို ညှိနှိုင်းသင်ကြားပေးတဲ့ တန်းခွဲတွေကိုလည်း တက်ရောက်နိုင်ပါတယ်။

လိပ်စာ –

itserve Information Technologies Services

အမှတ်–၇၀၊ အခန်း–၄(က)
လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။
ဖုန်း–၀၉–၅၀၀၀၈၀၇

E-mail-itserveinfo@gmail.com

# အင်္ဂလိပ်စာ သင်ယူလိုသူများအတွက်

အင်္ဂလိပ်စာ၊အင်္ဂလိပ်စကားပြော သင်ယူလိုသူတွေအတွက် ကျောက်မြောင်းမှာဖွင့်လှစ်ထားတဲ့ အင်္ဂလိပ်စာသင်တန်းတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ မကြာသေးမီကမှ ဖွင့်လှစ်လိုက်တဲ့ သင်တန်းသစ်ဖြစ်ပြီး လိုင်စင်ရညွှန့်လမ်းညွှန်တွေဖြစ်တဲ့ ကဗျာဆရာဆူးသစ်နီ၊ ဆွေလွင်သန်းနဲ့ ကဗျာဆရာမမိုးစက်တို့က ဦးစီးသင်ကြားပေးမှာဖြစ်တယ်လို့ဆိုပါတယ်။ အနောက်တိုင်းစာပေကို ကိုယ်တိုင်ကိုယ်ကျထိတွေ့လိုသူတွေအတွက် အဆင်ပြေနိုင်မှာပါ။

လိပ်စာ –

Goody English Language

အမှတ်–၉၅၊ ပထမထပ်–ဝဲ၊ ဣန္ဒာသယလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၇၂၃၀၅၉၊၂၂၂၃၀၆၊၀၉–၅၁၀၁၉၂၀

ကြော်ငြာ

www.foreverspace.com.mm



## အလှဆင်ကျောက်ပြား ဝယ်မယ်ဆို

အလှဆင်ကျောက်ပြားအမျိုးမျိုး ဝယ်ယူနိုင်မယ့်ဆိုင်ဖြစ်ပါတယ်။ သဘာဝကျောက်ပြား၊ မာဘယ်ကျောက်ပြားတွေနဲ့အတူ ကျောက်အလှဆင်ပစ္စည်းအမျိုးမျိုးကိုပါ ရောင်းချပေးနေတာတွေ့ရပါတယ်။

လိပ်စာ– EAGLE(သဘာဝကျောက်ပြားနှင့် ကျောက်အလှဆင်ပစ္စည်း)

အမှတ်–၁၈၊ သမာဓိလမ်း၊ ကျောက်မြောင်းဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။

## လက်လီလက်ကား ဗလာစာအုပ်

ကျောင်းဖွင့်ချိန် နီးကပ်လာပြီဖြစ်လို့ ကျောင်းသုံးစာရေးကိရိယာတစ်မျိုးဖြစ်တဲ့ဗလာစာအုပ်အမျိုးမျိုးကို သင့်တင့်တဲ့နှုန်းထားတွေနဲ့ရောင်းချပေးနေတဲ့ ဆိုင်တစ်ဆိုင်ကိုလမ်းညွှန်လိုပါတယ်။ လက်လီလက်ကားရောင်းချပေးနေတာဖြစ်လို့ ကိုယ်စားလှယ်ယူပြီးရောင်းချလိုသူတွေလည်း ဆက်သွယ်နိုင်တယ်လို့ဆိုပါတယ်။

လိပ်စာ–

ပန်းသီးပုံနှိပ်တိုက်

အမှတ်–၁၀၁၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၆၃၂

## အင်းလေးက ပိုးထည်ဆိုင်

အင်းလေးဒေသထွက် ရိုးရာပိုးထည်အမျိုးမျိုးရနိုင်တဲ့ဆိုင် ဖြစ်ပါတယ်။ အင်းလေးကိုရောက်လို့ ကိုယ်တိုင်ဝတ်ဆင်ဖို့ ဝယ်ယူရင်ပဲဖြစ်ဖြစ်၊ လက်ဆောင်ပေးဖို့ဝယ်ရင်ပဲဖြစ်ဖြစ် အဆင်ပြေစေနိုင်မှာပါ။ အရောင်စုံ၊ အဆင်စုံရနိုင်တယ်လို့လည်း သိရပါတယ်။

လိပ်စာ–မြစကြာ

– အမှတ်–၁၃၁(ခ)၊ ရွှေဝါလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၂၄၅၇၊ ၂၄၀၇၂

– ဦးမောင်မြ၊ အင်းပေါ်ခုံ၊ အင်းလေး။ ဖုန်း–၀၈၁–၂၉၄၇၆

## မန္တလေးက အိမ်အရောက်ပို့ နွားနို့နဲ့ဒိန်ချဉ်

သဘာဝနွားနို့စစ်စစ်နဲ့ထုတ်လုပ်ထားတဲ့ နွားနို့၊ နို့နဲ့ ဆက်စပ်တဲ့ စားသောက်ကုန်တွေ ထုတ်လုပ်ရောင်းချပေးနေတဲ့ မန္တလေးကဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ ၅၀ ကျပ်သား မှာယူသူတွေကို အိမ်အရောက်ပို့ဆောင်ပေးမှာဖြစ် ပါတယ်။ နို့သာကူ၊ ဒိန်ချဉ်၊ နို့ချဉ်၊ နို့အေး၊ စတော်ဘယ်ရီ စတာတွေရနိုင်ပါတယ်။

လိပ်စာ–

ရွှေအိုး

အမှတ်–၁၁၊ ၈၂ လမ်း၊ ၁၄× ၁၅ လမ်းကြား၊ မန္တလေး။

ဖုန်း–၀၂–၃၈၃၁၈၊ ၀၉–၆၉၇၀၁၀၅

LIVING COLOR MAGAZINE
526302 , 504496

ကြော်ငြာ

www.foreverspace.com.mm



# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Rainbow Photo Studio**
  အမှတ်-၁၀၊ ရတနာလမ်း၊ မိကျောင်းကန် အပိုင်း ၃၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။
- **ရွှေနန်းတော်ဝင် ပိုးထည်နှင့်ချည်ထည်အမျိုးမျိုး အရောင်းဆိုင် (ဆိုင်ခွဲသစ်)**
  အမှတ်-၈(မျက်နှာစာတန်း)၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၄၀၉၆၆၊ လိုင်းခွဲ-၃၈၆
- **MOTHER LAND တာယာအရောင်းဆိုင်**
  အမှတ်-၂၆၃(A)၊ မြေညီထပ်၊ ဗားကရာလမ်းနှင့် ဗိုလ်မိုးလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၄၀၂၄၊ ၀၉-၅၀၁၆၃၇၃
- **Hotel Glory**
  အမှတ်-၅၇၄၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
- **Nicolyna Fitness**
  **Aerobic ကိုယ်ကာယအလှသင်တန်း**
  အမှတ်-၄၇၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၂၄၁၅၀
- **Real Time Computer Training & Service Centre**
  ကျောက္ကာလမ်းမကြီး၊ ဘုန်းစိုးရပ်၊ မုံရွာမြို့။
- **North Point Shopping Center**
  သီရိကွန်ဒိုမီနီယံ၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၅၂၉၅၉၊ ၆၅၂၉၆၀၊ ၆၅၂၉၆၁၊ ၆၅၂၉၆၂
- **Ocean Super Center**
  North Point Shopping Center ၊ သီရိကွန်ဒိုမီနီယံ၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၁၂၀၀၊ ၆၅၂၉၆၃၊ လိုင်းခွဲ-၂၀၀
- **Diamond Guest House**
  အမှတ်-၅(A1)၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၆၄၄၈၀
- **Gold Star (ကြွေပြား၊ ကျောက်ပြားမျိုးစုံနှင့် ရေချိုးခန်းသုံးပစ္စည်းများအရောင်းပြခန်း)**
  အမှတ်-၁၄၃/၁၄၅၊ ပြည်လမ်း၊ ၁၀ မိုင်ကုန်း၊ လေဆိပ်အနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၆၆၄၅၄၈၊ ၆၆၀၄၁၇၊ ၀၉-၅၁၂၇၇၀၄
- **သီရိမေ Body Beauty & Fitness Centre**
  မင်းလမ်း၊ ပွဲဆိပ်ရပ်၊ စစ်ကိုင်းမြို့။
- **452 Satellite Sale & Service**
  အမှတ်-၄၅၂၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၁၁၁၇၈
- **Bed Head Tgl Beauty & Fashion**
  ချော်တွင်းကုန်း၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **White House Photo Studio**
  အနော်ရထာလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၉၅၇၆
- **Fashion**
  အမှတ်-၈၇၊ ၅လွှာ၊အင်းစိန်လမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **AM ကွန်ပျူတာဗီဒီယိုတည်းဖြတ်သင်တန်း**
  အမှတ်-၁၈၇(A)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Goody English Language Centre**
  အမှတ်-၉၅၊ ပထမထပ်-ဝဲ၊ ဣန္ဒာသယလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၂၃၀၅၉၊၂၂၃၀၆၊ ၀၉-၅၁၀၁၉၂၀
- **it serve Infromation Technologies Services**
  အမှတ်-၇၀၊ အခန်း-၄(က)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၇၁၀၁၄၁၊ ၀၉-၅၀၀၀၈၀၇
  E-mail: itserveinfo@gmail.com
- **နီအိုဗွီးရှင်း (မျက်စိအထူးကုဆေးခန်းနှင့် မျက်မှန်အရောင်းစင်တာ)**
  ဗားကရားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Special Girl (2)**
  **Sky Walk Shopping Mall**
  အမှတ်-၁၅၁/၁၅၂၊ ရတနာပုံဈေး၊ မန္တလေး။
  ဖုန်း-၀၂-၇၁၃၃၃ (လိုင်းခွဲ-၈၀၄၁)
- **Pearl Orchid Beauty & Health Saloon**
  ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **East West Marine Services Pte. Ltd.**
  အမှတ်-၆၊ ပထမထပ်(ညာ)၊ ဒေါနလမ်း၊ အမှတ် ၈ ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၈၃၅၅

www.foreverspace.com.mm



- **U & A Digital Photo Studio**
  တိုက်အမှတ်-၅၆၊ အခန်း-၅၊ ပထမထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
- **AMK Trading**
  အမှတ်-၃၇၊ ၇၂ လမ်းနှင့် ၇၃ လမ်းကြား၊ ၃၅ လမ်း၊ မန္တလေး။ ဖုန်း-၀၉-၅၁၄၄၈၄၂
- **Venus @ Clean Beauty House**
  အမှတ်-၁၄၂၊ Sky Walk Shopping Mall၊ ၇၈ လမ်း၊ ရတနာပုံဈေး၊ မန္တလေး။
- **SHOE's STORY (Foot Wear)**
  အမှတ်-ဘီ-၄၊ ၇၈ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ မန္တလေး။ ဖုန်း-၀၂-၆၆၃၂၀
- **NAWARAT (Beauty & Reflexology)**
  အမှတ်-၃၁၃၊ ကျန်စစ်သားလမ်း၊ ဘုရင့်နောင်၊ အမှတ်(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၁၉၆၀
- **Mobile Star GSM Mobile Phone & Accessories**
  G-12၊ North Point Shopping Centre၊ သီရိကွန်ဒိုမီနီယံ၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **Sky Walk Shopping Mall**
  ရတနာပုံဈေးပထမထပ်၊ ၇၈ လမ်း၊ ၃၃ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
- **Best Net Internet Cafe**
  အမှတ်-၂၃/၂၄၊ အင်းစိန်လမ်း၊ လှိုင်ရတနာအိမ်ရာအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။

# နိုင်ငံတကာ အစားအစာဆိုင်များ

နိုင်ငံခြားသားများသာမက မြန်မာနိုင်ငံသားအတော်များများပါ နိုင်ငံတကာအစားအသောက်တွေရဲ့ အရသာကိုနှစ်ခြိုက်လာကြတာတွေ့ရပါတယ်။ ဥရောပအစားအစာ၊ အိန္ဒိယအစားအစာ၊ ဂျပန်အစားအစာ၊ တရုတ်အစားအစာ၊ ထိုင်းအစားအစာစတဲ့နိုင်ငံတကာအရသာအတိုင်း ချက်ပြုတ်ထားတဲ့ အစားအသောက်ဆိုင်တွေလည်း ဖွင့်လှစ်မှုများပြားလာပါတယ်။ တရုတ်စာကတော့ မြန်မာလူမျိုးနဲ့ရင်းနှီးနေတာ အချိန်ကာလကြာမြင့်လှပြီဖြစ်ပြီး အခုနောက်ပိုင်း ထိုင်းစာကို အကြိုက်တွေ့လာကြတဲ့အတွက် ဈေးကွက်လိုအပ်ချက်ကို မှီတည်လို့ထိုင်းစားသောက်ဆိုင်တွေကိုပါတော်တော်များများတွေ့မြင်လာပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ်ကိုယ်တိုင်အကြိုက်တွေ့လို့စားချင်ရင်ပဲဖြစ်ဖြစ် နိုင်ငံတကာအစားအသောက်တွေကို မြည်းစမ်းချင်ရင်ပဲဖြစ်ဖြစ်၊ နိုင်ငံခြားသားတွေအတွက်ပဲဖြစ်ဖြစ်သွားရောက်သုံးဆောင်နိုင်အောင်လို့ ရန်ကုန်မြို့တော်အတွင်းက နိုင်ငံတကာအစားအစာဆိုင်အချို့ကို စုစည်းဖော်ပြပေးလိုက်ပါတယ်။

## ဥရောပအစားအစာ

- **Frenz Bar& Grill**
  ပုလဲကွန်ဒိုမီနီယံ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Eugenia**
  အမှတ်-၄၇၊ A၊ E-၁၀၁၊ ၁၀၂၊ မနော်ဟရီအိမ်ရာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၇၃၄၆
- **Burger Buster**
  အမှတ်-၁၁၄/၄-ဘီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၁၅၂၅
- **Karaweik Palace**
  ကန်တော်ကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၅၄၆-၇

## ပြင်သစ်အစားအစာ

- **Le Planteur Restaurant & Bar**
  အမှတ်-၁၆၊ ဇောမဟာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း/ဖက်စ်-၅၄၉၃၈၉
- **La Maison Du Lac**
  ကန်တော်ကြီးပဲလေ့စ်ဟိုတယ်-ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၁၅၁၁
- **Le Moliere**
  အမှတ်-၄၉၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၁၅၅၈၊ ၀၉-၅၀၁၅၅၉၂

## ဂျပန်ရိုးရာအစားအစာ

- **Yakitori Kura**
  အမှတ်-၁၇၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊

www.foreverspace.com.mm



ရန်ကုန်။ ဖုန်း−၅၄၃၆၆၇

- **Japan Japan**

  အမှတ်၂၃၉၊ ပန်းဆိုးတန်းလမ်း(အထက်)၊ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ ဖုန်း−၀၉−၅၁၃၀၀၁၆

- **တင်းလီ**

  အမှတ်−၆၂(A-2)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း−၃၇၄၈၆၇

- **FURUSATO**

  အမှတ်−၁၃၇၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၅၆၂၆၅

- **Benkay (Hotel Nikko Royal Lake )**

  အမှတ်−၄၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၄၄၅၀၀

- **နေခြည် ဂျပန်ထမင်းဆိုင်**

  တိုက်−၂၊ မြေညီထပ်၊ အောင်မြေသာစည်အိမ်ရာ၊ ဆင်ရေတွင်းမှတ်တိုင်အနီး၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

- **Tokyo Bar**

  **The Grand Mee Ya Hta Executive Residences**

  (ဒုတိယထပ်)၊ အမှတ်−၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၅၆၃၅၅၊ ၂၅၆၃၅၆

- **Ichiban-Kan**

  အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၄၅၀၂၇

- **YANKINKU BARBECUE Restaurant**

  − အမှတ်−၃၅၇၊ ရွှေဘုံသာလမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၃၇၄၇၃၈

  − အမှတ်−၁၇(ဘီ)၊ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၄၈၈၆၆

## အီတလီ အစားအစာ

- **Gallery (Traders Hotel)**

  အမှတ်−၂၂၃၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၄၂၈၂၈

- **Da Mapi**

  အမှတ်−၆၉(E)၊ ပြည်လမ်း၊ လှိုင်မြို့နယ်(Silom Village ဝင်းအတွင်း)၊ ရန်ကုန်။ ဖုန်း−၅၃၈၇၁၆ (လိုင်းခွဲ−၁၁၆)

- **L'Opera**

  အမှတ်−၂၀၊သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၆၆၆၆၂

- **Orzo**

  ဆီဒိုးနားဟိုတယ်၊ အမှတ်−၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန် ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၆၆၆၉၀၀(လိုင်းခွဲ−၇၇၀၆/၀၁)

## အိန္ဒိယအစားအစာ

- **Khazana**

  အမှတ်−၂၇၇၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အာရှပလာဇာ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၅၄၄၂၄(လိုင်းခွဲ−၂၁၁)၊ ၂၅၄၄၂၅(လိုင်းခွဲ−၂၁၀)

- **နယူးဒေလီ**

  အမှတ်−၂၆၂၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၅၁၈၆၇၊ ၀၉−၅၀၁၇၃၂၂

- **ရှန်တီ**

  အမှတ်−၅၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၆၆၁၂၁၆

- **ပုလဲသီတာ**

  အမှတ်−၂၇၇၊၂၈ လမ်းနှင့်အနော်ရထာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၃၇၇၀၃၈

- **Bharat**

  အမှတ်−၃၅၆၊မဟာဗန္ဓုလလမ်းနှင့်ဆိပ်ကမ်းသာလမ်းထောင့် ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း−၃၈၂၂၅၃

- **ဒို့မိတ်ဆွေ**

  အမှတ်−၂၃၂၊ ဗားကရားလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း−၇၀၉၅၅၉

- **ဒို့မိတ်ဆွေ (၂)**

  ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

- **Ashoka**

  အမှတ်−၂၈(ဘီ)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း−၅၅၅၅၃၉၊ ၇၀၉၄၀၂၊ ဖက်စ်−၅၂၇၃၇၉

  E-mail: grtt@goldenroch.com.mm

- **Maharaja**

  ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း၊ ဗိုလ်မင်းခေါင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း−၂၅၃၄၉၉၊ ၂၉၇၂၀၇

www.foreverspace.com.mm



## တရုတ်အစားအစာ

❑ **Royal Garden**
နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၆၉၂၃

❑ **ဖူကျင်း**
တိုက်–၁၊ အခန်း–၁/၂၊ လှိုင်သီရိအိမ်ရာ။ ရန်ကုန်– အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၈၃၂

❑ **Oriental House**
အမှတ်–၁၂၆(A)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၈၄၀၆၈၊ ၂၄၇၇၀၈

❑ **SS Food Channel**
အမှတ်–၆၀၊ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၂၂၄

❑ **Dolphin**
မြေပဒေသာဥယျာဉ်၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၈၉၃၊ ၅၄၆၉၂၄

❑ **Phoenix Court**
အမှတ်–၃၃၊ Grand plaza park Royal ၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၀၃၈၈၊ လိုင်းခွဲ–၈၁၁၇

❑ **Western Park**
သခင်မြပန်းခြံ၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၅၁၄၃

❑ **Summer Palace Chinese (Level -2)**
Traders Hotel ၊ အမှတ်–၂၂၃၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၈၂၈

❑ **Panda**
အမှတ်–၂၀၅၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၁၅၂၊ ၂၂၃၄၈၆

❑ **Golden Duck**
နန်းသီတာအဆောက်အအုံ၊ ပန်းဆိုးတန်းဆိပ်ကမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

❑ **Airport Oasis**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝင်းအတွင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၅၈၆၅

❑ **ရှမ်းကန်**
ကန်တော်မင်္ဂလာဥယျာဉ်၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၀၂၁၆၊ ၂၄၄၃၃၆

❑ **ရွှေငါး**
အမှတ်–၇၂၁၊ မဟာဗန္ဓုလလမ်း၊ ၁၇ လမ်းထိပ်၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၅၂၈

❑ **Nan Yang**
အမှတ်–၁၆၀(M.G.Mဟိုတယ်မြေညီထပ်)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၁၃၂

❑ **Fu Sun**
အမှတ်–၁၆၀၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၀၀၅

❑ **ဖူမန်လုံ ကျိုကျားစားသောက်ဆိုင်**
နဝဒေးရုပ်ရှင်ရုံဝင်း၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၃၇၄၃

❑ **ကွမ်းတုံး တိုတိုဂျူးစားသောက်ဆိုင်**
အမှတ်–၆၆၆၊ ကျုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊ Swan Building ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၄၄၇

❑ **ကြွေလုံဟင်း အဏ္ဏဝါစားသောက်ဆိုင်**
အမှတ်–၅၇၀၊ လမ်းသစ်လမ်းနှင့်ကမ်းနားလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၆၈၃

❑ **Adorns Kitchen**
အမှတ်–၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ The Grand Mee Ya Hta Executive Residence အတွင်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၅၆၃၅၅၊ လိုင်းခွဲ–၅

## ကိုရီးယားအစားအစာ

❑ **Korean Restaurant**
အမှတ်–၂၄(ဘီ)၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၂၇၅၇

❑ **HAN IL KWAN**
အမှတ်–၃၃၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၈၉၅

## စင်ကာပူအစားအစာ

❑ **Level 10**
အမှတ်–၁၀၊ FJV Commerical Centre ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၉၉၂၊ ၂၀၂၁၀၁

❑ **Singapore's Kitchen**
အမှတ်–၅၂၄၊ ကမ်းနားလမ်း၊ ၁၂ လမ်းနှင့် ဘုန်းကြီးလမ်း

www.foreverspace.com.mm



ကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၆၂၉၇

## ထိုင်းအစားအစာ

- **Sabai Sabai**
  အမှတ်-၂၃၂၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၄၄၇၂၄
- **Bua Thai**
  အမှတ်-၄၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၆၆၃၁၃၊ ၀၉-၈၀၂၄၈၂၈
  E-mail-agzawa@myanmar.com.mm
- **Swe Thai**
  အမှတ်-၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၄၀၆၇
- **Yinn Dee**
  အမှတ်-၁၂၆၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၂၆၅၂၆
- **Mai Thai**
  အမှတ်-၃၄၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆင်ရေတွင်းလမ်း
  ထောင့်၊ နှင်းဆီးကုန်းဘိုးဘွားရိပ်သာရှေ့၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၄၁၁၀၈
- **APK**
  အမှတ်-၃၆၉ ရွှေဘုံသာလမ်း(အထက်)၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၀၄၃၇
- **Kruwa Nantip**
  Pump House ဝင်း၊ ဟိုတယ်နီကိုးအနီး၊ ဖိုးစိန်လမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၂၂၈၇၆
- **Phai Lim**
  အမှတ် ၃၄၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၅၆၉၉၂၊ ၅၅၆၉၈၇
- **COCA SUKI (Authentic Thai Style)**
  **Summit Parkview ဟိုတယ်**
  အမှတ်-၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၁၁၈၈၈-၉၀၄(လိုင်းခွဲ-၁၆၅)
- **Golden Sea**
  အမှတ်-၃၉၄၊ အောက်ပုဇွန်တောင်လမ်း၊ သီတာဆိပ်အနီး၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၀၂၇၂၆-၀၉-၅၁၂၀၂၁၁
- **Chan Myay Aung**
  အမှတ်-၁၅/၁၆၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၅၆၀၆၅
- **Padonmar**
  အမှတ်-၇၈(C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၃၆၄၈၅၊ ၀၉-၈၀၃၂၉၀၉
  ဖက်စ်-၂၅၆၃၆၀
- **KSS Restaurant (Thai & Chinese Cuisine )**
  အမှတ်-၁၀၁၊ တိုက်(E)၊ ယုဇနမင်္ဂလာဥယျာဉ်မြို့တော်၊
  မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၂၀၃၃၂၀၊ ၂၀၃၂၈၈

## အင်ဒိုနီးရှားအစားအစာ

- **Manis Restaurant & Bar**
  အမှတ်-၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၅၂၇၅၀၆၊ ၇၁၀၀၈၉
  ဖက်စ်-၅၁၂၅၆၉

## သက်သတ်လွတ်အစားအစာ

- **မေတ္တာရနံ့**
  အမှတ်-၂၀၂၊ မြေညီထပ်၊ ရွှေဂုံတိုင်တာဝါ၊
  အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၅၅၈၂၂၈
- **စိုပြေစွာ**
  အမှတ်-၁၃၆၊ လသာလမ်း၊ လသာမြို့နယ်၊
  ရန်ကုန်။
  ဖုန်း-၂၈၇၆၁၉

## မလေးရှားဒံပေါက်နှင့် ကြက်ဆီထမင်း

- အမှတ်-၆၉၊ လှည်းတန်းလမ်း၊ လှည်းတန်းဈေးအနီး၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၉၉၂၆၃၅၈

■

www.foreverspace.com.mm



# ၂၀၀၆ ခုနှစ် မတ်လနှင့် ဧပြီလများအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဗီသိုဗင်ရဲ့ တောလား<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၁၁၀၅၁၂ | အောင်ဝေး | ၅၀၀ | ၁၆၀၀ | ရွှေအုတ်မြစ် | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဝတ္ထုတိုစု |
| ၂။ | မွေးနေ့<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၂၂၂၀၆၀၂ | ကလောင်စုံ | ၁၀၀၀ | ၁၀၀၀ | ရှုဝံ | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဝတ္ထုတိုစု |
| ၃။ | ဘဝသစ်ရဲ့အစများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၄၅၀၆၀၂ | ခင်စောတင့် | ၁၀၀၀ | ၇၀၀ | The Couple | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဆောင်းပါးစု |
| ၄။ | မျဉ်းဖြောင့်၏ ဇရိယာ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၅၅၀၆၀၃ | တာရာမင်းဝေ | ၅၀၀ | ၁၅၀၀ | ငါတို့ | ၂၀၀၆၊ မတ် (ပ–ကြိမ်) | ဝတ္ထု |
| ၅။ | ဟယ်ရီပေါ်တာနှင့် မီးစ္ဆာခန်းဆောင်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၆၇၈၀၅၁၂ | မင်းခိုက်စိုးစန် | ၅၀၀ | ၂၅၀၀ | ရွှေအိမ်မှူး | ၂၀၀၆၊ ဧပြီ (၃–ကြိမ်) | ဘာသာပြန် |
| ၆။ | ဟယ်ရီပေါ်တာနှင့် ဖီးနစ်အဖွဲ့<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၁၅၆၀၆၀၂ | ကြည်ကြည်မာ | ၁၀၀၀ | ၂၅၀၀ | ကြည်ကြည်မာ | ၂၀၀၆၊ မတ် (ပ– ကြိမ်) | ဘာသာပြန် |
| ၇။ | ကိုယ်မှာပင်နာသော်လည်း စိတ်မှာ မနာအောင်<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၈၄၁၀၅၁၁ | ခင်စောတင့် | ၁၀၀၀ | ၉၀၀ | မျိုးဆက်သစ် | ၂၀၀၆၊ ဧပြီ (၃–ကြိမ်) | ဘာသာရေးဝတ္ထု |
| ၈။ | ခုနစ်ထွေမန္တလေး<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၄၁၉၀၅၁၀ | ကလောင်စုံ | ၁၀၀၀ | ၁၀၀၀ | စန္ဒကူးအိမ် | ၂၀၀၆၊ မတ် (ပ–ကြိမ်) | ဝတ္ထုတိုစု |
| ၉။ | လူကို အန္တရာယ်ပေးနိုင်သော ကြက်တုပ်ကွေးရောဂါ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၉၄၀၆၀၂ | Dr.ခင်မောင်လွင် | ၁၀၀၀ | ၁၀၀၀ | ရဲအောင် | ၂၀၀၆၊ မတ် (ပ–ကြိမ်) | ကျန်းမာရေး |
| ၁၀။ | မားကက်တင်းအနှစ်သာရ(၁၀)<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၃၃၀၅၁၂ | မောင်မောင်မြင့်သိန်း | ၅၀၀ | ၁၂၀၀ | စိုးစံ | ၂၀၀၆၊ မတ် (ပ–ကြိမ်) | ပညာရပ်ဆိုင်ရာ |
| ၁၁။ | မြန်မာစာအုပ်ဝေဖန်ချက်များ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၉၅၀၆၀၂ | မင်းသုဝဏ် | – | ၂၀၀၀ | တောင်သမန်ရွှေအင်း | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဝေဖန်ရေး စာပေ |
| ၁၂။ | ပါဝဲလ်မှ ၂၄ ချက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၄၂၀၆၀၂ | ကြည်မင်း | ၅၀၀ | ၁၅၀၀ | တူဒေး | ၂၀၀၆၊ မတ် (ပ–ကြိမ်) | ဘာသာပြန် |
| ၁၃။ | လမ်းလျှောက်တဲ့ ဦးနှောက်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၀၁၃၀၆၀၁ | ထက်ကျော် | ၅၀၀ | ၈၀၀ | ချိုးဖြူ | ၂၀၀၆၊ မတ် (ပ–ကြိမ်) | အတွေးအမြင် |
| ၁၄။ | မြန်မာသီရိလင်္ကာသာသနာ ဆက်သွယ်ရေး<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၇၀၃၀၅၀၉ | ပါရဂူ | ၁၀၀၀ | ၅၀၀ | ပုဂံ | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဘာသာရေး |
| ၁၅။ | ဗေထိသံဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၅၈၄၀၅၁၁ | ကြည်နိုင် | ၅၀၀ | ၁၇၀၀ | အမြွှာညီနောင် | ၂၀၀၆၊ ဧပြီ (ပ–ကြိမ်) | ဝတ္ထုတိုစု |
| ၁၆။ | လွယ်ကူသောအင်္ဂလိပ်စကားပြော<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၂၈၀၅၀၉ | ကေတီဦးတင့်လွင် | ၁၀၀၀ | ၇၀၀ | သုရိယ | ၂၀၀၆၊ ဧပြီ (ပ –ကြိမ်) | အင်္ဂလိပ်စကားပြော |

www.foreverspace.com.mm



# စာအုပ်လမ်းညွှန်
Editor's Choice

## ကျန်းမာရေးအတွက် သိသင့်တဲ့ အချက်များ

**ဦးလှမြင့် (ဂန္ဓမာ)**

စာရေးသူမှာ ဆရာဝန်တစ်ဦးမဟုတ်သော်လည်း ဆေးပညာနှင့် များစွာ ကျွမ်းဝင်သူတစ်ဦးဖြစ်ပြီး Reader's Digest, Newsweek, Business Week, Health Digest နှင့် Times တို့တွင် ပါဝင်သော ကျန်းမာရေးဗဟုသုတ ဆောင်းပါးများကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည့် ဆောင်းပါးများ ဖြစ်သည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးသိမ်း၊ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးခင်မောင်ဝင်းတို့က အမှာစာ ရေးထားသည်။

ကျန်းမာရေးဗဟုသုတ ဆောင်းပါး ၃၃ ပုဒ်ပါဝင်ပြီး အကြောင်းအရာမျိုးစုံ ဖြစ်သည်။ နှလုံးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါတို့ ဖြစ်ပွားနေချိန်ဖြစ်၍ 'အသားစားမလား၊ ငါးစားမလား' ဆောင်းပါးမှာ စိတ်ဝင်စားဖွယ်ဖြစ်နိုင်သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်ကာလတစ်လျှောက် ငါးစားခြင်းကို ထောက်ခံအားပေးသည့် အသံမှာ တစ်နေ့တခြား ပိုမိုကျယ်လောင်လာနေသော်လည်း အစားအစာကမ္ဘာတွင် ဘေးကင်းမှုနှင့် ပတ်သက်၍ မှုန်ဝါးဝါး ရှိနေဆဲဖြစ်ကြောင်း၊ ငါးများမှာလည်း သူတို့ဘာသာသူတို့ ပြဿနာရှိနေကြောင်း၊ ငါးများ၏ တစ်ရှူးများတွင် သူတို့ပတ်ဝန်းကျင်ရှိ မသန့်သည့်ရေမှ အညစ်အကြေးများကို စုပ်ယူထားနိုင်ကြောင်း ထောက်ပြဆွေးနွေးထားသည်။ လူ့ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သည့် ငါးအမျိုးစာရင်းမှာလည်း တိုးလာနေသည်ဟု ဆိုသည်။




ဂျင်စင်း (Ginseng)နှင့် ပတ်သက်၍ ချဲ့ကားပြောဆိုမှုများရှိကြောင်း 'အသက်ရှည်ကျန်းမာစေသည့် ဖြည့်စွက်စာများ' ဆောင်းပါးတွင် ဖော်ပြထားသည်။ အသက်ပိုငယ်သူများနှင့် အနားယူမှုကောင်းကောင်းရသူများအတွက် ဂျင်စင်းမှ အကျိုးကျေးဇူး ထူးထူးခြားခြားရရှိရန် မမျှော်လင့်သင့်ကြောင်း၊ စူပါမင်းစွမ်းရည်နှင့် လိင်ဆက်ဆံမှုစွမ်းရည်မျိုးပေးမည်မဟုတ်ကြောင်း သုံးသပ်ထားသည်။ ယောဂကုထုံးနှင့် ကျန်းမာရေးအဆက်အစပ်လေ့လာချက်ဆောင်းပါးလည်း ပါဝင်သည်။ ယနေ့တွင်ကျယ်လာသော တတိယမြောက်ဆေးပညာ (Alternative Medicine) အကြောင်းဆောင်းပါးတွင် အိပ်မွေ့ချခြင်း (Hypnosis)၊ အပ်စိုက်ပညာ (Acupuncture)၊ သံလိုက်ကုထုံး(Magent Therapy)၊ နှိပ်နယ်ခြင်း (Massage) တို့အကြောင်း ဖော်ပြထားသည်။

ကင်ဆာရောဂါရခြင်းသည် သေမိန့်ကျခြင်းမဟုတ်ကြောင်း 'ကင်ဆာဝေဒနာရှင်များ လိုက်နာဆောင်ရွက်ရန်'၊ 'ကင်ဆာ တိုက်ဖျက်ရာမှာ အကောင်းဆုံးလက်နက်များ' ဆောင်းပါးတို့တွင် ဆွေးနွေးလမ်းညွှန်ထားသည်။ အမျိုးသမီးများ စိတ်ဝင်စားမည့်ဆောင်းပါးမှာ 'ဝဝစားပြီး ကိုယ်အလေးချိန်ချနည်း'၊ 'အစားအသောက်မပျက် ကိုယ်အလေးချိန်ချနည်း' နှင့် '၃၅ နှစ်ကျော် အမျိုးသမီးများ ကျန်းမာသွယ်လျခန္ဓာလှစေဖို့ လျှို့ဝှက်ချက်များ' တို့ဖြစ်သည်။ "ကုမ္ပဏီတွေက သူတို့ရဲ့ ဆေးသစ်တွေကို ဆရာဝန်များနှင့် လူထုသုံးလာအောင် အတင်းတွန်းထိုးလုပ်ဆောင်ကြတာ သူတို့အတွက် ဆေးသစ်တွေက ပိုပြီး အကျိုးအမြတ်ရရှိစေတာကိုး။ ဒါပေမဲ့ ဒီဆေးတွေကပိုပြီးတော့ အန္တရာယ်လည်းကြီးတယ်" ဟု 'ဆေးသစ်များ၏ အန္တရာယ်' ဆောင်းပါးတွင် ထောက်ပြထားသည်။

www.foreverspace.com.mm



'အလေးမူသင့်သည့် ရောဂါရှေ့ပြေးလက္ခဏာများ'၊ 'ဘာသာတရားသက်ဝင်ယုံကြည်မှုနှင့် ကျန်းမာရေး'၊ 'ပညာရှင်တို့၏ စိတ်ဖိစီးမှုကို တိုက်ဖျက်သည့် နည်းလမ်းကောင်းများ'၊ 'ဆေးလိပ်သောက်ခြင်းနှင့် လုပ်ဆောင်ရည်ထိခိုက်မှု' နှင့် 'ခန္ဓာစွမ်းအားအပြည့်ရှိနေစေဖို့' ဆောင်းပါးများမှာ မလွတ်တမ်းဖတ်ရှုလေ့လာသင့်သည့်ဆောင်းပါးများ ဖြစ်သည်။ ဆေးပညာဆိုင်ရာ ဆောင်းပါးများဖြစ်သော်လည်း စာရေးသူ၏ ဘာသာပြန်ကျွမ်းကျင်မှုကြောင့် စိတ်ဝင်စားဖွယ်ကောင်းသည်။ သို့သော် ဆောင်းပါးအရေးအသားတွင် စာဟန်များကြား၌ စကားပြောဟန်များ ညပ်ပါနေရာ တည်းဖြတ်သူများ၏တာဝန်ဖြစ်ဖွယ်ရှိသည်။ စာဟန်ဆိုလျှင် စာဟန်သက်သက်၊ စကားပြောဟန်ဆိုလျှင် စကားပြောဟန်သက်သက်အဖြစ် ရေးသားပါက ထောင့်မနေဘဲ ညက်ညောသွားဖွယ် ရှိသည်။ မျက်နှာဖုံးတွင် ဇီဝကမဂ္ဂဇင်း အယ်ဒီတာအဖွဲ့မှ တည်းဖြတ်ထုတ်ဝေသည်ဟု ဖော်ပြထားသည်။

ထုတ်ဝေတိုက်– စိတ်ကူးချိုချို အနုပညာ
ထုတ်ဝေနှစ် – ၂၀၀၆၊ ဖေဖော်ဝါရီ
အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၁၅၀၀ ကျပ်
အုပ်ရေ – ၅၀၀
စာမူခွင့်ပြုချက်အမှတ် – ၄၀၀၆၀၁၀၅၀၆

---

## အချိန်အခါအလိုက် ပြောင်းလဲနေသော ဂျီအိုပေါလစ်တစ်

**မကြင်ဒွေး**

ဂျီအိုပေါလစ်တစ်အကြောင်းကို ဘာသာရပ် စတင်ပေါ်ပေါက်လာချိန်မှစ၍ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲချိန်အထိ ရေးသားထားသည်။ မကြင်ဒွေး၏အမှာစာတွင် ဂျီအိုပေါလစ်တစ်အကြောင်း စတင်ရေးဖြစ်ပုံ၊ နောက်ဆုံးအခန်းကိုရေးချိန်၌ အရိုးပွရောဂါဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲသဖြင့် နှုတ်တိုက်ချပေးပြီး တူမဖြစ်သူအား လိုက်ရေးစေရပုံတို့ကို ဖော်ပြထားသည်။

အခန်း(၁)တွင် Political Geography နှင့် Geopolitics မတူပုံ၊ မြန်မာဘာသာအားဖြင့် 'နိုင်ငံရေးပထဝီဝင်'နှင့် 'ပထဝီဝင်နိုင်ငံရေး'ဟု ပြန်ဆိုရာတွင် အဓိပ္ပာယ်မကွဲပြားသကဲ့သို့ရှိသဖြင့် Political Geography ကို 'နိုင်ငံရေးပထဝီဝင်'၊ Geopolitic ကို 'ဂျီအိုပေါလစ်တစ်' ဟုသာ ဖလှယ်သုံးစွဲလိုကြောင်း စာရေးသူက အစခင်းထားသည်။ နိုင်ငံရေးပထဝီသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက ရှိသော်လည်း ထိုအမည်ဖြင့် တွင်သေးခြင်းမရှိကြောင်း၊ အရစ္စတိုတယ်လ် (၃၈၄–၃၂၂ B.C) က နိုင်ငံရေးပထဝီဝင်ကို စ၍ပြောခဲ့ကြောင်း ဆိုသည်။ နိုင်ငံတစ်ခုကို အပင်၊ တိရစ္ဆာန်တို့ကဲ့သို့ သက်ရှိအဖြစ်သဘောထားပြီး တွေးခေါ်ချဉ်းကပ်သော ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်တက္ကသိုလ်မှ ပထဝီဝင်ပါမောက္ခရတ်ဇယ်၏ Lebensraum အယူအဆမှာ များစွာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ဟစ်တလာလက်ထက်တွင် နာဇီဂျာမန်တို့က Lebensraum သဘောတရားအတွင်း လူမျိုးကြီးဝါဒများ ဆွဲသွင်းလာရာမှ ဂျီအိုပေါလစ်တစ်နှင့် နိုင်ငံရေးပထဝီဝင် သိသိသာသာ ကွဲထွက်သွားကြောင်း ဖော်ပြထားသည်။ ယခု အမေရိကန်ပိုင် အလက်စကာဒေသကို ၁၈၆၇ ခုနှစ်တွင် အမေရိကန်က ဆိုဗီယက်ထံမှ ဒေါ်လာ ၇ ဒသမ ၂ သန်းဖြင့် မဝယ်မိခဲ့ပါက ယနေ့ခေတ်တွင် မည်သို့ဖြစ်သွားနိုင်သနည်းဟူသော အဆိုတင်ပြချက်များကြောင့် ဂျီအိုပေါလစ်တစ်မှာ ပိုကြွလာသည်။ နိုင်ငံ၏အင်အားသည် ကုန်းမြေပေါ်တွင် တည်သလော၊ ကမ်းရိုးတန်းများများ ပိုင်ဆိုင်မှုအပေါ်တွင် တည်သလောဟူ၍ ခေတ်အလိုက် ဆွေးနွေးငြင်းခုံခဲ့ကြသည်။ အင်မာနျူယယ်လ်ကန့် (၁၇၂၄–၁၈၀၄)၊ ရေတပ်ဗိုလ်ချုပ်မဟန်း (၁၈၄၀–၁၉၁၄)၊ မက်ကင်ဒါ၊ ကားလ်ဟောက်ဆိုဖာ (၁၈၆၉–၁၉၄၆)၊ စပိုက်မင်း (၁၈၉၃–၁၉၄၃) တို့၏ အယူအဆများကို စာအုပ်ရှေ့ပိုင်းတွင် တင်ပြထားသည်။ ဗြိတိသျှပညာရှင် မက်ကင်ဒါ၏ 'ဗဟိုချက်နယ်မြေ' (Heart Land) အယူအဆမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။


စပိုက်မင်း၏ "နိုင်ငံများ၏ နိုင်ငံခြားရေးဝါဒတွင် ပထဝီဝင်သည် အခြေခံအကျဆုံးအချက် ဖြစ်သည်။ အကြောင်းမှာ ပထဝီအချက်အလက်များသည် အတည်မြဲဆုံးဖြစ်သောကြောင့်ပင်တည်း။ ဝန်ကြီးများလာသူလာ၊ သွားသူသွား၊ ခေါင်းဆောင်များပင် (တစ်ချိန်တွင်) သေကြရသည်။ တောင်တန်းများကိုမူ မည်သူမျှ မဖျက်ဆီးနိုင်"ဟူသော အယူအဆမှာ ယနေ့ခေတ် နိုင်ငံရေးအထိ မှန်မမှန် ချင့်ချိန်နိုင်ပေသည်။

အခန်း(၅)တွင် ဂျီအိုပေါလစ်တစ်၊ ရီးယဲလ်ပေါလစ်တစ်နှင့် ဖေါရိန်းပေါ်လစီတို့၏ ခြားနားချက် အလွန်နည်းကြောင်း ဆွေးနွေးထားသည်။ သမ္မတသီအိုဒိုရုစဗဲ့ လက်ထက်ကပင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့အရေးအခင်းများတွင် ပါဝင်ရန်ဆုံးဖြတ်ပြီးဖြစ်ကြောင်းဆိုထားရာ ကမ္ဘာ့ပုလိပ်ကြီးဖြစ်နေသော အမေရိကန်၏ ယနေ့အနေအထားမှာ များစွာမထူးဆန်းဟု ဆိုရပေမည်။ အခန်း(၆)တွင် ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာပေါ်၌ ပြောင်းလဲမှုကြီး ခုနစ်ရပ်ကို ဖော်ပြထားပြီး နာဇီဂျာမနီ၏ အလွဲသုံးမှုကြောင့် ဂျီအိုပေါလစ်တစ်ဟူသော အသုံးကို ပညာရှင်များ လက်ရှောင်ခဲ့ကြပုံကို ဖော်ပြထားသည်။

အမေရိကန်ခေါင်းဆောင်သော အနောက်အုပ်စု (ပထမကမ္ဘာ)နှင့် ဆိုဗီယက်ခေါင်းဆောင်သော အရှေ့အုပ်စု (ဒုတိယကမ္ဘာ)တို့အားပြိုင်ရာ စစ်အေးတိုက်ပွဲပေါ်

www.foreverspace.com.mm






လာပြီး နိုင်ငံငယ်များကို ဩဇာလွှမ်းမိုးနိုင်အောင် ကြိုးပမ်းကြပုံကို ဒေသအလိုက် ရေးပြထားသည်။ ဥရောပသမဂ္ဂ၏ ရှေ့ပြေးဖြစ်သော ဥရောပပြည်ထောင်စု (The United States of Europe)၊ တရုတ်ကို အာရှပြည်ထောင်စု (United States of Asia)ဖြစ်စေလိုသော အမေရိကန်သမ္မတရုစဗဲ့၏ဆန္ဒတို့ကို တွေ့ရသည်။

နေတိုး (NATO)နှင့်အပြိုင် ဆီးတိုး (SEATO)၊ စင်တိုး (CENTO)၊ မီဒိုး (MEDO)တို့အကြောင်းလည်း ဖော်ပြထားသည်။ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ အကွဲအပြဲ၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား အကွဲအပြဲ၊ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်အကွဲအပြဲတို့ကိုလည်း ဂျီအိုပေါလစ်တစ်ရှုထောင့်မှ သုံးသပ်ထားသည်။

အခန်း(၉)တွင် ‘ဆိုဗီယက်ကို ကြောက်ရန်မလို။ ဝိုင်းဝန်းပိတ်ဆို့ရန်လည်း မလို။ ဆိုဗီယက်လူမှုအဖွဲ့အစည်း၌ အတွင်းလှိုက်စား၍ ပျက်စီးစေသည့် မျိုးစေ့ပါရှိပြီးဖြစ်ကြောင်း’ ကွန်မြူနစ်အုပ်စုနှင့် ပတ်သက်၍ ဂျော့ကင်နန်၏ ဟောကိန်းမှန်ကန်ကြောင်း ဖော်ပြထားသည်။ ဆိုဗီယက်နှင့် တရုတ်တို့ လက်ချင်းချိတ်ပြီး အမေရိကန်ကို ဆန့်ကျင်ခဲ့ရာမှ ဒေသတွင်းဩဇာလွှမ်းမိုးရေး၊ နိုင်ငံအကျိုးစီးပွားတို့နှင့်ပတ်သက်၍ ကွန်မြူနစ်နိုင်ငံကြီးနှစ်ခုဖြစ်သော ဆိုဗီယက်နှင့် တရုတ်တို့ ရန်သူဖြစ်သွားကြပုံ၊ အမေရိကန်၏ ခြေထိုးခံမှုနှင့် ဆိုဗီယက်ပြိုလဲပုံတို့မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ဆိုဗီယက်ဝန်ကြီးချုပ် မာလင်ကော့ဗ်က ‘တတိယကမ္ဘာစစ်ကြီးသာဖြစ်ခဲ့လျှင် ကမ္ဘာ့ယဉ်ကျေးမှုအားလုံး ပျက်စီးသွားနိုင်သည်’ဟု ဟောကိန်းထုတ်ခဲ့သည်။

ဤစာအုပ်သည် ဂျီအိုပေါလစ်တစ်နှင့်ပတ်သက်၍ မိတ်ဆက်ဟုဆိုနိုင်သကဲ့သို့ ပညာရပ်အကျဉ်းချုပ်ဟုလည်း ဆိုနိုင်သည်။ မကြင်ငွေး၏ ဘာသာရပ်ပိုင်နိုင်မှုနှင့် ဘာသာပြန်ညက်ညောမှုကြောင့် စာမျက်နှာ ၁၀၃ မျက်နှာသာရှိသော်လည်း နိုင်ငံရေးသိပ္ပံ စိတ်ဝင်စားသူတိုင်း ပထဝီရေးရာ၊ သမိုင်းရေးရာစိတ်ဝင်စားသူတိုင်း လေ့လာသင့်သော စာအုပ်ဖြစ်သည်။ ကျန်းမာရေးကောင်းလာလျှင် ဤစာအုပ်နောက်ဆက်တွဲအဖြစ် ဆောင်းပါးလေးငါးပုဒ်ခန့် ဆက်ရေးလိုပါသည်ဟု စာရေးသူက အာသီသကို ဖော်ပြထားသည်။

| | |
|---|---|
| ထုတ်ဝေတိုက် | – နန်းဒေဝီစာပေ |
| မျက်နှာဖုံးဒီဇိုင်း | – ချစ်ကြည် |
| အကြိမ် | – ပထမအကြိမ် |
| ထုတ်ဝေနှစ် | – ၂၀၀၆၊ မတ်လ |
| အုပ်ရေ | – ၅၀၀ |
| တန်ဖိုး | – ၇၀၀ |
| စာမူခွင့်ပြုချက်အမှတ် | – ၃၁၀၁၁၁၀၅၁၂ |

■

www.foreverspace.com.mm



ယခုလ ပညာရှင်စာတမ်းကဏ္ဍအတွက် ၂၀၀၆ ခုနှစ် မတ်လ ၁၈ ရက်နေ့က ရန်ကုန်မြို့ အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တွင် ပါမောက္ခဒေါက်တာဦးမြင့်၏ "အာရှစီးပွားရေးအကျပ်အတည်းမှ သင်ခန်းစာများ" ခေါင်းစဉ်ဖြင့် ဟောပြောချက်များကိုဖော်ပြရန် ရွေးချယ်ထားပါသည်။ ဟောပြောချက် အပြည့်အစုံကို နောက်လများတွင် ဆက်တိုက်ဖော်ပြသွားမည်ဖြစ်ပါသည်။

**အယ်ဒီတာ**

# အာရှစီးပွားရေးအကျပ်အတည်းမှသင်ခန်းစာများ

**ပါမောက္ခဒေါက်တာဦးမြင့်**

## ၁။ နိဒါန်း/မိတ်ဆက်



### (က) အာရှကျားများ

၁။ အရှေ့နှင့် အရှေ့တောင်အာရှတွင်ရှိသော ဟောင်ကောင်၊ တောင်ကိုရီးယား၊ တရုတ် တိုင်ပေ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ ခုနစ်နိုင်ငံတို့ကို ကမ္ဘာက အာရှကျားနိုင်ငံများဟု တင်စားခေါ်တွင်ထားသည်။

၂။ အဆိုပါကျားနိုင်ငံများတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ၁၉၉၆ ခုနှစ်အထိ စီးပွားရေး တစ်ရှိန်ထိုးမြင့်တက် အောင်မြင်မှုများရှိခဲ့ပြီး ကမ္ဘာမှ အဆိုပါနိုင်ငံများ၏ စီးပွားရေးအောင်မြင်မှုများကို အထူးစိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသည်။ အဆိုပါ နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူနေမှုအဆင့်အတန်းပါ တိုးတက်လာခဲ့ပြီး လူဦးရေအများစု၏ ဆင်းရဲနွမ်းပါးမှုကိုလည်း လျော့ကျစေခဲ့သည်။ အထူးသဖြင့် အာရှကျားများ၏ နိုင်ငံခန့်မှန်းခြေသုံးငွေစာရင်း ပိုငွေများရရှိခြင်း (Budget Surpluses)၊ တစ်ဦးချင်း ငွေစုဆောင်းမှုမြင့်မားခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်းနိမ့်ခြင်း (Low Inflation)၊ နိုင်ငံ၏ နိုင်ငံခြား အရန် ရန်ပုံငွေလုံလောက်စွာရှိခြင်း၊ ငွေကြေးလဲလှယ်မှုနှုန်းထားမှာ ဈေးကွက်အတွင်း အမှန်တကယ်ဖြစ်ပေါ်သောတန်ဖိုးနှင့် ကိုက်ညီခြင်း အစရှိသောတိုင်းပြည်၏ ငွေကြေးနှင့် ဘဏ္ဍာရေးအခြေအနေ စနစ်တကျတိုးတက်ကောင်းမွန်ခဲ့သည့်အတွက် ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) တို့မှ အထူးတလည်အားပေးချီးမြှောက်ခဲ့ကြသည်။ အာရှကျားခုနစ်နိုင်ငံကို အခြားဖွံ့ဖြိုးဆဲ တတိယနိုင်ငံများအတွက် 'စံ'အဖြစ် သတ်မှတ်ခဲ့ကြသည်။

၃။ သို့သော် ၁၉၉၇ မှ ၁၉၉၈ ခု အစောပိုင်းက အာရှ

www.foreverspace.com.mm



ကျားနိုင်ငံများတွင် ၎င်းတို့၏ စီးပွားရေးဈေးကွက်များ များစွာ ချို့ယွင်းကမောက်ကမဖြစ်ခဲ့သည်။ ထိုနိုင်ငံများ၏ စံချိန်တင်လောက်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းများ တစ်ရှိန်ထိုး ကျဆင်းသွားခဲ့ပြီး အနုတ်လက္ခဏာဆောင်ခဲ့သည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များပြိုလဲခဲ့ကြပြီး အလုပ်လက်မဲ့ဦးရေ တိုးပွားကာ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုအဆင့်အတန်း ရွှေ့လျားမှု ကပ်ဆိုးတို့နှင့် ကြုံခဲ့ကြရသည်။ အဆိုပါစီးပွားရေးအကျပ်အတည်းသည် အာရှကျားနိုင်ငံ တစ်ခုမှတစ်ခုသို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့ခဲ့သည်။ စီးပွားရေးကပ်ဆိုးကို ပပျောက်စေရန် သမားရိုးကျကုထုံးများဖြင့် ဝိုင်းဝန်းကုသကြသော်လည်း အခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ အချိန်ကြာမြင့်စွာ ပိုမိုဆိုးရွားလာခဲ့သည်။ IMF အဖွဲ့ကြီး၏ ချီးမွမ်းခံ တပည့်ကျော် နိုင်ငံများဖြစ်သည့် အာရှကျားနိုင်ငံများသည် စာမေးပွဲတွင် ကျရှုံးခဲ့ရသလို ၎င်းတို့၏မာနကိုချကာ IMF အဖွဲ့နှင့် ကမ္ဘာ့အရပ်ရပ်ရှိ အလှူရှင်များဆီသို့ အကူအညီတောင်းခံခဲ့ကြရသည့်အခြေအနေသို့ ရောက်ရှိခဲ့ကြသည်။ ထိုအခြေအနေသို့ မည်သို့ရောက်ရှိခဲ့ကြသနည်း၊ ဘာကြောင့် ကျရှုံးခဲ့ကြသနည်း။

၄။ ယခုကဲ့သို့ အာရှကျားနိုင်ငံများ မည်သည့်အကြောင်းကြောင့် စီးပွားရေးကပ်ဆိုက်ခဲ့ကြသည် ဆိုသည့်အကြောင်းရင်းကို ကမ္ဘာတစ်ဝန်းမှ ၎င်းတို့၏ အောင်မြင်မှုများထက် များစွာပို၍ စိတ်ဝင်တစား မေးခွန်းထုတ်ခဲ့ကြသည်။ အဆိုပါအာရှစီးပွားရေး အကျပ်အတည်းဖြစ်ရပ်ကို ပညာရှင်များအကြား ဆွေးနွေးမှုများတွင် ယနေ့တိုင်အောင် မေးခွန်းများထုတ်၍ ဂရုပြု (Focus) လုပ်ဆောင်နေသောအချက်များမှာ–

(၁) ဘာဖြစ်ခဲ့သနည်း၊ (၂) ဘာ့ကြောင့် ဖြစ်ခဲ့သနည်း၊ (၃) အကျိုးဆက်များက ဘာတွေလဲ၊ (၄) အလားတူဖြစ်ရပ်မျိုး ပြန်ဖြစ်နိုင်သလား၊ (၅) အကယ်၍ပြန်ဖြစ်ခဲ့လျှင် ဆိုးကျိုးဂယက်ကိုနည်းအောင် မည်သို့ထိန်းသိမ်းမည်နည်း၊ (၆) အာရှတစ်ခွင်သာမက တစ်ကမ္ဘာလုံးအနေနှင့် ယခုကဲ့သို့ ကြုံတွေ့ခဲ့ရသော စီးပွားရေး ကပ်ဆိုက်မှုမှ ကင်းဝေးစေရန် မည်သို့သောသင်ခန်းစာများ ရယူနိုင်မည်နည်းတို့ပင် ဖြစ်သည်။

၅။ အထက်ဖော်ပြခဲ့သော မေးခွန်းဆွေးနွေးချက်များမှ ပေါ်ထွက်လာသည့် အရေးကြီးသောအချက်အလက်များနှင့် အယူအဆများကို ဤစာတမ်းတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ မကြာသေးမီနှစ်များအတွင်း ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးအကျပ်အတည်း၏ အဓိက အကြောင်းရင်းများကို သေချာရှင်းလင်းစွာ နားလည်ထားနိုင်မှ မြန်မာနိုင်ငံအနေနှင့်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးစီမံကိန်းများကို ချမှတ်ကျင့်သုံးသွားကြရာတွင် သင်ခန်းစာသာဓကအထောက်အကူများစွာ ရယူနိုင်မည်ဖြစ်သည်။

## (ခ) အရေးပါသောအယူအဆများ

၆။ အာရှစီးပွားရေးအကျပ်အတည်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ပညာရှင်များ ရေးသားပြုစုထားသော စာတမ်းများ၊ သုတေသန စာစောင်များကိုလေ့လာလျှင် အချို့သော ဘောဂဗေဒဘာသာရပ်ဆိုင်ရာ ဝေါဟာရအယူအဆများ ရံဖန်ရံခါ သုံးစွဲရေးသားပါဝင်လေ့ ရှိပါသည်။ သို့ပါ၍ အဆိုပါအရေးကြီး၍ သိထားသင့်သည့် ဘာသာရပ်ဆိုင်ရာအယူအဆ (Concepts) များကို ပထမဦးစွာ ရှင်းလင်းသွားပါမည်။ ကြိုတင်နားလည်ထားရန် အဓိကအခြေခံ အယူအဆငါးရပ် ရှိပါသည်။ ယင်းအယူအဆများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၇။ ပထမအယူအဆမှာ မြေကြီးလက်ခတ်မလွဲနိုင်သော ဟောကိန်း (Self-Fulfilling Prophecy)။ ဤဝေါဟာရကို ဥပမာပေး၍ ရှင်းပြပါမည်။ ဥပမာ–၁–ချော်မောလှပသော MBA ဘွဲ့ရ ပညာတတ်၊ အောင်မြင်သော စီးပွားရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးရာထူးရှိသော အမျိုးသမီးတစ်ဦးသည် သူမနှင့် သင့်တော်သော ခင်ပွန်းကောင်းသာ ရရှိရမည်ဟု ခံယူထားသည်။ သူမ၏ခံယူချက်နှင့်အညီ သေချာအောင် ဗေဒင်ဆရာထံသို့ သွားမေးသည်။ ဗေဒင်ဆရာကလည်း အမျိုးသမီးအား ဆရာဝန်နှင့် အိမ်ထောင်ကျကိန်းရှိသည်ဟု ဟောလိုက်သည်။ အမျိုးသမီးကလည်း ဗေဒင်ဟောစာတမ်းကို နှစ်ခြိုက်ကာ ဆရာဝန်တစ်ယောက်ယောက်နှင့် တွေ့ဆုံတိုင်း သူမ၏ဖူးစာရှင်လားဟု တွေးတောကာ ဖော်ရွေစွာဆက်ဆံလေ့ ရှိသည်။ ထိုကဲ့သို့ သူမ၏အယူအဆကြောင့် နောက်ဆုံးတွင် အဆိုပါအမျိုးသမီးသည် ဆရာဝန်တစ်ယောက်နှင့်ပင် အမှန်တကယ် အိမ်ထောင်ကျဖြစ်သွားသည်။ ဥပမာ–၂– ထိုင်းဘဏ္ဍာရေးဝန်ကြီးသည် ထိုင်းဘတ်ငွေ၏တန်ဖိုးသည် ကန်တစ်ဒေါ်လာလျှင် ၃၉ ဘတ်နှုန်းသည် အမှန်တကယ် မဖြစ်နိုင်၊ ထိုင်းဘတ်ငွေတန်ဖိုးသည် တစ်လအတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၆၉ ဘတ်အထိ ဘတ်ငွေတန်ဖိုး ကျဆင်းလိမ့်မည် ထင်သည်ဟု ရုပ်မြင်သံကြားပေါ်တွင် ပြောကြားခဲ့သည်။ ထိုကဲ့သို့ ထိုင်းဘဏ္ဍာရေးဝန်ကြီး၏ မိန့်ခွန်းပြောကြားပြီးနောက် ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်ဂယက်ရိုက်သွားကာ ဝန်ကြီးပြောသည့်အတိုင်း တစ်လအတွင်းမကဘဲ တစ်ပတ်အတွင်းပင် ထိုင်းဘတ်ငွေတန်ဖိုး ထိုးဆင်းသွားနိုင်ပေသည်။ ထိုဥပမာများသည် မြေကြီးလက်ခတ်မလွဲနိုင်သော ဟောကိန်း (Self-Fulfilling Prophecy) ၏ အယူအဆဖြစ်သည်။

၈။ ဒုတိယအရေးကြီးသော အယူအဆတစ်ရပ်မှာ စာရိတ္တထိခိုက်စေသော ထောက်ပံ့မှု (Moral Hazard) ဖြစ်သည်။ ဥပမာ– လူငယ်တစ်ဦးသည် စီးပွားရေးတွင် အလွန်အမင်း အောင်မြင်ချမ်းသာကြွယ်ဝသူတစ်ဦး၏သား ဖြစ်သည်။ ဖခင်ဖြစ်သူသည် သားဖြစ်သူအား စီးပွားရေးလုပ်ငန်းများကို လွှဲပြောင်းဦးဆောင်

www.foreverspace.com.mm





လုပ်ကိုင်စေလိုသည်။ သားဖြစ်သူသည် ဖခင်၏ စီးပွားရေးလုပ်ငန်းများကို ဆက်ခံလုပ်ကိုင်ရန် စိတ်မဝင်စား။ ရှေ့ခံအဆိုတော်နှင့် နိုင်ငံကျော်ရုပ်ရှင်မင်းသားသာ ဖြစ်ချင်သည်။ သားဖြစ်သူက ဖခင်အား သူသည် စိတ်မဝင်စား၍ ဖခင်၏လုပ်ငန်းတစ်ခုကို လုပ်ကိုင်ပါက ကမောက်ကမဖြစ်ကာ စီးပွားပျက်နိုင်မည်ဟု ပြောသောအခါ ဖခင်က လုပ်ငန်းတစ်ခုပျက်ရုံဖြင့် ၎င်းတို့၏ စည်းစိမ်ဥစ္စာ ထိခိုက်လိမ့်မည်မဟုတ်၊ သူ့တွင် စီးပွားရေးလုပ်ငန်းပေါင်း ၂၀၀ ကျော်ရှိကာ ပိုင်ဆိုင်သောငွေကြေးဓနအားလုံးသည် သားဖြစ်သူ စီးပွားရေးအကျပ်အတည်းဖြစ်လျှင် ကြိုက်သလောက်သုံးနိုင်ကြောင်း ပြောကြားထားသည်။ ယခုလို ဖခင်မှ အကန့်အသတ်မရှိ အထောက်အပံ့ပေးလိမ့်မည်ဟု သေချာယုံကြည်ထားလျှင် လုပ်ငန်းတွင် အခက်အခဲကြုံတွေ့လာပါက အမှန်တကယ်စွန့်စားကြိုးစားခြင်းမပြုတော့ဘဲ ပေါ့ဆစွာနေပေလိမ့်မည်။ ထိုအခါ သဲကန္တာရနိုင်ငံဖြစ်သော ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ အမြတ်အစွန်းများ ရမည်ဟုမျှော်မှန်းကာ သဲတင်ပို့ခြင်းကဲ့သို့ အာမခံချက်မရှိလျှင် အခြားသူများလုပ်မည်မဟုတ်သည့် လုပ်ရပ်များ လုပ်ကိုင်လာတတ်ကြသည်။ ထိုနည်းတူစွာ ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုသည် အစိုးရသို့မဟုတ် IMF ကဲ့သို့ အင်အားကြီးအုပ်စုတို့က အခက်အခဲကြုံလျှင် ကူညီထောက်ပံ့လိမ့်မည်ဟု ယုံကြည်ထားလျှင် အဆိုပါလုပ်ငန်း၊ အဖွဲ့အစည်းတို့သည် ပေါ့ဆလာကာ သာမန်အခြေအနေများတွင် မစွန့်စားမည့်လုပ်ရပ်များကို စွန့်လုပ်ကြခြင်း သည် စာရိတ္တထိခိုက်စေသော ထောက်ပံ့မှုအယူအဆ ဖြစ်သည်။

၉။ တတိယအယူအဆမှာ အစုလိုက်အသင်းလိုက်ပြုမူခြင်း (Herd Behavior) ဖြစ်သည်။ ဥပမာပေးရလျှင် မြောက်ဝင်ရိုးစွန်းအာတိတ်စက်ဝိုင်းဒေသတွင်နေထိုင်ကြသော Lemmings ခေါ် သတ္တဝါများဖြစ်သည့် ကြွက်နှင့်ဆင်သည် မျိုးဦးရေတိုးပွားလာသောအခါ ပြောင်းရွှေ့နေထိုင်တတ်ကြသည့် အလေ့ရှိသည်။ အချို့သော အကောင်များ ရွှေ့ပြောင်းကြသောအခါ အခြားသောအကောင်များသည်လည်း လိုက်ရွှေ့ကြလေသည်။ Lemmings ကောင်များ တောတောင်များကျော်ဖြတ်၍ ထောင်သောင်းချီ၍ ပြောင်းရွှေ့ကြရာ နောက်ဆုံးတွင် ပင်လယ်စွန်းရောက်သောအခါ ကန်ကျယ်ကြီးထင်မှတ်၍ ကူးဖြတ်ရန် အကောင်အချို့မှစတင်၍ ကူးဖြတ်ကြရာ အားလုံးပါလိုက်၍ ပင်လယ်ထဲကူးကြရာ အစုလိုက်အသင်းလိုက်ပြုမူခြင်းကြောင့် Lemmings ကောင် ထောင်သောင်းချီ၍ နစ်မြုပ်သေဆုံးကြရသည်။ ယခုကဲ့သို့ သတ္တဝါများ၏ အစုလိုက်အသင်းလိုက် ပြုမူခြင်းအလေ့အထသည် သဘာဝအလျောက် လူဦးရေထိန်းချုပ်သည့်သဘောတရား ဖြစ်ပေလိမ့်မည်။

၁၀။ စတုတ္ထအယူအဆတစ်ခုမှာ တိုင်းပြည်တစ်ခု၏ အောင်မြင်မှုနှင့်အတူ ဆုတ်ယုတ်မှုမျိုးစေ့သည်လည်း အတူတည်

**ထိုင်းဘဏ္ဍာရေးဝန်ကြီးသည် ထိုင်းဘတ်ငွေ၏တန်ဖိုးသည် ကန်တစ်ဒေါ်လာလျှင် ၃၉ ဘတ်နှုန်းသည် အမှန်တကယ် မဖြစ်နိုင်၊ ထိုင်းဘတ်ငွေတန်ဖိုးသည် တစ်လအတွင်း အမေရိကန်တစ်ဒေါ်လာလျှင် ၆၉ ဘတ်အထိ ဘတ်ငွေတန်ဖိုး ကျဆင်းလိမ့်မည်ထင်သည်ဟု ရုပ်မြင်သံကြားပေါ်တွင် ပြောကြားခဲ့သည်။ ထိုကဲ့သို့ ထိုင်းဘဏ္ဍာရေးဝန်ကြီး၏ မိန့်ခွန်းပြောကြားပြီးနောက် ထိုင်းနိုင်ငံ၏ ငွေကြေးဈေးကွက်ဂယက်ရိုက်သွားကာ ဝန်ကြီးပြောသည့်အတိုင်း တစ်လ အတွင်းမကဘဲ တစ်ပတ်အတွင်းပင် ထိုင်းဘတ်ငွေတန်ဖိုး ထိုးဆင်းသွားနိုင်ပေသည်။**

www.foreverspace.com.mm



## ဒေါက်တာဦးမြင့်၏ ကိုယ်ရေးအကျဉ်း

* ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ English Literature၊ နိုင်ငံရေးသိပ္ပံနှင့် ဘောဂဗေဒအထူးပြုခဲ့။
* ဘောဂဗေဒ မဟာဝိဇ္ဇာဘွဲ့ကို Cornell University.
* Ph.D ဘောဂဗေဒဘွဲ့ကို University of California, Berkeley.
* စီးပွားရေးတက္ကသိုလ် သုတေသနဌာန၊
* ပညာရေးတက္ကသိုလ်၏ ဘောဂဗေဒဌာနမှူးနှင့်ကထိက၊
* နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီးပွားရေးဌာန၏အကြီးအကဲ (Chief of the Economic Division)
* မြန်မာနိုင်ငံအစိုးရမှ ကုလသမဂ္ဂသို့ ခန့်အပ်ခဲ့၊
* ကုလသမဂ္ဂအဖွဲ့ကြီးတွင် ဘောဂဗေဒပညာရှင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့။
* ၁၉၉၆ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီးမှ အငြိမ်းစားယူခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး သုတေသနစာတမ်းများ ဆွေးနွေးပို့ချခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိ။
* ဒေါက်တာဦးမြင့်သည် ဘောဂဗေဒပညာရပ်ဆိုင်ရာစာတမ်းများ၊ မြန်မာနိုင်ငံနှင့်ပတ်သက်သော စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ သုံးသပ်စာတမ်းပေါင်းများစွာကို သုတေသနစာတမ်းများ ရေးသားထုတ်ဝေခဲ့သည်။

ရှိနေသည် (a counry's success often has within it, the seed of its own decline)။ ဗြိတိန်နိုင်ငံသည် ဤဖြစ်ရပ်နှင့် ကြုံခဲ့သည့်နိုင်ငံ ဖြစ်သည်။ ၁၈၉၀ နှစ်ပိုင်းကာလများတွင် ဗြိတိန်နိုင်ငံသည် စစ်ဘက်နှင့် စီးပွားရေးတွင် ကမ္ဘာ့အထွတ်အထိပ်သို့ ရောက်ရှိခဲ့ပြီး ဂျာမနီနှင့် စက်မှုခေတ်တွင် ယှဉ်ပြိုင်သောအခါ အောင်မြင်ခြင်းမရှိခဲ့ပေ။ ထိုသို့ အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်ရာတွင် အားမသာရခြင်းမှာ ဗြိတိသျှတို့သည် ၎င်းတို့၏ အသုံးအနှုန်း ပစ္စည်းများကို ပေ၊ လက်မတို့ဖြင့် ဆက်လက်တိုင်းတာသုံးနှုန်းကြခြင်း၊ လမ်းညွှန်စာအုပ်များကို အခြားဥရောပဘာသာစကားများ မပါဘဲ အင်္ဂလိပ်စာကိုသာ ပုံနှိပ်ထုတ်ဝေကြပြီး ဈေးသက်သာသောကုန်ပစ္စည်းများကို ဥရောပတစ်ခွင် အလွယ်တကူရောင်းချရန် မရည်ရွယ်ဘဲ အရည်အသွေးမြင့်မားပြီး တန်ဖိုးကြီးသော ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်ခဲ့ကြသည်။ ဗြိတိန်နိုင်ငံသည် ကမ္ဘာ့နံပါတ်တစ် အင်အားကြီးနိုင်ငံအနေဖြင့် အရည်အသွေးမြင့်မားတန်ဖိုးကြီးသော ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်သွားရန် တာဝန်ရှိသည်ဟု ခံယူခဲ့ကြပြီး ဥရောပနှင့် ကမ္ဘာ့ဈေးကွက်ဝေစုကြီးကို ဖြန့်ဝေရန် ထိုးဖောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ပေ။ ဤအယူအဆ သာဓက၏ အဓိကအချက်မှာ မိမိကိုယ်မိမိ အကောင်းဆုံး၊ အတော်ဆုံး၊ အမှန်ဆုံးဟု ယုံကြည်ထားသူများသည် ပြင်ပလက်တွေ့အခြေအနေမှန်ကို နားမလည်နိုင်ကြတော့ဘဲ လက်တွေ့မကျသည့် တွေးခေါ်ပြုမူမှုများကို လုပ်တတ်လေ့ရှိကြခြင်းဖြစ်သည်။

၁၁။ ပဋ္ဌမအယူအဆမှာ အစိတ်အပိုင်းတစ်ခုအတွက် မှန်သော်လည်း အခြေအနေတစ်ခုလုံးပေါ်တွင် မှန်ချင်မှ မှန်ပေမည် (Fallacy of Composition)။ ဥပမာဖြင့် ရှင်းပြရလျှင် တိုင်းပြည်တစ်ခုတွင် လူအချို့မှ ခိုးယူလုယက်ခြင်းဖြင့် ဥစ္စာတိုးပွားနိုင်သော်လည်း တစ်တိုင်းပြည်လုံး တစ်ယောက်မှတစ်ယောက် ခိုးယူကြခြင်းဖြင့် တိုင်းပြည်တစ်ခုလုံး ချမ်းသာလာနိုင်မည်မဟုတ်ပေ။ ထိုနည်းတူစွာ ဘောလုံးပွဲကြည့်ရာတွင် ပရိသတ်အချို့မှ မတ်တတ်ထကြည့်ကြခြင်းဖြင့် ဘောလုံးပွဲမြင်ကွင်း ပိုကောင်းစွာကြည့်နိုင်သော်လည်း တစ်ရုံလုံးရှိ ပရိသတ်များ ထကြည့်ကြပါက မည်သူမျှ မြင်ကွင်းအသာစီး ရနိုင်တော့မည်မဟုတ်ပေ။

ဆက်လက်၍ အာရှစီးပွားရေးအကျပ်အတည်း ဖြစ်ခဲ့သည့်အကြောင်းနှင့် ဘာကြောင့်ဖြစ်ရသည့် အကြောင်းကို ဆက်လက် ဆွေးနွေးသွားပါမည်။

၂။ အာရှစီးပွားရေးအကျပ်အတည်းတွင် ဘာတွေဖြစ်ခဲ့သလဲ၊ ဘာကြောင့် ဖြစ်ခဲ့သလဲ။

### (ဂ) ကာလတိုရင်းနှီးမြှုပ်နှံမှုငွေများ မတည်ငြိမ်ခြင်း (Volatile short-term capital flows)

၁၂။ အာရှစီးပွားရေးအကျပ်အတည်းကိစ္စတွင် အဓိကသက်ရောက်ခဲ့သော အာရှငါးနိုင်ငံကို အလေးထားခဲ့ကြပါသည်။ အဆိုပါငါးနိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှား၊ တောင်ကိုရီးယား၊ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ^၁တို့ ဖြစ်ကြပါသည်။

စီးပွားရေးအကျပ်အတည်း ပေါ်ပေါက်ခဲ့ရခြင်း၏ အခြေခံအကြောင်းရင်းမှာ အထက်ဖော်ပြပါနိုင်ငံများအတွင်းသို့ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုငွေများ ကာလတိုအတွင်း အလုံးအရင်းဖြင့် ဝင်ထွက်မြန်ခဲ့သောကြောင့်ဖြစ်သည်ဟု လူအများက ယေဘုယျအားဖြင့် နားလည်ထားကြသည်။ ၁၉၉၆ ခုနှစ်အတွင်း အဆိုပါနိုင်ငံများသို့

www.foreverspace.com.mm



ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအသားတင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၉၇ ဘီလီယံဖိုး စီးဝင်ခဲ့သည်။ ထို့နောက် ၁၉၉၇ နှစ်လယ် နောက်ပိုင်းမှ ထိုနိုင်ငံများအတွင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း ဝင်ငွေထွက်ငွေမှ အသားတင်ထွက်ငွေ ဒေါ်လာ ၁၂ ဘီလီယံ ရှိခဲ့သည်။ သို့ဖြစ်၍ ကာလ ၆ လတာအတွင်း အဆိုပါနိုင်ငံများအတွင်း အမေရိကန်ဒေါ်လာ ၁၀၉ ဘီလီယံဖိုး လှည့်လည်ခဲ့သည်ကို တွေ့နိုင်ပေသည်။ ကန်ဒေါ်လာ ၁၀၉ ဘီလီယံမှာ အဆိုပါနိုင်ငံများ၏ စီးပွားရေးဈေးကွက်အတွက် များပြားသောပမာဏဖြစ်ပြီး ထိုနိုင်ငံ ငါးနိုင်ငံပေါင်း စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု (GDP) ပမာဏ၏ ၁၀ ရာခိုင်နှုန်းဖိုး ရှိပေသည်။

၁၃။ စီးဝင်ခဲ့သော ရင်းနှီးမြှုပ်နှံမှုငွေများ၏ အများစုမှာ ပုဂ္ဂလိကကြွေးရှင်များ (Private Creditors) ဆီမှ ချေးငွေများ ပုံသဏ္ဍာန်နှင့် ဝင်ခဲ့သည်။ အချိန်တိုအတွင်း ကြီးမားသောငွေကြေးပမာဏကို လှည့်လည်လည်ပတ်နိုင်ခဲ့ခြင်းမှာ ရင်းနှီးမြှုပ်နှံမှုငွေအများစုသည် ကာလတိုချေးငွေများအသွင်ဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဘောဂဗေဒဘာသာရပ်တွင် ကာလတိုချေးငွေဆိုသည်မှာ တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်တိုသောကာလအတွင်း ပြန်လည်ပေးဆပ်ရမည့်ချေးငွေကို ဆိုလိုသည်။ သို့သော်လည်း တစ်လ၊ နှစ်လအတွင်းကိုလည်း 'ကာလတို'ဟု ခေါ်ဆိုနိုင်သည်။

၁၄။ အာရှစီးပွားရေးအကျပ်အတည်းတွင် ကြီးမားသောငွေကြေးပမာဏ လှည့်လည်ခဲ့မှုနှင့် အဓိကသက်ဆိုင်သည်။ စီးပွားရေးအကျပ်အတည်း ဘာကြောင့်ဖြစ်ခဲ့ရသည်နှင့် ဤအကျပ်အတည်း၏ ဂယက်ရိုက်ခဲ့မှုကို ဆက်လက်တင်ပြဆွေးနွေးသွားပါမည်။

(နောက်လဆက်ပါမည်)

**ပါမောက္ခဒေါက်တာဦးမြင့်**

**မှတ်ချက်**

၁။ ဖိလစ်ပိုင်သည် အာရှကျားထဲတွင် မပါသော်လည်း ၁၉၉၇–၁၉၉၈ အာရှစီးပွားရေးအကျပ်အတည်း၌ များစွာ ထိရောက်ဂယက်ရိုက်ခံခဲ့ရ၍ အာရှစီးပွားရေးအကျပ်အတည်းကိုလေ့လာတိုင်း ဖိလစ်ပိုင်ကိုပါ ထည့်သွင်းလေ့လာဆွေးနွေးကြသည်။

ကြော်ငြာ

www.foreverspace.com.mm



# CREATIVE WEB STUDIO

**မြန်မာနိုင်ငံ၌ နောက်ဆုံးပေါ် Flash နည်းပညာကိုအသုံးပြု၍ Website Design ရေးဆွဲခြင်း၊ လွှင့်တင်ခြင်းနှင့် Multimedia Presentation CD-ROM များကို ပြုလုပ်ဝန်ဆောင်မှုပေးနေသော ICT ကုမ္ပဏီဖြစ်သည်။**

- ၂၀၀၅ ဩဂုတ်လတွင် IT ပညာရှင်လူငယ်တစ်စုက ကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းခဲ့ကြသည်။
- တည်ထောင်သူ ဒါရိုက်တာအဖွဲ့ဝင်ခြောက်ဦးရှိပြီး Website Designer များနှင့် ကွန်ပျူတာပညာရှင်များ အပါအဝင် ဝန်ထမ်းအင်အား ၁၀ ဦးရှိသည်။
- Website ဝန်ဆောင်မှုတွင် 25MB ရှိ Normal ၊ 45 MB ရှိ Standard ၊ 70MB ရှိ Classic ၊ 100MB ရှိ Executive နှင့် 150 MB ရှိ Excellence ဟူ၍ အမျိုးအစားငါးမျိုး ခွဲခြားလက်ခံဆောင်ရွက်ပေးပြီး တစ်နှစ်ပတ်လုံး Monitoring နှင့် Maintenance ကိုပါ ဆောင်ရွက်ပေးသည်ဟု ဆိုသည်။








- မိမိကုမ္ပဏီ/လုပ်ငန်း၏ Website ကို ကမ္ဘာအနှံ့မှ အင်တာနက်အသုံးပြုသူများက Google နှင့် Yahoo Search Engine များ၏ ပထမစာမျက်နှာတွင် အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ရန်အတွက် SEO (Search Engine Optimization) ဝန်ဆောင်မှုကို သီးသန့်ဆောင်ရွက်ပေးပြီး အာမခံသက်တမ်းသုံးလမှ ငါးလအထိ သတ်မှတ်ထားသည်ဟု သိရသည်။
- ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုမိတ်ဆက်ပွဲများ၊ မင်္ဂလာဧည့်ခံပွဲများ၊ ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ Directory လုပ်ငန်းများ၊ NGO အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအတွက် Presentation CD-ROM ဝန်ဆောင်မှုကို Normal (15 Pages) ၊ Classic (45 Pages) နှင့် Excellence (150 Pages) ဟူ၍ Package သုံးမျိုးခွဲခြားကာ ပြုလုပ်ဆောင်ရွက်ပေးသည်။
- Presentation CD-ROM များတွင် သက်ဆိုင်ရာကုမ္ပဏီလုပ်ငန်း၏ အမှတ်တံဆိပ်နှင့် Logo များကို တစ်ပါတည်း ပုံနှိပ်ရိုက်နှိပ်ပေးခြင်းနှင့် Sticker ကပ်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးသည်။

www.foreverspace.com.mm






- မိမိကိုယ်ပိုင်အင်တာနက် Website ပြုလုပ်လိုသူများအတွက် Website လွှင့်တင်ခြင်း (Hosting) နှင့် Website အမည် မှတ်ပုံတင်ခြင်း (Domain Name Registration) တို့ကိုပါ ဆောင်ရွက်ပေးပြီး Server ကို အမေရိကန် ပြည်ထောင်စုတွင် ထားရှိသည်ဟု ဆိုသည်။
- ထို့အပြင် ကြော်ငြာနှင့် မီဒီယာလုပ်ငန်းများအတွက် Graphic Design ရေးဆွဲခြင်းနှင့် ပုံနှိပ်လုပ်ငန်းကိုပါ လက်ခံဆောင်ရွက်ပေးသည်ဟု သိရသည်။
- Live Show နှင့် တေးဂီတဖျော်ဖြေပွဲ Audio CD များ၊ Presentation CD များကို Sound Effect နှင့် Presentation Effect များထည့်သွင်း ပြီး ကွန်ပျူတာဖြင့်သာမက VCD၊ ကက်ဆက်ဖြင့်ပါ Version နှစ်မျိုးဖြင့် နားဆင်နိုင်ရန် ဆောင်ရွက်ပေးသည်။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးဝေဖြိုးသူ (ဒါရိုက်တာ)
Creative Web Studio ၊ အခန်း (၃)၊ အဆောင် (၆)၊
Myanmar Info-Tech ၊ တက္ကသိုလ်များလှိုင်နယ်မြေ၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၀၇၀၅၁၊ ဖက်စ်-၅၀၇၀၅၁ ၊
E-mail : info@creative-webstudio.com
Website : www.creative-webstudio.com

www.foreverspace.com.mm



# Doaru Cosmetics and Skin Care

**ဂျပန်နည်းပညာ၊ ကုန်ကြမ်းများနှင့် အဆင့်မီထုတ်လုပ်ထားပြီး ကြော်ငြာအားကောင်းကောင်းဖြင့် ဈေးကွက်ထိုးဖောက်လာသည့် အလှကုန်ပစ္စည်းများ ဖြစ်သည်။**




☆ ၁၉၉၃ ခုနှစ်တွင် လုပ်ငန်းစတင်တည်ထောင်၍ Doaru White Foundation Cream ကို ပြည်ပမှတင်သွင်းကာ 10ml နှင့် 40ml အရွယ်အစားနှစ်မျိုးဖြင့် စတင်ဖြန့်ချိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်ထုတ်လုပ်။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးခင်မောင်လေးဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် ၈ ဦးရှိ။

☆ ရာနှုန်းပြည့်နိုင်ငံသားပိုင်လုပ်ငန်းဖြစ်။

☆ ဝန်ထမ်းအရေအတွက် ၁၂၈ ဦးဖြင့် ထုတ်လုပ်လျက်ရှိ။

☆ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် တရုတ်တိုင်ပေလုပ်စက်ပစ္စည်းများ အသုံးပြုပြီး ဂျပန်နည်းပညာဖြင့် ထုတ်လုပ်။

☆ ဂျပန်နှင့်မလေးရှားနိုင်ငံတို့မှ ကုန်ကြမ်းပစ္စည်းများ မှာယူတင်သွင်းအသုံးပြုဟုဆို။

☆ လတ်တလောထုတ်လုပ်နေသော အမျိုးအစားများမှာ White Foundation Cream နှင့် White Facial Cleanser အပါအဝင် ၈ မျိုး ထုတ် လုပ်လျက်ရှိ။

☆ တစ်ရက်ထုတ်လုပ်နိုင်မှုစွမ်းအားမှာ ထုပ်ပိုးပြီးအဆင့်အထိ အရေအတွက် ၅၀၀၀ မှ ၆၀၀၀ အထိ ထုတ်လုပ်နိုင်။

☆ Diethelm Co., Ltd. မှ Distributor အဖြစ် ဖြန့်ချိလျက်ရှိ။

☆ **ဆက်သွယ်ရန်လိပ်စာ**

အမှတ်−၁၁၁/၁၁၃၊ အခန်း(၃)၊
၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း−၂၄၃၇၉၅၊ ၃၉၁၂၆၃၊
ဖက်စ်−၃၈၅၈၈၄

www.foreverspace.com.mm



# Mistine အလှကုန်ပစ္စည်းများ

**မြန်မာနိုင်ငံ၏ အလှကုန်ပစ္စည်းဈေးကွက်အတွင်း ဝေစုအသင့်အတင့်ရရှိထားသော ကုန်ပစ္စည်းများဖြစ်ပြီး ဆန်းသစ် သည့်ကြော်ငြာပုံစံများဖြင့် ထိုးဖောက်ဝင်ရောက်လာသော အလှကုန်များ ဖြစ်သည်။**









☆ Thiri Cosmetic Co., Ltd. မှ ၂၀၀၂ ခုနှစ် မေလတွင် စတင်တည်ထောင်ထုတ်လုပ်။

☆ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှာ ဦးမြင့်ဦးဖြစ်ပြီး General Manager မှာ Mr. Tongchai ဖြစ်၍ ဝန်ထမ်းအင်အား ၁၀၀ ဦးကျော်ရှိ။

☆ အသုံးပြုလျက်ရှိသော စက်ပစ္စည်းများကို ဂျပန်နိုင်ငံမှတင်သွင်းပြီး ထိုင်းနည်းပညာ၊ ဂျပန်နည်းပညာများဖြင့် ထုတ်လုပ်ရောင်းချ။

☆ ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးမှုပစ္စည်းများကို ထိုင်းနိုင်ငံမှ တင်သွင်း။

☆ လက်ရှိထုတ်လုပ်ဖြန့်ချိလျက်ရှိသော ကုန်ပစ္စည်းများမှာ Top Country အမှတ်တံဆိပ် ကိုယ်လိမ်းပေါင်ဒါ၊ Roll-on ၊ ရေမွှေး၊ ခေါင်းလျှော်ရည်များနှင့် White & Lovely Fairness Cream ၊ White & Lovely Double Powder SPF-16 ၊ Mistine Pink Magic Lipstick များဖြစ်။

☆ စက်စွမ်းအားပြည့်ထုတ်လုပ်မှုပမာဏမှာ တစ်ရက်လျှင် ပေါင်ဒါပါကင် ၁၀၀ နှင့် Roll-on ပါကင် ၅၀ ခန့်ရှိ။

☆ အာမခံသက်တမ်းကို ပစ္စည်းအမျိုးအစားပေါ်မူတည်၍ သုံးနှစ်မှ ငါးနှစ်အထိ သတ်မှတ်ထား။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး မန္တလေးမြို့နှင့် မြိတ်မြို့များတွင် ရုံးခွဲများ ဖွင့်လှစ်။

☆ မြန်မာနိုင်ငံဈေးကွက်နှင့် သင့်လျော်မည့်အလှကုန်ပစ္စည်းများကို ဆက်လက်ထုတ်လုပ်သွားရန် စီစဉ်ထား။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဒေါ်ရီသော်တာ (Marketing Manager)
Thiri Cosmetic Co., Ltd. ၊ အမှတ်–7A-4 ၊ ၇ ထပ်၊
ရန်ကင်းစင်တာ၊ စက်မှု ၁ လမ်းနှင့် ဆရာစံလမ်းထောင့်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၅၄၄၊ ၅၅၈၀၀၇
(လိုင်းခွဲ–၁၇၀၅) ၀၉–၅၁၄၃၄၄၈
မန္တလေး–အမှတ်–၂၃၉/၁၊ ၃၁ လမ်း၊ ၈၃ × ၈၄ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ဖုန်း/ဖက်စ်–၀၂–၃၄၈၄၀
မြိတ်–အမှတ်–၅၉၊ ကန်ဖျားလမ်းမကြီး၊ ကန်ဖျားရပ်၊ မြိတ်မြို့။

www.foreverspace.com.mm



# ကုန်ဈေးနှုန်း

## ၂၀၀၆၊ ဧပြီလ ပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

### ကားဈေးနှုန်း (၅-၄-၂၀၀၆)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းစုံ) | ၂၈၀ |
| Suzuki Wagon | R+ | (၄ခ)(အဖြူရောင်/ပစ္စည်းမစုံ) | ၂၈၀ |
| Suzuki Wagon | R+ | (၅ခ)(ခဲရောင်) | ၃၆၀ |
| Suzuki Wagon | R+ | (၅ခ)(အပြာရောင်) | ၃၄၀ |
| Corolla 1.5 Limited | 86/87 | (၁က) | ၂၃၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၃၀ |
| Corolla 1.5 Limited | 88/89 | (၁ခ) | ၄၀၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၆၀ |
| Corolla 1.5 Limited | 90/91 | (၁ခ) | ၄၀၀ |
| Corolla 1.5 Limited | 92/93 | (၁ခ) | ၅၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁က) | ၂၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (၁ခ) | ၂၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၃၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁ခ) | ၄၆၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၈၀ |
| Corolla 2.0 Van (ဒီဇယ်) | 92/93 | (၁ခ) | ၅၈၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁က) | ၃၁၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၄၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၄၂၀ |
| Corolla 1.5 Dx Van (ဓာတ်ဆီ) | 92/93 | (၁ခ) | ၄၉၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁က) | ၂၃၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (၁ခ) | ၃၂၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 88/89 | (၁ခ) | ၃၉၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁က) | ၃၂၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 90/91 | (၁ခ) | ၄၁၀ |
| Toyota Publica | 86/87 | (၁က) | ၁၅၀ |
| Toyota Publica | 86/87 | (၁ခ) | ၁၈၀ |
| Toyota Publica | 88 | (၁က) | ၁၄၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၂၀ |
| Sunny Pick-up | 90/91 | (၁က) | ၁၆၀ |
| Sunny Super Salloon (1.5) | 86/87 | (၁က) | ၁၅၀ |
| Sunny Super Salloon (1.5) | 86/87 | (၁ခ) | ၃၀၀ |
| Sunny Super Salloon (1.5) | 88/89 | (၁က) | ၂၃၅ |
| Sunny Super Salloon (1.5) | 88/89 | (၁ခ) | ၂၉၀ |
| Sunny Super Salloon (1.5) | 90/91 | (၁က) | ၂၈၀ |
| Marlk II Groire (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၂ခ) | ၉၅၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၂ခ) | ၁၀၀၀ |
| Marlk II Groire (ဒီဇယ်)(2.4) | 94/95 | (၁ခ) | ၉၅၀ |
| Marlk II Grande (ဓာတ်ဆီ)(2.0)(Auto) | 94/95 | (၁ခ) | ၉၅၀ |
| CELSIOR (4.0) | 93/94 | (၃ခ) | ၆၅၀ |
| TOYOTA LANDCRUISER (4.6) | 99 | (၃ခ) | ၂၃၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာ ဖြစ်သည်။

www.foreverspace.com.mm



## တီဗီရောင်စုံများ

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| DISTAR | 2150 (Flat) | 21" | ၂၂၆,၀၀၀ |
| DISTAR | 2947 | 29" | ၄၇၃,၀၀၀ |
| DISTAR | 2545 | 25" | ၂၂၆,၀၀၀ |
| Toshiba | 21 S3 | 21" | ၁၈၆,၀၀၀ |
| Toshiba | 29 A3 | 29" | ၃၁၁,၀၀၀ |
| SANYO | 21KX8 | 21" | ၁၇၁,၀၀၀ |
| SANYO | 21 AF8VA | 21" | ၂၀၆,၀၀၀ |
| SANYO | 29 KX5 | 29" | ၃၁၅,၀၀၀ |
| SANYO | 14KX8 | 14" | ၁၂၄,၀၀၀ |
| Samsung | 21M16 | 21" | ၁၈၀,၀၀၀ |
| SANYO | 14G81A | 14" | ၁၁၅,၀၀၀ |
| SKYWORTH | TN | 21" | ၁၄၂,၀၀၀ |
| SKYWORTH | No3 | 21" | ၁၃၁,၀၀၀ |

## ရေခဲသေတ္တာများ

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| HQ(CANCOOLER) 405 | | ၅၄၀,၀၀၀ |
| DISTAR | 960A | ၁၇၀,၀၀၀ |
| SANYO | SR521 | ၁၃၆,၀၀၀ |
| Panasonic | 184 G1 | ၁၈၅,၀၀၀ |
| Panasonic | 184 W | ၁၉၅,၀၀၀ |
| SANYO | 152C | ၁၂၀,၀၀၀ |
| SANYO | 159C | ၁၆၅,၀၀၀ |
| SANYO | 563C | ၂၀၄,၀၀၀ |
| SANYO | 163CQ | ၁၈၅,၀၀၀ |
| SANYO | 570 | ၂၂၀,၀၀၀ |
| TOSHIBA | 99BPT | ၃၅၀,၀၀၀ |

## VCD ပြစက်

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | 870/890 | ၅၈,၅၀၀ |
| Samsung | Z10 MM | ၄၂,၀၀၀ |
| Samsung | 30 Me | ၆၀,၅၀၀ |
| DISTAR | 2217K | ၄၀,၀၀၀ |
| Crown | 5569 | ၃၄,၄၀၀ |
| Crown | 4359 | ၃၈၅,၀၀ |
| Yamasu | 4315 | ၃၃၀,၀၀ |

## DVD ပြစက်

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | 438 K | ၈၈,၀၀၀ |
| SAMSUNG | 338 K | ၇၃,၅၀၀ |
| SAMSUNG | 248 | ၆၉,၀၀၀ |
| SAMSUNG | 339 | ၆၅,၀၀၀ |
| Crown | 4329/4339 | ၅၇,၀၀၀ |
| Yamasu | 4385 | ၅၈၀,၀၀ |

## လေအေးစက်များ

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | 92G | ၃၃၀,၀၀၀ |
| SANYO | 122G | ၄၃၅,၀၀၀ |
| SANYO | 94 G | ၃၃၀,၀၀၀ |
| SANYO | 124G | ၄၃၅,၀၀၀ |
| SANYO | 182G/1846 | ၆၈၀,၀၀၀ |
| SANYO | 99G | ၂၄၀,၀၀၀ |
| SANYO | 123S | ၃၁၅,၀၀၀ |
| SANYO | 183S | ၄၅၀,၀၀၀ |
| SANYO | 131S | ၄၄၀,၀၀၀ |

## အဝတ်လျှော်စက်များ

(၅-၄-၂၀၀၆)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SANYO | W 80 SIT | ၂၄၆,၀၀၀ |
| SANYO | 450 FT | ၁၅၆,၀၀၀ |
| SANYO | 91 AT | ၂၅၇,၀၀၀ |
| SANYO | Ws 92 AT | ၂၆၇,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅၃၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁၆၅၀ |
| Horlick(ကော်ဘူးကြီး) 1.80kg | ၈၈၀၀ |
| Junior Horlick (400 g) | ၂၇၀၀ |
| Milo (400g) ခဲထုပ် | ၂၃၀၀ |
| Milo (400g) (ပုလင်း) | ၂၉၅၀ |
| Maltova (400g) (နီ) | ၂၄၀၀ |
| MIKE Tea mix (၂၀ ထုပ်ဝင်) | ၁၂၀၀ |
| MIKE Coffee mix (၄၈ ထုပ်ဝင်) | ၂၈၅၀ |
| JAVA Coffee mix (၃၀ ထုပ်ဝင်) | ၂၄၅၀ |

www.foreverspace.com.mm



| | |
|---|---|
| OWL (Tea mix ) (၃၀ ထုပ်ဝင်) | ၁၇၅၀ |
| ENERGY (Nutrious Ceareal ) (၃၀ထုပ်ဝင်) | ၁၆၅၀ |
| NESCAFE (Red Cup)(200g) | ၃၇၅၀ |
| NESCAFE (Red Cup)ss(200g) (ခဲထုပ်) | ၂၈၅၀ |
| NESCAFE (Red Cup) (50g) | ၁၂၅၀ |
| Super(Diet Cereal)(၂၀ ထုပ်ဝင်) | ၂၃၅၀ |
| Super(DietCoffemix)(၂၀ ထုပ်ဝင်) | ၂၄၀၀ |
| Super Coffee Mix(၃၀ ထုပ်ဝင်) | ၂၁၅၀ |
| (Gold Roast) Gold Super Mix (၃၀ ထုပ်ဝင်) | ၂၁၀၀ |
| Royal Myanmar (Tea Mix)(၃၀ ထုပ်ဝင်) | ၂၂၀၀ |
| Super One(Coffee Mix) (၅၀ ထုပ်ဝင်) | ၃၃၅၀ |
| Special Cereal (၂၀ ထုပ်ဝင်) | ၁၅၅၀ |
| Ben Cafe (၁၀ ထုပ်ဝင်) | ၇၀၀ |
| Ben Cafe (၅၀ ထုပ်ဝင်) | ၃၂၀၀ |
| Goldroast (၅၀ ထုပ်ဝင်) | ၃၃၅၀ |
| Hi Tea (၂၀ ထုပ်ဝင်) | ၁၄၀၀ |
| Mikko (Coffee Mix) (၃၀ ထုပ်ဝင်) | ၂၀၅၀ |
| Ovaltine (400g) နီ | ၂၇၅၀ |
| Complan (500g) (ဖြူ) | ၄၄၀၀ |
| Ovaltine (200g) နီ | ၁၆၀၀ |
| Ovaltine 400g (ဖြူ) | ၂၈၀၀ |
| Ovaltine 200g (ဖြူ) | ၁၆၅၀ |
| Ovaltine 400g (စက္ကူဘူး) | ၂၆၅၀ |

## နို့မှုန့်ဘူးများ

(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၈၈၅၀/ ၈၆၀၀ |
| Dumex (3plus)(700g) | ၆၁၀၀ |
| Dumex Step 1,2 800g | ၇၁၀၀/ ၆၈၀၀ |
| Dumex 1Plus 700g | ၆၁၀၀ |
| Dumex 1Plus (Honey) 700g | ၆၂၅၀ |
| Dumex Ma Ma Plus 400g | ၆၄၀၀ |
| Dumex Lactose free 400g | ၅၂၅၀ |
| Nestle BEAR BRAND 1 Plus 800g | ၂၄၀၀ |
| Nestle ဆန် သံဘူး | ၃၃၀၀ |
| Nestle ဂျုံ သံဘူး | ၂၉၀၀ |

## စီးကရက်များ

(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Vegas | ၄၀၀ |
| Vegas (Light) | ၄၃၀ |
| London (ရိုးရိုး) | ၆၀၀ |
| 555 (ရိုးရိုး) | ၁၄၀၀ |
| Marlboro (Light) | ၁၆၀၀ |
| MILD SEVEN | ၁၃၀၀ |
| DUYA ရွှေရောင် | ၄၃၀ |
| Paris ညို/ ခဲ | ၄၀၀/ ၂၃၀ |
| Lucky | ၉၀ |
| 555 (Lights) | ၁၄၀၀ |
| MILD SEVEN (Lights) | ၁၃၀၀ |
| DUNHILL | ၁၀၅၀ |

## နိုင်ငံခြား အရက်များ

(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၄၀၀၀ |
| CHIVAS (75Cl) | ၂၄၈၀၀ |
| Hennessy(V.S.O.P)(35Cl) | ၂၁၈၀၀ |
| Hennessy(V.S.O.P)(70Cl) | ၃၆၃၀၀ |
| VAT 69 (75Cl) | ၉၃၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁၅၀၀ |
| Jonnie Walker (Red)(37.5Cl) | ၆၅၀၀ |
| Jonnie Walker (Red)(1Liter) | ၁၄၃၀၀ |
| Jonnie Walker (Black)(20Cl) | ၇၁၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၂၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၁၅၀၀ |
| Jonnie Walker(Black)(1Liter) | ၂၆၀၀၀ |
| Black & White (1Liter) | ၁၂၇၀၀ |
| Black & White (75Cl) | ၁၀၃၀၀ |
| Gold Label (75Cl) | ၃၈၀၀၀ |
| Black Cat (75Cl) | ၄၈၀၀ |
| Black Cat (35Cl) | ၂၀၀၀ |
| SCOTS CLUB (75Cl) | ၇၂၀၀ |
| SCOTTISH LEADER | ၆၆၀၀ |
| Blue Label | ၁၄၃၀၀၀ |
| BACARDI (75Cl)Limon | ၈၂၀၀ |
| (KING ROBERT) VODKA (75CL) | ၄၄၀၀ |
| (KING ROBERT)Gin (75CL) | ၅၀၀၀ |
| (KING ROBERT) Whisky (75CL) | ၆၁၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁၀၀၀ |
| VAT 69(1Liter) | ၁၀၇၀၀ |
| Mekhong (75CL) | ၅၅၀၀ |

www.foreverspace.com.mm



| | |
|---|---|
| Mekhong (37.5CL) | ၂၃၀၀ |
| Ballantine (75Cl) | ၁၁၆၀၀ |
| Ballantine (20Cl) | ၂၈၀၀ |
| SPEY ROYAL (70Cl) | ၄၃၀၀ |
| SPEY ROYAL (35Cl) | ၃၆၀၀ |

## မုန့်ပုံး သံဘူးများ
(၅-၄-၂၀၀၆)

| | |
|---|---|
| မိသားစု | ၄၇၀၀ |
| MELODIES | ၄၈၀၀ |
| Popcorn Crackers | ၅၁၀၀ |
| Cream Crackers(Hup Seng) | ၅၄၀၀ |
| (KERK) Fantasy | ၄၅၀၀ |
| (KHIAN GUAN) Top Choice | ၄၇၀၀ |
| (HWA TA) Choice | ၄၁၀၀ |
| (KWA TA) Festival | ၄၃၀၀ |
| (Munchys) Fummix | ၄၄၅၀ |
| (Munchys) Topmix | ၄၄၅၀ |
| Tip Top | ၄၀၀၀ |
| ALWAYS | ၄၃၀၀ |
| Time's Right | ၄၃၀၀ |
| Summer Day | ၄၄၀၀ |
| (Shan Fatl) Party | ၄၇၀၀ |
| Happy Day | ၄၄၀၀ |
| (julie's) JAMBOREE | ၅၀၅၀ |
| (Julie's) CERIA | ၄၂၀၀ |

## ခေါက်ဆွဲခြောက်များ
(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်း) | ၉၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၉၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၈၀ |
| TOMO (အုန်းနို့) | ၁၂၀ |
| MAMEE ကြာဆံ | ၁၄၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၉၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၀၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၉၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၀၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၉၀ |
| MAMEE (သက်သတ်လွတ်ဆီချက်) | ၉၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၀၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၁၂၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၁၀ |
| MAMEE အုန်းနို့ခေါက်ဆွဲ | ၁၀၀ |
| MAMEE ပုစွန်မလိုင်ချဉ်စပ် | ၁၁၀ |
| Fashion Food ခေါက်ဆွဲဘူး | ၄၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၁၄၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၁၄၀ |

## သွားတိုက်ဆေးများ
(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Best-T (125g) White | ၃၅၀ |
| Colgate (40g) Double Cool Stripe | ၃၅၀ |
| Colgate (160g) Double Cool Stripe | ၁၁၀၀ |
| Close-Up (New)(40g) | ၃၀၀ |
| Close-Up (160g) ပြာ | ၁၄၀၀ |
| DARLIE (200g) နှစ်ဘူးတွဲ | ၁၄၅၀ |
| LASER | ၃၀၀ |
| Colgate Fresh Cool Mint 200g | ၁၃၀၀ |
| Colgate Great Regular 200 g | ၁၃၀၀ |
| Colgate Total Fresh Stripe 160g | ၂၇၅၀ |
| Colgate Whitening 160g | ၁၈၅၀ |
| Colgate gel (စိမ်း) 160g | ၁၃၀၀ |
| ZACT LION 90g | ၁၁၀၀ |
| Fresh & White Gel 100g | ၆၅၀ |
| Smile Up 105g | ၇၅၀ |
| Fresh Up 160g | ၆၀၀ |

## ကိုယ်တိုက်ဆပ်ပြာများ
(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၀၀ |
| Imperial Leather (125g) | ၄၀၀ |
| Beauty | ၁၃၀ |
| GIV (80g) | ၂၀၀ |
| Style (75g) | ၁၀၀ |
| Dettol (60g) | ၂၅၀ |
| Miss | ၂၀၀ |
| 1 Plus 1 | ၁၅၀ |
| DOVE | ၉၀၀ |
| NIVEA 100g | ၆၅၀ |
| Protex | ၅၀၀ |
| Bamboo Salt | ၇၀၀ |
| Say 100g | ၆၅၀ |
| Naturally Fair | ၂၀၀ |
| YOKO WHITENING Herbal 110g | ၉၀၀ |
| Vaseline HARMONY 100g | ၃၅၀ |
| PREMIER 100g | ၃၀၀ |
| Safeguard 100g | ၃၅၀ |
| Fa 2 in 1 85 g | ၅၀၀ |
| ASEPSO | ၅၀၀ |
| CAMAY | ၅၅၀ |
| Palmolive အကြည် | ၃၀၀ |
| (Cussons) Pearl 100g | ၂၅၀ |
| Fair & Lovely 75g | ၄၀၀ |
| LUX 100g | ၃၀၀ |
| KAO | ၃၅၀ |
| Parrot | ၁၅၀ |
| Flore 90g | ၂၀၀ |
| Paris 135g | ၂၇၀ |
| Paris 90g | ၂၀၀ |
| A21 (နက်) 70g | ၁၈၀ |
| A21 (နက်) 125g | ၂၇၀ |
| DG Soap 100g | ၂၅၀ |

## ခြင်ဆေးခွေ
(၅-၄-၂၀၀၆)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၀၀ |
| Fumakilla (10) coils | ၁၈၀ |
| MARS | ၁၅၀ |
| King Kong | ၁၇၀ |
| Raid | ၃၅၀ |
| ATAK | ၁၇၀ |
| FIGHTER | ၁၇၀ |
| GO! | ၂၀၀ |
| ပါရမီ | ၂၀၀ |
| ဂေါ်ဇီလာ | ၂၅၀ |
| MARS POWER | ၁၈၀ |
| Jumbo (30) | ၆၀၀ |
| Special | ၂၀၀ |

www.foreverspace.com.mm



# ကွန်ပျူတာ စျေးနှုန်းများ

(၅-၄-၂၀၀၆)



### ❑ KMD Family PC

- VIA C3  Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 40 GB Hard Disk
- 128 MB DDR RAM
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 275,000 Ks

### ❑KMD CLASSIC MODEL

- Intel Celeron 4 2.66D GHz (1MB,L2 Cache, 533 MHz)
- GIGA 8 VM 800 M Pentium 4 M/B (With VGA+Sound+LAN)
- 256 MB DDR RAM (PC 400 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 1.44MB FDD (Mitsumi)
- 15" SVGA Digital Control Color Monitor (Philips)
- PS II Keyboard & PS II Scroll Mouse (Aopen)
- Mouse Pad
- P4 Casing (Normal with Front USB)

Price 496,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 3.0 F GHz processor (LGA 775)
- MSI Intel 848P Neo 2-V M/B with AGP, Sound & LAN Built-in
- 256 MB DDR RAM (PC 400 MHz)
- 80 GB IDE HDD (Hitachi)
- 1.44 MB FDD (Mitsumi) ,7200 rpm
- AGP 64 MB Graphic Card with TV out
- P4 ATX Tower Casing (Beside Fan/Handle)
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic), Digital Control

Price 665,600 Ks

### ❑ CFTG High Performance Computer

- Intel P4 3.2 GHz Processor (LGA 775 CPU)
- MSI Intel 848P Neo-2V MB (Sound+LAN Built-in)
- 256 MB 400 DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive
- 80 GB IDE HDD (Hitachi PRM 7200)
- 15" Digital Color Monitor (Viewsonic, Digital Control)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 716,800 Ks

## KMD PREMIUM MODEL

- Intel Pentium 4 3.4 GHz [2 MB L2 Cache/800 MHz, LGA 775]
- GIGA- 8i9 Pentium 4M/B (With Sound & LAN)
- 512 MB DDR RAM (400 MHz/Kingston, Dual DDR)
- 80 GB Hard Disk Drive (7200RPM Hitachi)
- 1.44 MB Floppy Disk Drive (Mitsumi)
- AGP 128 MB 3D Graphic Card W/TV Out (FX5200)
- 15" SVGA Digital Control Color Monitor (Philips)
- PSII Keyboard & PSII Scroll Mouse, Mouse Pad
- Pentium 4 Casing (iCut-Light high)

Price 853,000 Ks

(ငွေလဲနှုန်းအပြောင်းအလဲကြောင့် ကွန်ပျူတာတစ်စုံ၏ ဈေးနှုန်းများသည် ပြီးခဲ့သည့်လကထက် ကျပ်ငါးသောင်းကျော် မြင့်တက်ခဲ့သည်။ အထက်ပါ ဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ဧပြီလ ၅ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲ ရှိနိုင်ပါသည်။)

## Multimedia

| | |
|---|---|
| PCI Sound Card (Eagle) | 12,000 Ks |
| 52 X CD-ROM (SONY) | 20,000 Ks |
| 16X Sony DVD | 31,000 Ks |
| Sony CD Writer (52 x 32 x 52 x) | 32,500 Ks |
| 52 X 32 X 52 X 16 X Combo (Sony) | 47,000 Ks |
| 1500 Watt/180 Watt Speakers | 3,400 Ks |
| Microlab M 280 Speakers with sub woodfer | 25,000 Ks |
| Microlab M 500 Speakers with sub woodfer | 36,500 Ks |
| Microlab FC 361 Speakers with sub woodfer | 60,000 Ks |

## Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 54,000 Ks |
| 256 MB (SD RAM) PC 133 MHz | 33,500 Ks |

## Storage Device

| | |
|---|---|
| 80 GB (Hitachi-7200 RPM) | 69,500 Ks |
| 80 GB (Seagate 7200 RPM) | 78,500 Ks |
| 160 GB (Hitachi-7200 RPM) | 110,000 Ks |

## Monitor

| | |
|---|---|
| 17" SVGA Color Monitor(Philips)(107 S6 Flat) | 162,000 Ks |
| 17" SVGA Color Monitor (Philips)107T(Flat) | 167,000 Ks |
| 15" SVGA Color Monitor (Philips) | 121,000 Ks |
| 15" SVGA Color Monitor (Samie) | 94,000 Ks |
| 17" SVGA Color Monitor (Power Tree) | 138,000 Ks |
| 17" SVGA Color Monitor (Prolink) | 121,000 Ks |

## Printer

| | |
|---|---|
| HP Laserjet 1020 Printer (USB) | 196,000 Ks |
| HP Laserjet 1320 Printer (USB) | 418,000 Ks |
| HP Deskjet 1280 (USB) | 316,000 Ks |
| HP Laserjet 3015 Printer (USB) | 370,000 Ks |
| Canon Lasrjet LBP 2900 Printer | 184,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 221,400 Ks |
| EPSON C67 Printer | 87,000 Ks |
| EPSON C45 Inkjet Printer | 66,500 Ks |
| EPSON SP 230 Photo Printer | 153,600 Ks |
| EPSON SP 250 Photo Printer | 213,700 Ks |
| EPSON Aculaser C-1900 Laser Printer | 896,000 Ks |
| EPSON 6200 L Laser Printer | 224,000 Ks |
| Fuji Xerox Laser 3116 Printer (USB) | 150 US$ |
| Fuji Xerox Laser 3121 Printer (USB) | 180 US$ |

## Scanner

| | |
|---|---|
| Flatbed Scanner Prolink 2448 U (USB) | 60,000 Ks |
| Flatbed Scanner HP 4370 (USB) | 192,000 Ks |
| Flatbed Scanner HP 8200C (USB) | 641,000 Ks |
| Flatbed Scanner Canon Lide 500F (USB) | 207,000 Ks |
| EPSON Perfection 1270 Scanner | 134,400 Ks |
| EPSON Perfection 3170 Scanner(A4 Film) | 396, 800 Ks |

## Toner

| | |
|---|---|
| HP Toner 5L-6L | 73,600 Ks |
| HP 1300 Toner/HP 1010 Toner | 77,800 Ks |
| HP 1100 Toner | 67,800 Ks |

## UPS

| | |
|---|---|
| 1.2VA (Power Tree) Long Time | 134,000 Ks |
| 1.2KVA (Power Tree) | 77,000 Ks |
| 600 VA (Power Tree) Long Time | 84,500 Ks |


**မှတ်ချက်** ။ ။ ဖော်ပြပါဈေးနှုန်းများကို **Client Focus Technology Group, Concordia International** နှင့် **KMD Computer Centre** တို့မှ ရယူထားပါသည်။

(အယ်ဒီတာ)




www.foreverspace.com.mm

# ? ဘယ်ပစ္စည်းဘာ့ကြောင့် ?
# Which & Why




## Gym Flex အပူဓာတ်နှင့် အဆီကျသောစက်

ကြွက်သားများကို လေ့ကျင့်ခန်းပြုလုပ်ရာတွင် လွယ်ကူစေသော ကိရိယာဖြစ်။ အပူဓာတ်နှင့် အဆီကျစေဟုဆို။ အဆင့် ၁၀ ဆင့်ပါရှိပြီး ကြိုးမဲ့ဖြစ်၍ အလွယ်တကူသယ်ဆောင်အသုံးပြုနိုင်။ တစ်နေ့ ၁၀ မိနစ်နှုန်းဖြင့် ရှစ်ပတ်လေ့ကျင့်ပါက ထိုင်ထအခေါက် ၆၀၀ နှင့် ညီမျှစေ။ AAA ဓာတ်ခဲ နှစ်လုံးအသုံးပြုနိုင်။ တရုတ် နိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၁၈,၀၀၀ ကျပ်ဖြစ်။



## သစ်သားခါးပတ်

ပိတောက်သားဖြင့်ပြုလုပ်ထားသော ခါးပတ်ဖြစ်။ ခါးပတ်ခေါင်းကို ဖြုတ်နိုင်တပ်နိုင်အောင် ပြုလုပ်ထား။ မြန်မာမှုလက်ရာပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၀၀၀ ကျပ်ဖြစ်။



## ဇစ်ပါလည်သာဆိုဖာ


ကိုရီးယားနိုင်ငံမှ တင်သွင်းလာပြီး လည်သာအစစ်နှင့်ပြုလုပ်ထားသော ဆိုဖာဖြစ်။ ဆိုဖာတစ်ခုစီတွင် ဇစ်များပါရှိသောကြောင့် အလွယ်တကူ ဖြုတ်ယူသိမ်းဆည်းနိုင်။ ဆိုဖာတစ်စုံလျှင် သုံးယောက်ထိုင်တစ်ခု၊ နှစ်ယောက်ထိုင်တစ်ခုနှင့် တစ်ယောက်ထိုင်တစ်ခုပါရှိပြီး ရောင်းဈေး သိန်း ၂၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Bubba Fish

ဧည့်ခန်း၊ ရုံးခန်းများတွင် အလှဆင်နိုင်သော Fancy ငါးရုပ်ဖြစ်။ ငါးရုပ်မှ သီချင်းနှစ်ပုဒ်ထွက်ဆိုပြီး သီချင်းသံနှင့်အတူ အမြီးလှုပ်၊ ခေါင်းလှုပ်တတ်သော ငါးရုပ်ဖြစ်။ နံရံကပ်၍သော်လည်းကောင်း၊ ဒေါက်ဖြင့်ထောင်၍သော်လည်းကောင်း အသုံးပြုနိုင်။ ရောင်းဈေး ၁၂,၀၀၀ ကျပ်ဖြစ်ပြီး တရုတ်နိုင်ငံမှ တင်သွင်း။







## အအေးထိန်းရေခဲဘူး

တရုတ်နိုင်ငံက ထုတ်လုပ်သော အအေးထိန်းရေခဲဘူးဖြစ်။ ရေခဲဘူးမှာ အကြည်ရောင်ဖြစ်ပြီး အတွင်း၌ အအေးဓာတ်ကိုထိန်းထားပေးသော အအေးထိန်း ဂျယ်ရီအတုံးများပါရှိ။ အအေးဓာတ်ကို ၂၄ နာရီကြာအောင် ထိန်းသိမ်းထားနိုင်ဟု ဆို။ ရောင်းဈေး ကျပ် ၉၀၀၀၀ ဖြစ်။



## ရေပူ၊ ရေအေးနှစ်မျိုးသုံး ရေသန့်စက်

ရေပူရေနွေးအပြင် ရေအေးကိုပါ အသုံးပြုနိုင်သော ရေသန့်စက်ဖြစ်။ တစ်လီတာ ရေသန့်ဘူးဖြင့် အသုံးပြုနိုင်ပြီး အရွယ်အစားမှာ အသေးဆုံးရေသန့်စက်ဟုဆို။ Adaptor ပါ၍ ကားပေါ်တွင်အသုံးပြုနိုင်။ တရုတ်နိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ကျပ် ၃၅,၀၀၀ ဖြစ်။



## Pesola Swiss Made စပရိန်ချိန်ခွင်

သုတေသနပြုလုပ်သည့်အခါ သေးငယ်သောပစ္စည်းများကို ချိန်တွယ်အသုံးပြုနိုင်သည့် စပရိန်ချိန်ခွင်ဖြစ်။ အရွယ်အစားသုံးမျိုးရှိပြီး 300g ၊ 600g၊ 1000g အလေးချိန်များကို ချိန်တွယ်နိုင်ဟုဆို။ တရုတ်နိုင်ငံမှထုတ်လုပ်ပြီး ရောင်းဈေး ကျပ် ၃၅,၀၀၀ ဖြစ်။

www.foreverspace.com.mm

## Canon ip 1200 Printer




Canon ၏ ဈေးနှုန်းချိုသာသော Bubble Jet Color Printer ဖြစ်။ Maximum Resolution 4800 x 1200 dpi ရှိ။ ပုံနှိပ်ထုတ်လုပ်မှုနှုန်း (Print Speed) မှာ 11 ppm ဖြစ်ပြီး 4"x6" ဓာတ်ပုံများကို Mergin ချန်ရန်မလိုဘဲ ထုတ်ယူနိုင်သည့် Boderless Function ပါဝင် ဟုဆို။ USB 2.0 Interface ဖြင့် Operating System အားလုံးနှင့် တွဲဖက်အသုံးပြုနိုင်။ ရောင်းဈေး ၆၄,၀၀၀ ကျပ် ဟု သိရ။




## SONY (Portable Active)

Speaker System ပါရှိပြီး အသံသွင်းခြင်း၊ MP3 နားဆင်ခြင်းတို့သာမက Mobile Phone ကိုပါ စွယ်စုံအသုံးပြုနိုင်ဟုဆို။ တရုတ်နိုင်ငံမှတင်သွင်းပြီး ရောင်းဈေး ၁၆,၅၀၀ ကျပ်ဖြစ်။



## ညအိပ်မီးအိမ် We Keep Our

အရောင်စုံကို ထိန်းညှိနိုင်သော ညအိပ်မီးအိမ်ဖြစ်။ မီးအိမ်ပုံစံမှာ အရုပ်မျိုးစုံပုံဖော်ထားပြီး မီးအားအနည်းအများကို ချိန်ဆနိုင်ဟုဆို။ မီးအိမ်တွင် ရေမွှေးထည့်သွင်းထား၍ အခန်းအလုံနှင့် Air con ခန်းများတွင် ပန်းပေါင်းစုံရနံ့များထွက်ပေါ်။ တရုတ်နိုင်ငံမှ တင်သွင်းပြီး ရောင်းဈေး ၉,၅၀၀ ကျပ်ဖြစ်။




## Electronic Tasbee (WYT.010)

လုပ်ငန်းအတွင်း အသုံးပြုရန်သာမက ပုတီးစိပ်ရာတွင် အသုံးပြုနိုင်သော အီလက်ထရွန်နစ် တာလီဖြစ်။ တာလီမှတ်ရန်အပြင် နာရီ၊ အပူချိန်နှင့် မှတ်သားထားသော တာလီများကို ပြန်လည်ကြည့်ရှုနိုင်။ တရုတ်နိုင်ငံတွင် ထုတ်လုပ်ပြီး ရောင်းဈေး ၄,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## MSI MP3 Player




MP3, WMA, FM တို့ကို ဖမ်းယူနားဆင်နိုင်ပြီး Voice Recording ပါ ပြုလုပ်နိုင်။ ဘက်ထရီသက်တမ်း ရှစ်နာရီအထိခံပြီး Memory 256 MB ရှိ။ 29.5 (L) x 11(W) mm (96 x 25 pixels) ရှိသော LCD Screen ပါဝင်။ ရောင်းဈေး ၅၈,၀၀၀ ကျပ်ဟုဆို။




## PROLINK Data/Fax Modem

PROLINK အမှတ်တံဆိပ် External Serial Data/Fax Modem ဖြစ်။ V.92 Technology ကို အသုံးပြုထားပြီး Data Transmission နှင့် Receiving ကို 56 Kbps အထိ လက်ခံဆောင်ရွက်နိုင်ဟု သိရ။ ဖုန်းအဝင်ခေါ်ဆိုမှုများအား ခွဲခြားစိစစ်မှတ်သားပေးနိုင်။ RS-232 Interface ကို အသုံးပြုပြီး Windows စနစ် ကွန်ပျူတာများဖြင့် ချိတ်ဆက်၍ အသုံးပြုနိုင်။ ရောင်းဈေး ၂၅,၅၀၀ ကျပ်ဟု သိရ။

## ASUS My Cinema P 7131 PCI Card



TV Tuner အနေနှင့်သာမက Audio/Video Decoder အနေနှင့်ပါ အသုံးပြုနိုင်။ နှစ်သက်ရာ TV အစီအစဉ်နှင့် FM Radio အစီအစဉ်တို့ကို စောင့်ကြည့်ပြီး Record ပြုလုပ်ထားနိုင်။ Analog Audio/Video Tape Player မှ အချက်အလက်များကို Computer အတွင်းသို့ ပြောင်းလဲသိမ်းဆည်းနိုင်။ Power Cinema Software ကိုအသုံးပြုပြီး DVD/VCD နှင့် MP3 Music File များကို ကြည့်ရှုနားဆင်နိုင်ကာ Video နှင့် Picture File များကို မိမိနှစ်သက်သလို တည်းဖြတ်သိမ်းဆည်းထားနိုင်ဟု သိရ။ Video Security Online နည်းပညာအသုံးပြုထားသဖြင့် Web Cam ကို မိမိမြင်လိုသည့်နေရာသို့ ချိန်ထားပြီး တစ်စုံတစ်ခု လှုပ်ရှားပြောင်းလဲသွားသည်နှင့် သတ်မှတ်ထားသော E-mail နှင့် ဖုန်းနံပါတ်သို့ ချိတ်ဆက်သတိပေးနိုင်ဟုဆို။ အိမ်တွင်းဖျော်ဖြေမှုသာမက လုံခြုံမှုအတွက်ပါ အသုံးဝင်။ ရောင်းဈေး 48 US$ ဟု သိရ။



## ASUS P 505 Smart PDA Phone

အိတ်ဆောင်ကွန်ပျူတာငယ်အဖြစ်သာမက Hand Phone အဖြစ်ပါ အသုံးပြုနိုင်။ Bluetooth, Conference, Music, Internet, 1.3 Megapixel Digital Camera, Pocket PC နှင့် Hand Phone အဖြစ် စွယ်စုံအသုံးပြုနိုင်။ MMS Technology ကို အသုံးပြုထားသဖြင့် လက်ရေးဖြင့်ရေးသမျှကို PC အတွင်းသို့ ဖမ်းယူသိမ်းဆည်း Edit ပြုလုပ်နိုင်။ Conference Call ငါးခုအထိ လက်ခံနိုင်ပြီး E-mail, Contacts, Calender, Pocket Excel/Word တို့ကို တစ်ပြိုင်နက်တည်းအသုံးပြုနိုင်။ ထည့်သွင်းသည့်အိတ်၊ Adaptor ၊ Recharger ၊ Battery နှင့် Pan တို့တစ်ပါတည်းရှိပြီး ရောင်းဈေး 650 US $ ဝန်းကျင်ဟု သိရ။

ယခုလ Which & Why ကဏ္ဍတွင် ပါဝင်သောပစ္စည်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို Ever Fine Store၊ ယုဇနပလာဇာရှိ Digital Gift Shop နှင့် UML Fancy Mart ၊ KMD Computer Centre ၊ Technoland Computer Sales and Services နှင့် Golden Power Technology Co., Ltd. တို့မှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm



ဤကဏ္ဍတွင်……
၁၄၄ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အာရှအမီလိုက်ဖြစ်စဉ်
၁၄၈ ကျွန်တော်ပန်းချီကုန်သည်(၄၂)
၁၅၅ စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း(၃၃)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ၂၀၀၆ ခုနှစ် မတ်လ ၁၈ ရက်နေ့က အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံတွင် 'ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အာရှအမီလိုက်ဖြစ်စဉ်' ခေါင်းစဉ်ဖြင့် ဆရာကျော်ဝင်း ဟောပြောခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အယ်ဒီတာ

ပထမဆုံး ကိုယ့်အကြောင်းကို အကျဉ်းလောက်မိတ်ဆက်ပါရစေ။ ဒါကလည်း လိုအပ်မယ်ထင်လို့ပါ။ ကျွန်တော်က စာရေးတဲ့သူပါ။ စာရေးဆရာလို့တောင် မခေါ်ထိုက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဆီမှာ'ရသ' လို့ အပြောများနေတဲ့ ဖန်တီးမှုစာပေမျိုးမရေးတတ်လို့ပါ။ ကျွန်တော်လုပ်နိုင်တာက ကျွန်တော်ဖတ်ရ၊ မှတ်ရသမျှကို နားလည်သလောက် စုစည်းတင်ပြတဲ့သဘောသာရှိပါတယ်။ ဒါကြောင့် အခုပြောမယ့်ဟာကို 'ပညာရှင်စာတမ်း'လို့ သဘောမထားကြဖို့ ကြိုတင်မေတ္တာရပ်ခံချင်ပါတယ်။

# ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အာရှအမီလိုက်ဖြစ်စဉ်

ကျော်ဝင်း

ကျွန်တော့်ထင်မြင်ချက်တွေကို အပိုင်းသုံးပိုင်းခွဲပြောသွားပါမယ်။ ပထမပိုင်းက 'ဂလိုဘယ်လိုက်ဇေးရှင်း' ပါ။ (နောက်ခံကားကြက်ပေးတဲ့သဘောဖြစ်ပါတယ်။) ဒုတိယပိုင်းက 'အာရှအမီလိုက်ဖြစ်စဉ်'။ (ကျွန်တော်တို့အိမ်နီးချင်း အာရှနိုင်ငံတွေရဲ့ဖွံ့ဖြိုးမှုအတွေ့အကြုံတွေ ဖြစ်ပါတယ်။) တတိယပိုင်းကိုတော့ 'ခေတ်ပြိုင်အိုင်ဒီယာအချို့' လို့ ခေါင်းစဉ်ငယ်တပ်ပြီးပြောသွားပါမယ်။ (ဒီနေ့ ရေပန်းစားနေတဲ့အိုင်ဒီယာအချို့ကို မိတ်ဆက်သွားမှာဖြစ်ပါတယ်။) ကျွန်တော်တို့အားလုံး ဝိုင်းဝန်းစဉ်းစားအဖြေရှာနိုင်ကြဖို့ပါ။

ဒီအပိုင်းသုံးခုကိုမစခင်၊ နိဒါန်းသဘော အနည်းအကျဉ်းလောက် ပြောပါရစေ …။

## နိဒါန်း


အားလုံးသိကြတဲ့အတိုင်း လူ့ယဉ်ကျေးမှုသမိုင်းမှာ ကျွန်တော်တို့အာရှက တာထွက်စောခဲ့ပါတယ်။ ဒါပေမဲ့ ကံမကောင်းအကြောင်းမလှစွာဘဲ ရာစုနှစ်တွေနဲ့ချီပြီး ကျွန်တော်တို့ အဆက်ပြတ်ကျန်ရစ်ခဲ့ရပါတယ်။ ဒါ ဘာကြောင့်လဲ။ ပထမ စက်မှုတော်လှန်ရေးရဲ့မွေးရပ်မြေဟာ ဘာကြောင့် အာရှကိုကျော်ပြီး ဥရောပမှာ ဖြစ်ခဲ့ရတာလဲ။ ခေတ်အဆက်ဆက် ပညာရှင်တွေ ပေးခဲ့ကြတဲ့အဖြေတွေထဲက ကျွန်တော် မှတ်မှတ်သားသားစွဲနေတဲ့သုံးချက်လောက်ကို ပြောချင်ပါတယ်။

နံပါတ်တစ်အချက်က ကြားလူတန်းစား (ခုခေတ်စကားနဲ့ဆိုရင် လူလတ်တန်းစား) အားနည်းလို့တဲ့။ ဒါကို ခပ်နက်နက်

www.foreverspace.com.mm

စဉ်းစားကြည့်လိုက်တော့ 'အလုပ်ခွဲခြားလုပ်ကိုင်မှု' (Division of Labour) နဲ့ဆိုင်မယ်ထင်ပါတယ်။ အာရှရဲ့မြေယာ စီးပွားရေးကိုပြန်ကြည့်ရင် စိုက်ပျိုးရေးသမားတွေဟာ ကုန်ထုတ်ကိရိယာတွေကို ကိုယ်တိုင်လုပ်ကြတာများတယ်။ (ဒီအချက်ကို ကျွန်တော်တို့ မြန်မာလယ်သမားတွေမှာ အခုထိတွေ့နိုင်ပါသေးတယ်။ တောကလယ်သမားတိုင်းလိုလိုဟာ လက်သမားအတတ်၊ ပန်းပဲအတတ်တွေကို အထိုက်အသင့်တတ်နေကြတော့ ကိုယ်အသုံးပြုမယ့် ထွန်တွေ၊ ထယ်တွေကို ကိုယ်တိုင်လုပ်ကြတာများတယ်။) ဥရောပမှာတော့ ဒီလိုမဟုတ်ဘူး။ လယ်သမားက စိုက်ပျိုးရေးသက်သက်ပဲလုပ်တယ်။ ကုန်ထုတ်ကိရိယာတွေကို သတ်သတ်ထုတ်လုပ်တဲ့အလွှာသပ်သပ်ရှိတယ်။ သူက မြေရှင်မဟုတ်သလို၊ မြေကျွန်လည်းမဟုတ်ဘူး။ လွတ်လပ်တဲ့ လက်မှုပညာသည် (Free Handicraft) တွေ ဖြစ်ပါတယ်။ ကြားလူတန်းစားပေါ့။ တစ်ချိန်မှာ သူတို့တစ်တွေကပဲ ဘူဇွာလူတန်းစားဖြစ်လာပြီးတော့ ခေတ်သစ်တော်လှန်ရေးတွေကို ဦးဆောင်ဆင်နွှဲလာကြတာပါ။ အာရှမှာတော့ ဒီလူတန်းစားဟာ သန္ဓေတည်ကတည်းက အားနည်းခဲ့တယ်လို့ ပြောနိုင်မယ်ထင်ပါတယ်။

နံပါတ်နှစ်အချက်က အာရှမြေယာစီးပွားရေးဟာ တစ်လျှောက်လုံးလိုလို 'သဘာဝထုတ်လုပ်ရေး' (Natural Production) နယ်ပယ်ထဲမှာ တန့်နေခဲ့တယ်။ ဆိုလိုတာက ဈေးကွက်တင်ရောင်းချဖို့ထက် စားသုံးပစ်ကြတာကများတယ်။ ဥရောပမှာတော့ အလယ်ခေတ်လောက်ကစပြီး 'ရောင်းကုန်ထုတ်လုပ်ရေး' (Commodity Production) စတင်လာခဲ့တယ်။ ဒါကိုလည်း နည်းနည်းနိူက်ကြည့်မယ်ဆိုရင် ပထဝီနဲ့ဆိုင်နိုင်သလို ပထမအချက် ကြားလူတန်းစားအားနည်းတာရဲ့ အကျိုးဆက်လည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သဘာဝထုတ်လုပ်ရေးနယ်ပယ်ထဲမှာ ကာလအကြာကြီး တန့်ခံနေတဲ့အကျိုးဆက်အနေနဲ့ အထီးကျန်အဆက်ပြတ်ကျန်ရစ်တာဟာ အာရှရဲ့အမွေတစ်ခုလိုဖြစ်ခဲ့ရတယ်။



နံပါတ်သုံးအချက်ကတော့ ယဉ်ကျေးမှုနဲ့ဆိုင်ပါတယ်။ အာရှယဉ်ကျေးမှုဆိုတာ အဓိကအနေနဲ့ပြောရရင် တရုတ်ယဉ်ကျေးမှုနဲ့ အိန္ဒိယယဉ်ကျေးမှုပါ။ ဒီနှစ်ခုထဲမှာမှ တရုတ်က လောကီနဲ့ဆိုင်တယ်။ အိန္ဒိယက လောကုတ္တရာနဲ့ ဆက်နွှယ်နေတယ်။ အာရှစီးပွားရေးမှာ လွှမ်းမိုးတွင်ကျယ်ခဲ့တာက တရုတ်ယဉ်ကျေးမှုလို့ ပြောနိုင်ပါတယ်။ ပို တိတိကျကျပြောရရင် ကွန်ဖြူးရှပ်ယဉ်ကျေးမှုပေါ့။ ကွန်ဖြူးရှပ်ယဉ်ကျေးမှုရဲ့ 'ပညာရေးအားပေးတာ' မျိုးကတော့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အားကောင်းချက် ဖြစ်ပါတယ်။ ဒါပေမဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးလေးလံစေတဲ့ အားနည်းချက်တွေလည်း ရှိပါတယ်။ ဥပမာ– ကွန်ဖြူးရှပ်ဟောတဲ့ အစဉ်အလာကို ထိန်းသိမ်းတာ၊ အမိန့်နာခံတတ်တာဟာ တီထွင်ဖန်တီးမှုကိုလည်း မျိုသိပ်ထားရာရောက်တယ်။ ဖောက်ထွက်စဉ်းစားနိုင်

www.foreverspace.com.mm



စွမ်းကို ပိတ်ပင်ရာရောက်တယ်။ နောက်ဖခင်ကြီးဝါဒနဲ့ ဆွေမျိုးစုဆက်ဆံရေး။ အာရှစီးပွားရေးအကျပ်အတည်းကာလ (၁၉၉၇–၉၈) လောက်က အပြောများခဲ့ကြတဲ့ 'သားတူညီများကောင်းစားရေးဝါဒ' (Nepotism)တို့ 'လက်သင့်ရာ စားတော်ခေါ်ဝါဒ' (Cronyism) တို့ကို ကွန်ဖြူးရှပ်ယဉ်ကျေးမှုက မွေးထုတ်တာလို့ ဆိုပါတယ်။ ဒါကြောင့် အိန္ဒိယလူမျိုး နိုဘယ်ဆုရ ဘောဂဗေဒပညာရှင် 'အမတရာဆင်း' က အာရှတန်ဖိုးအစစ်ဟာ ကွန်ဖြူးရှပ်ထက် ဗုဒ္ဓဖြစ်သင့်တယ်လို့ ပြောခဲ့တာဖြစ်ပါလိမ့်မယ်။ ဗုဒ္ဓရဲ့ ဝိဘဇ္ဇဝါဒ (Analytical Way of Thinking) ၊ ခန္တီဝါဒ (Tolerance) (ဆန့်ကျင်ဘက် အယူအဆတွေအပေါ် သည်းခံနိုင်တာလို့ 'ဆင်း' က အဓိပ္ပာယ် ဖွင့်တယ်) နဲ့ ပညာအဓိကဝါဒတွေဟာ ကွန်ဖြူးရှပ်ထက် ခေတ်နဲ့ပိုနီးတယ်လို့ ဆိုပါတယ်။

ဆိုခဲ့ပြီးတဲ့အတိုင်း အာရှဟာ ရာစုနှစ်တွေနဲ့ချီပြီး နောက်ကျခဲ့ရပေမယ့် ကျွန်တော်တို့က ကံကောင်းပါတယ်။ ၂၀ ရာစုရဲ့ ဒုတိယနှစ်ဝက်မှာတစ်ကြိမ်၊ အခု ၂၁ ရာစုအဝင်မှာ နောက်တစ်ကြိမ် 'အာရှရာစု' ဆိုတဲ့ အသံကိုကြားလိုက်ရပါတယ်။ အာရှနိုင်ငံတွေ ဖွံ့ဖြိုးရေးလှေကားပေါ် တက်လာနိုင်ရုံမက အခုဆိုရင် အနောက်ကိုစိန်ခေါ်နိုင်တဲ့အနေအထားကိုပါ ရောက်လာခဲ့ပါပြီ။ ဒါ ဘာကြောင့်လဲ။ တစ်လုံးတည်းဖြေရရင် အမီလိုက်နိုင်ခဲ့လို့ပါ။ ဘာကြောင့် အမီလိုက်နိုင်ခဲ့တာလဲ။ အဆက်မပြတ်လို့ပါ။ ဘာကြောင့် အဆက်မပြတ်တာလဲ။ လူ့အဖွဲ့အစည်းအနေနဲ့ တံခါးဖွင့်နိုင်ခဲ့သလို လူတစ်ဦးချင်းအရလည်း စိတ်ကိုဖွင့်နိုင်ခဲ့လို့ပါ။ ဒီ့ထက် ခပ်နက်နက်တွေးကြည့်လိုက်ရင် ခေတ်အလိုက်ရှိခဲ့တဲ့ သမိုင်းအခွင့်အလမ်းတွေကို ကျကျနန အသုံးချနိုင်ခဲ့လို့ ဖြစ်ပါတယ်။

## ၁။ ဂလိုဘယ်လိုက်ဇေးရှင်း

သမိုင်းကိုပြန်ကြည့်လိုက်ရင် စိန်ခေါ်ချက်တွေရှိသလို အခွင့်အလမ်းတွေလည်းရှိပါတယ်။ 'စိန်ခေါ်ချက်+အခွင့်အလမ်း= ဂလိုဘယ်လိုက်ဇေးရှင်း' ဆိုတဲ့ ညီမျှခြင်းလေးတစ်ခုဖတ်ဖူးတယ်။ အတော်အဓိပ္ပာယ်သွားမယ် ထင်ပါတယ်။ ထားပါတော့။ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ပတ်သက်လို့ ရေးကြပြောကြတာတွေများပါပြီ။ ဒါတွေပြောနေရင် သိပ်အချိန်ကြာသွားမယ်။ ဒီတော့ ကျွန်တော် နောက်ဆုံးဖတ်ရတဲ့စာအုပ်ထဲကပဲ ထုတ်နုတ်ပြောသွားပါမယ်။ ဒါကတော့ နယူးယော့တိုင်းမ်ဂျာနယ်လစ် 'သောမတ်ဖရိုင်းမင်း' ရဲ့ 'ကမ္ဘာပြားပြီ' (The World Is Flat) စာအုပ်ထဲကပါ။ သူက ဂလိုဘယ်လိုက်ဇေးရှင်းကို ခေတ်သုံးခေတ် ခွဲပြပါတယ်။

ကိုလံဘတ်–အမေရိကတိုက်ကို ရှာတွေ့ခဲ့တဲ့ ၁၄၉၂ ကနေ ၁၈၀၀ ပြည့်နှစ်ကို ဂလိုဘယ်လိုက်ဇေးရှင်းပထမခေတ်လို့ သတ်မှတ်တယ်။ သူ့ရဲ့ တက္ကနိုလိုဂျီတွန်းအားက ပထမစက်မှုတော်လှန်ရေးလို့ ပြောနိုင်ပါတယ်။ ရေနွေးငွေ့အင်ဂျင်ကစပြီး နောက် အတွင်းပေါက်အင်ဂျင်ထိ ရောက်လာတယ်။ အရေးကြီးတဲ့တီထွင်မှုကတော့ မီးရထားနဲ့ မီးသင်္ဘော။ သူ့ရဲ့ အကျိုးဆက်အနေနဲ့ ကမ္ဘာ့တိုက်ကြီးတွေ တစ်ခုနဲ့တစ်ခု ဆက်သွယ်ရေးလမ်းကြောင်းတွေ ပွင့်သွားတယ်။ ကမ္ဘာကြီးဟာ အကြီးစားကနေ အလတ်စားဖြစ်အောင် ကျုံ့သွားတယ်။ စီးပွားရေးဘက်ကပြောရင် မြေယာစီးပွားရေးကနေ စက်မှုစီးပွားရေး လှည့်ပြောင်းရတဲ့ကာလပါ။ စက်မှုနိုင်ငံထူထောင်ရေးဟာ နိုင်ငံအားလုံးရဲ့ စိန်ခေါ်ချက်လို့ ပြောနိုင်ပါတယ်။ နိုင်ငံရေးဘက်ကပြောမယ်ဆိုရင်တော့ ကိုလိုနီနယ်ချဲ့စနစ်တွေရဲ့ ကနဦးကာလလို့ ဆိုနိုင်ပါလိမ့်မယ်။ ဒီကာလရဲ့ အဓိကဇာတ်ကောင်ကတော့ နိုင်ငံအစိုးရတွေဖြစ်ပါတယ်။

ထုံးစံအတိုင်း ဒီကာလမှာ စိန်ခေါ်ချက်တွေ၊ အန္တရာယ်တွေရှိသလို အခွင့်အလမ်းတွေလည်းရှိသင့်သလောက် ရှိခဲ့ပါတယ်။ အဓိကအန္တရာယ်ကတော့ အမျိုးသားအချုပ်အခြာအာဏာဆုံးရှုံးနိုင်တဲ့ အန္တရာယ်ပါ။ ဒီ ကိုလိုနီနယ်ချဲ့စနစ်ရဲ့ ရည်ရွယ်ချက်ထဲမှာကိုပဲ သုံးတတ်ရင်၊ အသုံးချနိုင်ရင် အခွင့်အလမ်းတချို့ ပူးဝင်နေပါတယ်။ ကိုလိုနီစနစ်ရဲ့ရည်ရွယ်ချက်က ကုန်ချောကိုဈေးတင်ရောင်းဖို့၊ ကုန်ကြမ်းနဲ့လုပ်အားကို ဈေးနှိမ်ဝယ်ဖို့၊ ပိုလျှံနေတဲ့အရင်းကိုတင်ပို့ဖို့ ဆိုသမို့လား။ ဘာပဲဖြစ်ဖြစ် ခေတ်သစ်စီးပွားရေးဘဝနဲ့ ထိတွေ့ခွင့်ရတာဟာ အန္တရာယ်ထဲက အခွင့်အလမ်းလို့ ဆိုနိုင်တာပေါ့။ နောက်ပြီး ကိုလိုနီနယ်ချဲ့နိုင်ငံကြီးတွေ ကြားကပဋိပက္ခကို အသုံးချအခွင့်ကောင်းယူနိုင်ရင်လည်း အကျိုးများနိုင်စရာရှိပါတယ်။ အာရှက ဂျပန်ဟာ ဒီအခွင့်အလမ်းကို ဆုပ်ကိုင်နိုင်ခဲ့လို့ ပထမဆုံးဖွံ့ဖြိုးရေး လှေ

**အားလုံးသိကြတဲ့အတိုင်း လူ့ယဉ်ကျေးမှုသမိုင်းမှာ ကျွန်တော်တို့အာရှက တာထွက်စေခဲ့ပါတယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းမလှစွာဘဲ ရာစုနှစ်တွေနဲ့ချီပြီး ကျွန်တော်တို့ အဆက်ပြတ်ကျန်ရစ်ခဲ့ရပါတယ်။ ဒါ ဘာကြောင့်လဲ။ ပထမစက်မှုတော်လှန်ရေးရဲ့ မွေးရပ်မြေဟာ ဘာကြောင့် အာရှကိုကျော်ပြီး ဥရောပမှာ ဖြစ်ခဲ့ရတာလဲ။ ခေတ်အဆက်ဆက် ပညာရှင်တွေ ပေးခဲ့ကြတဲ့အဖြေတွေထဲက ကျွန်တော် မှတ်မှတ်သားသား စွဲနေတဲ့သုံးချက်လောက်ကို ပြောချင်ပါတယ်။**

www.foreverspace.com.mm



ကားပေါ်တက်နိုင်ခဲ့တာပါ။ (ဒါကို ဒုတိယ ပိုင်းမှာ ဆက်ပါမယ်။)

ဂလိုဘယ်လိုက်ဇေးရှင်း ဒုတိယ ခေတ်ကိုတော့ ၁၈၀၀ ပြည့်ကနေ ၂၀၀၀ ပြည့်နှစ်ထိလို့ ယေဘုယျသတ်မှတ်ပါတယ်။ သူ့ရဲ့ တက္ကနိုလိုဂျီတွန်းအားကတော့ ဒုတိယ စက်မှုတော်လှန်ရေးလို့ သတ်မှတ်ကြတဲ့ လျှပ်စစ်ဓာတ်အား ဖြစ်ပါတယ်။ အဓိက ကျတဲ့ တီထွင်မှုတွေကတော့ တယ်လီဖုန်းနဲ့ မော်တော်ကားပါ။ ဒါရဲ့အကျိုးဆက် အနေနဲ့ ကမ္ဘာကြီး ပိုကျဉ်းကျုံ့လာပြီး အလတ်စားကနေ အငယ်စားဖြစ်သွားပါတယ်။ စီးပွားရေးဘက်က ပြောရရင် ထုတ်လုပ်ရေးကဏ္ဍကနေ ဝန်ဆောင်မှု ကဏ္ဍလှည့်ပြောင်းတဲ့အချိန်လို့ ယေဘုယျ ဆိုနိုင်စရာရှိပါတယ်။ နိုင်ငံရေးဘက်က ဆိုရင်တော့ ကမ္ဘာစစ်ကြီးတွေနဲ့ စစ်အေးခေတ်လို့ ပြောနိုင်ပါတယ်။ နိုင်ငံရေးဘက်မှာသာ နိုင်ငံအစိုးရတွေက ဦးဆောင်ခဲ့ပေမယ့် စီးပွားရေးမှာတော့ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေက အဓိကဦးဆောင်ခဲ့ကြပါတယ်။

ဒီကာလမှာပဲ အန္တရာယ်တွေနဲ့ အပြိုင် အခွင့်အလမ်းတွေ ရှိခဲ့တာပါပဲ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဝန်ဆောင်မှုစီးပွားရေးဘက် လှည့်ပြောင်းလာတော့ ထုတ်လုပ်ရေးကဏ္ဍအချို့ ဖွံ့ဖြိုးမှုတစ်ဆင့်နိမ့်တဲ့နိုင်ငံတွေဘက် ရွှေ့လာတာရှိတယ်။ ဒါကိုအသုံးချနိုင်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအချို့ ဖွံ့ဖြိုးရေးလှေကားပေါ် ရောက်လာနိုင်ခဲ့ပါတယ်။ ဥပမာပြောရရင် အာရှကျားတွေပေါ့။ (ဒါကိုလည်း ဒုတိယပိုင်းမှာ ဆက်ပြောပါ့မယ်။) နောက် ကမ္ဘာစစ်ကြီးကို အခွင့်အလမ်းအနေနဲ့ အသုံးချနိုင်ခဲ့တဲ့ နိုင်ငံလည်းရှိတယ်။ (ဥပမာ–အမေရိကန်) စစ်အေးခေတ်ရဲ့ ပဋိပက္ခတွေကို အခွင့်အလမ်းအနေနဲ့ အသုံးချနိုင်ခဲ့တဲ့နိုင်ငံတွေလည်းရှိတယ်။ (ဥပမာ–ဂျပန်နဲ့ အာရှကျားတွေ)

ဂလိုဘယ်လိုက်ဇေးရှင်းတတိယခေတ်ကို ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က စတယ်လို့ဆိုပါတယ်။ တတိယ စက်မှုတော်လှန်ရေးလို့လည်း ခေါ်ကြတဲ့ အိုင်တီတော်လှန်ရေးဟာ အဓိက တက္ကနိုလိုဂျီတွန်းအားဖြစ်ပါတယ်။ အရေးကြီးတဲ့ တီထွင်မှုတွေကတော့ ကွန်ပျူတာ၊ အင်တာနက်နဲ့ ဖိုက်ဘာအော့ပ်တစ်ကေဘယ်လ်လိုင်းတွေလို့ သတ်မှတ်ကြတယ်။ ဒါတွေရဲ့အာနိသင်ကြောင့် ကမ္ဘာကြီးပြားလာပြီလို့ဆိုပါတယ်။ ဆိုလိုတာက နိုင်ငံတော်တော်များများအတွက် တန်းတူရည်တူကစားနိုင်တဲ့ မြေညီကွင်းဖြစ်လာပြီလို့ ပြောတာပါ။ အနောက်နိုင်ငံတွေရဲ့ အစဉ်အလာဦးဆောင်မှုကို ကျန်တဲ့ကမ္ဘာ့နိုင်ငံတွေ (အထူးသဖြင့် အာရှ)က စိန်ခေါ်တော့မယ်လို့ ပြောကြပါတယ်။ ကမ္ဘာကြီးဟာ အသေးစားကနေ ပိစိကွေးလေးထိ ကျုံ့လာပြီလို့ သတ်မှတ်ကြပါတယ်။ ဒီကာလမှာ အဓိကဦးဆောင်ပုံဖော်ရမယ့်သူဟာ အစိုးရတွေမဟုတ်တော့သလို၊ ကော်ပိုရေးရှင်းကြီးတွေလည်း မဟုတ်တော့ပါဘူး။ လူပုဂ္ဂိုလ်တစ်ဦးချင်းဖြစ်လာပြီလို့ သဘောယူလာကြပါတယ်။

စီးပွားရေးဘက်ကပြောရင် ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဝန်ဆောင်မှုစီးပွားရေးကနေ တီထွင်မှုစီးပွားရေး (Imnovative Economy) ဆီ ဦးတည်လှည့်ပြောင်းလာချိန်ဖြစ်ပါတယ်။ ဒါနဲ့အမျှ ဝန်ဆောင်မှုကဏ္ဍက လုပ်ငန်းတချို့ဖွံ့ဖြိုးဆဲနိုင်ငံတွေကို လက်ခွဲလုပ်လာကြပါတယ်။ ဒီဖြစ်စဉ်တွေကို Outsourcing တို့၊ Offshoring တို့ဆိုတဲ့ဝေါဟာရတွေနဲ့ သရုပ်ဖော်ကြပါတယ်။ ဒီ Outsourcing (အပြင်ထွက်ရင်းမြစ်ရှာခြင်း) နဲ့ Offshoring (ကမ်းလွန်ရင်းမြစ်ရှာခြင်း) ကိုယ်တိုင်ကပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အခွင့်အလမ်းလို့ သတ်မှတ်ကြပါတယ်။ အိန္ဒိယနဲ့တရုတ်ဟာ ဒီအခွင့်အလမ်းကိုဆုပ်ကိုင်မိလို့ ရှေ့ရောက်လာတာပါ။ (ဒါကိုလည်း ဒုတိယပိုင်းမှာ ဆက်ပြောပါ့မယ်) နိုင်ငံရေးဘက်



ကဆိုရင်တော့ ဒီကာလဟာ စစ်အေးလွန်ခေတ်ဖြစ်ပါတယ်။ အိုင်ဒီအိုလိုဂျီရန်ဖြစ်တာတွေ မလိုတော့တာမို့ စီးပွားရေးကို သတ်သတ်မှတ်မှတ်ဦးတည်နိုင်တာဟာ အခွင့်အလမ်းဖြစ်ပါတယ်။ အိုင်ဒီအိုလိုဂျီအစွဲမကျွတ်ရင်တော့ အခွင့်အလမ်းကို ဆုပ်မိဖို့နေနေသာသာ မြင်ဖို့တောင်လွယ်မယ်မထင်ပါဘူး။

ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ပတ်သက်လို့ ခုလိုလေ့ရှည်နေမိတာ အကြောင်းရှိလို့ပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွေ အလိုက် အခါအားလျော်စွာ ပေါ်ထွက်တတ်တဲ့ အခွင့်အလမ်းတွေကို ဆဝါးမိဖို့ ဖြစ်ပါတယ်။ ဒီအခွင့်အလမ်းတွေကို ၁။ မြင်နိုင်ရင်၊ ၂။ ဆုပ်ကိုင်ဖို့ ကိုယ့်ဘက်က ပြင်ဆင်မှုရှိရင်၊ ၃။ လက်တွေ့ဆုပ်ကိုင်နိုင်ရင်၊ နောက်ဆုံးပိုင်းက နိုင်ငံဖြစ်ဦးတော့ ရှေ့ဆုံးကိုခုန်တက်လာနိုင်စရာရှိပါတယ်။ ဒီသဘောကို အာရှအမီလိုက်ဖြစ်စဉ်က သာဓကဆောင်သလိုရှိနေတယ်လို့ထင်ပါတယ်။

**ကျော်ဝင်း**

(ရှေ့လဆက်ပါမည်)

■

www.foreverspace.com.mm



(ယခင်လမှအဆက်)



# ကျွန်တော် ပန်းချီကုန်သည်

( ၄၂ )

ဦးလှဝင်း (လေသူရဲတစ်ဦး)

**ပန်းချီလှူမင်း ... (၄)**

"အံ့သြစရာပဲ"

"ဟုတ်တယ်။ နိုက်ကလပ်မှာ မြင်ရတဲ့အရောင်တွေဟာ သာမန်ပျော်ဖို့လာတဲ့လူတွေအတွက် မထူးဆန်းပေမယ့် ကျွန်တော့်လို ပန်းချီဆရာတစ်ယောက်အတွက် သိပ်ထူးဆန်းနေတယ်။ တွေးစရာ...ရေးစရာတွေ ဖြစ်နေတယ်။ နိုက်ကလပ်က ဧည့်ကြိုကောင်မလေးတွေက သူတို့လက်မောင်းမှာ... ရင်ညွန့်မှာ အသည်းပုံ... မြားပုံ... ဆေးမင်ကြောင်ရုပ်တွေ ထိုးထားတယ်။ ဒီဆေးမင်ကြောင်ရုပ်တွေကလည်း အမှောင်ထဲမှာ လင်းနေတယ်။ အရက်ဖန်ခွက်တွေလည်း ဒီလိုပဲ။ အမှောင်ထဲမှာ လှုပ်ရှားနေတယ်။ ဟိုပြေးဒီပြေး ဖြစ်နေတယ်။ ဘယ်လောက်တောင် ဒီအရောင်တွေကို ကျွန်တော် စိတ်ဝင်စားသလဲဆိုရင် ညတစ်ချက်တီးလောက်ကျတော့ ကိုပါနှင့် တယ်ရီတို့အဖွဲ့က ပြန်ကြပြီ။ ကျွန်တော်က မပြန်နိုင်သေးဘူး။ မိုးလင်းခါနီး... နိုက်ကလပ်ပိတ်တဲ့အချိန်အထိ အမှောင်ထဲက ဒီအရောင်တွေကို စောင့်ကြည့်နေခဲ့တယ်။ ဒါကြောင့်လည်း နိုက်ကလပ်က ပြန်လာခဲ့တဲ့အခါကျတော့ အမှောင်ထဲက ဒီအရောင်တွေ ... ဒီမြင်ကွင်းတွေဟာ ကျွန်တော့်မျက်စိက ပြန်ထုတ်လို့မရအောင် စွဲနေခဲ့ရောဆိုပါတော့...။ အဲဒီနေ့ကစပြီး ဒီနေ့ ကျွန်တော့်ရဲ့ ပန်းချီရေးနည်းရေးဟန်သစ်ကို ပြောင်းရေးခဲ့မိတယ်ဆိုပါတော့"

"အဲဒီပန်းချီကားသစ်တွေကို ကျွန်တော့်ပြတိုက်မှာ ပြခဲ့ဖူးသေးလား"

"သိပ်မပြလိုက်ရဘူး။ အချိန်က ၅ နှစ်စေ့သွားပြီလေ။ ကျွန်တော့်ပန်းချီကားတွေက သိပ်မရောင်းခဲ့ရတဲ့အတွက် ဦးလှဝင်းက ကျွန်တော့်ကို ခေတ္တနားခိုင်းလိုက်တယ်။ ဦးလှဝင်းပြခန်းက အလုပ်ထွက်လာပြီးမှ အမည်းရောင်ပိုများတဲ့ပန်းချီကားတွေကို ကျွန်တော်ဆက်ရေးတယ်"

"ကျွန်တော်သာဆိုရင် ကြိုက်မယ်မထင်ဘူး"

"မကြိုက်မှာသေချာတယ်။ အမည်းသိမ်မများလှတဲ့ပန်းချီကားတွေကိုတောင် ဦးလှဝင်း ရောင်းပေးလို့မှ မရခဲ့ပဲ။ ကျွန်တော့်ကုသိုလ်ကံလို့ပဲဆိုပါတော့။ ကျွန်တော် အနားယူတော့မယ့်အချိန်မှာ ဦးလှဝင်း သားကိုပါက 'ကိုလှူမင်း...ခင်ဗျား ကျွန်တော်တို့ပြတိုက်က ထွက်သွားပြီးတဲ့အချိန်ရောက်ရင် စားဝတ်နေရေး ခက်နေဦးမယ်' ဆိုပြီး လခ သုံးလစာ အပိုပေးလိုက်သေးတယ်။ အဲဒီလို ပေးလိုက်လို့လည်း နောက်သုံးလ အေးအေးဆေးဆေး ကျွန်တော် ပန်းချီဆက်ရေးနိုင်ခဲ့တာပေါ့။ ပိုပြီးကံကောင်းချင်တာက အဲဒီသုံးလအတွင်းရေးထားတဲ့ ပန်းချီကားကို အဲဒီနှစ်...၂၀၀၄ ခုနှစ် ဟောင်ကောင်မှာကျင်းပတဲ့ အာရှပန်းချီပြိုင်ပွဲကို ကျွန်တော် ပို့လိုက်တယ်။ ဆုရပန်းချီဆရာအဖြစ် ကျွန်တော်အရွေးခံရတယ်။ ဆုရပန်းချီကားတွေကို လေလံပစ်တော့ ၆ ထောင် ရလိုက်တယ်"

"ဘာငွေလဲ"

"အမေရိကန်ဒေါ်လာ"

"ဈေးအမြင့်ကြီးရလိုက်တာပဲ..."

"ဟုတ်တယ်။ ဟောင်ကောင်ပန်းချီပြိုင်ပွဲမှာ ဆုရလိုက်တဲ့အတွက် တခြားရလိုက်တဲ့အမြတ်တစ်ခုက ပန်းချီကို မြတ်နိုးပြီး ငွေလိုက်နိုင်တဲ့ မြန်မာတွေ ... ဥပမာ– ခု ကျွန်တော့်ပြပွဲကို တာဝန်ယူကျင်းပပေးတဲ့ ကိုသက်စိုးတို့လို ပုဂ္ဂိုလ်တွေ ကျွန်တော့်ပန်းချီကို စိတ်ဝင်စားလာတယ်။ အိမ်အထိလာကြည့်တယ်။ ဝယ်တယ်။ အဲ...ကိုသက်စိုးထက်စောပြီး ကျွန်တော့်ပန်းချီကို စိတ်ဝင်စားတဲ့... အားပေးတဲ့ ... ဝယ်တဲ့ ပုဂ္ဂိုလ်

www.foreverspace.com.mm





တစ်ဦး ရှိသေးတယ်”

“ဘယ်သူလဲ”

“မပွင့်ဖြူ ... ပွင့်ဖြူတင်ထွတ်ဆိုတာ...”

“ကျွန်တော်တို့ မိုးကုတ်က ထင်တယ်။ ကိုတင်ထွတ် သမီး ထင်တယ်၊ ပိုက်ဆံချမ်းသာတယ်လေ”

“ဟုတ်တယ်။ မနောမယရတနာ ရတနာရောင်းဝယ်ရေးပိုင်ရှင်...။ မပွင့်ဖြူက ကျွန်တော့်ပန်းချီကားတွေကို ဘယ်လိုစိတ်ဝင်စားခဲ့သလဲဆိုရင် တစ်ခါတုန်းက ကျွန်တော်တို့ ထားဝယ်မြို့သား နိုင်ငံခြားရေးဝန်ကြီးက တာဝန်ယူပြီး အမျိုးသားပြတိုက်မှာ ပန်းချီပြပွဲတစ်ခု ကျင်းပပေးတယ်။ ထားဝယ်ရိုးရာတွေကို ပန်းချီဆွဲပြီး ပြရမယ့်ပြပွဲ။ ကျွန်တော်က ငယ်ငယ်ကတည်းက ရင်းနှီးနေတဲ့ အငြိမ့်မင်းသမီးတစ်ဦးရဲ့ပုံကိုရေးပြီး ပြပွဲပို့လိုက်တယ်”

“မျက်နှာမည်းမည်းကြီးပုံပေါ့...”

“ဟုတ်တယ်။ နိုင်ငံခြားရေးဝန်ကြီး ဦးစီးကျင်းပတဲ့ပွဲဆိုတော့ နိုင်ငံခြားသံရုံးကလူတွေလည်း လာကြတာပေါ့။ ပြင်သစ်သံရုံးကပုဂ္ဂိုလ်တွေက ကျွန်တော့် ပန်းချီကားကို သိပ်စိတ်ဝင်စားကြတယ်။ မပွင့်ဖြူတင်ထွတ်ကလည်း အဲဒီပြပွဲမှာ ကျွန်တော့်ပန်းချီကားကိုကြိုက်ပြီး ဝယ်လိုက်တယ်။ မပွင့်ဖြူက အသက်ကြီးသေးတာမဟုတ်ဘူး၊ ငယ်ငယ်လေး။ သူ မဝယ်ခင် သူ့ကို ကျွန်တော်က မေးလိုက်သေးတယ်၊ ဒီပန်းချီကားရဲ့အလှကို ခင်ဗျားမြင်လားလို့။ သူက မြင်တယ်တဲ့။ ကျွန်တော်က မျက်နှာကို အမည်းကြီးသုတ်ထားတော့ ခင်ဗျားတို့အိမ်မှာ ချိတ်ထားရင် လူကြီးတွေမကြိုက်မှာစိုးလို့ မေးတာပါလို့ ပြောလိုက်တယ်။ မပွင့်ဖြူက ပြုံးပြီး စျေးကောင်းပေးဝယ်သွားတယ်။ မပွင့်ဖြူဟာ မြန်မာထဲမှာ ပထမဆုံး ကျွန်တော့်ပန်းချီကားကို အားပေးခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ မပွင့်ဖြူနှင့်ဆက်ပြီး ဦးလှဝင်းရဲ့မိတ်ဆွေ မမိုးမိုးတို့... မပိုးဖြူတို့ ရောက်လာကြပြန်တယ်၊ ဝယ်ကြပြန်တယ်”

ယနေ့ ပန်းချီလူမင်းလက်ရာ



ရယ်ရပါသည်။

မိုးမိုးနှင့် ပိုးဖြူတို့မှာ ကျွန်တော့်မိတ်ဆွေကြီး မိုးကုတ်မြို့သား ဦးညီညီ၏ သမီးများဖြစ်၏။ ဦးညီညီအကြောင်းကို ကျွန်တော့်ဝတ္ထု ဆောင်းပါးများတွင် မကြာခဏရေးခဲ့ဖူးပါသည်။ မိုးမိုးနှင့် ပိုးဖြူမှာလည်း ကျွန်တော့်ပန်းချီပြခန်းသို့ မကြာခဏ ရောက်ခဲ့ကြဖူးပါသည်။ ကိုလူမင်း၏ ပန်းချီကားများကို ကျွန်တော့် ပြတိုက်တွင် ပြသထားစဉ်က မဝယ်...။ ထွက်သွားပြီးမှ ဝယ်ကြတယ်တဲ့။ သူတို့လည်း မောင်သက်စိုး၏ ရင်းနှီးသော မိတ်ဆွေများဖြစ်၏။

ကံ ... ကံ ...

ကိုလူမင်းကံကောင်းပြီး ကျွန်တော်ကံမကောင်းပါ။

“အဲဒီ... ကျွန်တော့်ကို အားပေးကြတဲ့ မပွင့်ဖြူ ... ကိုသက်စိုး ... မမိုးမိုး ... မပိုးဖြူတို့အထဲမှာ အဓိကအားပေးတာကတော့ ကိုသက်စိုးပေါ့။ ကျွန်တော်တစ်နှစ်ပတ်လုံး ပန်းချီရေးဖြစ်အောင် သူပဲ ကူညီခဲ့တယ်။ ဆေးလိုရင် ဆေးပေးတယ်။ ကင်းဗတ်လိုရင် ကင်းဗတ်ပေးတယ်။ စုတ်တံလိုရင် စုတ်တံပေးတယ်။ ပန်းချီ

www.foreverspace.com.mm



ကားတွေ တစ်နှစ်လောက်ရေးပြီးတဲ့အခါကျတော့လည်း ဒီပန်းချီကားတွေအားလုံး စုပေါင်းပြီး ခု ဆာကူရာတာဝါမှာ ပြုလုပ်တဲ့ပန်းချီပြပွဲကို သူပဲ ပိုက်ဆံအကုန်ခံပြီး ပြုလုပ်ပေးတယ်။ နောက် … ပန်းချီကားရောင်းရသမျှငွေ အကုန်လုံးကိုလည်း ကျွန်တော့်ကို ပေးတယ်။

"ပြပွဲကျင်းပစရိတ်နဲ့ ကော်မရှင်သူ မနုတ်ဘူးလား"

"တစ်ပြားမှမနုတ်ဘူး။ အဲဒီပြပွဲမှာ ပန်းချီကားရောင်းရတဲ့ငွေစုစုပေါင်းက အမေရိကန်ဒေါ်လာနှစ်သောင်းဖိုးလောက်ရှိတယ်။ ထုံးစံကတော့ ငွေစိုက်ထုတ်ပြီး ပြပွဲကျင်းပပေးတဲ့ ငွေရှင်က ရောင်းရငွေရဲ့ ၅၀ ရာခိုင်နှုန်းကို ယူလေ့ထုံးစံရှိတယ်။ ယူပါလို့ပြောတယ်။ သူက ငြင်းတယ်။ ခင်ဗျားရဲ့အနုပညာကို ဆက်ပြီး အောင်မြင်စေချင်လို့ အားပေးချင်လို့ ဒီပြပွဲကို ငွေစိုက်ထုတ်ပေးခဲ့တာ၊ ကျွန်တော် ငွေရချင်လို့မဟုတ်ဘူး၊ ကိုလူမင်း ဒီနေ့ထက် အောင်မြင်အောင် ဆက်ကြိုးစားပေတော့ တဲ့…"

မောင်သက်စိုးကဲ့သို့ ပုဂ္ဂိုလ်မျိုးမှာ အလွန်ရှားပါသည်။ ကျွန်တော်ကြုံတွေ့ခဲ့ဖူးသောပန်းချီကုန်သည်ဘဝတွင် ဤသို့ ပညာသည်တစ်ဦးကို ငွေပံ့ပေးပြီး အားပေးခဲ့သူမှာ သူတစ်ယောက်သာ မြင်ဖူးပါသည်။ ကျွန်တော့်တွင် ဤသတ္တိမျိုး… ဤသဒ္ဒါတရားမျိုး အလွန်ရှိချင်ပါသည်။ ယနေ့ထိ လုံးဝမမွေးနိုင်သေးပါ။

လောဘသားဘဝ၌သာ ကျန်နေပါသည်။

ဆာကူရာတာဝါ၌ နေ့စဉ်ပြခန်းငှားပေးရန်စရိတ်…

ညှော့်ခံကျွေးမွေးခန်း…

ကြော်ငြာနှင့် ဖိတ်စာရိုက်ရသည့်စရိတ်…

ပန်းချီကားဘောင်လုပ်ရသည့်စရိတ် …

နောက် … အခြားအထွေထွေစရိတ်အမျိုးမျိုးလည်း ကျန်ပါသေးသည်။



ပန်းချီပြပွဲကြီးတစ်ခု ကျင်းပရသည့်စရိတ် ဘယ်မျှကြီးလှသည်ကို ကျွန်တော် အသိဆုံးဖြစ်၏။

"တကယ်တော့ ဒီပြပွဲတစ်ခုလုံးမှာ ကျွန်တော်အားစိုက်ရတာဆိုလို့ ပန်းချီရေးပေးရတာတစ်ခုပဲ ရှိတယ်။ ကိုသက်စိုးက ကျွန်တော် ပန်းချီရေးဖြစ်အောင်သာ အားပေးခဲ့တာ မဟုတ်ဘူး။ ကျွန်တော့်ပန်းချီကားတွေ ရောင်းရအောင်လည်း ကြိုးစားပေးသေးတယ်။ ငွေကြေးတတ်နိုင်တဲ့သူ့အသိုင်းအဝိုင်းက လူတွေကို ကျွန်တော့် ပန်းချီကားကိုဝယ်ဖို့ စည်းရုံးပေးတယ်။ ဦးမိုက်ကယ်မိုးမြင့်က ကျွန်တော့်ပန်းချီကားတစ်ချပ်ကို ဒေါ်လာ ၆၅၀၀ (ခြောက်ထောင့်ငါးရာ) နဲ့ ဝယ်သွားတယ်။ ဦးမိုက်မိုးမြင့်က ကိုသက်စိုး မိတ်ဆွေ …ကိုသက်စိုးမျက်နှာနှင့် ကျွန်တော့်ပန်းချီကားကို အားပေးသွားတာပဲ"

ကျွန်တော် ဦးမိုက်ကယ်မိုးမြင့်ကို မသိပါ။ သူ့ဇနီး ပန်းချီဆရာမ ဒေါ်ဉမ္မာကိုတော့ သိပါသည်။ မန္တလေးမှ ကျွန်တော့် မိတ်ဆွေကြီး ပန်းချီစိန်မြင့်နှင့် ပန်းချီပြပွဲတစ်ခုလုပ်ခဲ့ဖူးသည်ကို ကျွန်တော် မှတ်မိနေသေး၏။

"ပန်းချီဉမ္မာရော ခင်ဗျား ပန်းချီကားတွေကို အားမပေးဘူးလား"

"ပေးပါတယ်။ ပြပွဲမလုပ်တဲ့အချိန်မှာလည်း ကျွန်တော့်ပန်းချီကားတွေကို မကြာခဏလာကြည့်တယ်။ ကျွန်တော့် ပန်းချီပြပွဲရဲ့ ကတ်တလောက်ကို လုပ်ရတာ ပန်းချီဓာတ်ပုံကြီးကြီးတွေ သုံးထားတော့ ငွေအားကြီးကုန်တယ်။ ငွေ ၆ သိန်းလောက်ကုန်တယ်။ ဒီကတ်တလောက်ကိုလည်း ဒေါ်ဉမ္မာ အကူအညီပေးခဲ့တာ။ ကျွန်တော့်ကို လက်ဆောင်ပေးသွားခဲ့တာ။ ကိုလူမင်း ဆက်ကြိုးစား…၊ ကိုလူမင်း ပိုပြီးဆက်ကြိုးစားနိုင်အောင်လို့ ကျွန်မ အကူအညီပေးခဲ့တာပါလို့ ပြောတယ်။ ခုလို ငွေကြေးတတ်နိုင်သူတွေက ကျွန်တော့် ပန်းချီပြပွဲအပေါ်မှာ စိတ်ဝင်စားပြီး လက်တွေ့လည်း အားပေးကြတော့ ကျွန်တော် သိပ်ကံကောင်းတာပေါ့။ သူတို့တွေရဲ့ အကူအညီသာမပါရင် ကျွန်တော့်ပန်းချီကားတွေဟာ ပြည်သူလူထုထဲကို ခုလို ထိုးဖောက်ခွင့်ရနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် အားလုံးကို သိပ်ကျေးဇူးတင်တယ်။ ကိုယ့်ကျေးဇူးရှင်တွေပဲလို့ ရင်ထဲမှာ သတ်မှတ်ထားတယ်"

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**

www.foreverspace.com.mm



(ယခင်လမှအဆက်)

# စီးပွားရေးလုပ်ငန်းသုံး ၃၆ ပါး စစ်ဗျူဟာကျမ်း

( ၃၃ )

လူထုစိန်ဝင်း




## နှစ်ဖက်ချွန်ပရိယာယ်
## Double Agent Ploy

ရန်သူက ထောင်ချောက်ဆင်ရင် သူ့ထောင်ချောက်ထဲမှာ ထောင်ချောက်ထပ်ဆင်ပြီး အခြေအနေရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် ဖန်တီးခြင်းဖြစ်တယ်။ ရန်သူ့ဘက်သားကို ကိုယ့်ဘက်သားဖြစ်အောင် လုပ်နိုင်သူဟာ ဘယ်တော့မှ စစ်မရှုံးဘူးလို့ ယိကျင်းရဲ့စစ်ကျမ်းမှာ အဆိုရှိတယ်။

## နောက်ခံသမိုင်းကြောင်း

သုံးပြည်ထောင်ခေတ်က ကော့ကောင်းက ရန်သူ ကျိူ့ယွီဘက်သွားပြီး သူလျှိုလုပ်ထောက်လှမ်းဖို့ ကျန်းကန်ကိုစေလွှတ်လိုက်တယ်။ ကျိူ့ယွီက လိမ္မာပါးနပ်စွာနဲ့ ကျန်းကန်ကို အသုံးချနိုင်ခဲ့တာကြောင့် ကော့ကောင်းရဲ့အားအထားရဆုံးစစ်သူကြီးနှစ်ဦးဖြစ်တဲ့ ချိုင်မော်နဲ့ ကျန်းယွင်တို့အထင်မှားပြီး အသတ်ခံလိုက်ရတယ်။ ဒါကြောင့် ကျိူ့ယွီက စစ်ပွဲနိုင်ခဲ့တယ်။

ချိုင်မော်နဲ့ ကျန်းယွင်တို့ဟာ သေနင်္ဂဗျူဟာကျွမ်းကျင်တဲ့စစ်သူကြီးနှစ်ဦးဖြစ်တယ်။ အထူးသဖြင့် ရေကြောင်းစစ်ဆင်ရေးမှာ ကျွမ်းကျင်ကြတယ်။ ကော့ကောင်းရဲ့တပ်တွေကို သူတို့နှစ်ဦးက ကွပ်ကဲပြီး လေ့ကျင့်သင်ကြားပေးနေတာကို သိရတော့ ကျိူ့ယွီက စစ်နိုင်ဖို့ဆိုရင် သူတို့နှစ်ဦးကို အရင်ဆုံး ရှင်းပစ်ဖို့လိုတယ်လို့ ယူဆထားတယ်။ အဲဒီအချိန်မှာ ကော့ကောင်းစေလွှတ်လိုက်တဲ့ ကျန်းကန်ရောက်ရှိလာခြင်းဟာ ကျိူ့ယွီအတွက် အဆင်သင့်ဖြစ်သွားစေခဲ့တယ်။ ကျန်းကန်ကို တွေ့လျှင်တွေ့ချင်း ကျိူ့ယွီက–

“ချစ်လှစွာသောမိတ်ဆွေကြီးဟာ ကော့ကောင်းရဲ့တာဝန်နဲ့ ရောက်ရှိလာတာပါလား” လို့ ပြုံးရယ်နှုတ်ဆက်ရင်း မေးလိုက်တယ်။ ဒီစကားကြားရတော့ ကျန်းကန် ထိတ်ထိတ်လန့်လန့်ဖြစ်သွားပြီး–

“မဟုတ်ရပါဘူး။ ကျွန်တော်တို့

www.foreverspace.com.mm



မတွေ့ကြတာ အတော်ကြာပါပြီ။ အခု ဒီရောက်လာတာ အဆွေတော်ကိုတွေ့ဖို့ သက်သက်သာလျှင် ဖြစ်ပါတယ်။ အဆွေတော့်စိတ်ထဲ မသိုးမသန့်ဖြစ်နေလျှင် ကျွန်ုပ် ပြန်သွားပါတော့မယ်" လို့ ပြန်ပြောလိုက်တယ်။

သူ့စကားကြားတော့ ကျို့ယွီက သူ့လက်မောင်းကိုဆွဲပြီး–

"ကော့ကောင်းကိုယ်စားလာတယ်လို့ အထင်ရောက်မိလို့ပါ။ မဟုတ်ဘူးဆိုတော့ မိတ်ဆွေကြီးကို ကြိုဆိုပါတယ်။ အေးအေးဆေးဆေး ခေတ္တခဏနေပါဦး" လို့ ပြောလိုက်ပါတယ်။

အဲဒီညရောက်တော့ ခမ်းနားကြီးကျယ်တဲ့ ညစာစားပွဲကြီးတည်ခင်းပြီး ကျန်းကန်ကို ကျွေးမွေးဧည့်ဝတ်ပြုတယ်။ ကျို့ယွီရဲ့အရာရှိကြီးများလည်း အစုံအလင် တက်ရောက်လာကြတယ်။ အဲဒီအချိန်မှာ ကျို့ယွီက–

"ကျန်းကန်ဟာ မိတ်ဟောင်းဆွေကောင်းတစ်ဦးဖြစ်တယ်။ သူဟာ ကော့ကောင်းရဲ့နယ်ကလာတာဖြစ်ပေမယ့်လို့ ဘာနိုင်ငံရေးကိစ္စနဲ့မှလာတာမဟုတ်ဘူး။ အဲဒါကြောင့် ဘယ်သူမှ သူနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမဖြစ်စေချင်ဘူး" လို့ ပြောလိုက်တယ်။ ပြောရုံသာမက သူ့လက်စွဲဓားကို လူယုံတစ်ဦးလက်ထဲပေးလိုက်ပြီး–

"ဒီည မိတ်ဟောင်းဆွေကောင်းကို ပြုစုဧည့်ခံတဲ့ပွဲဖြစ်လို့ အားလုံးပျော်ပျော်ပါးပါး စားကြသောက်ကြပါ။ ဘယ်သူမှ နိုင်ငံရေးအကြောင်း၊ ကော့ကောင်းအကြောင်း မပြောပါနဲ့။ ပြောသူရှိရင် အဲဒီဓားနဲ့ ခေါင်းကိုသာ ဖြတ်ပစ်လိုက်ပါ" လို့ မိန့်ကြားလိုက်တယ်။

သူ့စကားကြားရတော့ ကျန်းကန်ဟာ အံ့အားအသင့်ကြီးသင့်သွားတယ်။ ကျို့ယွီကဆက်ပြီးတော့ တပ်ကြီးကိုအုပ်ချုပ်နေရကတည်းက သူဟာ အရက်သေစာသောက်စားခြင်းမပြုခဲ့ပေမယ့် ဒီည

**ပြိုင်ဘက်ကိုအနိုင်ယူဖို့ အသေချာဆုံးနည်းက သူ့ဘက်မှာ ကမောက်ကမတွေဖြစ်အောင် ဖန်တီးခြင်းဖြစ်တယ်။ ကျို့ယွီက သူ့လူ့ ကျန်းကန်ကိုအသုံးချပြီး မမှန်သတင်းတွေ ဖြန့်လိုက်ခြင်းအားဖြင့် ကော့ကောင်းရဲ့တပ်ထဲမှာ စိတ်ဝမ်းကွဲမှု ဖြစ်သွားစေတယ်။ အတော်ဆုံးစစ်သူကြီးနှစ်ဦး လုပ်ကြံသတ်ဖြတ်ခံလိုက်ရတယ်။ စစ်ရေးမှာ သူ့လူ့တွေရဲ့ အခန်းကဏ္ဍ အရေးပါသလို စီးပွားရေးလောကမှာလည်း စီးပွားရေးသူ့လူ့တွေဟာ အရေးပါတဲ့ကဏ္ဍမှာ ရှိကြတယ်။**

တော့ ကျန်းကန်ကိုဂုဏ်ပြုတဲ့အနေနဲ့ အတူသောက်ကြမယ်လို့ပြောပြီး တစ်ခွက်ပြီးတစ်ခွက်သောက်ကြတယ်။ အရက်တော်တော်လေးဝင်သွားတော့ ကျို့ယွီက ကျန်းကန်လက်ကိုဆွဲပြီး တဲပြင်ကိုခေါ်သွားတယ်။ တဲပြင်ရောက်တော့ ကျုပ်လူတွေကို ဘယ်လိုမြင်သလဲ၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့လူတွေလို့ မထင်ဘူးလားလို့ မေးလိုက်တယ်။ ကျန်းကန်က အလိုက်သင့် ဖြေကြားတော့ သူ့လက်ကိုဆွဲပြီး လက်နက်တိုက်ထဲ ခေါ်သွားပြန်တယ်။

"ကဲ ကျုပ်တို့ လက်နက်တွေကိုရော ဘယ်လိုမြင်သလဲ" ကျန်းကန်ကလည်း "လက်နက်တွေတောင့်တင်းလှပါတယ်"လို့ အကြိုက်လိုက်ပြီး ဖြေလိုက်တယ်။ အဲဒီနောက် ကျို့ယွီက ကျန်းကန်ရဲ့လက်ကို ဆွဲပြီး အရက်မူးသံကြီးနဲ့–

"တစ်ယောက်နဲ့တစ်ယောက် ရင်ဖွင့်ပြောကြားနိုင်တဲ့ မိတ်ဟောင်းဆွေကောင်းတစ်ယောက်ရောက်လာတာ သိပ်ဝမ်းသာတယ်။ ဒီလောကကြီးမှာ ကျုပ်ကိုဘယ်သူမှ တားဆီးနိုင်မှာမဟုတ်ဘူး။ စိတ်ထဲရှိတဲ့အတိုင်း ကျုပ်ရှေ့ဆက်သွားမှာပဲလို့ ပြောလိုက်တယ်။ အဲဒီနောက် တဲထဲပြန်ခေါ်သွားပြီး အရက်ဆက်သောက်ကြတယ်။ နောက်ဆုံးမှာ ကျန်းကန်က သူဆက်မသောက်နိုင်လောက်အောင်မူးနေပြီလို့ ပြောမှ အရက်ထည့်ပေးတာရပ်သွားတယ်။ ကျို့ယွီက ကျန်းကန် မူးနေပြီဖြစ်လို့ သူ့တဲထဲမှာပဲ အိပ်ပါလို့ပြောတာကြောင့် ကျန်းကန်က သဘောတူလိုက်တယ်။

ကျို့ယွီလည်း အမူးလွန်နေပြီဖြစ်လို့ ချက်ချင်းပဲ တုံးလုံးပက်လက်ဖြစ်သွားတော့တယ်။ ကျန်းကန်က မအိပ်ဘဲ အခြေအနေကိုကြည့်နေတယ်။ ကျို့ယွီ အမူးလွန်ပြီး အိပ်မောကျနေပြီဆိုတာသေချာတော့ သူ အိပ်ရာကအသာထပြီး ကျို့ယွီရဲ့ စာရေးစားပွဲနား ကပ်သွားလိုက်တယ်။ စာရေးစားပွဲပေါ်မှာတွေ့ရတဲ့ စာရွက်ထပ်တွေကို လှန်လှောဖတ်ကြည့်တော့ မယုံနိုင်လောက်အောင် အံ့သြစရာကောင်းတဲ့ စာတစ်စောင်ကို တွေ့ရတယ်။ စာကတော့ ကော့ကောင်းရဲ့ စစ်သူကြီးနှစ်ယောက်ဖြစ်တဲ့ ချိုင်မော်နဲ့ ကျန်းယွင်တို့ဆီက ဖြစ်နေတယ်။ စာကို ဖတ်ကြည့်လိုက်တော့ သူတို့ဟာ အခါအခွင့်ကိုစောင့်ဆိုင်းနေပါကြောင်း၊ အခါအခွင့်သင့်တာနဲ့ ကော့ကောင်းခေါင်းကိုဖြတ်ပြီး ပို့လိုက်ပါမယ်ဆိုတဲ့အကြောင်း ရေးထားတာကို တွေ့လိုက်ရတယ်။

အဲဒီနောက် သူဟာ အသာလေး သူ့အိပ်ရာကိုပြန်လာပြီး စဉ်းစားနေလိုက်တယ်။ အဲဒီအချိန်မှာ အမူးလွန်နေတဲ့ ကျို့ယွီက ကယောင်ကတမ်းနဲ့–

"ကျန်းကန် မကြာခင်မှာ ကော့ကောင်းရဲ့ဦးခေါင်းကို ရအောင်ယူပေးမယ်" လို့ ပြောလိုက်သံကိုကြားရတယ်။ ကျန်းကန်ဟာ သူ့နားကိုတောင် သူမယုံနိုင်အောင်ဖြစ်သွားတယ်။ အဲဒီနောက် မကြာမီမှာပဲ လူတစ်ယောက်ဝင်လာပြီး ကျို့ယွီ

www.foreverspace.com.mm



ကို နှိုးနေသံကြားရတယ်။

"ကော့ကောင်းရဲ့နယ်ကလူတစ်ယောက်ရောက်လာပြီး တွေ့ခွင့်တောင်းနေပါတယ်"

ဝင်လာသူက ကျို့ယွီကိုသတင်းပို့တော့ ကျို့ယွီက သူ့ပါးစပ်ကို လှမ်းပိတ်လိုက်တယ်။ အဲဒီနောက် ကျန်းကန်အိပ်နေတဲ့နေရာကို လှမ်းကြည့်လိုက်တယ်။ ကျန်းကန်ကလည်း အိပ်မောကျနေဟန်ဆောင်နေလိုက်တယ်။ အဲဒီနောက် ကျို့ယွီဟာ တဲအပြင်ကိုထွက်သွားပြီး ခြေမြန်တော်ကိုတွေ့ဆုံတယ်။ ခြေမြန်တော်က ကော့ကောင်းကိုသတ်ဖို့ အခွင့်မသာသေးကြောင်း၊ ချိုင်မော်နဲ့ ကျန်းယွင်တို့က သတင်းစကားပါးလိုက်ကြောင်း ပြောပြတာလို့ ကျန်းကန်ကောင်းကောင်းကြားလိုက်ရတယ်။

အဲဒီနောက်တော့ ကျန်းကန်ဟာ အသာလေးလစ်ထွက်ပြီး ကော့ကောင်းရဲ့နယ်ထဲ အရောက်ပြန်သွားတယ်။ ကော့ကောင်းဟာ ကျန်းကန်ရဲ့စကားကြားပြီးတာနဲ့ ဘာမှမေးမြန်းစုံစမ်းခြင်းပြုမနေတော့ဘဲ သူ့စစ်သူကြီးနှစ်ဦးကို ချက်ချင်းကွပ်မျက်ဖို့ အမိန့်ပေးလိုက်တော့တယ်။

## သုံးသပ်ချက်နဲ့ လက်တွေ့အသုံးချပုံ

ပြိုင်ဘက်ကိုအနိုင်ယူဖို့ အသေချာဆုံးနည်းက သူ့ဘက်မှာ ကမောက်ကမတွေဖြစ်အောင် ဖန်တီးခြင်းဖြစ်တယ်။ ကျို့ယွီက သူလျှိုကျန်းကန်ကိုအသုံးချပြီး မမှန်သတင်းတွေဖြန့်လိုက်ခြင်းအားဖြင့် ကော့ကောင်းရဲ့တပ်ထဲမှာ စိတ်ဝမ်းကွဲမှုဖြစ်သွားစေတယ်။ အတော်ဆုံးစစ်သူကြီးနှစ်ဦး လုပ်ကြံသတ်ဖြတ်ခံလိုက်ရတယ်။

စစ်ရေးမှာ သူလျှိုတွေရဲ့အခန်းကဏ္ဍအရေးပါသလို စီးပွားရေးလောကမှာလည်း စီးပွားရေးသူလျှိုတွေဟာ အရေးပါတဲ့ကဏ္ဍမှာရှိကြတယ်။ စစ်အေးတိုက်ပွဲခေတ်မှာ အနောက်နိုင်ငံများဟာ ဆိုဗီယက်ရုရှားနဲ့ အရှေ့ဥရောပက သူလျှိုဟောင်းတွေကိုသိမ်းသွင်းပြီး ပြိုင်ဘက်တွေဆီက လျှို့ဝှက်ချက်တွေရအောင် ယူလေ့ရှိတယ်လို့သိရတယ်။ ၁၉၉၂ ခုနှစ်က ဗြိတိသျှလေကြောင်းရဲ့သူလျှိုတွေက ပြိုင်ဘက် Virgin Atlantic လေကြောင်းရဲ့ ကွန်ပျူတာတွေထဲက သတင်းအချက်အလက်တွေ ခိုးယူတာကို လက်ပူးလက်ကြပ်မိခဲ့ကြဖူးတယ်။ အဲဒီနှစ်မှာပဲ ဂျင်နရယ်မော်တော်ကုမ္ပဏီရဲ့ လျှို့ဝှက်ချက်တွေကို ဖောက်စ်ဝက်ဂွန်းကုမ္ပဏီကို ပေးခဲ့တယ်ဆိုပြီး စွဲချက်တင်ခံခဲ့ရတယ်။

စီးပွားရေးလောကမှာ ပြိုင်ဘက်ကုမ္ပဏီတွေရဲ့လျှို့ဝှက်ချက်တွေကို ဘယ်သူမဆို သိချင်ကြတာပဲဖြစ်တယ်။ အဲဒီအတွက် စီးပွားရေးစပိုင်တွေကို နည်းမျိုးစုံနဲ့ အသုံးချလေ့ရှိကြတယ်။ တစ်ခါတလေမှာ ကျို့ယွီလုပ်ခဲ့သလို တမင်တကာဖန်တီးထားတဲ့သတင်းမှားတွေ လွှင့်ပေးလိုက်တာမျိုးတွေလည်း လုပ်လေ့ရှိကြတဲ့အကြောင်း တင်ပြလိုက်ပါတယ်။

**လူထုစိန်ဝင်း**

၄-၄-၂၀၀၆

ကြော်ငြာ